

ချူး
စီစဉ်သည်

# နတ်ဒေဝါ

မယ်ဖြူမယ်ညို

ပန်းချီကိုသိဟ

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နတ်ဒေဝါ

မယ်ဖြူမယ်ညို

**ပုံနှိပ်ခြင်း**

၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊

ဖျူးစာပေ၊ အုပ်ရေ-၅၀၀

**မျက်နှာဖုံးပန်းချီ**

ခေါ်ဝိုင်

**ကွန်ပျူတာ**

ခန့်ခန့်ဆင့်

**အတွင်းဖလင်**

ကိုပေါက် ■ Image Art Work.

**စာအုပ်ချုပ်**

သန်းငွေ

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)

အမှတ်-၁၂၊ သရဖီလမ်း၊ ဈေး/နောက်ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဖျူးစာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း၊

ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**တန်ဖိုး – ၁၅၀၀ ကျပ်**

နတ်ဒေဝါ ၈၉၅ • ၈၃

မယ်ဖြူမယ်ညို / နတ်ဒေဝါ ။ – ရန်ကုန်။

ဖျူးစာပေ ၊ ၂၀၁၂ ။

၁၆၄ – စာ ၊ ၁၃ X ၂၁ စင်တီ။

(၁) မယ်ဖြူမယ်ညို

ငြိုး … ငါ့အပေါ်မှာ နင်တို့ကျေးဇူးတွေ အများကြီးရှိတယ်။

ငါ့ကို မမေ့မလျော့ဘဲ နေ့စဉ် စားဦးသောက်ဦး တင်မြှောက်ကြတဲ့ အပြင် ယခု ငါဒုက္ခအကြီးအကျယ် ရောက်နေဆဲဆဲမှာ ငါ့လည်ပင်းက ချည်မန်းကွင်းကို ချွတ်ပေးတဲ့ နင်တို့ကျေးဇူးကို ငါ ဆပ်မယ်ဟဲ့။

ငါထိုင်နေတဲ့ နေရာအောက်မှ ရွှေငွေကျောက်သံ ပတ္တမြားတွေ အများကြီး ရှိတယ်။ နင်တို့ အကုန်ယူလိုက်ကြပေတော့။

(ကျောက်ဘီလူးမကြီး)

ပုဂံပြည်ကို ပြေးကြပါစို့ မောင်ကြီးတို့ရယ် ..။

(မယ်ဖြူနှင့်မယ်ညို)

## အခန်း(၁)

ပေါက္ကံရာမ တမ္ပဒီပ ဟု ထင်ရှားကျော်စောလှသည့် ပုဂံပြည်ကြီးသည်ကား ကြက်ပျံမကျ သာယာစည်ကား နေလေသည်။ ဘုရားပုထိုး စေတီဂူကျောင်းတို့ကိုလည်း နေခြည်တွင် ရွှေရည်ဆမ်းထားသည့်အလား သပ္ပါယ်စွာ ကြည်ညိုဖွယ်ရာပင် ဖူးမြော်ကြည်ညိုနိုင်ကြပေသည်။

အချိန်ကာလသည်ကား ပေါက္ကံရာမ ပုဂံပြည်ကြီးကို အနုရုဒ္ဓါဝေဒဘွဲ့ခံ အနော်ရထာ မင်းတရားကြီး စိုးစံနေသည့် အချိန်ကာလပင် ဖြစ်သည်။ နေပြည်တော်အတွင်းရှိ လမ်းမကြီး အသွယ်သွယ်တို့တွင် ပြည်သူ ပြည်သားတို့ များပန်းခတ်မျှ သွားလာလှုပ်ရှားနေကြသည်။ အချိန်က ဗဟိုစည်ကို မောင်းရိုက်ဆော်ပြီးကာစပင် ရှိသေးသည်။

အနော်ရထာ မင်းတရားကြီးသည် ကောင်းမှုတော်ဖြစ်သည့် ရွှေစည်းခုံစေတီတော်မြတ်ကြီးကိုပင် စတင်တည်တော်မူနေလေပြီ။ မင်းတရားကြီးစံမြန်းတော်မူရာ အတွင်းစမုဒ် နန်းဆောင်ထဲတွင် ဖြစ်သည်။ မင်းကြီးကား

လေသာပြတင်းမှတစ်ဆင့် တူရွင်းတောင်တန်း ရှိရာသို့ လှမ်းမျှော်ကြည့်ရင်း စဉ်းစားနေမိသည်။

"အင်း အခုဆိုရင် ရှင်အရဟံ မထေရ်မြတ်ကြီးရဲ့ ကျေးဇူးကြောင့် တစ်ပြည်လုံး ဗုဒ္ဓသာသနာတော် ရောင်ဝါထွန်းလင်းခဲ့ပြီ ဖြစ်သလို ပြည်သူ အပေါင်းဟာလည်း အယူဝါဒ သန့်ရှင်းစင်ကြယ်ခဲ့ပါပကောလား သာခု သာခု သာခု ကောင်းလေစွ"

ဤကဲ့သို့ ဆင်ခြင်တွေးတောနေရာမှ မင်းကြီးသည် သူနှင့်တကွ ပုဂံ ပြည်သူ ပြည်သားအပေါင်းတို့၏ အနှိုင်းမဲ့ ကျေးဇူးရှင်ဖြစ်တော်မူသည့် ရှင်အရဟံ မထေရ်မြတ်ကြီး သီတင်းသုံးတော်မူရာ ကျောင်းတော်အရပ်သို့ ရည်မှန်း၍ လက်အုပ်ချီမိုး ရှိခိုးလိုက်သည်။

လက်အုပ်အစုံ ကြာပဒုံကို ပြန်ချပြီးနောက် လေသာပြတင်းနားမှ လျှောက်လာပြီး သလွန်တော်ထက်တွင် စံနေရင်းက ဆက်၍ တွေးတောနေ မိပြန်သည်။

"မထေရ်မြတ်ကြီးကို မတွေ့ဖူးရမီတုန်းကဆိုရင် ငါနဲ့တကွ ပြည် သူအပေါင်းဟာ အရီးကြီး ခြောက်ကျိပ်နဲ့ တပည့်ခြောက်သောင်းတို့ရဲ့ မိစ္ဆာအယူ ဝါဒ လွှမ်းမိုးမှုအောက်မှာ အမှောင်ဖုံးလွှမ်း ခံခဲ့ကြရတယ်၊ ငါ့ရဲ့အထက်က စိုးစံ သွားခဲ့ကြတဲ့ နောင်တော် စုက္ကတေးကစလို့ ပုဂံပြည့်ရှင် ဘုရင်မင်းတရားတွေ ဟာ ဒီအရီးကြီးဝါဒဆိုးတွေကို မတွန်းလှန်နိုင်ခဲ့ကြဘူး"

မင်းတရားကြီးသည် ဤကဲ့သို့ ဆင်ခြင်တွေးတောနေရာမှ နောင်တော် စုက္ကတေးနှင့်ဖြစ်ခဲ့ရသည့် နောက်ကြောင်း အတိတ်တို့ကို ပြန်လည်သတိရမိလာ ပြန်သည်။ သည်တုန်းက သူကပင် မင်းပျိုမင်းလွင်မျှသာ ရှိသေးသည်။ မင်းကြီး ၏ စိတ်ကြေးမုံပြင်ထဲတွင် အတိတ်မှ အရိပ်တို့သည် တရိပ်ရိပ် ပြန်လည် ပေါ်ပေါက်လာခဲ့လေပြီတည်း။

သည်နေ့သည်ကား သမုဒ္ဒရာဇ်မင်းကြီး စတင်တည်ထောင်တော် မူခဲ့ သည့် ပုဂံပြည်ကြီးတွင် ထူးခြားသည့် ပြောင်းလဲမှုကြီးနှင့် တွေ့ကြုံခဲ့ရသည်။ သမိုင်းနေ့တစ်နေ့ဟုပင် ဆိုရချေမည်။

အကြောင်းကမူ ပုဂံပြည့်ရှင် စုက္ကတေးမင်းတရားကြီးနှင့် မင်းသားငယ် အနော်ရထာတို့ လက်ရုံးရည်ချင်း ယှဉ်ပြိုင်တိုက်ခိုက်ကြမည့်နေ့ ဖြစ်သောကြောင့် ပင်။ "သမထီး"အရပ်တွင် တည်ရှိသည့် သမထီး ချောင်းရေသည် မင်းနှစ်ပါးတို့

စီးချင်းထိုးမည့် အရေးကား သူနှင့် မည်သို့မျှ မသက်ဆိုင်သည့်အလား တငြိမ့်ငြိမ့်တသွင်သွင်နှင့် အလျင်မပြတ် စီးဆင်းနေလျက်သာ။

ယခု သမထီးချောင်း ကမ်းနံဘေးရှိ လွင်ပြင်သို့ စုက္ကတေးမင်းကြီးမြင်းတစ်စီးနှင့် အနော်ရထာ စောသည်လည်း မြင်းကို အပြင်းစိုင်းလျက် ရောက်ရှိလာသည်။

မင်းနှစ်ပါးကား သမထီးချောင်းဘေးတွင် ရင်ဆိုင်မိကြလေပြီ။ မှူးကြီးမတ်ရာ သေနာပတိ ဗိုလ်မိအကြပ်စစ်သည်များ၊ ပုဂံပြည်သူ ပြည်သားတို့သည်လည်း မင်းနှစ်ပါး စီးချင်းထိုးကြမည့် ပွဲကောင်းတစ်ပွဲကို ကြည့်ရှုရန် ဝဲယာဘေးတစ်ဖက် တစ်ချက်တွင် ပြည့်နှက်နေကြသည်။

စင်စစ်မူ ယခု စီးချင်းထိုးကြမည့် ပုဂံပြည့်ရှင် စုက္ကတေးမင်းကြီးနှင့်မင်းသားငယ် အနော်ရထာတို့သည် သူစိမ်းများ မဟုတ်ကြပေ။ ညီအစ်ကို တစ်ဝမ်းကွဲ တော်စပ်ကြသည့် သွေးသားရင်းချာများသာ ဖြစ်ကြသည်။

ဤသို့ဆိုလျှင် သွေးသားတော်စပ်ကြသည့် ညီအစ်ကို နှစ်ယောက်သည် အဘယ်အကြောင်းကြောင့် အသက်ချင်းထပ်ကာ စီးချင်းထိုးကြရမည့်အဖြစ်မျိုးသို့ ရောက်ရှိခဲ့ကြပါသနည်း။ သူတို့နှစ်ဦးကြားတွင် အဘယ်သို့သောရန်ငြိုးရန်စများ ရှိခဲ့ကြ၍ အသက်ကြွေပြုန်းသည်အထိ တိုက်ခိုက်ရန် တာစူနေကြပါသနည်း။

ဤအခြေအထိ ရောက်ရှိလာစေရန် ဖန်တီးလာခဲ့သည့် ဇာတ်လမ်း အစနိဒါန်းကို ပြန်ပြောင်း ပြောရမည်ဆိုက အောက်ပါအတိုင်းပင် ဖြစ်ပါတော့သည်။

'သရေခေတ္တရာ' ပြည်ကြီး ပျက်စီးပြီးသည့်နောက် 'သုပဉာနုဂရာဘိန္ဒ' မင်းကြီး၏ တူတော်ဖြစ်သူ 'သမုဒ္ဒရာဇ်' မင်းသည် ကျေးရွာပေါင်း (၁၉)ရွာကို စုပေါင်း၍ ယုန်လွှတ်ကျွန်းအရပ်တွင် ပုဂံပြည်ကြီးကို လက်ဦးမဆွ ဖန်ဆင်းတည်ထောင် စိုးစံတော်မူခဲ့သည်။

ပေါက္ကံရာမ ပုဂံပြည်ကြီးတွင် သမုဒ္ဒရာဇ်မင်းကြီး အစ စောမွန်နစ်မင်းအဆုံး မင်းဆက်ပေါင်း ၅၅–ဆက်တိုင်တိုင် စိုးစံတော်မူခဲ့ကြပြီး နှစ်ပေါင်း (၁၂၆၁) နှစ်တိုင် အဓွန့်ရှည် ကြာခဲ့သည်။ မြန်မာ့သမိုင်းတွင် ပုဂံပြည်ကြီးသည် မင်းဆက်အများဆုံး မြို့သက်နန်းသက် အရှည်ဆုံးပင် ဖြစ်သည်။

စုက္ကတေးမင်းသည် ပုဂံထီးနန်းကို သက္ကရာဇ် ၃၅၄ ခုနှစ်တွင် စိုးစံတော်မူခဲ့သည်။ အနော်ရထာမင်းသား အရွယ်ရောက်လာသည့်အခါ စုက္ကတေးမင်းထံ

ခစားခဲ့ရသည်။ စုက္ကတေးမင်း၏ မယ်တော်နှင့် အနော်ရထာစော၏ မယ်တော်က ညီအစ်မ အရင်းအချာဖြစ်သောကြောင့် သူတို့နှစ်ဦးသည် တစ်ဝမ်းကွဲ ညီအစ်ကို တော်စပ်ကြသည်။ စုက္ကတေးမင်း၏ ဖခမည်းတော်သည် 'ညောင်ဦးစောရဟန်း မင်း' ဖြစ်ပြီး အနော်ရထာမင်းသား၏ ခမည်းတော်သည်ကား 'ကွမ်းဆော်မင်းကြီး' ဖြစ်သည်။

နောက်တစ်နေ့တွင် ညီလာခံသဘင်တွင်ပဲ ဖြစ်သည်။ အနော်ရထာ မင်းသားသည် ထုံးစံအတိုင်း နောင်တောင် ဘုရင်မင်းမြတ်၏ ရှေ့တော်မှောက်ဆီသို့ အခစား ဝင်ရောက်လာခဲ့သည်။ ညီလာခံတွင် မင်းမှူးမတ် ဗိုလ်ပုံ ပရိသတ်များ လည်း စုံညီနေလေပြီ။

စုက္ကတေးမင်းကြီးသည် အခြားတိုင်းရေး ပြည်ရေးတို့ကို မေးမြန်း စုံစမ်း အမိန့်တော် ချမှတ်ပြီးသည်နှင့် ညီငယ်မင်းသားကို စူးစိုက်ကြည့်ရှုပြီး စကားတစ်ခွန်း ပြောဆိုလိုက်သည်။ နောင်တော်မင်းကြီး ပြောဆိုမိန့်ကြားလိုက်သည့် အနှိ စကားလေးလုံးသည် အနော်ရထာမင်းသား၏ နားထဲသို့ သံပူရည်များနှင့် လောင်းချလိုက်သည့်အလား တိုးဝင်သွားလေတော့သည်။

"ညီသား နောင်မယ်၊ ညီသား နောင်မယ်"

ဤစကား လေးလုံးကို ပြောကြားလိုက်သည့်ခဏ နောင်တော်၏ မျက်နှာပေါ်မှ အပြုံးသဲ့သဲ့ကို အနော်ရထာ သတိပြုမိလိုက်သည်။ ထို့အပြင် သည်စကားလေးလုံး၏ အဓိပ္ပါယ် မည်သို့ရှိမှန်း ညီလာခံသဘင်သို့ ရောက်ရှိနေကြသည့် ဗိုလ်ပုံပရိသတ်အပေါင်း သိရှိကြသလို သူလည်း ရိပ်မိလိုက်သည်။

သည်စကားကြောင့် အနော်ရထာစောကား အရှက်ကြီး ရှက်သွားလေပြီးတည်း။ နောင်တော့်ကိုလည်း သတ်ပစ်ချင်သည်အထိ ဒေါသ အမျက်ချောင်းချောင်း ထွက်လာတော့သည်။ ညီသား နောင်မယ် ဟူသည့်စကားသည် နောင်တော် ဘုရင်မင်းမြတ်က သူ၏ မယ်တော်ကို မိဖုရားအဖြစ် သိမ်းပိုက်မည်ဟု ဆိုလိုခြင်းပင် ဖြစ်တော့သည်။

မင်းသားလည်း ပို၍သေချာစေရန် ရဟန်းဘဝနှင့် ငြိမ်းချမ်းစွာ နေထိုင်နေပြီဖြစ်သည့် ခမည်းတော် ကွမ်းဆော်မင်းကြီးထံ သည်အကြောင်းကို လျှောက်ထားလိုက်သည်။ ခမည်းတော် ရဟန်းကလည်း

"မောင့် မယ်တော်ကို မိဖုရားမြှောက်ချင်လို့ ဤသို့ ဆိုလိုက်ခြင်း ပင်ဖြစ်တယ် သားတော်"

ဟု မိန့်ကြားလိုက်သည်။ အနော်ရထာ မင်းသားငယ်သည်ကား နောင်တော် ဘုရင်မင်းကြီးအပေါ် အမျက်ကြီးသထက် ကြီးမားလာခဲ့လေပြီ။

မကြာမီ အနော်ရထာသည် ပုပ္ပါးသို့ တိတ်တဆိတ် ထွက်ခွာသွားပြီး လူသူလက်နက်တို့ကို စုဆောင်းလေတော့သည်။ သူကိုယ်တိုင်လည်း မင်းသားတို့ တတ်အပ်သည့် အဋ္ဌာရသ ၁၈ ရပ်တို့ကို ဆည်းပူးအားထုတ်ခဲ့သည်။

အနော်ရထာမင်းသားလည်း လူသူလက်နက် ပြည့်စုံသည်နှင့် အင်အားအလုံးအရင်းနှင့် ပုဂံသို့ ချီတက်လာသည်။ ရောက်သည်နှင့်

"ထီးနန်းကို အပ်မည်လော၊ စစ်ထိုးမည်လော"ဟု နောင်တော် စုက္ကတေးမင်းထံသို့ ရာဇသံ ပို့လွှတ်လိုက်သည်။ ညီလာခံသဘင်တွင် စုက္ကတေးမင်းကြီးကား ဒေါသအကြီးအကျယ်ထွက်၍ ပေါက်ကွဲနေလေပြီ။

"မင်းကြီးများ နို့နံ့မှ မစင်သေးတဲ့ ညီငယ်မင်းသားက ငါကိုယ်တော်မြတ်ကို အံတုနေသည်ကို အသိမဟုတ်ပါလော"

"မှတ်လှပါ သိတော်မူကြောင်းပါ အရှင်မင်းကြီး"

"ဟဲ့ အနော်ရထာရဲ့ တမန်တော် နာခံစမ်းဟဲ့"

"မှန်လှပါ အရှင်မင်းကြီး"

"မောင်မင်းရဲ့ အရှင်သခင်ကို လျှောက်တင်လိုက်စမ်း၊ သူ ရင်ဆိုင်ဝံ့လျှင် သမထီးချောင်းသို့ လာခဲ့ပါစေ၊ သူနှင့်ငါကိုယ်တော် စီးချင်းထိုး၍ အဆုံးအဖြတ် ခံယူကြမယ်"

"မှန်လှပါ ဘုရား"

"မင်းကြီးများ အမိန့်တော် မှတ်တော်မူမည်၊ ငါကိုယ်တော်မြတ်နှင့် မင်းငယ် အနော်ရထာတို့ စီးချင်းထိုး ယှဉ်ပြိုင်ကြရာ သမထီးအရပ်သို့ လိုက်ပါကြည့်ရှုကြရမည်"

"အမိန့်တော်မြတ်အတိုင်းပါ အရှင်မင်းကြီး"

မင်းနှစ်ပါးကား သမထီးအရပ်တွင် စီးချင်းထိုး ယှဉ်ပြိုင်ကြလေပြီ။ ပြိုင်ပွဲ၏ အဆုံးတွင်ကား အနော်ရထာမင်းသား၏ လှံချက်သည် စုက္ကတေးမင်းကြီး၏ ရင်ဝမှ နောက်ကျောသို့တိုင် ထုတ်ချင်းခတ် ဖောက်ထွက်သွားလေပြီတည်း။

စုက္ကတေး မင်းကြီးသည်လည်း 'ညီသားနောင်မယ်' ဟူသည့် စကားလေးလုံးကို ဆိုခဲ့မိသည့် အမှားအတွက် အသက်တစ်ချောင်းကို ပေးဆပ်ခဲ့ရသလို

အနော်ရထာ မင်းသားသည်လည်း သည်နေ့မှစ၍ ပုဂံထီးနန်းကို သိမ်းမြန်း စိုးစံခဲ့ရလေတော့သည်။

အနော်ရထာမင်းကြီးသည် နောင်တော် စုက္ကတေးနှင့် ဖြစ်ခဲ့ရသည့် အတိတ်မှ အရိပ်တို့ကို ပြန်ပြောင်း တွေးတောနေရာမှ ပစ္စုပ္ပန်သို့ ပြန်လည်ရောက်ရှိလာသည်။ သည်ခဏမှာပင် သက်တော်ရှည် ဘိုးဘိုးကြီး အပါးတော်သို့ အခစားဝင်လာသည်ကို မင်းကြီး မြင်လိုက်ရသည်။

"မည်သို့သော အကြောင်းကိစ္စရှိလို့လဲ ဘိုးဘိုးကြီး"

"မှန်လှပါ အရှင်မင်းကြီး ဆင့်ခေါ်ထားတဲ့ ဗိုလ်မှူးလေး ရဲသီဟနဲ့ ရဲဒိဗ္ဗ ညီအစ်ကိုနှစ်ယောက် ရောက်ရှိလာကြောင်းပါ"

"အိမ်း ဟုတ်ပေသားပဲ၊ မင်းကြီးရှေ့တော် ဝင်ခစားစေဗျား"

ခဏအကြာမှာပင် မင်းကြီး၏ ရှေ့တော်မြတ်မှောက်သို့ အသက်သုံးဆယ်နီးပါးခန့်ရှိ တည်ကြည်ခန့်ညားသည့် ရုပ်ရည်များကို ပိုင်ဆိုင်ထားကြသည့် ရုပ်ချင်းဆင်ကြသော အမွှာညီအစ်ကိုနှစ်ယောက် အခစား ရောက်လာကြသည်။

"မော်ဖူးကြစေ မောင်မင်းတို့"

"မှန်လှပါ ဘုရား"

ဒူးထောက် ခစားနေကြသည့် ညီနောင် စစ်ဗိုလ်လေး နှစ်ယောက်သည် ပြိုင်တူ ပြန်လည် လျှောက်ထားလိုက်ကြပြီး ဘဝရှင် မင်းတရားကို မော်ဖူးလိုက်ကြသည်။

အနော်ရထာမင်းတရားသည် စစ်မှုရေးရာတွင် ထူးချွန်လှသည့် ဗိုလ်မှူးလေး နှစ်ယောက်ကို ရာဇဏ္ဍေဖြင့် ကြည့်ရှုတော်မူရင်းက မိန့်ကြားလိုက်သည်။

"မောင်မင်းတို့နှစ်ယောက်ကို ငါကိုယ်တော်မြတ် တာဝန်ပေးစရာရှိတယ်"

"မှန်လှပါ သက်စွန့်ဆံဖျား အမှုတော် ထမ်းရွက်ပါမယ် ဘုရား"

"ယုံကြည်တယ် မောင်မင်းတို့၊ ငါကိုယ်တော်မြတ် ပေးလိုတဲ့ တာဝန်ကတော့ ဟို ပျဉ်းမနား အရှေ့ဘက် ပေါင်းလောင်းမြစ်အနီးတဝိုက် တောတောင်တွေထဲမှာ ဆင်ဖြူတော်တွေ တွေ့ရတယ်လို့ ငါ ကိုယ်တော်မြတ် ကြားသိရတယ်၊ အဲဒါကြောင့် မောင်မင်းတို့နှစ်ယောက် ဦးဆောင်ပြီး နောက်လိုက်နည်းနည်း ခေါ်သွားပြီး ဆင်ဖမ်းထွက်ကြရမယ်"

"မှန်လှပါ အရှင်မင်းကြီး ကျွန်တော်မျိုးတို့နှစ်ယောက် အရှင့်အမှုတော်ကို ကျေပွန်အောင် ထမ်းဆောင်ပါ့မယ် ဘုရား"

"ကောင်းပြီ ငါကိုယ်တော်မြတ်အတွက် ဆင်ဖြူတော်ကို ရအောင် ဖမ်းဆီး နိုင်ခဲ့မယ်ဆိုရင် မောင်မင်းတို့ကို ဆုတော်လာဘ်တော်များနှင့်တကွ ရာထူး ဌာနန္တရများ တိုးတက်ချီးမြှင့်တော်မူမယ်"

"ဝမ်းမြောက်လှကြောင်းပါ ဘုရား"

"ကောင်းပြီ သွားကြပေတော့ မောင်မင်းတို့"

ရဲသီဟနှင့် ရဲဒိဗ္ဗ ညီနောင်နှစ်ဦးသည်လည်း မင်းကောင်းမင်းမြတ် ဖြစ်သည့် ဘဝရှင် မင်းတရားကြီးကို ရိုသေစွာ ဦးညွှတ်လိုက်ပြီးအတွင်း စမုဒ်ဆောင်ထဲမှ ထွက်လာခဲ့ကြသည်။

သူတို့နှစ်ဦးစလုံး၏ စိတ်ထဲတွင်လည်း အရှင့်အကျိုးကို ကျေပွန်သည် အထိ သယ်ပိုးဆောင်ရွက်မည်ဟု စိတ်ပိုင်းဖြတ်ထားပြီး ဖြစ်သည်။ ထို့ကြောင့် နောက်ပါရဲမက် လေးငါးဆယ်ယောက်ကို ခေါ်ဆောင်၍ ပျဉ်းမနားနယ်သို့ ရှေ့ရှုကာ ခရီးထွက်လာခဲ့ကြလေတော့သည်။

■ ■ ■

## အခန်း (၂)

ညီလာခံ သဘင်အတွင်း၌ ဖြစ်သည်။ နောင်တော် စုက္ကတေးအား သမထီးအရပ်တွင် လက်ရုံးချင်း ယှဉ်ပြိုင်အနိုင်ယူ၍ မင်းဖြစ်လာခဲ့သည်မှာ မကြာသေးသော အနော်ရထာမင်း၏ အသံက မြည်ဟီးထွက်ပေါ်လာသည်။

"ဘယ်လို ဘယ်လို အမတ်ကြီး၊ ငါကိုယ်တော်မြတ် တော်ကောက်သွားတဲ့ မိဖုရားကို အရီးကြီး ဆရာအရှင်က ပန်းဦးလွှတ်ပူဇော် ရမယ်တဲ့လား"

"မှန် မှန်လှပါ အရှင်မင်းကြီး"

မင်းတရားကြီး၏ မျက်နှာပေါ်တွင် မခံမရပ် ဖြစ်နေဟန်များက အထင်းသား ပေါ်လွင်နေသည်။ သည်အရီးကြီး ရဟန်းများ၏ အကျင့်များကို သူ မနှစ်မြို့ မနှစ်ခြိုက်ခဲ့သည်မှာ ကြာလှပြီ။

ရေငုတ်၊ မီးလှုံ၊ တုံးခုန်၊ ဇယ်ခတ်ခြင်း၊ ဓားခုတ်၊ လှံထိုး၊ အတတ်အမျိုးမျိုးတို့သည် အရီးကြီး ရဟန်းတို့ ပြုလုပ်နေကြသည့် လုပ်ရိုးလုပ်စဉ် လုပ်ငန်းများဖြစ်မှန်း သူသိတော့ သိပြီးသားပင်။

သည်မျှပင်မကသေး သေရည်အရက်ကို မှီဝဲခြင်း၊ သူတို့သမီးကို အရှိန်ကြီး ဆရာအရှင်၏ ကျောင်းတော်သို့ တခမ်းတနား ပို့ဆောင်၍ ပန်းဦးလွှတ်သဘင် ပူဇော်ရခြင်း၊ အစရှိသည့် အကျင့်ဆိုးများသည် ရဟန်းတို့နှင့် သင့်တော်ပါ၏လောဟူ၍ မင်းတရားအနေနှင့် ဆင်ခြင်တွေးတော နေခဲ့သည်မှာ ကြာမြင့်လှလေပြီ။

သူ့တွင် ကိုးကွယ်ရာ အစစ်အမှန်ကို မတွေ့ရသေးသည့် အတွက်ကြောင့်သာ မချစ်သော်လည်း အောင့်ကာနမ်းသည့်သဘောနှင့် ကြိတ်မှိတ်ကိုးကွယ်နေခဲ့ရခြင်းပင်။ သည်ရဟန်းဆိုး အရှီးကြီးများကို ကြည့်မရသည်ကတော့ အမှန်ပင်။

ယခု သူ့တွင် ကိုးကွယ်ရာ အစစ်အမှန်ကို တွေ့ခဲ့ရလေပြီ။ ထို ပုဂ္ဂိုလ်မြတ်ကြီး၏ အသွင်အပြင်က ကြည်ညိုစရာ ကောင်းလွန်းလှသည်။ အရှီးကြီးတို့နှင့် လားလားမျှမဆိုင်။ မျက်နှာတော်ကပင် တည်ငြိမ် အေးချမ်းလှသည်။ ထိုပုဂ္ဂိုလ် သူမြတ်သည်သာလျှင် တကယ့် သမဏအစစ်၊ ရဟန်းတော် အစစ်အမှန်း သူ့အနေနှင့် သေသေချာချာ သိခွင့်ရခဲ့သလို ယုံကြည်သိမှတ် ဆည်းကပ်ကိုးကွယ်မိခဲ့လေပြီ။

ထိုပုဂ္ဂိုလ်သူမြတ်၏ ဘွဲ့တော်ကို ရှင်အရဟံမထေရ်မြတ်ဟု ခေါ်ကြောင်းလည်း မင်းတရားအနေနှင့် သိရှိခွင့်ရခဲ့သည်။ ထို့ကြောင့် ပုဂံပြည်အတွင်း၌ နေထိုင်၍ ထင်ရာစိုင်းနေကြသည့် အရှီးကြီး ခြောက်ကျိပ်နှင့် တပည့်ခြောက်သောင်းကို ရှင်းလင်းဖို့ မင်းတရားကြီး အနေနှင့် ဆုံးဖြတ်ပြီးလေပြီ။

ယခုမူ အရှီးကြီးများနှင့်တကွ ထိုသူတို့၏ မိစ္ဆာဓမ္မကို ဖော်ပြထားကြသည့် ပေစာ ပုရပိုက်တို့ကိုပင် ရှင်းလင်းပစ်ဖို့ အကြောင်းက ပေါ်လာပြီဖြစ်သည်။ သည်အကြောင်းကလည်း အထက်တွင် ဆိုခဲ့သည့်အတိုင်း သူ့မိဖုရားကို ပန်းဦးလွှတ်ပူဇော်ရန် အရှီးကြီး ဆရာအရှင်က တောင်းဆိုလာခဲ့သောကြောင့်ပင်ဖြစ်သည်။

မင်းတရား၏ အသံတော်က တည်ငြိမ်ပြတ်သားစွာပင် ညီလာခံအကျောင်း လွှမ်းမိုးထွက်ပေါ်လာသည်။

"မင်းကြီးများ၊ ငါ ကိုယ်တော်မြတ် အမိန့်တော် မှတ်တော်မူမယ်၊ အရှီးကြီး ရဟန်းများ၏ ပန်းဦးလွှတ် ပူဇော်စေခြင်း၊ ရေငုတ်၊ မီးလှုံ၊ တုံးခုန် မယ်တော်ခြင်းတို့သည် အပွါယ်လေးရပ်သို့ ပြေးဝင်မည့် မိစ္ဆာအကျင့်များဖြစ်

ကြောင်း ငါ ကိုယ်တော်မြတ် သိရှိခဲ့ရပြီ၊ ဒါကြောင့် သမထီးအရပ်၌ နေထိုင်ကြသည့် အရိုးကြီးဆရာ ခြောက်ကျိပ်နှင့်တကွ တပည့် ခြောက်သောင်းအား ဖမ်းဆီး၍ လူဝတ်လဲကြစေ"

"မှန်လှပါ မှန်လှပါ အရှင်မင်းကြီး"

"ဆိုင်ရာ စစ်ကဲ စစ်မှူးများကိုယ်တိုင် အဆင့်ဆင့် ကွပ်ကဲကြီးကြပ်၍ အရိုးကြီး ရဟန်းဆိုးများကို ဖမ်းဆီးကြစေ၊ ခုံက အပြတ်ရှင်းလင်း သုတ်သင်၍ ဖမ်းဆီးကြစေ၊ ဖမ်းဆီးမိသည့် သူများကိုလည်း ဆင်ချေးကျုံး၊ မြင်းချေးကျုံး အစရှိသည့် အလုပ်ကြမ်းများ လုပ်ကြစေရမည်၊ ငါ ကိုယ်တော်မြတ်၏ အမိန့်တော်"

မင်းတရားအနေနှင့် အယူဝါဒ တော်လှန်ရေး၏ မျက်နှာကို စတင်ဖွင့်လှစ်လိုက်လေပြီတည်း။ မှားယွင်းသည့် မိစ္ဆာဝါဒ အကျင့်ဆိုးများနေရာတွင် စစ်မှန်သည့် မြတ်ဗုဒ္ဓ၏ တရားစစ် တရားမှန်များ ထွန်းလင်းလာစေရန် ဖွင့်လှစ်လိုက်သည့် စစ်မျက်နှာသစ်ဟုလည်း ဆိုနိုင်သည်။

သမထီးအရပ်နှင့်တကွ ပေါက္ကံရာမ ပုဂံပြည်အတွင်း၌ တိုက်ပွဲများ ဖြစ်ပေါ်လာကြသည်။ အနှီတိုက်ပွဲသည်ကား ဓမ္မနှင့် အဓမ္မအားချင်းပြိုင်ကြသည့် တိုက်ပွဲများပင် ဖြစ်ကြသည်။

အရိုးကြီး ရဟန်းများက နေရာအနှံ့ ခုံကာကွယ်ကြသည်။ သူတို့၏ အဓမ္မဝါဒ ရှင်သန်နိုင်ရေး အသက်ဆက်နိုင်ရေးအတွက် စစ်သည်ရဲမက်များကို ပြန်လည် တိုက်ခိုက်ခဲ့ကြသည်။

သို့သော် စနစ်တကျ ဖွဲ့စည်းထားသော မင်းတရားကြီး စွမ်းရည်ပြည့်ဝသော စစ်သည်ရဲမက်တို့အား မည်သို့မျှပင် ရင်မဆိုင်နိုင်ကြပေ။ အမှန်တရားဘက်တော်သားများ၏ ဓားလှံများနောက်တွင် အရိုးကြီး ရဟန်းဆိုးများ အသက်ပျောက်ခဲ့ရလေပြီ။

အချို့အချို့သော အရိုးကြီး ရဟန်းများသည်ကား ကျွတ်ရာလွတ်ရာ နယ်စွန်နယ်ဖျားသို့ ထွက်ပြေးတိမ်းရှောင် နိုင်ခဲ့ကြသော်လည်း အများစုသည်ကား အသက်ပျောက်သူပျောက် အဖမ်းခံရသူခံရနှင့် အရိုးရဟန်းဆိုးများကို အမြစ်မကျန်အောင် တွန်းလှန်နိုင်၍ အောင်ပွဲခံနိုင် လိုက်ကြလေသည်။

အရိုးကြီးတို့၏ စာပေများကိုလည်း တစ်စမကျန် မီးတိုက်ပစ်လိုက်ကြသည်။ ဤသို့ဖြင့် ပုဂံပြည်သူ ပြည်သားတို့၏ အနိုင်းမဲ့ ကျေးဇူးတော်ရှင် ရှင်အ

ရဟာ မထေရ်မြတ်ကြီးနှင့် အနော်ရထာမင်းတရားကြီးတို့၏ ဦးဆောင်မှုအောက်တွင် ထေရဝါဒ အလင်းရောင်သည် တန်ဆောင်ဆီမီးပမာ တငြိမ့်ငြိမ့် တပြောင်ပြောင် ထွန်းလင်းတောက်ပြောင် လာခဲ့ပါလေတော့သည်။

မင်းတရားကြီးသည် နန်းတော်ဦး ဘုရားဆောင်ထဲ ဘုရားဝတ်ပြုပြီးနောက် မည်းညစ်သည့် အရီးကြီး ရဟန်းဆိုး ရဟန်းယောင်များကို ရှင်းလင်းခဲ့ရသည်။ နောက်ကြောင်းဖြစ်စဉ်များကို ပြန်ပြောင်း တွေးတောနေမိရာမှ ပစ္စုပ္ပန်သို့ပြန်လည်ရောက်ရှိလာလေတော့သည်။

မင်းတရားကြီးသည် သူ၏ ကုသိုလ်တော်ဖြစ်သည့် မပြီးပြတ်သေးသော ရွှေစည်းခုံ စေတီတော်ရှိရာ အရပ်သို့ ရည်မှန်း၍ လက်အုပ်ချီမိုး ရှိခိုးလိုက်ပြန်သည်။ မင်းတရား၏ နှုတ်တော်မှလည်း

"မြတ်ရှင်စော ဩကာသ ဩကာသ ဩကာသ"

ဟူ၍ ရွတ်ဆို၍ ခွင့်တောင်းလိုက်သည်။ သည် ဩကာသ ဘုရားရှိခိုးအား သူနှင့်တကွ ပုဂံပြည်သူ ပြည်သားအပေါင်း တညီတညွတ်တည်း ရှိခိုးပူဇော်နိုင်ရန်အတွက် ဓမ္မဒဿီ သို့မဟုတ် ရှင်အရဟံ မထေရ်မြတ်ကြီးကိုယ်တော်တိုင်ရေးသားချီးမြှင့်တော်မူခဲ့ခြင်း ဖြစ်သည်။

ယခုအခါ သုဝဏ္ဏဘူမိ သထုံမှ ပိဋကတ်စာပေများလည်း ရောက်ရှိလာခဲ့လေပြီ။ ဘုရားရှင်၏ ကိုယ်တော်စား တည်ထားကိုးကွယ်ရန် ရုပ်ပွားဆင်းတုတော်များကိုလည်း စနစ်တကျ ထုဆစ်၍ ကိုးကွယ်နိုင်ခဲ့လေပြီ။

ထိုမျှပင်မကသေး ဘုရားရှင် ဓာတ်တော်မွေတော် တို့ကိုလည်း တရုတ်ပြည်မှ ပင့်ဆောင်၍ ကိုးကွယ်ထားခဲ့ပြီးပြီ။ ပြည်သူအပေါင်းတို့သည်လည်း ယခင်နှင့် လုံးဝမတူတော့ဘဲ အဆုံးအမများကြောင့် ယဉ်ကျေးသိမ်မွေ့လာခဲ့ကြလေပြီ။

မင်းတရားကြီးသည် တွေးရင်း တွေးရင်းကပင်လျှင် သူ၏ တိုင်းကျိုးပြည်ပြု သာသနာပြု လုပ်ဆောင်ချက်များကို ပြန်လည် မြင်ယောင်လာပါပြီ။ ပီတိ သောမနဿများ နှလုံးသားထဲတွင် ဖွာဖွားဖွား ဖြစ်ပေါ်လာသည်။

ဤသည်မှာ ရှင်အရဟံ မထေရ်မြတ်ကြီး၏ ကျေးဇူးတော်ကြောင့်ပင်ဖြစ်သည်။ သူက မထေရ်မြတ် သီတင်းသုံးတော်မူရာ အရပ်သို့ ရည်မှန်း၍ ဦးသုံးကြိမ် ချလိုက်ပြန်သည်။

ယခုအခါ သူ့ထံပါးတွင် သားတော် ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး အစရှိသည့် အလွန်တရာ အားကိုးရသည့် ပြည့်လက်ရုံး

ဝင် စစ်သူရဲကောင်းများ၊ ဗျတ္တနှင့်သူ၏ သားနှစ်ယောက်ဖြစ်ကြသည့် ရွှေဖျဉ်းညီနောင်တို့ကဲ့သို့ အစွမ်းကောင်းသူများလည်း ရှိသည်။

မဆေးရှိမြတ်ကြီး အဆုံးအမအောက်တွင် နေထိုင်ရင်း ထိုသူရဲကောင်းများနှင့် လက်တွဲ၍ ပြည်သူအပေါင်း၏ အကျိုးစီးပွားတို့ကို တတ်နိုင်သမျှကြိုးပမ်း ဆောင်ရွက်ခဲ့ပြီးပြီ ဖြစ်သလို ရှေ့ဆက်၍လည်း လောကီလောကုတ္တရာ အကျိုးစီးပွားတို့ကို ရရှိအောင် ဆောင်ရွက်ရပေဦးမည်။

မင်းကြီးသည် ပျဉ်းမနား၊ နယ်ဘက်သို့ ဆင်ဖြူတော် ဖမ်းဆီးရန် စေလွှတ်ထားခဲ့သည့် ဗိုလ်မှူးလေး ညီနောင်အကြောင်းကို သတိထား ရရှိတော်မူလာသည့်အတွက် တွေးတောဆင်ခြင်နေမိပြန်သည်။

"အင်း သည်ညီနောင် နှစ်ယောက်ဟာလည်း အားကိုးရတဲ့ စစ်မှူးငယ်တွေပါပဲလား၊ ငါကိုယ်တော်မြတ်ထံ ဆင်ဖြူတော် တစ်စီး ဖမ်းဆီးယူလာနိုင်လိမ့်မယ်လို့တော့ ထင်မိပါရဲ့လေ"

မင်းကြီးသည် စစ်မှူးညီနောင် နှစ်ယောက်အကြောင်းကို စဉ်းစားနေမိရာမှ အတန်ကြာသည်နှင့် အတွေးစကို ဖြတ်လိုက်ပြီး ဘုရားရှင်ဝတ်ပြည့်ကာ နန်းတော်ဦး ဘုရားဆောင်မှပြန်လည် ကြွချီလာခဲ့ပါလေတော့သည်။

■ ■ ■

PUBLISHED BY VIEW

## အခန်း (၃)

ရဲသီဟနှင့် ရဲဒိဗ္ဗ ဗိုလ်မှူးလေး ညီနောင်တို့သည် ထီးဘုရား၏ အမိန့်ဆောင်အရ ဆင်ဖြူတော်ဖမ်းဆီးနိုင်ရန် သူတို့၏ မြင်းတော်မှ လက်ရွေးစင် ရဲမက်ငါးဆယ်ယောက်ကို ခေါ်ဆောင်လျက် မြင်းကိုယ်စီဖြင့် ခရီးပြင်းနှင်လာခဲ့ကြသည်။

ပေါက္ကံရွှေပြည် နေပြည်တော်ကြီးမှ ခရီးပြင်းနှင်လာခဲ့ကြသည်မှာ ယနေ့ဆိုလျှင် နှစ်ရက်ခရီးပင် ရှိခဲ့လေပြီ။ ယခုဆိုလျှင် ပျဉ်းမနား နယ်အတွင်းသို့ပင် ချင်းနင်းဝင်ရောက်လာခဲ့ကြပြီ။

အချိန်က ညနေစောင်းလုပြီ ဖြစ်သည့်အတွက် ရှေ့ဆုံးမှ မြင်းကိုယ်စီနှင့် ခရီးနှင်နေကြသည့် ညီနောင်တို့တွင် အကြီးဖြစ်သူ ရဲသီဟက ညီဖြစ်သူ ရဲဒိဗ္ဗကို ပြောဆိုလိုက်သည်။

"ညီတော် ဒိဗ္ဗရေ မှောင်ရီပျိုးတော့မယ်၊ လမိုက်ည ဖြစ်တဲ့အတွက် ရှေ့ဆက်ဖို့ မသင့်တော်ဘူးဘွ"

"မှန်ပါတယ် နောင်တော်၊ ပြီးတော့ ကျွန်တော်တို့ ရည်ရွယ်ချက်

ပန်းတိုင်ဖြစ်တဲ့ နယ်အတွင်းကိုလည်း ရောက်နေပြီဖြစ်လို့ အေးအေးသက်သာ ခရီးဆက်ကြရင် မကောင်းဘူးလား"

"ကောင်းတယ် ညီတော် ဒါဆိုရှေ့က တောင်ခြေရောက်ရင် နားကြ တာပေါ့ကွာ"

"ဟော့ကောင်တွေ အားလုံး ကြားကြတယ် မဟုတ်လား၊ ဟိုတောင်ခြေ မှာ နားကြမယ်ဟေ့"

"ကြားပါတယ် ဗိုလ်မှူးလေး ခင်ဗျာ"

မြင်းကို အသားကျ မှန်မှန်စီးနေရင်းက ပြောဆိုလာကြခြင်း ဖြစ်သည်။ မကြာမီ တောင်ခြေရင်းသို့ ရောက်လာကြသည်။ ရဲဒိဗ္ဗက မြင်းပေါ်မှာ ခုန်ဆင်း လိုက်သလို ကျန်ခြောက်ယောက်စလုံးသည်လည်း မြင်းပေါ်မှ အသီးသီး ခုန်ဆင်း လိုက်ကြသည်။ အဖွဲ့ခေါင်းဆောင်ဖြစ်သည့် ရဲသီဟက ချက်ချင်းပင် ညွှန်ကြား လိုက်ပြန်သည်။

"သွေးသောက်ကြီး ဗလနဲ့တစ်ယောက်လိုက်သွားစမ်း၊ ဒီည နားခိုင်းလို့ သင့်တော်မယ့် နေရာသွားရှာ"

"ကောင်းပါပြီ ဗိုလ်မှူးလေး ခင်ဗျာ"

သွေးသောက်ကြီး ဗလက သူ့နားတွင်ရှိသည့် ရဲမက်ကို လိုက်ခဲ့ရန် အချက်ပြပြီး အရှေ့ဘက်စူးစူးသို့ လျင်မြန်စွာ ပြေးထွက်သွားသည်။ တိုက်ရည် ခိုက်ရည် ပြည့်ဝပြီး ကျင့်သားရနေသည့် သူတို့နှစ်ဦး၏ လှုပ်ရှားမှုများက ကျားရဲ အသွင် ကြောင်ရိုင်းတစ်ကောင်အလား လျင်မြန်လွန်းလှသည်။

လျင်မြန်စွာ ပြေးထွက်သွားကြသည့် တပည့်ကျော် နှစ်ယောက်ကိုကြည့် ရင်း ညီနောင်နှစ်ယောက်စလုံး ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်နေကြသည်။ စစ်သားဆိုသည်က ဤကဲ့သို့ လျင်မြန်ဖျတ်လတ်နေရမည်။

သူတို့ ညီနောင်နှစ်ဦး အုပ်ချုပ်သည့် မြင်းတပ်ဖွဲ့မှ အကြပ်စစ်သည် ရဲမက်များ၏ စွမ်းရည်ကို မျက်ခြေမပြတ် အကဲခတ်နေကြသည့် ခေါင်းဆောင် ကောင်းများ ဖြစ်ကြသည့်အတွက် အဘယ်မျှ စွမ်းရည်ပြည့်ဝသည့်ကို သိရှိပြီးသား ပင်။

ယခု ခေါ်ဆောင်လာခဲ့သည့် အကြပ်စစ်သည် ရဲမက် ငါးယောက်သည် သူတို့ အုပ်ချုပ်သည့် မြင်းတပ်ဖွဲ့မှ အတော်ဆုံး ရဲမက်များပင် ဖြစ်ကြသည်။ တစ်မောင်း၏ လေးပုံတစ်ပုံပင် မရှိတတ်သေးသည့် အချိန်အတောအတွင်းမှာပင်

PUBLISHED BY VIEW

သွေးသောက်ကြီး ဗလနှင့် ရဲမက်တို့ ပြန်ရောက်လာကြသည်။

သွေးသောက်ကြီး ဗလက ခေါင်းဆောင်ညီနောင် အကြီးအကဲ နှစ်ယောက်ကို အရိုအသေပေးပြီးသည်နှင့် သတင်းပို့လာသည်။

"ဗိုလ်မှူးလေးတို့ခင်ဗျာ တောင်ခြေတစ်နေရာမှာ နားခိုဖို့ သင့်တော်တဲ့ ကျောက်ဂူကြီး တစ်လုံးကို တွေ့ခဲ့ရပါတယ်"

"ကောင်းပြီ ဒါဆိုရင် အားလုံး ကျောက်ဂူကြီးရှိတဲ့ဆီကို သွားကြမယ်လေ။ လမ်းပြပေတော့ သွေးသောက်ကြီး"

သူတို့အားလုံး မြင်းကိုယ်စီဖြင့် သွေးသောက်ကြီးနောက်မှ လိုက်လာခဲ့ကြသည်။ မြင်းစီးလာခဲ့သည့်အတွက် ခဏအကြာမှပင် ကျောက်ဂူကြီးရှေ့သို့ ရောက်လာကြသည်။ ရဲသီဟက ထပ်မံ၍ အမိန့်ပေးလိုက်ပြန်သည်။

"ကိုင်းဟေ့ သားရဲတိရစ္ဆာန် တောကောင်ကြီးတွေရဲ့ အန္တရာယ်ကို ကာကွယ်နိုင်အောင် မီးဖိုထားရမယ်၊ သွေးသောက်ကြီးနဲ့အတူ လိုက်သွားတဲ့ လေဝါ နေခဲ့၊ ကျန်တဲ့ သုံးကောင်က ထင်းတုံးတွေ သွားရှာကြဟေ့"

ရဲမက်သုံးယောက် လှစ်ခနဲ ပြေးထွက်သွားသည်။ မကြာမီ ထင်းတုံးများ ကို သယ်၍ ပြန်လာကြသည်။ ဤသို့ဖြင့် ဂူကြီးရှေ့တွင် မီးဖိုထားလိုက်ကြပြီး ဂူထဲသို့ ဝင်လာခဲ့ကြသည်။

ဂူကြီးက သူတို့ခုနစ်ယောက် ချောင်ချောင်ချိချိ အိပ်ရလောက်ရုံတင်မက ကျယ်ဝန်းလွန်းလှသည်။ အားလုံး ပါလာသည့် ရိက္ခာခြောက်များကို ထုတ်၍ ညစာ စားသောက်လိုက်ကြသည်။

ပြီးသည်နှင့် အလှည့်ကျ ကင်းစောင့်ရန် တာဝန်ချထားလိုက်သည်။ ဤကဲ့သို့ ညဉ့်က တဖြည်းဖြည်း နက်ရှိုင်းလာသလို ခရီးပြင်းနှင် လာခဲ့ကြသည့် ခေါင်းဆောင်အဖွဲ့သားအားလုံး ကင်းစောင့် ရဲမက်ကလွဲ၍ အိပ်ပျော်နေကြလေပြီ။

ရဲသီဟ အိပ်ပျော်သည်လား မပျော်သည်လား သေချာဝေခွဲ မရနိုင် သည့် နိုးတစ်ဝက် ပျော်တစ်ဝက်အချိန်အတွင်းမှာပင် ထူးဆန်းသည့် အိပ်မက်ကို မြင်မက်နေရလေတော့သည်။

အိပ်မက်ထဲတွင် သူ ပထမဦးဆုံး မြင်တွေ့လိုက်ရသည်က လှပ ချောမော လွန်းသည့် မိန်းမပျိုလေး တစ်ယောက်သာ ဖြစ်သည်။ မိန်းမချော၏ အလှက ဖြစ်မျိုးခဲ့မထင်သည့် အလှအပမျိုးပင်။

သို့သော် ဝတ်စားဆင်ယင်ထားသည်ကို ကြည့်ရသည်က နန်းတွင်းသူ

များ ပုဂံလှပျိုဖြူများနှင့် အနည်းငယ် ကွာခြားနေသည်။ မြို့ကြီးသူများကဲ့သို့ နန်းမဆန်လှသည့်အတွက် ကျေးတောသူပင် ဖြစ်ရမည်ဟု သူ ရိပ်မိလိုက်သည်။

မိန်းမချောလေးက မခို့တရို့ အပြုံးလေးနှင့် စိုက်ကြည့်ရင်း စကားဆိုလာသည်။ အသံကလည်း စမ်းရေစီးကျသလိုလို စောင်းသံလိုလို ချိုမြိန်လှပါဘိဟု သူ့စိတ်ထဲတွင် မှတ်ထင်လိုက်မိသည်။

"မောင်ကြီးဟာ ပေါက္ကံရွှေပြည်ကြီးက လာတာလား၊ နှမလေး မေးတာ မှန်ပါစ မောင်ကြီးရှင့်"

"မှန်ပါတယ် နှမသည်၊ နှမသည်ကကော အသူများတုန်းဆိုတာ မောင်ကြီး သိပါရစေ"

"နှမသည်က မောင်ကြီးတို့ မကြာခင် ရောက်မယ့် ကျည်တောင်ရွာက ပါရှင်"

"ဪ ကျည်တောင်ရွာကတဲ့လား၊ သိရတာ ဝမ်းသာပါဘိ နှမသည်၊ မောင်ကြီး အမည်နာမက ရဲသီဟ ခေါ်ပါတယ်၊ နှမသည်ရဲ့ အမည်နာမကို သိခွင့်ရမယ်ဆိုရင် သိပါရစေလား"

"သိရပါတယ် မောင်ကြီးရှင့် နှမသည်ရဲ့ အမည်ကို မယ်ဖြူလို့ ခေါ်ပါတယ်"

"မယ်ဖြူ မယ်ဖြူ မယ်ဖြူတဲ့လား၊ အမည်နာမနဲ့ လိုက်ဖက်လှပါဘိတော့တယ်"

ရဲသီဟ တစ်ယောက် တိုးတိုးလေး ရေရွတ်နေရင်းမှ မိန်းမချောလေးကို တစ်ဆက်တည်း ပြောဆိုလိုက်ခြင်းပင်။ သူ့စကားကြောင့် မိန်းမချောလေး၏ မျက်နှာပေါ်တွင် အပြုံးပန်းများ လှိုင်လှိုင်ဖူးပွင့်သွားသလို ရှက်ယောင်သမ်းသွားမှန်းလည်း သူ သတိပြုမိလိုက်သည်။

သည်ခဏမှာပင် အိပ်မက်ထဲက မိန်းမလှလေး ရုတ်တရက် ပျောက်ကွယ်သွားတော့သည်။ ရဲသီဟ တစ်ယောက် နှုတ်မဆက်ဆဲ ကသုတ်ကယက် ပျောက်ကွယ်သွားသည့် အိပ်မက်ထဲက မိန်းမလှလေး ထပ်မံပေါ်လာနိုး မျှော်ကိုးနေဆဲမှာပင် တွေ့မြင်လိုက်ရသည့် မြင်ကွင်းကြောင့် အလွန်ပင် အံ့အားသင့်သွားလေသည်။ ထို့ကြောင့် နှုတ်မှပင်

"ဟင် အလို ထူးဆန်းလှချည်လား၊ ခုနတုန်းက တွေ့လိုက်ရတာက ကျေးတောသူ အဝတ်အစားနဲ့၊ အခုတွေ့ရတာကျတော့လည်း တစ်မျိုးကြီးပါလား၊

ဘယ်လိုများဖြစ်လို့ ပြောင်းလဲသွားတာပါလိမ့်၊ ခါးမှာ ခါးစည်းကြိုးကို ချည်နှောင်ထားသလို ခေါင်းမှာကလည်း အစွန်းနှစ်ဖက် ချထားပါလား ဒါ ဒါ"

အိပ်မက်ထဲတွင် မြင်တွေ့ရသည့် အသွင်သဏ္ဌာန် ပြောင်းလဲသွားသည့် မိန်းမချောလေးကို ကြည့်ရင်း ရဲသီဟ ခေါင်းက ပုပ်လောက်ကြီးလာသလို ထိတ်လန့် တုန်လှုပ်နေမိလေသည်။

သူက အဝတ်အဆင် ဆန်းပြားလှသည့် မိန်းမချောလေးကို ထိတ်လန့် တုန်လှုပ်နေရင်းမှပင် မေးမြန်းကြည့်မိသည်။ သို့သော် မိန်းမချောက မည်သို့မျှ ပြန်မပြော တုံဏှိဘာဝေ ဖြစ်နေလေပြီ။

မည်သည့်စကား တစ်ခွန်းမှ ပြန်မဆိုသော်လည်း မိန်းမချောလေး၏ မျက်နှာက နေထိပန်းနှယ် ညှိုးနွမ်းနေရာသည်။ ခဏအကြာမှပင် အိပ်မက်ထဲက မိန်းမချောလေးသည် မျက်နှာကို လက်ဝါးနှစ်ဖက်နှင့်အုပ်၍ ရုတ်တရက်ပင် ပြန်လည် ပျောက်ကွယ်သွားပြန်လေပြီတကား။

ရဲသီဟ တစ်ယောက် အိပ်မက်မှ နိုးထမလာသေး။ သည်တစ်ခါ ထပ်မံ၍ မြင်တွေ့လိုက်ရသည်က ပို၍ပင် ထိတ်လန့်စရာ ကောင်းလှသည်။ သူ မြင်လိုက်ရသည်က ပို၍ပင် ထိတ်လန့်စရာ ကောင်းလှသည်။ သူ မြင်လိုက်ရသည်က ဘီလူးမ ကျောက်ရုပ်ကြီးပင် ဖြစ်သည်။

သို့သော် ကျောက်ရုပ်သာ ဖြစ်သော်လည်း ဘီလူးမကြီး၏ မျက်လုံးအစုံက အသက်ဝင်နေသည့်အလား အရောင်တလက်လက် ထွက်နေသည်။ ယခုအခါ တွေ့လိုက်ရသည့် ဘီလူးမ ကျောက်ရုပ်ကြီးကိုကား သူ့အနေနှင့် မည်သို့မျှ မမေးနိုင်လောက်အောင် ထိတ်လန့်စွာ ငေးမောကြည့်နေမိသည်။

သူက မမေးသလို ကျောက်ဘီလူးမကြီးကလည်း ဘာမှ မပြောမဆိုဘဲ စူးစိုက်ကြည့်နေသည်။ သူလည်း ထိတ်လန့်မှုကို မည်သို့မျှ ချုပ်တည်းမထားနိုင်သည့်အဆုံး အထိတ်တလန့်ပင် အော်ဟစ်မိလိုက်လေတော့သည်။

"အား"

"အား"

"ဗိုလ်မှူးလေး"

"ဗိုလ်မှူးလေး"

အသံနှင့်အတူ ရဲသီဟ လန့်နိုးလာသည်။ သည်တော့မှ အိပ်မက်မက်နေမှန်း သူ သတိပြုမိလိုက်သည်။ သို့သော် သည်ထက်ပို၍ ထူးဆန်းနေသည်

ကား သူတွင်မကဘဲ ညီဖြစ်သူ ရဲဒိဗ္ဗ ပါ လန့်၍ အော်ဟစ်နေခြင်းပင် ဖြစ်သည်။

"ဗိုလ်မှူးလေး နှစ်ယောက်စလုံး အိပ်မက်ဆိုးတွေ မက်နေပြီ ထင်ပါတယ်"

သွေးသောက်ကြီး ဗလ၏ ထင်မြင်ချက် စကားသံကို ကြားလိုက်ရသည်။ သွေးသောက်ကြီးက အလှည့်ကျ ကင်းစောင့်နေရာမှ သူတို့အသံ ကြားရသည့်အတွက် ဂူထဲဝင်လာပြီး နှိုးခြင်းဖြစ်သည်။ အချိန်က လင်းအရုဏ်ပင် တက်ခါနီးနေပြီ။

သူတို့နှစ်ယောက်စလုံး မည်သို့မျှ ဆက်မအိပ်နိုင်ကြတော့သည့်အတွက် သွေးသောက်ကြီးကို အိပ်ခိုင်းလိုက်ပြီး ကင်းစောင့်ရင်း ပြောဆိုနေမိကြသည်။ သူတို့ ညီအစ်ကို နှစ်ယောက်စလုံး အိမ်မက်မြင်မက်တာချင်းက ထူးဆန်းစွာပင် တူညီနေပြန်သည်။

သို့သော် ညီတော် ရဲဒိဗ္ဗ မြင်တွေ့လိုက်ရသည့် မိန်းမချောလေး၏ အမည်နာမက မယ်ညို ဟုခေါ်၍ အသားအနည်းငယ် ညိုသည်ကလွဲပြီး ရုပ်ရည်ချင်းက ချွတ်စွပ် တူညီနေမှန်း စကားပြောဆိုနေရင်းမှ သိလိုက်ရသည်။

"အံ့ဩစရာပါလား ညီတော်"

"ဟုတ်တယ် နောင်တော် အိပ်မက်က ထူးဆန်းလိုက်တာ၊ ဒီကြားထဲ ဘီလူးမ ကျောက်ရုပ်ကြီးကို မြင်လိုက်ရသေးတယ်"

"ဟုတ်တယ်လေ အဲဒါကြောင့်ပဲ တို့ ညီအစ်ကိုနှစ်ယောက်စလုံး လန့်ပြီး အော်ဟစ်မိလို့ နိုးလာတာ မဟုတ်လား"

"ဟုတ်ပါတယ် နောင်တော်၊ ဘာအဓိပ္ပါယ်လဲ မသိဘူးဗျာ၊ နောင်တော်ကော ခန့်မှန်းနိုင်ရဲ့လား ဟင်"

"ဟာ ညီတော်ကလည်း နောင်တော်က စစ်သားလေ၊ ပညာရှိ သုခမိန်မှ မဟုတ်တာ၊ ဘယ်လိုလုပ်ပြီး ခန့်မှန်းတတ်မှာလဲကွာ"

"အင်း ဒါလည်း ဟုတ်တာပဲ၊ ညီတော်လည်း ဘာဆိုဘာမှ မပြောတတ်ဘူး"

"ဘာပဲဖြစ်ဖြစ် မယ်ဖြူ ပြောသွားတဲ့ ကျည်တောင်ရွာကိုတော့ မရရအောင် ရှာဖွေမေးမြန်းပြီး ရောက်အောင်သွားရမယ်"

"ဟုတ်တယ် မယ်ညိုဆိုတဲ့ မိန်းမချောလေးလည်း အဲဒီရွာသူပဲ နောင်တော်"

"အေးကွာ ကျည်တောင်ရွာရောက်လို့ သူတို့နဲ့ဆုံမှ မီးစင်ကြည့် ကရ တော့မှာပဲ ညီတော်"

သူတို့ညီအစ်ကိုနှစ်ယောက် အပြန်အလှန် အိပ်မက်အကြောင်း ပြောဆို နေကြစဉ်မှာပင် ရောင်နီပျိုးလာတော့သည်။ ရဲမက်များလည်း နိုးလာကြလေပြီ။ မကြာမီ တစ်ညတာ နားခိုခဲ့သည့် ကျောက်ဂူကြီးကို နှုတ်ဆက်ခွဲခွာ၍ ကျည်တောင်ရွာကို ရှာဖွေရန် ရှေ့ခရီး ဆက်ထွက်လာခဲ့ကြပါလေတော့သည်။

■ ■ ■

## အခန်း (၄)

ရဲသီဟနှင့် ရဲဒိဗ္ဗ ဗိုလ်မှူးလေး ညီနောင် ဦးဆောင်သည့် ဆင်ဖြူတော်ရှာဖွေ ဖမ်းဆီးရေး တပ်စုလေးသည် မေးမြန်းစုံစမ်း၍ ခရီးထွက်လာခဲ့ကြရာ နောက်ဆုံးတွင် ပျဉ်းမနားအရှေ့ဘက်၊ ပေါင်းလောင်းမြစ်အနီး၊ ကျည်တောင်ရွာသို့ ရောက်ရှိလာခဲ့ကြတော့သည်။

သူတို့တပ်စု ကျည်တောင်ရွာသို့ မရောက်မီ ပေါင်းလောင်းမြစ် ကမ်းခြေအတိုင်း မြင်းကိုယ်စီနှင့် လာခဲ့ကြသည်။ ပေါင်းလောင်းမြစ်ရေကား ကြည်လင်လှသည်။ တစ်နေရာအရောက်တွင် မြစ်ထဲ၌ ပိန်းကောလှေတစ်စင်းနှင့် စုန်ဆင်းလာသည့်သူတစ်ယောက်ကို တွေ့လိုက်ရသည်။

ထိုသူ၏ မျက်နှာကို မြင်လိုက်ရသည့် ခဏမှာပင် ညီနောင်နှစ်ဦး၏ ပါးစပ်များမှ အံ့အားသင့် ပြောဆိုလိုက်သည့် အာမေဍိတ်သံများ ပေါ်ထွက်လာသလို မြင်းကိုလည်း ချက်ခြင်းပင် ရပ်ပစ်လိုက်ပြီး ငေးကြည့်နေမိကြသည်။

"ဟင်"

"အလို"

သူတို့ ခေါင်းဆောင်နှစ်ယောက် ရပ်သွားသည်နှင့် ကျန်ရဲမက် ငါးယောက်လည်း အလိုလို ရပ်တန့်သွားကြသည်။ သူတို့ ညီအစ်ကိုတွေမြင်လိုက်ရသည့် အဘွားအိုသည် ညက အိပ်မက်ထဲတွင် တွေ့မြင်လိုက်ရသည့် ဘီလူးမကျောက်ရုပ်ကြီးနှင့် ချွတ်စွပ်တူညီနေသည့် အတွက်ကြောင့်သာ ဖြစ်သည်။

ပိန်းကောလေ့ငယ်ကို လှော်ခတ်လာနေသည့် အဘွားအိုကလည်း လှေငယ်ကို ရပ်တန့်လိုက်ပြီး မြစ်ထဲမှနေ၍ သူတို့ကို လှမ်း၍ ပြောဆိုလာသည်။ အဘိုးအိုသာ ဖြစ်သော်လည်း အသံက အနည်းငယ်မျှ တုန်ယင်ခြင်း မရှိမှန်း သူတို့အားလုံး သတိပြုမိလိုက်ကြသည်။

"သြော် မောင်မင်းကြီးသား စစ်ဗိုလ်ကြီးတွေပါလား၊ ကျည်တောင်ရွာကို သွားမယ်ဆိုတာ အဘွား သိတယ်၊ အေး အေး သွားရင် ရွာထဲကို တိုက်ရိုက်ဝင်မသွားကြနဲ့၊ ရွာပြင် ယာခင်းဘက်က ပတ်ပြီး သွားကြဟေ့ ဟိ ဟိ ဟိ"

ရဲသီဟက အဘယ်ကြောင့် ယာခင်းထဲကို သွားခိုင်းနေမှန်း သိလိုသောကြောင့် မေးမြန်းလိုက်မိသည်။

"ဘယ်လို အကြောင်းကြောင့်လဲ ဆိုတာ သိပါရစေ အဘွားခင်ဗျာ"

အဘွားအိုက ပိန်းကောလှေငယ်ပေါ်မှ သူ့ကို မျက်မှောင်ကုတ်ပြီး ကြည့်ရှုနေသည်။ အတန်ကြာမှ ဘာကို သဘောကျသည်ဟု မဆိုနိုင် တခိခိနှင့် ရယ်မောနေပြန်သည်။

"ဟိ ဟိ ဟိ ဟင်း ဟင်း ဟင်း အ လိုက်ပါဘိ စစ်ဗိုလ်ကြီးရယ်၊ ယာခင်းထဲမှာ မင်းတို့ညီအစ်ကို တွေ့ချင်နေတဲ့သူ ရှိတယ်ဟေ့ ရှင်းပြီလား"

"ဟင် မယ်ဖြူ ရှိတယ် ဟုတ်လား အဘွား"

"တကယ် တကယ်ပြောတာလား အဘွား၊ မယ်ညိုဆိုတာ အပြင်မှာ တကယ်ရှိတာပေါ့နော်"

ညီအစ်ကို နှစ်ယောက်စလုံး ပြိုင်တူ ပြန်မေးလိုက်ကြပြန်သည်။ သွေးသောက်ကြီး ဗလနှင့် ရဲမက်စစ်သည် ငါးယောက်စလုံးတို့ သည်လည်း သူတို့ခေါင်းဆောင် နှစ်ယောက်နှင့်လှေငယ်ပေါ်မှ အဘွားအို အပြန်အလှန် ပြောဆိုနေကြသည့် စကားတို့ကို အံ့အားသင့်စွာ နားထောင်နေကြသည်။

သွေးသောက်ကြီး ဗလကမူ ညက အိပ်မက်နှင့်ဆက်စပ်နေမှန်း အတန်

ငယ် ရိပ်မိသော်လည်း ကျန်ရဲမက် လေးယောက်ကမူ ဘာဆိုဘာမှ မသိကြချေ။ အဘွားအိုသည် လှေငယ်ပေါ်တွင်ထိုင်နေရာမှ ပွဲချောင်းပေါ်တွင် ထရပ်လိုက်သည်။ တစ်ဆက်တည်းမှာပင် သူတို့နှစ်ယောက်ကို လက်ညှိုးငေါက်ငေါက်ထိုး၍ ပြောဆိုလာတော့သည်။

"သယ် ငါ စိတ်မရှည်ချင်တော့ဘူး ဟေ့၊ ကျားကိုက်ပါတယ်ဆိုမှ အပေါက်လေးနဲ့လားလို့ ပြန်မေးနေရသေးလားဟေ့၊ သွား သွားကြစမ်း၊ အခု မြန်မြန်သွားကြစမ်း၊ နင်တို့ရဲ့ ဖူးစာရှင်တွေနဲ့ တွေ့ရဆုံရအောင် မြန်မြန်သွားကြပေတော့၊ သွားလေ ဘာလုပ်နေကြတာလဲဟဲ့"

အဘွားအို၏ ငေါက်မေး ပြောဆိုလာသည့် စကားကြောင့် ရဲသီဟနှင့် ရဲဒိဗ္ဗတို့သည် စစ်ဗိုလ်ရင့်မာကြီးများပင် ဖြစ်ကြသော်လည်း မည်သို့မျှ မနေဝံ့ကြတော့ပေ။ မြင်းကိုစိုင်း၍ မြစ်ကမ်းအတိုင်း ထွက်လာခဲ့ကြတော့သည်။

ရဲသီဟလည်း တစ်စုံတစ်ရာကို သိချင်သည့် ဆန္ဒကြောင့်နောက်သို့ ပြန်လှည့်၍ မြစ်ထဲသို့ လှမ်းကြည့်လိုက်ရာ ပိန်းကော လှေငယ်နှင့်တကွ အဘွားအိုကို လုံးဝ မတွေ့လိုက်ကြတော့ပေ။

နောင်တော်လိုပင် ပြန်လှည့်ကြည့်မိသည့် ရဲဒိဗ္ဗနှင့်တကွ ရဲမက်ငါးယောက်တို့သည် အဘွားအို၏ အစအနကိုပင် မတွေ့ကြရတော့ပေ။ သူတို့နှစ်ယောက်လည်း လှမ်းမြင်နေရသည့် ကျည်တောင်ရွာသို့ မဝင်တော့ဘဲ ရွာဘေးမှာ ကွေ့ပတ်၍ မြင်းကို အသားကျ စီးလာခဲ့ကြသည်။

သူတို့တပ်စု ကျည်တောင်ရွာအနီးသို့ ရောက်လာသည့်အချိန်သည် အရှေ့မိုးကုတ် စက်ဝိုင်းဆီမှ နေဝန်းကြီး ထွက်ပြူကာစပင် ရှိသေးသည်။ နံနက်ခင်း၏ နေရောင်ခြည်အောက်တွင် မဆုံးနိုင်အောင် ကျယ်ပြန့်လှသည့် ယာခင်းများကို တမျှော်တခေါ်ကြီးပင် လှမ်းမြင်နေရသည်။

ဟိုးအဝေးဆီတွင် တောင်စဉ် တောင်တန်းတို့ကိုလည်း တွေ့မြင်နေရသည်။ နံနက်ခင်းအလှကား ပန်းတင့်တယ်လှပါဘိဟု ရဲသီဟ စိတ်ထဲတွင် တွေးနေမိသည်။ သူ့အနေနှင့် အဘွားအို စကားကြောင့် လာခဲ့ရသည်။ မယ်ဖြူ မယ်ညို ညီအစ်မနှစ်ဖော် ယာခင်းထဲတွင် ရှိမရှိ ဆိုသည်ကို မသိသလို ယုတ်စွအဆုံး ညီအစ်မနှစ်ယောက်၏ ယာခင်း ဘယ်နေရာတွင်ရှိမှန်း သိမထားကြသည့်အတွက် အခက်တွေ့နေကြသည်။

ထိုအချိန်နှင့် တပြိုင်နက်တည်းမှာပင် ဖြစ်သည်။ ကျည်တောင်ရွာတွင်

နေထိုင်ကြသည့် ဦးဖြိုး ဒေါ်သာ ဇနီးမောင်နှံတို့သည် ဆင်းရဲနွမ်းပါးသူများ ဖြစ်ကြသည့်အတွက် ပင်ပန်းကြီးစွာ ယာလုပ်စားကြရသူများသာ ဖြစ်ကြသည်။

သူတို့ ဇနီးမောင်နှံတွင် မယ်ဖြူနှင့်မယ်ညို ဟုခေါ်သည့် သမီးချော နှစ်ယောက် ရှိကြသည်။ သည်အချိန်တွင် မယ်ဖြူနှင့်မယ်ညို ညီအစ်မ နှစ်ယောက် စလုံး အရဏ်မတက်မီကပင် အိပ်မက်ထဲတွင် သူတို့၏ ဖူးစာရှင်များ ရောက်လာ နေကြမှန်း သိထားခဲ့ပြီးလေပြီ။

ဤကဲ့သို့ ညီအစ်မ နှစ်ယောက် သိရှိစေရန် လာပြောသည့် သူသည် ကား မယ်ဖြူ မယ်ညို နှစ်ယောက်စလုံး အိပ်မက် မက်နေကြသည်။ အိပ်မက်ထဲ တွင် သူတို့ ညီအစ်မနှစ်ယောက် တွေ့လိုက်ကြရသည်က ကျောက်ဘီလူးမကြီးပင် ဖြစ်သည်။

ကျောက်ဘီလူးမကြီးမှန်း သိကြသော်လည်း သူတို့ ညီအစ်မကမူ လုံးဝ မကြောက်ရွံ့ကြပေ။ အကြောင်းကမူ မိဘများနှင့်တကွ သူတို့မိသားစု လေး ယောက်စလုံး နေ့စဉ်ပင် ကျောက်ဘီလူးမကြီးအား စားဦးသောက်ဦးတို့ကို မစားမီ တင်မြှောက်ပသခဲ့ကြသည့် အတွက်ကြောင့်ပင် ဖြစ်သည်။

မကြောက်ကြသည့်အပြင် အကြောင်းကိစ္စရှိတိုင်း ကျောက်ဘီလူးမကြီး အား တိုင်တည်တမ်းတ၍ အကူအညီတောင်းလေ့ရှိသည့်အပြင် ဘီလူးမကြီးက လည်း မစားမီ သူ့ကို နေ့စဉ် စားဦးသောက်ဦးနှင့် ပသခဲ့ကြသည့် သူတို့ မိသားစု ကို စောင့်ရှောက်ပေးခဲ့သည်။

သူတို့ညီအစ်မက ကျောက်ဘီလူးမကြီးကို အဘွားဟု ခေါ်ကြသည်။ အဘွားက အရေးအကြောင်းကိစ္စ ကြုံလာပါက အိပ်မက်နှင့်လာရောက်၍ ကြိုတင် ပြောဆိုလေ့ရှိသည်။ ယခုလည်း ထုံးစံအတိုင်း မယ်ဖြူ မယ်ညိုကို အိပ်မက်ထဲတွင် ကိုယ်ထင်ပြပြီး ပြောလာလေပြီ။

"ဟဲ့ မြေးမလေး နှစ်ယောက် နားထောင်ကြစမ်းဟေ့"

"ဟင် အဘွား အဘွားပါလား"

"ပြောပါ အဘွားရယ်၊ အဘွား ဘာပြောမယ်ဆိုတာ မယ်ညိုလည်း သိချင်ပါတယ်"

"ဟင်း နေဘ် ကောင်မလေး မပြောလိုက်ချင်ဘူး၊ အဘွားပြောတာကို သေချာနားထောင်၊ မြေးမလေးတို့ရဲ့ ဖူးစာရှင်တွေဖြစ်တဲ့ ဗိုလ်မှူးလေးနှစ်ယောက် နောက်ဖြန် မနက်မိုးလင်းတာနဲ့ ရောက်လာကြလိမ့်မယ်"

"ဟင် ဟုတ်ရဲ့လား အဘွားရယ်"

"မယ်ညိုတို့ ညီမ နှစ်ယောက်ရဲ့ ဖူးစာဘက် ဟုတ်လား အဘွား"

"ဟုတ်တယ် ကျုပ် ဘယ်တုန်းကများ ညည်းတို့ကို မဟုတ်မဟပ်တာတွေများ ပြောခဲ့ဘူးလို့လဲ အေ့"

"ယုံ ယုံပါပြီ အဘွားရယ်"

"သမီးတို့က အဲဒါ ဘယ်လိုလုပ်ရမလဲ အဘွား၊ အကြံပေးစမ်းပါဦး အဘွားရယ်"

"အမလေး အ လိုက်တာလည်း လွန်ပါရောလား မယ်ညိုရယ်၊ ဒီမယ် အဘွား ပြောလိုက်မယ်၊ ကိုယ်က ဣန္ဒြေရှင် မိန်းမသားတွေ၊ ဘာမှလုပ်စရာ မလိုဘူး၊ ညည်းတို့ လုပ်နေကြ အလုပ်ဖြစ်တဲ့ ယာတောကို ဣန္ဒြေမပျက်ဘဲ ထုံးစံအတိုင်းပဲ သွားကြ၊ အချိန်တန်ရင် သူ့ဘာသာ ဖြစ်လာလိမ့်မယ်၊ အဘွား ပြောတာ သဘောပေါက်ကြရဲ့လား"

"သဘောပေါက်ပါပြီ အဘွား"

"သိ သိပါပြီ ရှင့်"

ညီအစ်မနှစ်ယောက်စလုံး ပြိုင်တူပြန်ဖြေလိုက်ကြသည်။ သူတို့ စကားဆုံးသည်နှင့် သူတို့က အဘွားဟုခေါ်သည့် ကျောက်ဘီလူးမကြီးသည် အိပ်မက်ထဲမှ ပျောက်ကွယ်သွားတော့သည်။ မယ်ဖြူ မယ်ညို ညီအစ်မနှစ်ဖော်သည်လည်း အိပ်မက်မှ ပြိုင်တူပင် လန့်နိုးလာကြသည်။

ဆန်းကြယ်လွန်းသည့် အိပ်မက်နှင့် ကြားသိလိုက်ရသည့်စကားတို့ကြောင့် အပျိုမလေးနှစ်ယောက် ရွှေရင်တွေ တသိမ့်သိမ့်ခုန်နေကြသည်က အမှန်ပင်။ ဤတွင် ပြောစရာရှိသည်ကား သူတို့ညီအစ်မနှစ်ယောက်သား မသိလိုက်ကြသော်လည်း ရဲသီဟ၊ ရဲဒိဗ္ဗ ဗိုလ်မှူးလေးနှစ်ယောက်ကမူ ကျောက်ဘီလူးမကြီး အိပ်မက်ထဲတွင် နိမိတ်ပြလာသည့်အတွက် ရှေ့မြင်လာမည့် အနာဂတ်အကြောင်းတရားနှင့် အကျိုးတရားတို့ကိုပင် ဝိုးတဝါး သိမြင်သွားကြလေပြီ။

မယ်ဖြူ မယ်ညို ညီအစ်မနှစ်ယောက် အိပ်မက်မှ နိုးထလာကတည်းက ပြန်လည်အိပ်စက် မရကြတော့ပေ။ မိခင်ဖြစ်သူ ဒေါ်သာတစ်ယောက် အိပ်ရာမှ နိုးထလာသည့်အခါ သမီးနှစ်ယောက်၏အခန်းထဲမှ တီးတိုးစကားသံများ ကြားလိုက်ရသဖြင့် လှမ်းဝေါက်လိုက်လေသည်။

"ဟဲ့ မယ်ဖြူ မယ်ညို မိုးတောင်မလင်းသေးဘူး၊ အခန်းထဲက တတွတ်

တွတ်နဲ့ ဘာဖြစ်နေကြတာလဲ၊ ဒီနေ့မှတော် ပြောကိုမပြောချင်တော့ဘူး၊ အချစ်နာလန်ထလိုက်ကြတာ”

“မဖြစ် မဖြစ်ပါဘူး အမေ”

“သမီးနဲ့မမ အိပ်ရာက လန့်နိုးပြီးတော့ မျက်စိကြောင်နေလို့ မအိပ်ဘဲ စကားပြောနေကြတာပါ”

ညီအစ်မနှစ်ယောက်စလုံးက မိခင်ဖြစ်သူ ဒေါ်သာ၏အမေးစကားကို ပြန်လည်ဖြေရှင်းချက် ပေးလိုက်ကြခြင်းပင်။

“ဒါဆိုရင် ဒီနေ့ ယာထဲ စောစောလေး ဆင်းလို့ရအောင် ထမင်းထချက်ကြစမ်း”

“ဟုတ် ဟုတ်ကဲ့ပါ အမေ”

“ထပါပြီရှင့်”

ညီအစ်မနှစ်ယောက်စလုံး စကားကိုဖြတ်ပြီး မီးဖိုချောင်ထဲသို့ ဝင်လာကြသည်။ သည့်နောက်တွင် ညီအစ်မနှစ်ယောက် ထမင်းတောင်းကိုရွက်၍ နေဝန်းထွက်စ အချိန်မှာပင် အိမ်မှ ထွက်လာခဲ့ကြသည်။

ကျည်တောင်ရွာ လမ်းအတိုင်း ညီအစ်မနှစ်ယောက် စကားပြောရင်း တဖြည်းဖြည်း လျှောက်လာခဲ့ကြရာ ရွာအပြင်သို့ ရောက်လာခဲ့ကြသည့်။ သူတို့မိသားစုပိုင်ဆိုင်သည့် ယာခင်းက ရွာအနောက်ဘက်တွင် ရှိသည့်အတွက် အနောက်ဘက်သို့ ဦးတည်၍ လျှောက်လာခဲ့ကြသည်။

လျှောက်လာရင်းမှလည်း ညီအစ်မနှစ်ယောက်၏ မျက်လုံးများက ဟိုကြည့် သည်ကြည့်နှင့်။ မယ်ဖြူက ညီမကို လမ်းလျှောက်ရင်းက ပြောလိုက်သည်။

“မိညို ဟို ဟို အခုထိလည်း မတွေ့ရသေးပါလား ညီမလေး”

“ခစ် ခစ် ခစ် မမဖြူကလည်း အဘွားပြောတဲ့စကား ဘယ်တုန်းကများ ထဲခဲ့ဖူးလို့လဲ၊ အချိန်တန်ရင် တွေ့ရမှာပေါ့ မမရယ်၊ ဘာလဲ မမဖြူ သိပ်တွေ့ချင်နေပြီလားဟင်”

“မိညိုနော် ငါမပြောလိုက်ချင်ဘူး၊ ညည်းကကော မတွေ့ချင်ဘူးလား၊ ငါ မသိဘူးများ ထင်နေသလား၊ ဟွန်း မပြောလိုက်ချင်ဘူး”

မယ်ဖြူက ညီမဖြစ်သူကို မျက်စောင်းလေးထိုးရင်းက ပြောဆိုလိုက်ခြင်းပင်။ မယ်ညိုကလည်း အစ်မဖြစ်သူကို မခံချင်အောင် တမင်စနေခြင်းသာ ဖြစ်ပြီး သူ့ရင်ထဲတွင်လည်း မျှော်လင့်နေမိသည်ကတော့ အသေအချာပင် ဖြစ်သည်။

ဤသို့ဖြင့် သူတို့ ယာခင်းသို့ မရောက်မီမှာပင် အဝေးမှ လာနေသည့် မြင်းခွာသံများကို ကြားလိုက်ရသည်။ မြင်းခွာသံနှင့်အတူ မကြာမီ လူလုံးက သဲကွဲလာသည်။

ရဲသီဟနှင့်ရဲဒိဗ္ဗ ညီနောင်နှစ်ယောက်သည်လည်း မြင်းကို အသားကျ ဒိုးလာရင်းကပင် အဝေးဆီမှ တောင်းရွက်လာနေသည့် မိန်းမပျိုလေးနှစ်ဦးကို မြင်တွေ့ပြီးဖြစ်သည်။ စစ်သားများဖြစ်သည့်အတွက် သိမ်းစွန်ငှက်လို လျင်လှသည့် မျက်လုံးများကလည်း နီးကပ်လာသည်နှင့်အမျှ မည်သူမည်ဝါမှန်း အတပ်ခွဲခြားနိုင်လိုက်လေပြီ။

သူတို့ညီအစ်ကို မြင်တွေ့ရသည့် မိန်းမပျိုလေးနှစ်ယောက်သည် ညက အိပ်မက်ထဲတွင် မြင်တွေ့ခဲ့ရသည့် မိန်းမချောလေးနှစ်ဦးပင် ဖြစ်မှန်း သိလိုက်ကြလေပြီ။

ထို့ကြောင့် ညီအစ်ကိုနှစ်ယောက်စလုံး မြင်းများပေါ်မှ လျင်မြန်စွာ ခုန်ဆင်းလိုက်ကြသည်။ မယ်ဖြူ မယ်ညို ညီအစ်မချော နှစ်ယောက်စလုံးသည်လည်း ရင်ခုန်ခြင်းများစွာနှင့် စစ်ဗိုလ်လူချောကြီး ညီအစ်ကိုနှစ်ယောက်ကို ကန်သင်းရိုးပေါ်မှ ပြန်လည်ကြည့်ရှုနေမိကြသည်။

အဘွားပြောခဲ့သည့် စကားက ကွက်တိမှန်လေပြီကောဟုလည်း သူတို့ ညီအစ်မစိတ်ထဲတွင် တွေးတောနေမိကြသည်။ ရဲသီဟနှင့်ရဲဒိဗ္ဗ ညီနောင်နှစ်ယောက်စလုံး ယာခင်းထဲမှ ဖြတ်၍ လျှောက်လာခဲ့ကြသည်။

အနားသို့ရောက်လာသည်နှင့် ရဲသီဟက ဖွဲ့ဆောင်မှုရှိသည့် အပြုံးနှင့်အတူ စတင်မေးမြန်းလိုက်သည်။

"ညီမလေးနာမည်က မယ်ဖြူ မဟုတ်လားဟင်"

"ဟုတ် ဟုတ်ပါတယ်၊ စစ်ဗိုလ်မောင်ကြီးရယ်"

"ဒါဆို ဒီဘက်က ညီမလေးက မယ်ညိုပေါ့နော်"

"မှန် မှန်ပါတယ်ရှင်"

ဒုတိယ စကားကို မေးမြန်းလိုက်သူက ရဲဒိဗ္ဗသာ။ ညီအစ်မချောနှစ်ယောက်စလုံးကလည်း စိတ်လှုပ်ရှားနေကြသည့်အတွက် အသံတုန်တုန်ယင်ယင်လေးနှင့်ပင် ပြန်လည် အဖြေပေးလိုက်ရသည်။

ညီအစ်ကိုနှစ်ယောက်က အသီးသီး မိတ်ဆက်စကား ပြောဆိုလိုက်ပြန်သည်။

"မောင်ကြီးရဲ့ အမည်နာမကို ရဲသီဟလို့ ခေါ်ပါတယ်၊ ပေါက္ကံရွာမ ဂုဏ်နေပြည်တော်ကနေ တာဝန်နဲ့ရောက်လာတာပါပဲကွယ်"

"မောင်ကြီးရဲ့အမည်နာမကို ရဲဒိဗ္ဗလို့ ခေါ်ပါတယ်၊ မှတ်ထားနော် မယ်ညို"

"မောင်ကြီးလို ပြည့်လက်ရုံးဖြစ်တဲ့ စစ်ဗိုလ်ကြီးနဲ့ သိကျွမ်းခင်မင်ခွင့် ရတဲ့အတွက် မယ်ဖြူ ဝမ်းသာလှပါရဲ့ မောင်ကြီးရယ်"

"မယ်ညိုလည်း မယ်ဖြူလိုပါပဲ မောင်ကြီးရယ်"

"ဒါနဲ့ ညီမတို့ယာက ဘယ်နားမှာလဲ၊ မောင်ကြီးတို့ကို အလည် မခေါ်တော့ဘူးလား"

"ဟော ဟိုက မြင်နေရတဲ့ ယာတဲဟာ ညီမတို့ ယာတဲပါ မောင်ကြီး၊ မောင်ကြီးတို့ကို ဖိတ်ခေါ်ပါတယ်ရှင်"

ရဲသီဟနှင့်ရဲဒိဗ္ဗတို့ ယခုလာကြသည်က နှစ်ယောက်တည်းဖြစ်သည်။ အတူပါလာသည့် ရဲမက်ငါးယောက်ကို ရွာအပြင်တွင် စောင့်နိုင်းထားပြီး လာခဲ့ကြခြင်းဖြစ်သည်။ ရဲသီဟအနေနှင့် ညီအစ်မနှစ်ဦး၏ စိတ်သဘောထားကို သိလိုသည့်အတွက် အကဲစမ်းမေးလိုက်ခြင်းသာ။ ထို့ကြောင့်

"ကျေးဇူးတင်ပါတယ် ညီမရယ်၊ ဒါပေမဲ့ မောင်ကြီးတို့မှာ တာဝန်ဝတ္တရားကို ဦးထိပ်ထားရမယ့် စစ်မှုထမ်းတွေဖြစ်တာကြောင့် အခုချက်ချင်း မလိုက်နိုင်တာကို ခွင့်လွှတ်ပါဦးကွယ်"

"ဖိတ်ခေါ်တာကို ကျေးဇူးတင်ပါတယ် မယ်ညို၊ ကဲ မောင်ကြီးတို့ကို ခွင့်ပြုပါဦးနော်၊ ရွာထဲက အကြီးအကဲ ကလန်ကြီးနဲ့ တွေ့လို့ ကိစ္စတွေ စီစဉ်ပြီး တာနဲ့ အရောက်လာခဲ့ပါမယ်"

"သွားလိုက်ဦးမယ် ညီမရေ"

"နှုတ်ဆက်ပါတယ် မယ်ညိုရယ်"

ညီအစ်မကိုနှစ်ယောက် အသီးသီး နှုတ်ဆက်စကားဆိုပြီးသည်နှင့် မြင်းပေါ်သို့ ပြန်ခုန်တက်လိုက်ကြသည်။ ညီအစ်မနှစ်ယောက်သည်လည်း ကန်သင်းပေါ်တွင် ရပ်နေရင်းက စစ်ဗိုလ်ကြီးနှစ်ယောက်ကို လက်ပြနှုတ်ဆက်လိုက်သည်။

ညီအစ်ကိုနှစ်ယောက်ကလည်း ပြန်လှန် လက်ပြပြီးသည်နှင့် မြင်းကိုယ် စီးနှင့် ရွာဘက်သို့ ဦးတည်၍ စိုင်းနှင်သွားကြသည်။ မယ်ဖြူနှင့်မယ်ညိုလည်း ကန်သင်းရိုးပေါ်မှနေ၍ လှူရောမြင်းပါ ပျောက်ကွယ်သွားသည်အထိ ရပ်ကြည့်

နေမိသည်။

ပြီးမှသာ သူတို့ယာတဲရှိရာသို့ တရွေ့ရွေ့ လျှောက်လှမ်းသွားကြသည်။ မကြာမီ ဦးဖြိုးနှင့်ဒေါ်သာတို့ ဖနီးမောင်နှံလည်း ယာတဲသို့ ရောက်လာကြသည်။

ညီအစ်မနှစ်ယောက်စလုံးက မိဘနှစ်ပါးကို အကြောင်းစုံဖွင့်ဟပြောဆိုလိုက်ကြသည်။

"...အဲဒါပါပဲ အဖေနဲ့အမေတို့ရယ်"

"မမဖြူပြောတာ အမှန်ပါပဲ အမေ အဖေ၊ သမီးတို့ မှားသွားလားဟင်"

သမီးနှစ်ယောက်၏စကားတို့ကို နားထောင်နေကြသည့် ဦးဖြိုးနှင့်ဒေါ်သာတို့သည် ရာထူးဌာနန္တ မြင့်မားလှသည့် ပုဂံနေပြည်တော်မှ စစ်ဗိုလ်ကြီးနှစ်ယောက် ယခုလို လာရောက်ခြင်းသည် ကောင်းသော လာခြင်းဖြစ်မှန်း သိလိုက်ကြသည်။

ထို့အပြင် မိမိတို့ မိသားစုကို အမြဲတမ်း ကြည့်ရှုစောင့်ရှောက်နေသည့် မယ်တော် ကျောက်ဘီလူးမကြီး၏ စကားကြောင့် သမီးချောနှစ်ယောက် လင်ကောင်းသားကောင်း ရတော့မည်မှန်း သိလိုက်သည့်အတွက် ကြိတ်ပြီး ဝမ်းသာနေမိကြသည်။

"ရွှေစွန်ညို ဘာလို့ဝဲတယ်၊ မယ်ထွေးလိုလို့ ဝဲတယ်"ဟူသည့်အတိုင်း ယခုလို စစ်ဗိုလ်ကြီးနှစ်ယောက် ယာခင်းထိ လိုက်လာပြီး သမီးချောနှစ်ဦးကို လိုက်ရှာခြင်းကပင်လျှင် မေတ္တာရှိ၍ဖြစ်မှန်း သဘောပေါက်မိကြလေသည်။

ထို့ကြောင့် ဖခင်ဖြစ်သူ ဦးဖြိုးက တည်တည်ငြိမ်ငြိမ်ပင် ဆုံးမစကားပြောဆိုလိုက်သည်။

"အင်း ပုဂံပြည်က စစ်ဗိုလ်ကြီးနှစ်ယောက် သမီးတို့ကို လိုက်ရှာတာနဲ့ ပတ်သက်ပြီးတော့ အဖေ သမီးတို့ကို အပြစ်မတင်ပါဘူး၊ ဒါပေမဲ့ သမီးတို့နှစ်ယောက်ကို မိန်းကလေးပီသအောင် ဗိုင်းကောင်းကျောက်ဖိ ဆိုတာလို ဘယ်လိုနေထိုင်ရမယ်ဆိုတာလည်း အဖေတို့အနေနဲ့ ဆုံးမသွန်သင်ခဲ့သလို သမီးတို့ကလည်း မိဘစကားအတိုင်း နေထိုင်ခဲ့ကြတယ်ဆိုတာလည်း အဖေ သိပါတယ်"

"ဟုတ်ကဲ့ပါ အဖေ"

"သမီး သိပါတယ် အဖေရယ်"

ဖခင်ဖြစ်သူ၏စကားကို ကျုံ့ကျုံ့လေးထိုင်၍ နားထောင်နေကြသည့် ညီအစ်မနှစ်ယောက်စလုံးက ပြိုင်တူပင် ဖြေကြားလိုက်ကြသည်။ ဦးဖြိုးက

ဆက်၍

"အင်း အဖေ ပြောချင်တာကတော့ ဖူးစာမှန်ရင် ဆုံဆည်းကြရမယ်၊ ရေးရေစက်ရှိရင် ဘယ်သူတွေခွဲခွဲ မခွဲနိုင်ပါဘူး၊ ဒါကြောင့် သမီးတို့နှစ်ယောက်စလုံး ခင်ပိုလ်လေးတွေ လာတဲ့အခါ အနေအထိုင် အပြောအဆိုကစပြီး သိမ်သိမ်မွေ့မွေ့ ရှိကြပါစေကွယ်"

"မယ်ဖြူ ကတိပြုပါတယ် အဖေ"

"သမီးလည်း ကတိပေးပါတယ် အဖေရယ်"

"သာဓု သာဓု သာဓု မိဘစကား နွားထောင်ငြားက သံပြားကျောက် ဆောင်တောင်မှ ကျိုသော် ပြောင်း၏တဲ့ကွယ်၊ သမီးအလိမ္မာလေးတွေ ကျန်းမာ ချမ်းသာပြီး လိုအင်ဆန္ဒပြည့်ဝပါစေ၊ ကဲ အမေကြီးကကော ဆုံးမစရာရှိတာ ဆုံးမ လိုက်ပါဦး"

ခင်ပွန်းသည် စကားကြောင့် ဒေါ်သာသည် သမီးချောနှစ်ယောက်ကို ကြည့်ရှုနေရင်းမှပင် ပြောသင့်ပြောထိုက် ဆိုသင့်ဆိုထိုက်သည့် စကားတို့ကို ပြော ဆို ဆုံးမလိုက်လေသည်။

"သမီးကြီး မယ်ဖြူ"

"ရှင် မေမေ"

"သမီးလေး မယ်ညို"

"အမေ"

"သမီးကို ထိန်းသိမ်းရတာ မလွယ်ဘူး သမီးရေ၊ သမီးတစ်ကောင်ကို ထိန်းရတာ နွားတစ်ထောင်ကို ထိန်းရတာထက် ခက်တယ်တဲ့၊ အမေတို့က သမီး အလိမ္မာလေးတွေလို့ ချီးမွမ်းကြသလို ပတ်ဝန်းကျင်ကလည်း ဦးဖြိုး ဒေါ်သာတို့ သားသမီးတွေ မွေးရကျိုးနပ်တယ်လို့ ပြောဆိုကြတာကို ကြားရတယ်၊ ဒါဟာ အမေ့သမီးတွေ လိမ္မာလို့ပဲကွယ်၊ တကယ်လို့ သမီးနှစ်ယောက်သာ မလိမ္မာဘူးဆို ရင် အမေနဲ့အဖေတင်မကဘူး ဆွေမျိုးအသိုင်းအဝိုင်းပါ အရှက်ရနေပြီပေါ့၊ မဟုတ် ဘူးလားကွယ်"

"ဟုတ်ပါတယ် အမေရယ်"

"မှန်ပါတယ် အမေ"

"သမီးတို့နှစ်ယောက်စလုံးဟာ အမေတို့အတွက် ငယ်သော်သမီး ကြီး သော်ထီးဆိုတဲ့အတိုင်း မိဘနှစ်ပါးကို အေးမြတဲ့အရိပ် မိုးပေးနိုင်တဲ့ ထီးကလေး

ဖြစ်လိမ့်မယ်လို့ ယုံကြည်ထားတယ်၊ ဒါကြောင့် ယုံကြည်တဲ့အတိုင်း ထီးဖြစ်ပါစေ မီးမဖြစ်ပါစေနဲ့လို့ ပြောပါရစေကွယ်"

"စိတ်ချပါ အမေရယ်"

"အမေနဲ့အဖေ အရှက်ရအောင် မလုပ်ပါဘူးလို့ သမီးတို့ ကတိပြုပါတယ်ရှင်"

ဦးဖြိုး၊ ဒေါ်သာ ဇနီးမောင်နှံတို့က သမီးနှစ်ယောက်ကို ဆုံးမနေသလို မယ်ဖြူနှင့်မယ်ညိုတို့ကလည်း လိမ္မာသည့် သမီးများ ဖြစ်ကြသည့်အားလျော်စွာ ပြန်လည် ကတိပြုနေကြလေသည်။

ထို့နောက်တွင် မိသားစု လေးယောက်စလုံး တက်ညီလက်ညီပင် တောင်ယာခုတ်နေကြသည်။ သူတို့ဘဝသည်ကား ဆင်းရဲလှသည့်အတွက် တောင်ယာလုပ်ကိုင်မှသာ စားရ သောက်ရသည့်ဘဝ ဖြစ်သည်။

ထို့ကြောင့် လူငှားလည်း မငှားနိုင်။ ကိုယ့်ယာကို ကိုယ်တိုင်ခုတ်၍ စိုက်ပျိုးစားသောက်ကြရသည်။ ဤသို့ဖြင့် နေထန်းတစ်ဖျားသို့ ရောက်သည့်အချိန်တွင် တောင်ယာခုတ်ထွင်ခြင်းလုပ်ငန်းကို လက်စသတ်လိုက်ကြပြီး ထမင်းစားသောက်ရန် ပြင်ဆင်ကြလေသည်။

သူတို့မိသားစု တောင်ယာလုပ်ကိုင်နေသည့် ယာခင်းနှင့် မလှမ်းမကမ်းတွင် ယောကျ်ားတစ်ကွင်းစာမျှ မကသည့် ညောင်ထန်းပင်ကြီး တစ်ပင်ရှိသည်။ အနီး ညောင်ထန်းပင်ကြီးအနီးတွင် ကျောက်ဘီလူးမရုပ်ကြီး တစ်ရုပ်ရှိသည်။

ကျောက်ဘီလူးမကြီး ရုပ်တုက လူတစ်ရပ်လောက် ရှိသည်။ ဘီလူးမ ကျောက်ရုပ်ကြီး၏ အနီးတွင်လည်း ရေကန်တစ်ကန် ရှိသေးသည်။ အနီး ဘီလူးမရုပ်တုကြီးကို မည်သူမည်ဝါက ထုလုပ်ခဲ့၍ မည်သည့်အကြောင်းကြောင့် သည်နေရာတွင် ရှိနေမှန်း မည်သူမျှ တိတိကျကျ မသိခဲ့ကြပေ။

သို့သော် ဦးဖြိုး ဒေါ်သာတို့ကမူ ကျောက်ဘီလူးမ ရုပ်တုကြီးကို နေ့စဉ် စားဦးစားဖျားတို့ကို တင်မြှောက်ပသပြီးမှသာ စားလေ့ရှိသည်။ ထို့ကြောင့်လည်း ဦးဖြိုးက မစားခင် တင်မြှောက်ရန် ပြောဆိုလိုက်သည်။

"ကဲ သမီးတို့ အမေနဲ့တကွ အဖေတို့အားလုံး ထုံးစံအတိုင်း မယ်တော်ကြီးကို သွားပြီး စားဦးစားဖျားတွေနဲ့ တင်မြှောက်ပသကြရအောင် လာ လာကြ သွားကြမယ်"

ဖခင်ဖြစ်သူ ထမင်းတောင်းကိုထမ်း၍ ရှေ့မှထွက်သွားသည့် အတွက်

ကျန်မိသားစု သုံးယောက်သည်လည်း ဟင်းချက်ထည့်ယူလာသည့် မြေစဉ့်အိုးကို ယူဆောင်၍ နောက်မှ လိုက်ပါလာခဲ့ကြသည်။

မကြာမီ ဘီလူးမ ကျောက်ရုပ်ကြီးရှေ့သို့ မိသားစုလေးယောက်စလုံး ရောက်လာကြသည်။ ဒေါ်သာနှင့် သမီးနှစ်ယောက်က မြေပန်းကန်ပြား၊ မြေပန်းကန်လုံးတို့ဖြင့် ထမင်းဟင်းတို့ကိုထည့်၍ ဘီလူးမ ရုပ်တုကြီးရှေ့တွင် ရှိသည့် စင်လေးပေါ်တွင် တင်ထားလိုက်သည်။

သည်စင်လေးကို သူတို့မိသားစု ပြုလုပ်ထားခြင်းဖြစ်သည်။ ထမင်းဟင်းများ တင်ပြီးသည်နှင့် မိသားစုလေးယောက်စလုံး မြေကြီးပေါ်တွင် ထိုင်လိုက်ကြသည်။ ဦးဖြိုးကမူ ဆောင့်ကြောင့် ထိုင်လျက်ကပင်

"မယ်တော်ကြီးခင်ဗျာ ကျွန်တော်မျိုးတို့ ဆင်းရဲသားမိသားစုမှနေ၍ ဤထမင်းဟင်းလျာများနှင့် မယ်တော်ကြီးအား တင်မြှောက်ပသပါသည်၊ အလိုရှိသလို သုံးဆောင်တော်မူပါ ခင်ဗျာ"

ဤကဲ့သို့ ဦးဖြိုးတစ်ယောက် တင်မြှောက်ပသပြီးသည်နှင့် ခဏစောင့်နေလိုက်သေးသည်။ ခဏကြာမှပင်

"ဤကဲ့သို့ လှူဒါန်းရသည့် ကောင်းမှုကုသိုလ်တို့ကြောင့် ကျွန်တော်မျိုးတို့ မိသားစုအားလည်း ကျန်းမာချမ်းသာအောင် ဘေးရန်ကင်းရှင်းအောင် မယ်တော်ကြီးမှ စောင်မကြည့်ရှုတော်မူပါရန် ရိုသေစွာ ပန်ကြားအပ်ပါတယ် ခင်ဗျာ"

ဤသည်ကား ဦးဖြိုးတို့မိသားစု လေးဦးစလုံး ထမင်းမစားမီ နေ့စဉ် ပြုလုပ်နေကြ ဝတ္တရားပင်ဖြစ်သည်။ ဤသို့ တင်မြှောက်လိုက်ရမှလည်း သူတို့စိတ်ထဲတွင် ဘဝင်ကျပြီး ကျေနပ်ပီတိ ဖြစ်မိကြသည်။

ဆိုခဲ့သည့်အတိုင်းပင် ဤကဲ့သို့ နေ့စဉ် တင်မြှောက်ပသခဲ့သည့် အတွက်ကြောင့်လည်း ဘီလူးမကျောက်ရုပ်ကြီးက သူတို့ကို ပြန်လည် ကူညီဆောင်ရွက်ခြင်း ဖြစ်သည်ဟု ယုံကြည်သည်။

ဤသို့ဖြင့် တစ်နေ့လုံး တောင်ယာထဲတွင် အလုပ်လုပ်ကိုင်နေကြရာမှ ညနေစောင်းတွင် ယာတဲမှနေ၍ ရွာထဲသို့ ပြန်လာခဲ့ကြသည်။ သူတို့ မိသားစု ရွာထဲသို့ ရောက်သည်နှင့် ဟိုအိမ် သည်အိမ်မှလူများ သူတို့မိသားစုကို ကွက်ကြည့် ကွက်ကြည့် ကြည့်နေမှန်း သတိပြုမိလိုက်ကြသည်။

သူတို့ မိသားစု လေးယောက်ကမူ ဣန္ဒြေမပျက် သွားရိုးသွားစဉ်အတိုင်း

ပင် ခြေလှမ်းမှန်မှန်နှင့်ပင် အိမ်သို့ ပြန်လာခဲ့ကြသည်။ သူတို့ အိမ်သို့ရောက်သည်နှင့် သတင်းကြားလိုက်ရသည်။

ပုဂံနေပြည်တော်မှ ဗိုလ်မှူးလေး ညီနောင် ဦးဆောင်သည့် တပ်စုလေးသည် ကလန်ကြီး ဦးမင်းယာ အိမ်တွင် စခန်းချ တပ်စွဲထားသည်ဟူ၍ပင် ဖြစ်သည်။ သူတို့မိသားစု အိမ်ပြန်ရောက်သည့်အချိန်တွင် မှောင်ရီပျိုးစပင် ပြုနေလေပြီ။

ခဏအကြာတွင် ရွာဆော်ကြီး ဦးမှို ပေါက်ချလာသည်။ ဦးမှိုက ရောက်မဆိုက်ပင် ဆိုလာသည်။

"ဗျို့ မောင်ဖြိုးနဲ့ မယ်သာ"

"သြော် ရွာဆော်ကြီးပါလား ကြွပါဗျာ ကြွပါ"

"အကြောင်းထူးလို့လား ရွာဆော်ကြီးရှင့်"

ဦးဖြိုးက ဖိတ်ခေါ်လိုက်သလို ဒေါ်သာက လာရင်းကိစ္စကို မေးမြန်းလိုက်ခြင်းပင်။ မယ်ဖြူနှင့် မယ်ညိုတို့ကမူ အိမ်ထဲတွင် အနားယူရင်းက နားစွင့်ထားကြသည်။

"နင်တို့တတွေ ကောင်းစားတော့မယ် ဟဲ့"

"ဗျာ"

"ရှင်"

"သိပ်ပြီး အံ့သြနေသလား၊ မအံ့သြပါနဲ့ဟ၊ ငါက နင်တို့ဝမ်းသာရအောင် ကလန်ကြီးအိမ်က ကြားရတာကို လာပြောပြတာပဲဟ"

"ဘာများပါလိမ့် ရွာဆော်ကြီးရယ်"

"ဒီလိုဟ ဒီလို မောင်ဖြိုးနဲ့ မယ်သာတို့ရဲ့ သမီးချောနှစ်ယောက်ဖြစ်တဲ့ မယ်ဖြူနဲ့မယ်ညိုတို့ကို အခု ရောက်လာကြတဲ့ ဗိုလ်မှူးလေး ညီနောင်က မေတ္တာရှိတယ်တဲ့၊ အဲ့ဒီ သတင်းကို ကလန်ကြီးက ငါ့ကိုပြောပြတယ်၊ အဲဒါ နင်တို့မိသားစုတွေ ဝမ်းသာရအောင် ငါက လာပြောတာပဲ၊ ဟဲ ဟဲ ဟဲ ကောင်းစားရင်တော့ ပထမဦးဆုံး၊ မင်္ဂလာသတင်းစကား လာပြောပြတဲ့ ငါ့ကိုတော့ မမေ့နဲ့နော် သိလား"

"ဆောက်ဖြစ်မှ ကျောင်းဒကာ ဖြစ်မယ့်ကိစ္စပါ ရွာဆော်ကြီးရယ်"

"သြော် မောင်ဖြိုးရယ်၊ အခု ငါပြောတာက ကျောင်းဒကာ ကျိန်းသေဖြစ်မယ့်ကိစ္စကွ၊ ငါက မသေချာဘဲနဲ့ လာပြောပါ့မလား၊ အဲဒါဟော့ ငါ ပြန်လိုက်

ဦးမယ်"

"ကောင်းပါပြီ ခင်ဗျာ"

"ကျေးဇူးပါပဲ ရှင်"

အိမ်ထဲတွင် အပန်းဖြေ လဲလျောင်းနေရင်းက ကြားလိုက်ရသည့် စကားများကြောင့် မယ်ဖြူနှင့် မယ်ညို ညီအစ်မနှစ်ယောက်တို့သည်လည်း ကျေနပ်ပီတိဖြစ်မိနေကြသည်။

ဤသို့ဖြင့် မကြာမီ ကာလအတွင်းမှာပင် ရဲသီဟ၊ ရဲဒိဗ္ဗ ညီနောင်နှင့် မယ်ဖြူ မယ်ညိုတို့သည် ချစ်သူများအဖြစ်သို့ တရားဝင် ရောက်ရှိခဲ့ကြပါလေတော့သည်။

■ ■ ■

## အခန်း (၅)

အချိန်က သက်ကြီးခေါင်းချချိန်ကိုပင် ကျော်လွန်လာခဲ့ပြီ ဖြစ်သည်။ ကျည်တောင်ရွာ တစ်ရွာလုံး ညဉ့်အမှောင်အောက်တွင် နှစ်ခြိုက်စွာ အိပ်မောကျနေရှာသည်။ သည်အချိန်တွင် လုံးဝ အိပ်မပျော်သူ တစ်ယောက်ကား တစ်နေရာရာတွင် ရှိနေသည်။

ထိုသူသည်ကား သက်ရှိလူသားတစ်ဦး မဟုတ်သည့် ဘီလူးမကျောက်ရုပ်ကြီးပင် ဖြစ်သည်။ ဤကဲ့သို့ အိပ်မပျော်ခြင်းကလည်း အကြောင်းရှိသည်။ အနီ အကြောင်းသည်ကား ကျောက်ဘီလူးမကြီး ရှိရာသို့ ရောက်လာခဲ့သည့် ပုဂ္ဂိုလ်ထူးကြောင့်ပင် ဖြစ်သည်။

ထိုပုဂ္ဂိုလ်ကြီးသည် လက်တွင် နဂါးခေါင်း တောင်ဝှေးတစ်ချောင်းကို စွဲကိုင်ထားပြီး တစ်ကိုယ်လုံးတွင် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ ဝတ်ဆင်ထားသည်ကလည်း အထက်ပုဂ္ဂိုလ် တစ်ပါးကဲ့သို့ ဝတ်ဆင်ထားခြင်းဖြစ်ပြီး လည်ပင်းတွင်လည်း ကြီးမားသည့် ပုတီးစေ့များကို သီကုံးထားသည့် စိပ်ပုတီးကို လည်တွင် ဆွဲထားသည်။

ပုဂ္ဂိုလ်ကြီး၏ အသက်ကို ခန့်မှန်းရသည်က အနည်းဆုံး အသက်ရှစ်ဆယ်ခန့်တော့ရှိမှာ သေချာသည်။ မုတ်ဆိတ်ဖြူကြီးများ ဖားလျားနှင့် ထိုပုဂ္ဂိုလ်ကြီး၏ ဥပဓိရုပ်ရည်ကလည်း ကြည်ညိုစရာ အသွင်မျိုးပင်။

ထိုပုဂ္ဂိုလ်ကြီးသည် မည်သည့်အရပ်မှ မည်သည့်အချိန် ရောက်လာမှန်းမသိလောက်အောင်ပင် ကျောက်ဘီလူးမကြီးရှေ့သို့ လျင်မြန်စွာ ရောက်ရှိလာခြင်းဖြစ်သည်။

ထိုပုဂ္ဂိုလ်ကြီး ရောက်လာသည်နှင့် အဝိညာဏက အသက်မရှိသည့်ဘီလူးမကျောက်ရုပ်ကြီးထဲမှ အသံက ထွက်ပေါ်လာသည်။

"မဟိန္ဒရာ ဘိုးဘိုးကြီးပါလား၊ ကျွန်တော်မျိုးမ ဘာအမှားတွေများကျူးလွန်မိလို့ပါလဲ ဘိုးဘိုးကြီးရှင့်"

"အမှား ကျူးလွန်တယ်လို့တော့ မဆိုနိုင်သေးပါဘူး မယ်ဝဏ္ဏာ၊ ဘိုးဘိုးကြီး အခုလို ကြွလာတာကတော့ မယ်ဝဏ္ဏာကို သတိပေးစရာ ရှိလို့ပဲဖြစ်တယ်ကွယ့်"

"အမိန့်ရှိပါ ဘိုးဘိုးကြီးရှင့်၊ ကျွန်တော်မျိုးမ လိုက်နာပါမယ်ရှင်"

"ကောင်းလေစွတည်း အိမ်း ပြောရရင်တော့ မယ်ဝဏ္ဏာ အခုလို ဘဝမျိုးကို ရောက်ခဲ့ရတာ ဘာကြောင့်လဲဆိုတာ အဘိုးအနေနဲ့ အထူးတလည် ရှင်းပြစရာ လိုမယ်မထင်ဘူးကွယ့်"

"ကျွန်တော်မျိုးမ ကျွန်တော်မျိုးမ သိ သိပါတယ် ဘိုးဘိုးရှင့်"

"ကောင်းပါပြီကွယ်၊ အခုလို ကျောက်ဘီလူးမ ဘဝ ကျိန်စာသင့်နေတဲ့အဖြစ်ဆိုးက လွတ်ဖို့အချိန်ကလည်း သိပ်မလိုတော့ပါဘူး၊ ဒါပေမဲ့ ဒီအဖြစ်ဆိုးကလွတ်ခင်မှာ ဒီနေရာကို သိုက်ဆရာတွေ ရောက်လာကြလိမ့်မယ်၊ သတိပြုပြီးစောင့်ရှောက်ပေတော့၊ မထိုက်တဲ့ သိုက်ဆရာတွေ လက်ထဲကို တန်ဖိုးရှိတဲ့ ရတနာတွေနဲ့တကွ ပြဒါးရှင် ပြဒါးပြာတွေ ပါမသွားအောင် မယ်ဝဏ္ဏာ အထူးစောင့်ရှောက်ပါလို့ အဘိုး ပြောချင်တယ်ကွယ့်"

"မှန်ပါ ကျွန်တော်မျိုးမ အစွမ်းကုန် စောင့်ရှောက်ပါမယ်လို့ ကတိပြုပါတယ် ဘိုးဘိုး"

"ကောင်းလေစွတည်း၊ ကိုင်း ဒါဆို ဘိုးဘိုး ပြန်ကြွတော့မယ်"

ကျောက်ဘီလူးမ (သို့) ကျိန်စာသင့်နေသည့် ဘီလူးမ သည်လည်း ဒါဖြူစင်ကြယ် ဝတ်ဆင်ထားသည့် သူတော်စင်ကြီးရှေ့တွင် ဒူးထောက် ခစားနေ

ရာမှ ရှိုးဦးညွတ်လိုက်သည်။ သည်ခဏမှာပင် သူတော်စင်ကြီးသည် ကျောက်ဘီလူးမရှေ့မှ လျှင်မြန်စွာ ပျောက်ကွယ်သွားပါတော့သည်။

သူတောင်စင် ဘိုးဘိုးကြီး ပျောက်ကွယ်သွားသည်နှင့် ကျောက်ဘီလူးမ (သို့မဟုတ်) ကျိန်စာသင့်နေသည့် မယ်ဝဏ္ဏာသည်လည်း ယခုကဲ့သို့ ဘဝဆိုးသို့ ရောက်ခဲ့ရသည့် အတိတ်ဇာတ်ကြောင်းတို့ကို ပြန်ပြောင်း စဉ်းစားနေမိလေတော့သည်။

လွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင် ဖြစ်သည်။ သည်တုန်းက မယ်ဝဏ္ဏာဆိုသည်က လူသားစင်စစ်။ လူသားတောင်မှ လှသွေးကြွယ်ဝ ပျိုမျစ်စ အရွယ်။ အသက် နှစ်ဆယ် စွန်းရုံကလေးပင် ရှိသေးသည်။

သူ့ဇာတိက သည်ကျည်တောင်ရွာမဟုတ်။ ကျီစုရွာသူ လှပျိုဖြူ ကွမ်းတောင်ကိုင် အပျိုချော တစ်ယောက်ဖြစ်ခဲ့သည်။ သူတို့ရွာနှင့် မနီးမဝေး တောင်ကုန်းလေးပေါ်တွင် ထုံးဖွေးဖွေးနှင့် သပ္ပါယ်လှသည့် ကိုးတောင်ပြည့် စေတီတစ်ဆူလည်း ရှိသည်။

စေတီတော်နှင့် မလှမ်းမကမ်း စနေထောင့်တွင် ထန်းပင်ကြီး တစ်ပင်ရှိသည်။ ထန်းပင်နှင့် ဝါးတစ်ရိုက်အကွာလောက်တွင် ရှေးဟောင်းဂူလေး တစ်လုံးလည်း ရှိသေးသည်။

ဂူလေးထဲတွင် ရတနာပစ္စည်းများ ရှိသည်ဟု သူတို့ရွာနှင့် အနီးတဝိုက်ရွာများမှ ရှေးလူကြီးများ အစဉ်အဆက် ပြောလာခဲ့ကြသည်။ သို့သော် မည်သူမျှ ရအောင်ယူနိုင်သည်ဟူ၍ မကြားခဲ့ရဘူးပေ။

သူမက လောဘကြီးသည်။ မိန်းကလေးတန်မဲ့ သည်ဂူလေးထဲမှ ရတနာပစ္စည်းများကို တပ်မက်မောမိသည်။ ထို့ကြောင့် မကြာခဏပင် တောင်ကုန်းလေးပေါ်သို့ တက်လာပြီး ဂူလေးကို လှေ့လာကြည့်မိသည်။

ဂူလေးထဲသို့လည်း သူမ အခေါက်ခေါက် အကြိမ်ကြိမ် ရောက်ခဲ့ပြီးလေပြီ။ ရတနာ ပစ္စည်းများကို ရအောင်ယူမည်ဟုလည်း စိတ်ပိုင်းဖြတ်ထားပြီး ဖြစ်သည်။

ဤသို့ဖြင့် တစ်ရက်တွင်ပဲ ဖြစ်သည်။ အချိန်က ညနေစောင်း သုံးဗဟိုရိုက်ဆော်တီးပြီးကာစပင် ရှိသေးသည်။ သူမလည်း မည်သူမျှ မရိပ်မိစေရန် တိတ်တိတ်ကလေး ကုန်းတော်ပေါ်သို့ တက်လာခဲ့သည်။

ကုန်းတော်ပေါ်သို့ ရောက်လာသော်လည်း သူမက ဘုရားပုထိုးကို

ဦးမခိုက်၊ ရှိမခိုးချေ။ ဤ ကုန်းတော်ပေါ်သို့ အခေါက်ပေါင်းများစွာ တက်ခဲ့သော်လည်း တစ်ခါမှ ရှိမခိုးခဲ့မိသေး။

သူမ အသိစိတ်ထဲတွင် ရဖို့တစ်ခုသာ သိ၍ ကျန်တာဘာမှ မသိနိုင်လောက်အောင် လောဘ အမိုက်မှောင်က ဖုံးလွှမ်းနေသည်။ သူမ အနေနှင့်ကံကောင်းချင်၍လား၊ ကံဆိုးချင်၍လားတော့ မဆိုနိုင်၊ ဂူထဲရောက်ပြီး မကြာမီမှာပင် မြေကြီးထဲမှ ကျောက်သေတ္တာတစ်လုံးက ပေါ်လာသည်ကို တွေ့လိုက်ရသည်။

အမှန်တကယ်မှုကား သူမ အကုသိုလ်ကံ အကျိုးပေးချိန်တန်နေပြီဖြစ်သောကြောင့် ကျောက်သေတ္တာကို မြင်တွေ့ရခြင်းပင် ဖြစ်သည်။ ထို့အပြင်မည်သို့မျှ ဖွင့်စရာမလိုဘဲ ကျောက်သေတ္တာက အလိုအလျောက် ပွင့်လာပြန်သည်။

သေတ္တာထဲတွင် ရွှေ ငွေ ကျောက်သံပတ္တမြား ရတနာများက ပြည့်နှက်နေသည်။ သူမ မျက်လုံးအစုံသည်လည်း လောဘရမ္မက်ကြောင့် အရောင်တလက်လက် ထွက်နေလေပြီ။

သူမက အားရပါးရ ရယ်မောလိုက်သေးသည်။

“ဟိ ဟိ ဟိ ဟင်း ဟင်း ဟင်း ရတနာတွေ ရပြီ၊ ပွပြီ ငါတော့ချမ်းသာပြီပေါ့ ငါနဲ့ထိုက်လို့ ရလာတဲ့ ရတနာတွေရဲ့ စည်းစိမ် ခံစားပစ်လိုက်မယ်၊ မယ်ဝဏ္ဏတို့ ကံထူးပုံများ ပြောကို မပြောချင်ဘူး ကံကောင်းရင် တစ်သက်ဆိုတာ ဒါမျိုးကို ပြောတာပဲ ဖြစ်ရမယ် ခိ ခိ ခိ ဟီး ဟီး ဟီး”

သူမ တစ်ကိုယ်တည်း ပြောနေရာက သဘောကျပြီး ရယ်မောလိုက်ပြန်သည်။ သူမက ရတနာအပြည့်ရှိသည့် ကျောက်သေတ္တာလေးကို တပ်မက်စွာကြည့်ရင်း တရွေ့ရွေ့ လှမ်းသွားလိုက်သည်။

သူမနှင့် ရတနာ ကျောက်သေတ္တာရှိသည့် နေရာက ခြေငါးလှမ်းစာမျှသာ ရှိသည်။ သူမ အနားသို့ ရောက်သည်နှင့် ပုဆစ်တုပ်ထိုင်ချလိုက်ပြီး ရတနာသေတ္တာကို လက်လှမ်းယူလိုက်သည်။

သည်အခိုက်မှာပင် မည်သို့မျှ မျှော်လင့်မထားသည့် ဖြစ်ရပ်က ရုတ်တရက် ဖြစ်ပေါ်လာသည်။ အကြောင်းကမူ သူမ ရတနာသေတ္တာလေးကို ကိုင်လိုက်သည်နှင့်

“အား ပူတယ် ပူတယ် ပူလိုက်တာ အား သေ သေပါပြီ”

သူမက အလန့်တကြား အော်ဟစ်ပြီးနောက် လက်ထဲတွင် ကိုင်ထား

သည့် ရတနာကျောက် သေတ္တာလေးကို ပူလွန်းလှသောကြောင့် ပြန်လွှတ်ချလိုက်မိသည်။ သူမ၏ အခြေအနေကို မမြင်နိုင်သည့် မျက်လုံးပေါင်းများစွာက ချောင်းကြည့်နေမှန်းကိုတော့ သူမအနေနှင့် မည်သို့မျှပင် မသိနိုင်ခဲ့ပေ။

သူမက ပုဆစ်တုပ် ထိုင်နေရာမှ ထိတ်လန့်လွန်းသည့်အတွက် ဂူထဲမှ ထွက်ပြေးရန် ထလိုက်သည်။ သို့သော် မည်သို့ဖြစ်သည်ဟု မဆိုနိုင်။ သူမ၏ ခြေအစုံသည် ရပ်နေရာမှ ကျောက်ဆိုင် ကျောက်တောင်အလား အနည်းငယ်မျှပင် ရွေ့မရတော့လေပြီ။

သည်ခဏမှာပင် သူမရှေ့သို့ နဂါးခေါင်း တောင်ဝှေးကို ကိုင်ဆောင်ထားသည့် ပိတ်ဖြူစင်ကြယ်နှင့် သူတော်စင်ကြီးတစ်ဦး ရောက်ရှိလာသည်။ သူတော်စင်ကြီးက သူမကို တည်ငြိမ်စွာပင် စူးစိုက်ကြည့်ပြီး ဖြည်းလေးစွာ မိန့်ကြားလာတော့သည်။

"လုံမလေးက တယ်ပြီး မိုက်မဲတာပါပဲကလား၊ ဒီ ရတနာပစ္စည်းတွေဟာ ဘုရားပစ္စည်းတွေဖြစ်တယ်၊ ဘယ်လိုလူမျိုးမှ မရနိုင်ပေဘူးကွယ့်"

"ဘုရား ပစ္စည်း ဟုတ် ဟုတ်လား အဘိုး"

"ဟုတ်တယ် ဘုရားပစ္စည်းတွေသာ ဖြစ်တယ်၊ လုံမလေးဟာ ကျီစုရွာက မယ်ဝဏ္ဏာဆိုတာလည်း အဘိုး သိတယ်၊ လုံမလေးမှာ အမိုက်မှောင်တွေ ဖုံးလွှမ်းလွန်းလှပါလား၊ ရတနာ မြတ်သုံးပါးကိုတောင်မှ ရှိခိုးရမှန်း မသိလောက်အောင်ကို မိုက်မဲလွန်းလှတယ်"

"ကျွန်တော်မျိုးမ တောင်း တောင်းပန်ပါတယ် အဘိုးရယ်၊ ကျွန်တော်မျိုးမ ပြန် ပြန်ပါရစေ"

"လွန်သွားပြီ လုံမလေး၊ လုံမလေး အခု ဘာဖြစ်သွားပြီလဲဆိုတာ မရိပ်မိသေးဘူးလား"

"မသိ မသိပါဘူး အဘိုးရယ်၊ ဘာ ဘာတွေဖြစ်သွားပြီလဲ ဟင်၊ ကျွန်တော်မျိုးမ သိ သိပါရစေ အဘိုးရယ်"

မယ်ဝဏ္ဏာတစ်ယောက် ထိတ်လန့်စွာပင် အသံတုန်တုန်ယင်ယင်လေးနှင့် ပြန်မေးနေမိရှာပြီ။ သူတော်စင်ကြီးက သူမကို ကရုဏာသက်စွာ စူးစိုက်ကြည့်ပြီး မိန့်ကြားလာသည်။

လုံမလေးဟာ အခုဆိုရင် ရှေးက သူတော်ကောင်းတွေ ဘုရားရှင်ကို ရည်မှန်းပြီး လှူဒါန်းထားခဲ့တဲ့ ရတနာပစ္စည်းတွေကို မတရားလိုချင် လောဘဇော

ကြောင့် ကျိန်စာမိသွားတာပဲ ဖြစ်တယ်"

"ကျိန်စာ ကျိန်စာ မိသွားပြီ ဟုတ်လား အဘိုး၊ ကယ် ကယ်ပါဦး အဘိုးရယ်၊ ကျွန်တော်မျိုးမကို သနားတော်မူပါဦး၊ ကျွန်တော်မျိုးမ နောင်တရပါပြီ၊ နောက် ဒါမျိုး မလုပ်တော့ပါဘူး၊ မပြစ်မှားတော့ပါဘူးလို့ ကတိပြုပါတယ်ရှင်"

"လုံမလေး ရတဲ့ နောင်တက နှောင်းသွားပြီ၊ ဘိုးဘိုးအနေနဲ့ ကယ်ချင်ရင်တောင် ကယ်နိုင်ခွင့်မရှိပေဘူး၊ ရှေးလူတွေရဲ့ ကျိန်စာကို အဘိုးလည်း ဖြေမပေးနိုင်ပါဘူးကွယ်"

မယ်ဝဏ္ဏတစ်ယောက် ငိုကြွေးရုံကလွဲ၍ ဘာများတတ်နိုင်ပါဦးမည်နည်း။ သူတော်စင်ကြီးက ဆက်၍ မိန့်ကြားလာပြန်သည်။

"ဒီ ရတနာပစ္စည်းတွေ ဒီဂူထဲမှာရှိမှန်း သိခဲ့ကြတဲ့ မသမာသူ သိုက်ဆရာတွေအားလုံးလည်း အပါယ်ဘုံသား ပြိတ္တာတွေ ဖြစ်ကုန်ကြတယ်ကွယ့်"

"အမလေး ကြောက် ကြောက်ပါတယ် ဘိုးဘိုးရယ်၊ ဟီး ဟီး ဟီး ဟင့် ဟင့် ဟင့်"

မယ်ဝဏ္ဏတစ်ယောက် အလန့်တကြား ပြောဆိုနေရင်းက ငိုကြွေးနေလေပြီတည်း။ သူမအနေနှင့် ကျိန်စာသင့်မှာ ယခုမှ စိုးရိမ်နေမိသည်။ သို့သော်လည်း သူတော်စင်ကြီးက စိုးထိတ်နေသော်လည်း ကျိန်စာကမူ မည်သို့မျှ ရှန်းထွက်ခြင်းမှ မရှိသောတော့လေပြီ။

သူမက မျက်ရည်စက်လက်နှင့် ငိုရှိုက်နေရင်းက မေးမြန်းကြည့်လိုက်ပြန်သည်။

"အီး အီး ဟီး ဟင့် ဟင့် ဟင့် ကျွန်တော်မျိုးမ ကျွန်တော်မျိုးမ အခုလောက ရှောင်လို့မရတော့ပါလား၊ ဒါ ဒါ ကျိန်စာသင့်တာလား ဘိုးဘိုး"

"မှန်ပေတယ် လုံမလေး၊ အခုလို ဖြစ်တာဟာ ကျိန်စာသင့်ခြင်းအစပဲ ရှိသေးတယ်၊ မကြာခင်မှာ လုံမလေးဟာ လူသားစင်စစ်ကနေပြီး ကျောက်ဘီလူးမ အသွင်ကို ရောက်သွားတော့မယ်၊ ပြီးတော့ စိတ်မကောင်းစရာကို ထပ်ပြီး ပြောရဦးမယ်ဆိုရင် လုံမလေးရဲ့ ရုပ်ရည်ဟာလည်း ရတနာသုံးပါးကို ပြစ်မှားမိတဲ့အတွက် မယ်၊ ရှေးလူကြီးတွေရဲ့ ကျိန်စာကြောင့်ရယ် ဘီလူးမလိုပဲ အရုပ်ဆိုး အကျည်းတန်သွားလိမ့်မယ်"

"ဟင် အမလေး ကယ် ကယ်ပါဦး ဘိုးဘိုးရယ်"

သူမက ရလိုရငြား တောင်းပန်တိုးလျှိုး နေမိပြန်သည်။ သူတော်စင်ကြီး

က ကရုဏာသက်စွာနှင့်ကြည့်ရင်းက ညင်သာစွာ ပြောဆိုလာပြန်သည်။

"ဘိုးဘိုးအနေနဲ့ ဒီကျိန်စာကလွတ်အောင်တော့ ဘယ်လိုမှ မတတ်နိုင်ပါဘူး လုံမလေး၊ ဒါပေမဲ့ လုံမလေးဟာ မိန်းမသားဖြစ်တဲ့အတွက် အချိန်အတိုင်းအတာတစ်ရပ်ကို လွန်ရင် ဒီကျိန်စာဆိုးကနေ လွတ်မြောက်မှာပါ"

"ဟုတ် ဟုတ်ရဲ့လား အဘိုး"

"ဟုတ်ပါတယ် အဘိုးတို့လို သူတော်စင်ပုဂ္ဂိုလ်တွေဟာ မုသာဝါဒစကား မဆိုကြပါဘူး လုံမလေး"

"ကျွန်တော်မျိုးမ နှစ်ပေါင်းဘယ်လောက်၊ ဘယ်မျှအထိ ကျိန်စာသင့်နေမှာလဲဆိုတာ သိပါရစေ အဘိုးရယ်"

"ဒါကတော့ အတိအကျ ပြောလို့မရပေဘူး လုံမလေး၊ နှစ်တစ်ရာလည်း ဖြစ်ချင်ဖြစ်မယ်၊ နှစ်ငါးဆယ်လည်း ဖြစ်ချင်ဖြစ်မယ်၊ ဒါက လုံမလေးကျူးလွန်ခဲ့တဲ့ အကုသိုလ်ကံအလျောက် ခံစားရခြင်းသာ ဖြစ်တယ်၊ ပြီးတော့ ကျိန်စာသင့်နေတဲ့ဘဝမှာ လုံမလေးအနေနဲ့ ကုသိုလ်ကောင်းမှုတွေ အဘယ်မျှပြုလုပ်ပြီး ပြန်ဆပ်နိုင်သလဲဆိုတဲ့အပေါ်မှာလည်း မူတည်တယ်ကွယ့်၊ အဘိုးပြောတာ လုံမလေး သဘောပေါက်ရဲ့လား"

"သဘောပေါက်ပါပြီ အဘိုးရယ်၊ ကျွန်တော်မျိုးမ ဒီဂူထဲမှာပဲ ကျောက်ရုပ်ကြီးအဖြစ်နဲ့ နေရမှာလားဟင်"

"မဟုတ်ဘူး လုံမလေး၊ လုံမလေးကို အဘိုးက တာဝန်ပေးမယ်၊ အဘိုးက တာဝန်ပေးတယ်ဆိုတာထက် သက်ဆိုင်တဲ့သူအားလုံးရဲ့ ကိုယ်စား အဘိုးက ဆောင်ရွက်ပေးရတာပါပဲ၊ ပထမဆုံး လုံမလေးနေရမယ့်နေရာကို အဘိုး ညွှန်ကြားမယ်"

"ဟုတ်ကဲ့ အဘိုး"

သူမအနေနှင့် ပေးသမျှအပြစ်ကို ခံယူမည်ဟု ဆုံးဖြတ်ပြီး ဖြစ်သည့်အပြင် မည်သို့မျှလည်း ကျိန်စာက လွတ်မည်မဟုတ်မှန်း သိနေပြီဖြစ်သောကြောင့် စိတ်ကို တင်းထားနိုင်ခဲ့လေပြီ။

သူမ၏မိုက်ပြစ်အတွက် ထိုက်သင့်သည့်အပြစ်ကို ခံယူ၍ ပြန်လည်ပေးဆပ်မည်ဟုလည်း ဆုံးဖြတ်ထားပြီးဖြစ်သောကြောင့် မတ်တပ်အနေအထားမှပင် ပြန်လည်မေးမြန်းနေခြင်းပင် ဖြစ်သည်။

"လုံမလေး ကျောက်ဘီလူးမ ဘဝနဲ့ နေရမယ့်နေရာကတော့ ကျည်

တောင်ရွာ အနောက်ဘက် ညောင်ထန်းပင်ကြီးအနားမှာပဲ ဖြစ်တယ်"

"ဟင် အဲဒီရွာ ဘာဖြစ်လို့ သွားနေရတာလဲ အဘိုး"

"မလောပါနဲ့ လုံမလေး၊ အဘိုး အစအဆုံး ရှင်းပြပါ့မယ်၊ သေသေချာချာ နားစိုက်ထောင်ပါ"

"မှန်လှပါ အဘိုးရယ်"

"လုံမလေးအနေနဲ့ အခု ဘုရားပစ္စည်းဖြစ်တဲ့ ရတနာတွေကို ပြစ်မှားခဲ့တယ်၊ ကျည်တောင်ရွာ ညောင်ထန်းပင်ကြီးအနီး မြေကြီးထဲမှာ ရှေးလူတွေ ထားရစ်ခဲ့တဲ့ ပိုင်ရှင်မဲ့ ရတနာပစ္စည်းတွေ ရှိနေတယ်၊ တူသောအကျိုးပေးတယ်ဆိုတဲ့ အတိုင်း လုံမလေးဟာ ဘုရားကိုရည်မှန်းပြီး လှူဒါန်းထားခဲ့တဲ့ ရတနာပစ္စည်းတွေကို လောဘတက်ပြီး ယူချင်ခဲ့တာကြောင့် အကြောင်းကံနဲ့တူတဲ့ အကျိုးအားလျော်စွာ အဲ့ဒီ ပိုင်ရှင်မဲ့ရတနာတွေကို သွားစောင့်ရမယ် ရှင်းပြီလား လုံမလေး"

"ရှင်းပါပြီ အဘိုးရယ်"

"ဒါပေမဲ့ ဒီရတနာတွေဟာ ပိုင်ရှင်မဲ့ ဖြစ်တဲ့အတွက် ထိုက်တန်တဲ့သူ၊ ကောင်းမှုရှိတဲ့သူတွေဆိုရင် ပေးချင်ပေးလို့ ရပါတယ်၊ လုံမလေး သဘောအတိုင်းပါပဲ၊ အခိက တာဝန်ကတော့ အဲဒီနားမှာ ရေကန်တစ်ကန်ရှိတယ်၊ ရေကန်ထဲက ရွှံ့လောင်းလှေထဲမှာ ရွှေကြုတ်ရှိတယ်၊ ရွှေကြုတ်ထဲမှာ ပြဒါးရှင်လုံးနဲ့ ပြဒါးပြာတွေရှိတယ်၊ လုံမလေးအနေနဲ့ ဒီသိဒ္ဓိဝင် ပြဒါးရှင်လုံးနဲ့ ပြဒါးပြာတွေကို မသမာသူတွေလက်ထဲ ပါမသွားရအောင် စောင့်ရှောက်ရမှာပဲ ဖြစ်တယ်ကွယ့်"

"ရှင်းပါပြီ အဘိုး"

"ဟိုရောက်ရင် လုံမလေး အလိုလို သိလာမြင်လာပါလိမ့်မယ်၊ အရေးကြီးလို့ရှိရင် ဘိုးဘိုးကိုယ်တိုင် ကြွလာခဲ့မယ်၊ ဟုတ်ပြီလား လုံမလေး"

"ကောင်းပါပြီ အဘိုးရယ်၊ ကျွန်တော်မျိုးမ ဒီဘဝဆိုးက လွတ်သည်အထိ ပေးဆပ်ပါ့မယ်"

"ကောင်းလေစွတည်း"

ဤသို့ဖြင့် မယ်ဝဏ္ဏာ ခေါ် သူမတစ်ယောက် လူစင်စစ်မှ ကျောက်ဘီလူးမ ဖြစ်ခဲ့ရသည်။ ကျည်တောင်ရွာ ညောင်ထန်းပင်အနားသို့ ရောက်ပြီး မကြာမီ သူမ တစ်ကိုယ်လုံးသည်လည်း ကျောက်သားပကတိဖြစ်၍ ဘဝပြောင်းလဲခဲ့ရပါတော့သည်။

■ ■ ■

## အခန်း (၆)

"ကလန်ကြီး ဒီနယ်တစ်ကြောမှာ ဆင်ဖြူတော်တွေ တွေ့ရတယ်လို့ သိရတယ် အဟုတ်ပဲလား ကလန်ကြီး"

ဤစကားကို မေးမြန်းလိုက်သူသည်ကား ခေါင်းဆောင်ဖြစ်သည့် ဗိုလ်မှူးလေး ရဲသီဟပင် ဖြစ်သည်။ သူတို့တပ်စုသည် ကလန်ကြီး ဦးမင်းယာ၏ အိမ်ကြီးတွင် တပ်စွဲထားကြခြင်း ဖြစ်သည်။

ကလန်ကြီး ဦးမင်းယာတွင် မိသားစုသုံးယောက်သာ ရှိသည်။ သားဖြစ်သူက ယခုအိမ်တွင် မရှိ။ လေးပညာ သင်ကြားရန် တစ်နယ်တစ်ကျေး ရပ်ဝေးသို့ ရောက်နေသည့်အတွက် သူတို့ခုနစ်ယောက်နေရုံမျှနှင့် အိမ်ကြီးက ကျဉ်းကျပ်မသွားပေ။

ကလန်ကြီးက ရဲသီဟ အမေးကို ပြန်လည်ဖြေကြားလာသည်။

"မှန်ပါတယ် ဗိုလ်မှူးလေး၊ ဟို လွန်ခဲ့တဲ့ သုံးလလောက်ပဲ ဆင်ဖြူတော် တစ်စီးကို မြင်တွေ့ရတယ်လို့ မုဆိုးတစ်ယောက်က လာရောက်ပြီး

အကြောင်းကြားလာပါသေးတယ်"

"အင်း ကြားရတာတော့ အားရှိစရာပါပဲလား ကလန်ကြီးရယ်၊ မင်းတရားကြီး အနေနဲ့ကလည်း ဆင်ဖြူတော်ကို အလိုတော်ရှိနေတယ် ကလန်ကြီးရဲ့"

"ဘုန်းတော်ကြောင့် ဧကန်ပင် ဆင်ဖြူတော်ကို ဖမ်းဆီးရလိမ့်မယ်လို့ ယုံကြည်ကြောင်းပါ ဗိုလ်မှူးလေး"

နောင်တော်ဖြစ်သည့် ရဲသီဟနှင့် ကလန်ကြီး ဦးမင်းသာတို့ အပြန်အလှန် ပြောဆိုနေကြသည့် စကားအဆုံးတွင် ရဲဒိဗ္ဗက စူးစမ်းမေးမြန်းလိုက်ပြန်သည်။

"ဆိုစမ်းပါဦး ဦးကလန်ကြီးရယ်၊ ဆင်ဖြူတော်နဲ့ပတ်သက်ပြီးတော့ ထူးဆန်းတဲ့အကြောင်းချင်းရာ အဖြစ်အပျက်လေးများ၊ ကိုယ်တွေ့ကြုံတာများ ရှိခဲ့ရင် သိပါရစေသား"

ရဲဒိဗ္ဗ၏စကားအဆုံးတွင် ကလန်ကြီးက စဉ်းစားတွေဝေနေသည်။ အတန်ကြာမှ အမေးစကားကို တုန့်ပြန်ပြောဆိုလာသည်။

"ကျွန်ုပ်အနေနဲ့ ကိုယ်တွေ့မကြုံဖူးပေမယ့် ခိုင်လုံတဲ့အဖြစ်အပျက်ကိုတော့ သိထားပါတယ် ဗိုလ်မှူးလေး ခင်ဗျာ"

"ဟုတ်လား ပြောပြစမ်းပါ ကလန်ကြီးရယ်"

"ပြောရမယ်ဆိုရင် အဖြစ်အပျက်က မယုံနိုင်လောက်အောင် ဆန်းကြယ်လှတာကြောင့် ကျွန်ုပ်အနေနဲ့ ဘယ်သူ့ကိုမှ ပြောမပြခဲ့ပါဘူး ဗိုလ်မှူးလေး"

ကလန်ကြီး ဦးမင်းယာ၏ စကားအဆုံးတွင် ရဲသီဟ၏မျက်လုံးများက စိတ်ဝင်စားလာသည့်အတွက် အလျင်အမြန် ပြန်လည်မေးခွန်းထုတ်လိုက်မိသည်။

"ကလန်ကြီး ဒီလောက်ထိအောင် နိဒါန်းချီနေပြီဆိုကတည်းက ဒီအဖြစ်အပျက်က အင်မတန် ထူးဆန်းမှာ သေချာတယ်၊ ပြောစမ်းပါ ကလန်ကြီးရယ်၊ ကိုယ် မမြင်ဘူးလို့ မယုံဘူးဆိုတာလည်း အစွန်းတစ်ရပ်ဖြစ်သလို အရမ်းယုံတာကလည်း အစွန်းတစ်ရပ်ပဲ ဖြစ်တယ်ဆိုတာ ကျွန်တော်တို့ သဘောပေါက်ပါတယ်၊ ယုံကြည်သင့် ယုံကြည်ထိုက်ရင် ကျွန်တော်တို့ ယုံရမှာပေါ့ ကလန်ကြီးရယ်၊ ပြောသာ ပြောပါဗျာ"

ရဲသီဟ တိုက်တွန်းသည့် စကားအဆုံးတွင် ကလန်ကြီးက နောက်ကြောင်းဇာတ်လမ်းတို့ကို ပြန်ပြောင်း စဉ်းစားနေသည့်အသွင်နှင့် ခေတ္တမျှ ငြိမ်သက်နေသည်။ သူတို့၏ စကားဝိုင်းထဲတွင် ရဲသီဟတို့ညီနောင်နှစ်ယောက် ကလန်ကြီး

ဦးမင်းယာ၊ သံဗျင်ကြီး ဦးသော်၊ ရွာဆော်ကြီး ဦးမှုံတို့ပါ ရှိနေကြသည်။

အချိန်က နေ့လယ် တစ်မောင်းသာသာခန့်ပင် ရှိသေးသည်။

သွေးသောက် ရဲဘော်ကြီး ဗလနှင့် စစ်သည် ရဲမက်ငါးယောက်က ရွာတွင် ရှိမနေကြချေ။ တောထဲတွင် လှည့်ပတ်၍ ဆင်ဖြူတော် သတင်း စုံစမ်းခိုင်းထားသည့်အတွက် ပြန်ရောက်မလာကြသေးပေ။

ကလန်ကြီးက ခဏအကြာမှာပင် အောက်ပါအတိုင်း ပြောပြလာသည်။

"ဗိုလ်မှူးလေးနဲ့တကွ အားလုံးကို ကျွန်ုပ် ပြန်ပြောပြရမယ်ဆိုရင် ဒီအဖြစ်အပျက်က ကျွန်ုပ်ကိုယ်တိုင် ကြုံခဲ့ရတာတော့ မဟုတ်ပါဘူး၊ ကျွန်ုပ်ရဲ့ တစ်ဦးတည်းသော သားဖြစ်သူ မောင်သစ္စာ ကြုံခဲ့ရတဲ့ ဖြစ်ရပ်ဆန်းပါပဲ ခင်ဗျာ"

"သြော် တစ်နယ်တစ်ကျေးမှာ ဆေးပညာသွားသင်နေတယ်ဆိုတဲ့ ကလန်ကြီးသား ကိုယ်တိုင် ကြုံခဲ့ရတာပဲကိုး"

ရဲသီဟ၏ မှတ်ချက်စကားကို ကလန်ကြီးက ဝန်ခံရင်းက ဆက်၍ ပြောပြလာသည်။

"ဟုတ်ပါတယ် ဗိုလ်မှူးလေး၊ ကျွန်ုပ်ရဲ့သား မောင်သစ္စာဟာ ဆေးပညာဘက်မှာ အင်မတန်မှ ဝါသနာကြီးတာကလား၊ တစ်နေ့ တစ်နေ့ တောထဲတောင်ထဲမှာပဲ ဆေးမြစ် ဆေးပင်တွေရှာရင်း အချိန်ကုန်နေတဲ့သူပါပဲ၊ တစ်ခါတလေ နှစ်ရက်သုံးရက်အထိ တောတောင်ထဲမှာ ကြာတတ်ပါတယ်"

"ဟုတ်တယ် ဗိုလ်မှူးလေးတို့ရယ်၊ ကလန်ကြီး ပြောတာ အမှန်ပါပဲ၊ ဒီသူငယ်က ဆေးပညာဘက်မှာ ဝါသနာကြီးသလောက် ဆေးလည်း လိုက်ရှာတယ်၊ အခုလည်း တတ်မြောက်ထားတဲ့ ဆေးပညာလောက်နဲ့ မတင်းတိမ်နိုင်သေးဘူးဆိုပြီးတော့ ကျေးဇူးရှင် ဆရာကြီးရှိတဲ့ အရပ်ဒေသကို လိုက်သွားတာပဲ ဗိုလ်မှူးလေး၊ ကျုပ်ပြောတာ ဟုတ်တယ်မဟုတ်လား ကလန်ကြီး"

ဤစကားကို ဝင်ပြောသည့်သူသည်ကား ရွာဆော်ကြီး ဦးမှုံသာ ဖြစ်သည်။

"ဟုတ်ပါတယ် ကိုမှုံရယ်၊ မိတ်ဆွေကြီးပြောတာ အမှန်ပါပဲဗျာ၊ ဗိုလ်မှူးလေးတို့နဲ့တကွ ဒီက မိတ်ဆွေအားလုံးကို သား မောင်သစ္စာ ကိုယ်တွေ့ ကြုံခဲ့ရတဲ့ ဆင်ဖြူတော်နဲ့ပတ်သက်တဲ့ ဇာတ်ကြောင်းကို ပြန်ပြောပြရမယ်ဆိုရင်တော့ အခုလိုပါပဲ ခင်ဗျာ"

ကလန်ကြီး ဦးမင်းယာသည် ဤသို့ အစချီပြီးသည့်နောက် အောက်

ဖော်ပြပါအတိုင်း ထူးဆန်းလွန်းသည့် ဇာတ်ကြောင်းကို ပြန်ပြောင်း ပြောပြပါလေသည်။ ဗိုလ်မှူးလေး ရဲသီဟ ဦးဆောင်သည့်သူ အားလုံးသည်လည်း ကလန်ကြီးပြောပြမည့် ဇာတ်ကြောင်းကို စိတ်ဝင်စားစွာဖြင့် နားစွင့်ထားလိုက်ကြပါလေတော့သည်။

မောင်သစ္စာတစ်ယောက် ဆေးတစ်ဖုံ ဖော်စပ်ရန်အတွက် အရေးကြီးသည့် ဆေးမြစ်တစ်မျိုး လိုအပ်နေသည့်အတွက် သည်တောင်တန်းသို့ ရောက်နေခဲ့သည်မှာပင် တစ်ရက်မျှ ရှိခဲ့လေပြီ။

သို့သော် သူလိုချင်သည့် ဆေးမြစ်ကို ယခုတိုင် ရှာမတွေ့သေးချေ။ မောင်သစ္စာဆိုသည်က လွယ်လွယ်နှင့် ဖွဲလျှော့တတ်သူမဟုတ်သည့်အတွက် လိုချင်သည့် ဆေးမြစ်ကို မရမချင်း မပြန်ဟု ဆုံးဖြတ်လျက် ရှေ့ဆက် တောတိုးလာခဲ့သည်။

ဤသို့ဖြင့် တောက တဖြည်းဖြည်း နက်ရှိုင်းလာသလို အချိန်သည်လည်း ကုန်မှန်းမသိ အကုန်မြန်လာသည်။ မှောင်ရီပျိုးစ အချိန်သို့ ရောက်လာသည်နှင့် မောင်သစ္စာလည်း သည်တစ်ည နားခို၍ သင့်တော်မည့်နေရာကို ရှာဖွေနေတော့သည်။

မကြာမီ အတန်သင့် ကျယ်ဝန်းသည့် ဂူတစ်လုံးကို တွေ့လိုက်ရသည့်အတွက် သည်ဂူထဲမှာပင် တစ်ညတာ ခိုနားရန် ဆုံးဖြတ်၍ ဂူထဲသို့ ဝင်လာခဲ့သည်။ ဂူကြီးက သဘာဝဂူကြီးပင် ဖြစ်မည်ဟု သူ ထင်လိုက်သည်။

မောင်သစ္စာလည်း တောကောင်ကြီးများ၏အန္တရာယ်ကို ကာကွယ်တားဆီးနိုင်ရန် ဂူကြီးရှေ့တွင် ထင်းခြောက်များကို စုစည်း၍ မီးဖိုထားလိုက်သည်။

ဂူရှေ့မှ မီးအရှိန်ကြောင့် ဂူကြီးတစ်ခုလုံးကို ထင်ထင်ရှားရှား တွေ့မြင်ရနေသည်။ သူက ဂူကြီးကို စေ့စေ့စပ်စပ် အကဲခတ်ကြည့်ရှုလိုက်သေးသည်။ ပြီးနောက် စိတ်ကျေနပ်ဟန်ဖြင့် ခေါင်းကို တစ်ချက်ညိတ်လိုက်သည်။ ထို့နောက် သစ်ရွက်သစ်ခက် သစ်ကိုင်းတို့ကို လျှော်ကြိုးဖြင့် စည်း၍ တံမြက်စည်းပြုလုပ်ပြီး ဂူကြမ်းပြင်ကို ရှင်းလင်းသုတ်သင်လိုက်ပြန်သည်။

သည်ခဏမှာပင် လျှင်လှသည့် သူ့မျက်လုံးအစုံက ဂူကြမ်းပြင်ပေါ်တွင် အင်းခုံတစ်ခုကို မြင်လိုက်ရသည်။ အခြားမဟုတ်ချေ။ ဂူကြမ်းပြင်ပေါ်တွင် အတန်ငယ် ချိုင့်ဝင်နေသည့် သေးငယ်သည့် အရာလေးပင်ဖြစ်သည်။

သူက ဆောင့်ကြောင့်ထိုင်၍ သေသေချာချာ ကြည့်လိုက်သည်။ မီး

ရောင်ကြောင့် ချိုင့်ခွက်သဖွယ် ဖြစ်နေသည့် တွင်းလေးထဲတွင် ဘုလေးရှိမှန်း သူ တွေ့လိုက်ရသည်။

အသက်နှစ်ဆယ်ကျော်ရုံမျှ ရှိသေးသည့် မောင်သစ္စာသည်လည်း စူးစမ်းချင်သည့် လူငယ်တို့၏ သဘာဝအတိုင်း ဘုလေးကို အသာ လက်နှင့်ဖိနှိပ်ကြည့်လိုက်လေတော့သည်။

ထိုခဏမှာပင် ဂျိမ်းဟူသည့် မြည်သံကြီးနှင့်အတူ တစ်စုံတစ်ရာ ပွင့်သွားသလိုမျိုး သူကြားလိုက်ရသည်။ သူက အသံကြားရာ ဂူအနောက်ဘက်သို့ လှမ်းကြည့်လိုက်ရာ ဂူနံရံဟု ထင်မှတ်ထားသည့် နေရာတွင် ကျောက်တံခါး တစ်ချပ်ပွင့်နေသည်ကို တွေ့လိုက်ရသည်။

သူက ထိုင်နေရာမှ လျှင်မြန်စွာ ထလိုက်သည်။ သူ့နှုတ်မှလည်း

"အင်း ထူးတော့ ထူးဆန်းတာ အမှန်ပဲ၊ ဂူအနောက်ဘက်မှာ ဘာတွေများ ရှိမလဲမသိဘူး၊ ဒီအတိုင်းဆိုရင် ဒီဂူဟာလည်း သဘာဝဂူ မဖြစ်နိုင်တော့ဘူး၊ အနည်းဆုံး သဘာဝဂူကို တစ်စုံတစ်ယောက်က ပညာနဲ့ပြုပြင်စီရင်ထားတာပဲ ဖြစ်ရမယ်၊ ဟုတ်တယ် ငါ ဝင်ကြည့်ရမယ်၊ အကျိုးတော့ မဆုတ်ယုတ်တန်ကောင်းပါဘူးလေ"

မောင်သစ္စာလည်း ဆုံးဖြတ်ပြီးသည်နှင့် ကျောက်တံခါးနားသို့ ချည်းကပ်လာသည်။ ချည်းကပ်လာရာမှ သတိရလာပြီး အသင့်ယူလာသည့် ကညင်ဆီမီးတုတ်ကို မီးခတ်ကျောက်ဖြင့် မီးရှို့လိုက်သည်။

ကညင်ဆီမီးတုတ်မှ အလင်းရောင်ကြောင့် သူ့အနေနှင့် ထင်ထင်ရှားရှား မြင်ရလေပြီ။

"အလို ထူးဆန်းလှချည်လား၊ ကျောက်လှေကားတွေပါကား၊ ကျောက်လှေကားတွေကလည်း ဘယ်လောက်တောင်မှ ရှိမလဲ မဆိုနိုင်ဘူး၊ အင်း ဘာပဲဖြစ်ဖြစ် စွန့်စားပြီးတော့ ဆင်းကြည့်ရမှာပဲ"

သူက ဆုံးဖြတ်ပြီးသည်နှင့် ကညင်ဆီမီးတုတ်ကို ညာလက်ဖြင့် ကိုင်ပြီး ကျောက်လှေကားထစ်များကို နင်း၍ ဆင်းလာခဲ့သည်။

ဆင်းလာရင်းမှလည်း ကျောက်လှေကားထစ် မည်ရွေ့မည်မျှ ရှိမှန်းသိရှိစေရန် ရေတွက်လာခဲ့သည်။

"တစ် နှစ် သုံး ...

ငါးဆယ် ငါးဆယ့်တစ် ငါးဆယ့်နှစ် ...

တစ်ရာ့ခြောက် တစ်ရာ့ခွန် တစ်ရာ့ရှစ် ... အလို ကျောက်လှေကားထစ် ပေါင်း (၁၀၈)ထစ် တိတိရှိပါလား"

သူက ရောက်သည့်နေရာတွင် ခေတ္တရပ်ပြီးနောက် အကဲခတ် ကြည့်ရှုစစ်ဆေးလိုက်ပြန်သည်။

သည်တွင် နံရံ၌ ရေးထားသည့်စာကို သူ တွေ့လိုက်ရသည်။

"သင်သည် လျှို့ဝှက်ကျောက်တံခါးကို ဖွင့်နိုင်သည်ဆိုကတည်းက သစ္စာသမာဓိနှင့်ပြည့်စုံ၍ ကိုယ်ကျင့်တရား ကောင်းသူဖြစ်ရမည်၊ ထို့ကြောင့်ပင် အန္တိမ လိုဏ်ဂူမြေအောက်သို့ ဆင်းသည့်လမ်းကို တွေ့ရှိပြီး သည်နေရာအထိ ရောက်လာခဲ့ခြင်းသာ ဖြစ်သည်။

သည်နေရာထိ ရောက်လာသည့် သူသည် ကံထူးသူသာ ဖြစ်သော ကြောင့် နောက်သို့ ပြန်မလှည့်ပါနှင့်။ နံရံတစ်နေရာတွင် လျှို့ဝှက်ကျောက်ခလုတ်ရှိသည်။ ကျောက်ခလုတ် မောင်းတံကို ရှာဖွေပြီး အထက်သို့ ဆွဲတင်လိုက်ပါက အထက်သို့တက်သည့် လှေကားကို တွေ့ရပါလိမ့်မည်။ ရဲရဲဝံ့ဝံ့သာ တက်ခဲ့ပါလော၊ အမြုတေ နန်းတော်မှ သင့်ကို ကြိုဆိုနေပါသည်"

မောင်သစ္စာသည်လည်း အံ့သြလွန်းစွာဖြင့် နှုတ်မှပင် ရေရွတ်နေမိပြန်သည်။

"အမြုတေ နန်းတော်အမြုတေ နန်းတော် ဆိုပါလား၊ အမြုတေ ရတနာ ဆိုတာ ရှားပါးတဲ့ သိဒ္ဓိဝင်ပစ္စည်းလို့ ငါ ကြားခဲ့ဖူးတယ်၊ ဘာပဲဖြစ်ဖြစ် ဖိတ်ခေါ် နေမှတော့ သွားကြည့်တာ ကောင်းတယ်"

မောင်သစ္စာလည်း စာက လမ်းညွှန်သည့်အတိုင်း ကျောက်မောင်း ခလုတ်ကို နံရံတွင် စေ့စေ့စပ်စပ် ရှာဖွေလိုက်ပြန်သည်။ သို့သော် မျက်စိနှင့်ရှာဖွေကြည့်သော်လည်း မည်သို့မျှ မတွေ့ရသည့်အတွက် မောင်သစ္စာက စဉ်းစား ဆင်ခြင်ကြည့်လိုက်မိသည်။

သူ့ဦးနှောက်ထဲသို့ အလင်းရောင် လက်သွားသလို ကျောက်မောင်းတံကို မည်သို့ ရှာဖွေရမည်မှန်း အတွေးပေါက်သွားလေပြီ။ ထို့ကြောင့် မဆိုင်းတော့ဘဲ နံရံတစ်လျှောက် လက်ဝါးနှစ်ဖက်နှင့်လိုက်၍ ပွတ်သပ်လိုက်သည်။

တစ်နေရာသို့အရောက်တွင် ညာလက်ဝါးက မည်သို့ဖြစ်မှန်းမသိဘဲ ကျောက်နံရံထဲသို့ မြုပ်ဝင်သွားသည်။ ကျောက်နံရံက သည်နေရာအရောက်တွင် အထဲသို့ ကျုံသွားသလို အဘယ်ကြောင့် ဖြစ်သွားမှန်း သူ မစဉ်းစားနိုင်သောက်

အောင်ပင် ဖြစ်နေမိသည်။

စဉ်းစားချိန်ကလည်း မရလိုက်ပေ။ အဘယ်ကြောင့်ဆိုသော် အတွင်းသို့ ကျွံဝင်သွားသည့် သူ့ညာလက်ဝါးက ကျောက်မောင်းတံကို ထိတွေ့လိုက်ရသော ကြောင့်ပင်။

သူကလည်း ညွှန်ကြားချက်အတိုင်း ကျောက်မောင်းတံကို အထက်သို့ လက်နှင့်ဆွဲမ ပင့်တင်လိုက်သည်။ သည်အခါတွင်ကား ၁၀၈ထစ်မြောက် အဆင်းလှေကားထစ်အဆုံး ရှေ့တွင်ရှိသည့် ကျောက်နံရံမှ ထူးဆန်းစွာပင် ကျောက်တံခါးတစ်ချပ် ပွင့်လာသည်ကို တွေ့လိုက်ရပြီး အထက် ကျောက်ဖြူလှေကားထစ်များကို တွေ့လိုက်ရလေတော့သည်။

မောင်သစ္စာလည်း ရဲဝံ့စွာပင် တက်လာခဲ့သည်။ သူ့လက်ထဲတွင် ကိုင်ဆောင်လာခဲ့သည့် ကညင်ဆီ မီးတုတ်သေသွားပြီ ဖြစ်သော်လည်း စိုးရိမ်ခြင်းကား အလျှင်းပင် မရှိတော့ချေ။

အကြောင်းကမူ အထက် ကျောက်ဖြူလှေကားထစ် တစ်ဖက်တစ်ချက်ရှိ နံရံများမှ အလင်းရောင်များ ဖြာထွက်နေသောကြောင့်ပင် ဖြစ်သည်။ သူက အလင်းရောင်ဖြာထွက်နေသည့် နေရာတွင် ရပ်၍ ကြည့်ရှုလိုက်ပြန်သည်။ သည်အခါ သလင်းကျောက်များ တပ်ဆင်မြှုပ်နှံထားသည့်အတွက် အလင်းရောင်များ ထွက်နေခြင်းဖြစ်မှန်း သူ သိလိုက်ရသည်။

အထက်ကျောက်ဖြူ လှေကားထစ်များသည်လည်း (၁၀၈) ထစ်ပင် ရှိကြောင်း စိတ်မှ ရေတွက်လာခဲ့သောကြောင့် သူ သိလိုက်ရပြန်သည်။ ဤသို့ဖြင့် လှေကားထစ် အဆုံးတွင် ရင်သပ်ရှုမောဖွယ်ရာ ကျောက်ဖြူသားတို့ဖြင့် တည်ဆောက်ထားသည့် အဆောက်အဦးကြီးကို သူ တွေ့မြင်လိုက်ရလေသည်။

အဆောက်အဦးရှေ့တွင် အဖြူရောင်ဝတ်စုံကို ဆင်မြန်းထားသည့် ကျက်သရေရှိစွာ ချောမောလှပလွန်းလှသည့် အမျိုးသမီးကြီးတစ်ဦးကို သူ တွေ့လိုက်ရသည်။ အမျိုးသမီးကြီးအသက်ကို ခန့်မှန်းကြည့်ရသည်က ငါးဆယ်ဝန်းကျင်ခန့်ပင် ရှိဦးမည်ဖြစ်သည်။

အမျိုးသမီးကြီးက ရည်မွန်စွာပင် ဆီးကြိုနှုတ်ခွန်းဆက်လာသည်။

"ဆေးဆရာလေး မောင်သစ္စာကို အမြဲတေ နန်းတော် သခင်မက ကြိုဆိုပါတယ်ကွယ်"

သူ့အနေနှင့် နာမည်နှင့် ဆေးဆရာဆိုသည်ကိုပါ သိနေသည့် သခင်မ

ကိုမည်သို့လျှင် အံ့အားသင့်၍ ပြန်မေးနိုင်ပါမည်နည်း။ အကြောင်းကမူ သည်ထက်ပို၍ အံ့သြထူးဆန်းသည့် အဖြစ်အပျက်နှင့် အတွေ့အကြုံဆန်းတို့ကို ဆက်တိုက် တွေ့မြင်လိုက်ရသောကြောင့်ပင် ဖြစ်သည်။

သူက သခင်မကို ဂါရဝပြုလိုက်သည်။ သခင်မကြီးက သူ့နောက်သို့ လိုက်ခဲ့ရန် ပြော၍ ခေါ်ဆောင်သွားသည်။ အမြတေ နန်းတော်အပေါ်ထပ်သို့ သူ ရောက်လာသည်။

“ကိုင်း ဘာတွေထူးခြားသလဲဆိုတာ ရှုကြည့်လိုက်စမ်းပါဦး မောင်သစ္စာ”

သူက အပေါ်ထပ်မှနေ၍ ရှေ့တူရူသို့ လှမ်းကြည့်လိုက်သည်။

“ဟင် ဒါ ဒါ ဘယ်လိုဖြစ်တာလဲ၊ ကြားထဲမှာ အသူတစ်ရာနက်လှတဲ့ ချောက်ကြီးပါလား၊ ကျွန်တော် ပထမဆုံး ဝင်ရောက်ခဲ့တဲ့ ဂူကြီးတည်နေရာက ဘောင်က ဘယ်ရောက်သွားပြီလဲ”

“အဲဒါကို ပြချင်လို့ အမြတေ နန်းတော် လေသာဆောင်ကို ခေါ်လာခဲ့တာပဲ မောင်သစ္စာ၊ ဒီနေရာဟာ သဘာဝရဲ့ လျှို့ဝှက်ချက်ပဲ ဖြစ်တယ် ဆေးဆရာလေး၊ သာမန်လူတွေအနေနဲ့ ဘယ်လိုမှ မရောက်နိုင်တဲ့ နေရာမျိုးသာ ဖြစ်တယ်”

“ဘယ်လိုကြောင့်ပါလဲ သခင်မကြီး ခင်ဗျာ”

“ကံတရားကြောင့်လို့ပဲ မှတ်ထားပေဦး ဆေးဆရာလေး၊ ဆေးဆရာလေး ပထမဆုံး ဆင်းလာခဲ့တဲ့ လှေကားထစ်တွေကိုက ချောက်အောက်ခြေကနေ ဆောက်လုပ်ထားခြင်း ဖြစ်တယ်ကွယ့်”

သည်အချိန်မှ စတင်၍ မောင်သစ္စာ တစ်ယောက် ထူးဆန်းသည်ထက် ပို၍ ထူးပေ့ဆန်းပေ့ဆိုသည့် အရာများနှင့် အဖြစ်အပျက်တို့ကို တွေ့လိုက်ရလေတော့သည်။

အမြတေ နန်းတော်ဟု သမုတ်ထားသည့်အတိုင်း နန်းတော်နံရံကပ်မှန်သေတ္တာလေးများအတွင်းတွင် အမြတေ ရတနာမျိုးစုံကို သူ တွေ့မြင်ခဲ့ရသည်။

ကြောင်အမြတေ၊ ချိုးအမြတေ၊ မြွေအမြတေ၊ ငါးအမြတေ၊ ဝါးအမြတေ၊ ဆင်အမြတေ၊ အုန်းအမြတေ အစရှိသည့် သက်ရှိသက်မဲ့မျိုးစုံတို့၏ အမြတေရတနာများကို တွေ့လိုက်ရလေသည်။

သခင်မကြီးက သူ့ကို ရှင်းလင်းမိန့်ကြားလာသည်။

“အမြတေ ဆိုတာ ပုလဲဓာတ်တစ်မျိုးသာ ဖြစ်တယ်၊ ဆေးဆရာလေး

လောကမှာ သူများထက်ပိုပြီး အစွမ်းသတ္တိရှိကြတဲ့ လူနဲ့တကွ သတ္တဝါတိုင်းမှာ အမြတေ ဓာတ်တစ်မျိုး ရှိကြတယ်၊ အဆုံးပြောရမယ်ဆိုရင် သက်မဲ့ဖြစ်တဲ့ ဝါးပင်တို့ အုန်းသီးတို့ထဲမှာတောင်မှ အမြတေဓာတ်ဟာ ကိန်းအောင်းတည်ရှိကြတယ်၊ ပြီးတော့ ဂေါင်းကင်ကို ထပုံနိုင်တဲ့ ကျောက်မျက်ရတနာတွေလည်း ရှိသေးတယ်ကွယ့်၊ လာ လာ ဆေးဆရာလေး လက်တွေ့မြင်ရအောင် သခင်မ ပြပေးမယ်"

သခင်မကြီးက သူ့ကို အမြတေနန်းတော် အရှေ့ဘက် လေသာဆောင်ရှိရာသို့ ခေါ်ဆောင်သွားသည်။

"ကဲ ဒီလေသာဆောင်ကနေ စောင့်ကြည့်နေပေတော့၊ သခင်မကြီး မကြာမီ ပြန်လာခဲ့မယ်ကွယ့်"

သူလည်း သခင်မကြီးပြောသည့်အတိုင်းပင် လေသာဆောင်မှနေ၍ အဝေးဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။ သူလာခဲ့သည့် တောတောင်နှင့် အမြတေ နန်းတော်ကြားတွင် ချောက်ကြီးခြားနေသကဲ့သို့ သူ ရပ်နေသည့် အရှေ့ဘက် လေသာဆောင်နှင့်တစ်ဖက်တွင် မြင်နေရသည့်မြင့်မားသည့် တောင်ကြီးကြားနှင့်လည်း အသူတစ်ရာ နက်ရှိုင်းသည့် ချောက်ကြီး စည်းခြားနေလေသည်။ သူ မြင်တွေ့နေရသည့် တောင်တန်းများကြားတွင်လည်း ထိုအတိုင်းပင် ချောက်များက ဆီးတားနေသည်ကို အံ့အားသင့်ဖွယ်ရာ တွေ့မြင်လိုက်ရသည်။

အနှီ အံ့အားသင့်ရသည်က အကင်းမျှသာ ရှိသေးမှန်း မောင်သစ္စာတစ်ယောက် မကြာမီ ကိုယ်တွေ့မို့ ယုံလိုက်ရလေပြီ။ အကြောင်းကမူ သူ မြင်တွေ့နေရသည့် အရှေ့ဘက် တောင်တစ်လုံးမှ အနီရောင်အလင်းတန်းတစ်ခု ထိုးထွက်သွားပြီး တစ်ဖက်တောင်သို့ ကူးသွားသည်ကို မြင်လိုက်ရသည်။

သည်အခိုက်မှာပင် တစ်ဖက်တောင်ဆီမှ အစိမ်းရောင် အလင်းတန်းက သည်ဘက်တောင်ဆီသို့ ကူးလာပြန်သည်။ ဤသို့ဖြင့် အစိမ်းရောင်၊ အနီရောင် အဖြူရောင် စသည့် အလင်းတန်းများ တစ်တောင်မှတစ်တောင် ကူးချည်သန်းချည် ပျံသန်းနေသည်တို့ကို မောင်သစ္စာ တစ်ယောက် အံ့အားသင့်လွန်း၍ ငေးမောကြည့်နေမိတော့သည်။

တစ်ခါတစ်ရံ အလင်းတန်းများက အပေါ်သို့ နဂါးကြီးတစ်ကောင်လို ထိုးတက်သွားသလို တစ်ခါတစ်ရံ အောက်ခြေသို့ ထိုးစိုက်သွားသည်ကိုလည်း တွေ့ရပြန်သည်။

သည်ခဏမှာပင် အခြား တောင်တစ်လုံးဆီမှ ဆွတ်ဆွတ်ဖြူဖွေး‌နေ

သည့် သတ္တဝါတစ်ကောင် ပျံလာသည်ကို သူ တွေ့မြင်လိုက်ရသည်။ ပထမဦး မည်သည့်သတ္တဝါမှန်း မသိရသေးသော်လည်း ကွဲကွဲပြားပြား မြင်လိုက်ရသည့် အခါတွင်မူကား သူ့နှုတ်မှ အံ့အားသင့်လွန်းသည့်အတွက် လွှတ်ခနဲပင် ပြောဆို လိုက်မိသည်။

"အလို ငါ ငါ မြင်တွေ့နေရတာ တကယ်မှ ဟုတ်ရဲ့လား၊ အိပ်မက် လား၊ စိတ်က ထင်နေလို့များလား၊ ဒါ ဒါ ဆင်ပျံပါလား၊ အတောင်နှစ်ဖက်စလုံး ပါတဲ့အဖြစ် အစွယ်နှစ်ချောင်းစလုံးကလည်း အရောင်မျိုးစုံ ဖြာထွက်နေပါလား၊ ဆင်ပျံဆိုတာ တကယ်ကော ရှိနိုင်ပါ့မလား"

သူက အံ့သြစွာ ပြောဆိုနေရင်းမှ ဆက်၍ ကြည့်ရှုနေမိသည်။ သည် အခိုက်တွင် အနီရောင် အစိမ်းရောင် အဖြူရောင် အလင်းတန်းများက ဆင်ပျံအား မှ ခြံရံ၍ လိုက်ပါလာကြသည်။

ထိုအလင်းတန်းများကို သူ ထင်ထင်ရှားရှား မြင်ခွင့်ရလေပြီ။ သည် အခါ သူပို၍ပင် အံ့အားသင့်ရပြန်လေပြီတည်း။

"အလို အနီရောင်အလင်းတန်းက ပတ္တမြားရတနာ၊ အစိမ်းရောင်က မြရတနာ၊ အဖြူရောင် အလင်းတန်းက ပုလဲလုံးကြီးပါပဲလား၊ အံ့သြဖို့ကောင်း လှချည်လား၊ ငါ ရွာပြန်ရောက်လို့ ပြောပြရင် ဘယ်သူမှ မယုံကြည်မှာ သေချာ တယ်"

သည်ခဏမှာပင် သူ့နောက်နားမှ စကားသံကို ကြားလိုက်ရသည့်အ တွက် လှည့်ကြည့်လိုက်မိသည်။ အမြဲတေ နန်းတော် သခင်မကြီးပင် ဖြစ်သည်။ သခင်မကြီးနှင့်အတူ ရုပ်ရည်ချောမောလှပလွန်းသည့်လူက နတ်မမီ မိန်းမချော လေး တစ်ယောက်ကိုလည်း သူ တွေ့လိုက်ရသည်။

နှင်းပွင့်ကဲ့သို့ ဖြူဖွေးသည့် ဝတ်စုံပေါ်တွင် အရောင်တွေ တဖျတ်ဖျတ် တောက်ပနေသည့် ဝတ်စုံကို ဆင်မြန်းထားသည့် မိန်းမချောလေးက သူ့ကို ပြုံးချို စွာနှင့် ကြည့်ရှုနေသည်။

"ဆေးဆရာလေး ဆင်ပျံရတနာနဲ့ ရတနာတွေ ပျံသန်းနေတာတွေ့ရလို့ အံ့အားသင့်နေတယ် တူပါရဲ့"

"ဟုတ်ပါတယ် သခင်မကြီး ခင်ဗျာ"

"သာမန်လူတွေ မြင်ခွင့်ရဖို့ အင်မတန်မှ ခက်ခဲတဲ့ ဆန်းကြယ်တဲ့ မြင် ကွင်းတွေကို မောင်သစ္စာ တွေ့ခွင့်ရတာ အင်မတန်မှ ကံထူးလို့ပဲကွယ်"

"သခင်မကြီးရဲ့ ကျေးဇူးကြောင့်ပါ ခင်ဗျာ"

"သခင်မကြီးရဲ့ ကျေးဇူးဆိုတာထက် ဆေးဆရာလေးရဲ့ ကိုယ်ကျင့်တရားနဲ့ သစ္စာသမာဓိတွေကြောင့် မြင်ရတာပဲကွယ်၊ အဲဒီလို သီလသစ္စာ၊ သမာဓိတွေ မပြည့်စုံဘူးဆိုရင် ပထမဆုံး တွေ့ခဲ့ရတဲ့ ဂူကို တွေ့မြင်ဖို့တောင် မလွယ်ပါဘူးကွယ်"

သူ့စိတ်ထဲတွင် ဂူကို အဘယ်ကြောင့် တွေ့ဖို့မလွယ်မှန်း ပြန်မေးချင်သည့်စိတ်ကို မြိုသိပ်ထားလိုက်လေသည်။ သခင်မကြီးက မိန်းမချောလေးနှင့် မိတ်ဆက်ပေးလာသည်။

"သူက သခင်မကြီးရဲ့ သမီးတော် ဒီအမြုတေ နန်းတော်ရဲ့ သခင်မလေးပဲ မောင်သစ္စာ၊ အမည်နာမကိုတော့ 'ရစာဒေဝီ'လို့ ခေါ်တယ်"

"သိရတာ ဝမ်းသာပါတယ် သခင်မလေးခင်ဗျာ"

"ရစာ လို့ပဲ ခေါ်ပါ ကိုသစ္စာရယ်"

"ကဲ ဒီလောက်ဆိုရင် မောင်သစ္စာနဲ့ တွေ့သင့်တွေ့ထိုက်တာ စုံသလောက်ရှိသွားပါပြီ၊ နောက်ဆုံးအနေနဲ့ ပြသစရာတစ်မျိုးပဲ ကျန်တော့တယ်၊ ချစ်သမီး ရစာ မောင်သစ္စာကို ခေါ်လာခဲ့ပါကွယ်၊ မယ်မယ် သွားနှင့်မယ်"

"ကြွတော်မူပါ မယ်ဖုရား"

သခင်မကြီးက သမီးဖြစ်သူကို ပြောဆိုပြီးသည်နှင့် ဆင်မယဉ်သာ ခြေလှမ်းတို့ဖြင့် တရွေ့ရွေ့ ထွက်ခွာသွားသည်။ ရစာက သူ့ဘေးတွင် ယှဉ်၍ လာရပ်နေပြီးမှ စကားဆိုလာသည်။

"ကိုသစ္စာတို့ နေထိုင်တဲ့ လူ့လောကကြီးကို ရစာ သိပ်ပြီး ရောက်ဖူးချင်တာပဲရှင်"

သခင်မလေး ရစာ၏ စကားကြောင့် သူ အံ့သြသွားရပြန်လေပြီ။ သူ့ကို လူ့လောကတွင် နေသူဟု ဆိုနေသည်။ သခင်မလေး ရစာသည်ကော လူ့လောကတွင် နေထိုင်ခြင်း မဟုတ်ပါလောဟု သူ့စိတ်ထဲတွင် တွေးတောမိရာမှ ပြန်မေးချင်လာသည်။

သူမေးမည်ဟု ပြင်ဆင်နေစဉ်မှာပင် သခင်မလေးက ဖြတ်၍ ပြောဆိုလာသည်။

"ကိုသစ္စာ မေးမယ့် မေးခွန်းကို ရစာ သိပါတယ်၊ အခု မဖြေပါရစေနဲ့၊ မကြာမီ ကိုသစ္စာ သိလာမှာပါရှင်ရယ်"

"ကောင်ပါပြီ သခင်မလေး"

"လာ လာ ကိုသစ္စာ အမြုတေ နန်းတော် ခန်းမဆောင်ထဲကနေပြီး မယ်ဖုရား စောင့်မျှော်နေရှာလိမ့်မယ်၊ သွားကြရအောင်လားရှင်"

သူလည်း ခေါင်းကိုသာ ညိတ်ပြလိုက်ပြီး ညင်သာစွာ လှုပ်ရှားသွားလာနေသည့် သခင်မလေး ရစာနောက်မှ လိုက်လာခဲ့သည်။ မကြာမီ အမြုတေနန်းတော် ခန်းမဆောင်ထဲသို့ ရောက်လာသည်။

ခန်းမဆောင်ထဲတွင် အံ့အားသင့်စရာ မြင်ကွင်းက သူ့ကို အသင့်ပင်ဆီးကြိုနေရှာသည်။ အကြောင်းကမူ ဆွတ်ဆွတ် ဖြူဖွေးနေသည့် စွယ်စုံ ဆင်မကြီးတစ်ကောင်ကို သူတွေ့လိုက်ရသောကြောင့်ပင် ဖြစ်သည်။

ထို့အပြင် သူ မြင်တွေ့လိုက်ရသည့် ဆင်မတွင် တောင်ပံနှစ်ဖက်ပါသည့်အပြင် အစွယ်နှစ်ချောင်းစလုံးမှလည်း အရောင်မျိုးစုံ ဖြာထွက်နေလေသည်။ သည်ထက်ပို၍ ထူးဆန်းသည်က ဆင်မကြီးက သူ့ကို စူးစိုက်ကြည့်နေသောကြောင့်ပင် ဖြစ်သည်။

သည်ခဏမှာပင် ဆင်မကြီး ပျောက်ကွယ်သွားပြီး ထိုနေရာတွင် သခင်မကြီးကို မြင်လိုက်ရလေတော့သည်။ မောင်သစ္စာတစ်ယောက် မယုံကြည်နိုင်ခြင်း၊ အံ့အားသင့်ခြင်းများစွာနှင့် သခင်မကြီးကို စူးစိုက်ကြည့်ရှုနေရာမှ ထစ်ထစ်ငေါ့ငေါ့နှင့် မေးမြန်းလိုက်မိရှာတော့သည်။

"သခင်မကြီး သခင်မကြီး ဟာ"

"သိပ် အံ့သြနေသလား၊ မောင်သစ္စာ၊ မောင်သစ္စာပြောချင်တဲ့ စကားကို သခင်မကြီး သိပါတယ်၊ ဟုတ်ပါတယ် သခင်မကြီးတို့ဟာ လူသားတွေ မဟုတ်ကြပါဘူး၊ တန်ခိုးရှိကြတဲ့ ဆဒ္ဒန်ဆင်မျိုးတွေပါပဲကွယ်"

"ဟုတ်ပါတယ် ကိုသစ္စာရယ်၊ ကျွန်မ ရစာဟာလည်း ဆင်မလေးပါပဲရှင်ရယ်"

သူ့ကို စူးစိုက်ကြည့်ရှုပြီး ပြောဆိုနေသည့် သခင်မလေး ရစာသည်လည်း စကားဆုံးသည်နှင့် လူသားဘဝမှ ပြောင်းလဲသွားပြီး ဆင်မလေးအသွင်သို့ ပြောင်းလဲသွားသည်ကို တွေ့လိုက်ရလေတော့သည်။

သည့်နောက်တွင်ကား သခင်မလေး ရစာ ကိုယ်တိုင် သူ ဆေးမြစ်ရှာဖွေခဲ့သည့် ဆေးမြစ်နှင့် အခြားရှားပါး ဆေးပင် ဆေးမြစ် ဆေးဥတို့ကိုပါ ပေးလိုက်လေသည်။

မောင်သစ္စာသည်လည်း ထူးဆန်းလွန်းသည့် သူကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်တို့ကို ရွာသို့ ပြန်ရောက်ပြီး အတန်ကြာမှပင် ဖခင်ကြီးအား ဖွင့်ဟ ပြောပြခဲ့ပါလေတော့သည်။ ကလန်ကြီး ဦးမင်းယာ ပြောပြခဲ့သည့် ဇာတ်ကြောင်းကား ပြီးဆုံးခဲ့လေပြီ။

နားထောင်နေကြသည့် သူများသည်လည်း ဟင် အို အလို အစရှိသည့် အာမေဍိတ်သံ မျိုးစုံပေးလျက် တအံ့တသြပင် နားထောင်နေကြသည်။ ကလန်ကြီး၏ စကားအဆုံးတွင် ရဲသီဟ ထပ်မံ၍ စူးစမ်းမေးမြန်းလိုက်ပြန်သည်။

"ဒါဆို ကလန်ကြီးသားအနေနဲ့ သူအရင်ဆုံး ရောက်ခဲ့တဲ့ ဂူကိုပြန်ပြီး မရှာဘူးလား"

"ရှာတယ်တဲ့ ဗိုလ်မှူးလေး ခင်ဗျာ၊ ဒါပေမဲ့ အဲဒီတောင်ကို ရောက်ပေမယ့် ဂူကိုတော့ ဘယ်လိုမှ ရှာလို့ဖွေလို့ မတွေ့ရတော့ဘူးလို့ သားက အကျွန်ုပ်ကို ပြောပြခဲ့ပါတယ် ခင်ဗျာ"

"အင်း သိပ်ပြီး ထူးဆန်းလှချည်လား ကလန်ကြီးရယ်"

ရဲသီဟ မှတ်ချက်ချသံအဆုံးတွင် သံဗျင်ကြီး ဦးသော်က ဝင်ရောက်ပြောဆိုလာသည်။

"ဗိုလ်မှူးလေး ကျွန်ုပ်အနေနဲ့ ပြောရရင်တော့ ကိုယ်တွေ့ မကြုံခဲ့ဘူးပေမယ့် အဲဒီလို ဆင်မျိုးတွေရှိတဲ့အကြောင်း ဘုရားဟော ဒေသနာတော်တွေ ကျမ်းဂန်တွေထဲမှာ ဖတ်ခဲ့မှတ်ခဲ့ဖူးပါတယ်"

ဤတွင် ရဲဒိဗ္ဗက ဝင်ထောက်လိုက်သည်။

"သံဗျင်ကြီး ပြောချင်တာက ၅၅၀–ဇာတ်တော်ထဲက ဆဒ္ဒန်ဆင်မင်း အကြောင်း မဟုတ်လား"

"မှန်ပါတယ် ဗိုလ်မှူးလေး ခင်ဗျာ၊ ပြီးတော့ ဘုရားရှင် တရားဦး ဓမ္မစကြာ ဟောတဲ့အခါ သောတပန် အရင်ဆုံးဖြစ်ခဲ့တဲ့ ကောဏ္ဍည မထေရ်မြတ်ကြီးရဲ့ ထေရပ္ပတ္တိ ဖြစ်စဉ်ထဲမှာလည်း မထေရ်မြတ်ကြီးဟာ ဟိမဝန္တာက မန္ဒာကိနီအိုင်မှာ သီတင်းသုံးတော်မူနေစဉ် ဆဒ္ဒန်ဆင်တွေ အလုပ်အကျွေး ပြုကြတဲ့အကြောင်းလည်း ဖတ်ရှုခဲ့ရပါတယ်"

"သံဗျင်ကြီး ပြောချင်တာ ဆဒ္ဒန်ဆင်ဆိုတာ တကယ်ရှိတဲ့ အကြောင်း ပြောလိုတာပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဗိုလ်မှူးလေး၊ ထို့အပြင် အစွယ်ကနေပြီး အရောင်

ခြောက်မျိုး ထွက်နေတဲ့အတွက် ဆဒ္ဒန်ဆင်ဟု ခေါ်တဲ့အကြောင်းလည်း မှတ်သား ထားခဲ့ဖူးပါတယ်"

"ကောင်းပါရဲ့ဗျာ အင်း ပြောရမယ်ဆိုရင် ဆေးဆရာလေးကိုသစ္စာရဲ့ ကိုယ်ကျင့်တရားကို ခင်ဗျားတို့ ကျုပ်တို့တတွေ သိထားခဲ့ကြပေလို့ပဲ၊ နို့မဟုတ်ရင် ယုံမှာတောင် ခပ်ခက်ခက်ပါပဲဗျာ"

ဤစကားကို ဝင်ပြောသည့် သူသည်ကား ရွာဆော်ကြီး ဦးမှုံသာဖြစ် သည်။ ဦးသော်က ဆက်၍ ဆိုလာပြန်သည်။

"လောက ပညတ္တိကျမ်းနဲ့ ဆဂတိဒီပနီ ကျမ်းဂန်တွေထဲမှာ ဖော်ပြထား တာကို ပြောရမယ်ဆိုရင် ဟိမဝန္တာတောင်ပေါ်မှာ ကောင်းကင်ပျံနိုင်တဲ့ ဆင်ပျံတွေ၊ မြင်းပျံတွေ နွားလား ဥသဘတွေ ရှိတယ်တဲ့၊ ပြီးတော့ အဲဒီ သတ္တဝါတွေဟာ လူအသွင်လည်း ဖန်ဆင်းနိုင်တယ်လို့ ဆိုထားတဲ့အတွက် မောင်သစ္စာ ကြုံတွေ့ ခဲ့ရတဲ့ ဖြစ်ရပ်ဆန်းကို တစ်သောင်းမှာ တစ်ယောက်၊ တစ်သန်းမှာတစ်ယောက် တွေ့ရခဲ ကြုံရခဲတဲ့ ဆင်ဖြူတော် ဖြစ်ရပ်ဆန်းလို့သာ မှတ်ထားပြီး စကားဝိုင်းကို သိမ်းကြပါစို့လားဗျာ"

စကားဝိုင်း သိမ်းလိုက်သည့်အချိန်တွင် ညနေစောင်းခဲ့ပြီဖြစ်သကဲ့သို့ ဆွေးသောက်ကြီး ဗလ ဦးဆောင်သည့် ဆင်ဖြူတော်စုံစမ်းရေး ထွက်သွားကြ သည့် ရဲမက်ငါးယောက်လည်း ပြန်ရောက်လာခဲ့ကြပါလေတော့သည်။

■ ■ ■

## အခန်း (၇)

"မောင်ကြီး မနက်ဖြန် စောစော ဆင်ဖြူတော် အရှာထွက်မယ်ဆို၊ နှမလေး ပြောတာ ဟုတ်လားဟင်"

"ဟုတ်ပါတယ် နှမ၊ မောင်ကြီး မနက်ဖြန် အနီးတဝိုက်မှာရှိတဲ့ တောတောင်ကို လှည့်ပတ်ပြီး ဆင်ဖြူတော် သတင်း စုံစမ်းမယ်လို့ ဆုံးဖြတ်ထားတယ်"

"ဘယ်သူတွေ လိုက်မှာလဲဟင် မောင်ကြီး"

"မောင်ကြီးတို့ညီနောင် ရဲမက်ငါးယောက်နဲ့ ပြီးတော့ နှမတို့ရွာက အားကောင်းမောင်းသန် ရွာသားတချို့လည်း လိုက်ကြမယ်ကွယ့်"

ဤကဲ့သို့ အပြန်အလှန် ပြောဆိုနေကြသူ နှစ်ဦးသည်ကား ရဲသီဟနှင့် မယ်ဖြူတို့ နှစ်ဦးသားပင် ဖြစ်ကြသည်။ သူတို့နှစ်ဦး ထိုင်၍ စကားပြောဆိုနေကြသည်က ရွာဦးတွင်ရှိသည့် တောင်ကုန်းပေါ် တစ်နေရာ စကားပင်ကြီးအောက်တွင် ဖြစ်သည်။

ရဲသီဟက မယ်ဖြူ၏ ဖွံ့ထွားကျစ်လျစ်လှပသည့် ခန္ဓာကိုယ်လေးကို သိုင်းဖက်ထားသလို မယ်ဖြူကလည်း ချစ်ရသူ မောင်ကြီး၏ ရင်ခွင်တွင် ခိုလှုံနေ

ရှာသည်။

မယ်ဖြူက ချစ်ရသူ၏ တည်ကြည်ခန့်ညားသည့် မျက်နှာကို မော့ကြည့်နေရာမှ တိုးတိုးလေး ပြောဆိုလိုက်သည်။

"နှမလေးကတော့လေ မောင်ကြီးနဲ့ နှစ်ကိုယ်တူ ကြည်ဖြူရမယ့်အရေးကို တွေးမိတိုင်း ရင်လေးနေမိတယ် မောင်ကြီးရယ်"

"အို နှမ ပဇာ စကားတွေများ ပြောကြားနေတာလဲဟင်၊ မောင်ကြီးစေတ္တာကို အခုထိ မယုံသေးဘူးလားဟင်"

"မောင်ကြီးကို အကြွင်းမဲ့ ယုံကြည်ပါတယ်၊ နှမလေး မယုံတာက ကံကြမ္မာကိုပါ မောင်ကြီးရယ်"

"နိမိတ်မရှိတဲ့ စကားတွေ မပြောပါနဲ့ နှမလေးရယ်၊ မောင်ကြီးလေယောဒီက မယ်ဖြူဆိုတဲ့ နှမလေးကို အသက်မက ချစ်မြတ်နိုးတယ်ဆိုတာကို ယုံရင် စိတ်မကောင်းစရာတွေ မပြောပါနဲ့လားကွယ်"

ဤကဲ့သို့ ရဲသီဟနှင့်မယ်ဖြူတို့ ချစ်သူနှစ်ဦး စကားပင်အောက်တွင် ရောက်တတ်ရာရာ ပြောကြဆိုကြနေသကဲ့သို့ ရဲဒိဗ္ဗနှင့်မယ်ညိုတို့ ချစ်သူနှစ်ဦးသည်လည်း ရွာအနောက်ဘက် ထနောင်းပင်လျှိုထဲတွင် ချစ်ရည်လူး၍ ပျော်မြူးနေခဲ့ကြသည်။

ဆင်ဖြူတော် ရှာဖွေရေး ထွက်မည့်နေ့သို့ ရောက်လာလေပြီ။ နံနက်မိုးလင်းသည်နှင့် ရဲသီဟ ဦးဆောင်သည့် ဆင်ဖြူတော် ရှာဖွေရေးအဖွဲ့သား ဆယ့်ငါးယောက်သည်လည်း ရွာမှ ထွက်လာခဲ့ကြသည်။

ခြေလျင် လာခဲ့ကြခြင်း ဖြစ်၍ ခြေသံလုံလုံနှင့် တောထဲတွင် လှည့်ပတ်၍ ဆင်ဖြူတော် ရှာဖွေနေကြသည်။ ရွာမှ ထွက်လာကတည်းကဆိုလျှင် အချိန်ကြာမြင့်ခဲ့ပြီ ဆိုသလို နေ့လယ်ခင်းကိုပင် ကျော်လွန်လာခဲ့လေပြီ။

ရဲသီဟက အဖွဲ့သားအားလုံးကို ညွှန်ကြားလိုက်သည်။

"ကဲ အားလုံးပဲ ဒီတောင်ပေါ်ကို တက်ကြမယ်၊ ညီတော်က ဗလကြီးနဲ့ခဲမောက် ငါးယောက်ကို ဦးဆောင်ပါ၊ ရွာသားတွေက ကျုပ်နဲ့လိုက်ခဲ့ကြ"

"ကောင်းပါပြီ နောင်တော်"

"ဟုတ်ကဲ့ ဗိုလ်မှူးလေး ခင်ဗျာ"

သူတို့နှစ်ဖွဲ့ ခွဲ၍ တောင်ပေါ်သို့ ခြေသံလုံလုံနှင့် တက်လာခဲ့ကြသည်။ ရဲသီဟ ဦးဆောင်သည့် ရွာသားများသည်လည်း တောလိုက်ဖူးကြပြီး အတွေ့

အကြံရှိပြီးသား ဖြစ်ကြသောကြောင့် အဆင်ပြေလှသည်။

ဤသို့ဖြင့် တောင်ပေါ်သို့ ရောက်လာကြသည်။ ရဲသီဟနှင့်အဖွဲ့ တစ်နေရာအရောက်တွင် ရဲဒိဗ္ဗထံမှ အချက်ပေး ကွဲချိုမှုတ်သံကို ကြားလိုက်ရသည်။

သည်အချက်ပေးသံက ဆင်ဖြူတော်ကို တွေ့ပြီဟူသည့် အဓိပ္ပါယ်မှန်း သိလိုက်ရသည့် ရဲသီဟသည်လည်း ရွာသားများကိုခေါ်ဆောင်၍ အသံကြားရာဘက်ဆီသို့ လျှင်မြန်စွာ ပြေးလာကြသည်။

သူတို့အဖွဲ့ ရောက်သည့်အခါတွင် မလှမ်းမကမ်းရှိ တောင်ပေါ်မြေကွက်လပ်ထဲတွင် ဆင်ဖြူတောင် သုံးစီးကို မြင်တွေ့လိုက်ရသည်။ လေအောက်ကဖြစ်နေသည့်အတွက် ဆင်ဖြူတော် သုံးစီးက သူတို့တတွေ ရှိနေမှန်း သတိပြုမိပုံမရချေ။

ဤသည်က ရဲသီဟ၏အထင်သာ ဖြစ်သည်။ သူက ဆင်ဖြူတော်သုံးစီးကို ဖမ်းဆီးရန် အချက်ပြလိုက်သည်။ ဆင်ဖမ်းရန် အထူးပြုလုပ်ထားသည့် ကျော့ကွင်းများနှင့်ပစ်၍ ဖမ်းဆီးကြလေတော့သည်။

သို့သော် သည်အခိုက်အတန့်လေးမှာပင် အလွန်တစ်ရာ အံ့အားသင့်စရာကောင်းလှသည့် ဖြစ်ရပ်ကို သူတို့အားလုံး မျက်ဝါးထင်ထင် မြင်တွေ့လိုက်ကြရလေတော့သည်။

အကြောင်းကမူ ဆင်ဖြူတော် သုံးစီးသည် ကျော့ကွင်းနှင့်ပစ်၍ ဖမ်းဆီးလိုက်သည်နှင့် ရပ်နေသည့် မြေကွက်လပ်ထဲမှာပင် မြေလျှိုး၍ ဝင်သွားသည်ကို တွေ့မြင်လိုက်ရသောကြောင့်ပင် ဖြစ်သည်။

"ဟင် အလို ပျောက်သွားပြီ၊ ပျောက်သွားပြီ"

"ထူးဆန်းလှချည်လား နောင်တော်၊ ကြိုးကွင်းတွေလည်း တစ်ကွင်းမှ မစွပ်မိပါလား"

"ဗိုလ်မှူးလေးတို့ခင်ဗျာ ဒီမှာ ကြည့်ကြစမ်းပါဦး ခင်ဗျာ"

"ဟာ တွင်း တွင်းကြီးပါလား၊ ဒီတွင်းဟာ ဆင်ဖြူတော်သုံးစီး ဝင်သွားတဲ့ တွင်းပဲဖြစ်ရမယ် ခင်ဗျာ"

"ဟုတ်တယ် ဟုတ်တယ် ကျွန်တော်မျိုးကြီး သေသေချာချာ မြင်လိုက်ရတယ်၊ ဒီတွင်းထဲကနေ မြေကြီးထဲ ဝင်သွားကြတာပါပဲ ဗိုလ်မှူးလေး ခင်ဗျာ"

"အံ့သြစရာ ကောင်းလိုက်ပါဘိ ညီလေးရေ"

"ဟုတ်တယ် နောင်တော် ညီတော် တစ်သက်နဲ့တစ်ကိုယ် ဒီလိုအဖြစ်

ချီး ကြုံရလိမ့်မယ်လို့တောင် မတွေးခဲ့မိဖူးဘူး"

ညီတော်ဖြစ်သူ၏ စကားကို ရဲသီဟကလည်း ခေါင်းညိတ်၍ ထောက်ခံလိုက်သည်။

"နောင်တော်တွေလည်း ဒီအတိုင်းပါပဲကွာ၊ ကိုင်း ဒီနေ့ကစလို့ ဆင်ဖြူတော် သုံးစီး တွင်းဝင်သွားတဲ့ ဒီတောင်ကို ဆင်ဖြူတောင်လို့ ခေါ်ကြရအောင်"

"ဆင်ဖြူတောင် တဲ့ဟေ့"

အဖွဲ့သားများ ရေရွတ်လိုက်သည့် အသံကြီးက တစ်တောင်လုံး ဟိန်းထွက်သွားလေတော့သည်။

(သည်တောင်ကို ယနေ့ထက်တိုင် 'ဆင်ဖြူတောင်'ဟုပင် ခေါ်ခဲ့ကြလေသည် ... စာရေးသူ)

ဗိုလ်မှူးလေး ရဲသီဟ ဦးဆောင်သည့် ဆင်ဖြူတော် ဖမ်းဆီးရေးအဖွဲ့သားများအားလုံး လက်လျှော့ပြီး ကျည်တောင်ရွာသို့ ပြန်ရောက်လာခဲ့ကြသည်။ ဆင်ဖြူတော်သုံးစီး တွင်းဝင်သွားသည်ဟူသည့် သတင်းကလည်း တောမီးပမာ ရွာဦးချုပ်စပ်သို့တိုင် ပျံ့နှံ့သွားလေတော့သည်။

ဤသတင်းကြောင့် ဆင်ဖြူတောင်ပေါ်သို့တက်၍ ဝင်သွားသည့်တွင်းကို လာရောက်ကြည့်ရှုသူများသည် တောင်ပေါ်တွင် ပြည့်ကြပ်နေသည်။

"ဆင်ဖြူသုံးစီး တွင်းဝင်သွားလို့တဲ့ကွ"

"ဟေ ဟုတ်လား၊ ထူးဆန်းလှချည်လား"

"ဆင်ဖြူတော်ဆိုမှတော့ တန်ခိုးရှိလို့ နေမှာပေါ့ဗျာ၊ ဒါ မြေလျှိုးသွားတာပဲဗျ"

ရဲသီဟနှင့်ရဲဒိဗ္ဗညီနောင် ဦးဆောင်သည့်အဖွဲ့သည်လည်း မြေလျှိုးဝင်သွားသည့် ဆင်ဖြူတော်သုံးစီးကို တွေ့လိုတွေ့ငြား အနီးအနားတစ်ဝိုက် တောင်တန်းအနှံ့ လိုက်၍ ရှာဖွေခဲ့ကြသည်။

သို့သော် မြေလျှိုးဝင်သွားကြသည့် ဆင်ဖြူတော်သုံးစီး၏ အစအနကိုသော်မျှ မတွေ့ကြရတော့ပေ။ ဤသို့ဖြင့် ကျည်တောင်ရွာသို့ သူတို့ ရောက်လာခဲ့ကြသည်မှာ ရက်ရှည်ကြာခဲ့လေပြီ။

တစ်ရက်တွင် ဖြစ်သည်။ ပေါက္ကံရာမ ပုဂံပြည်မှ ခြေမြန်တော်စစ်သားရောက်လာသည်။

"ဘုရင်ထီးဘုရား အမိန့်တော် ပါလာပါတယ် ဗိုလ်မှူးလေးခင်ဗျာ"

ဘုရင်မင်းမြတ်၏ အမိန့်တော်မှန်း သိလိုက်သည့်အတွက် အဖွဲ့သား ဆင်ဖမ်းတစ်စု ခုနစ်ယောက်စလုံး ဒူးထောက်၍ အမိန့်ကို နာခံလိုက်ကြသည်။

“ဗိုလ်မှူးလေး ရဲသီဟနှင့် ရဲဒိဗ္ဗတို့ ဦးဆောင်သည့် ဆင်ဖမ်းအဖွဲ့ ပုဂံသို့အမြန်ဆုံး ပြန်လာခဲ့ကြမည်”

“အမိန့်တော်အတိုင်းပါပဲ ခြေမြန်တော်ကြီး”

သူတို့တစ်စု အမြန်ဆုံးပြန်ရန် ပြင်ဆင်ရလေတော့သည်။ မပြန်ခင် ညဘက်တွင်ပဲဖြစ်သည်။ မယ်ဖြူက ရဲသီဟ ရင်ခွင်တွင် ခိုဝင်၍ ငိုရှိုက်နေသလို မယ်ညို၏ မျက်နှာလေးသည်လည်း ချစ်ရသူမောင်ကြီး ရဲဒိဗ္ဗကို ကြည့်ရင်းကပင် ညှိုးငယ်နေသည့် မျက်နှာပေါ်တွင် မျက်ရည်စများက စီးကျလာရှာသည်။

“တိတ်ပါ နှမလေးရယ် မောင်ကြီး အလွန်ဆုံးကြာလှ သုံးလထဲပါကွယ်၊ မောင်ကြီးကို သုံးလတော့ ခွင့်ပေးပါ နှမရယ်၊ သုံးလပြည့်တာနဲ့ ပြန်လာပြီး လက်ထပ်ထိမ်းမြားပါ့မယ်ကွယ်”

“မောင်ကြီး တကယ်ပြန်လာမှာနော် ဟုတ်လား မောင်ကြီး”

“ယောကျ်ားကတိမို့ မဖောက်ပြားဘူးဆိုတာ ယုံပါ နှမရယ်၊ မောင်ကြီး ကျိန်ဆိုရင် ကျိန်ပါ့မယ်”

“အို မကျိန်ပါနဲ့တော့ မောင်ကြီးရယ်၊ မယ်ဖြူ ယုံပါပြီရှင်ရယ် အဟင့် အဟင့် အဟင့်”

သည်ဘက်တွင် ရဲသီဟက မယ်ဖြူကို ချော့မော့ နှစ်သိမ့်ပြီး ကတိစကားတွေ အထပ်ထပ်ပေးနေသလို ရဲဒိဗ္ဗကလည်း မယ်ညိုကို သစ္စာဆိုပြနေရှာသည်။

“မငိုပါနဲ့ မယ်ညိုရယ်၊ မောင်ကြီး သုံးလပြည့်တာနဲ့ ဆက်ဆက်ပြန်လာပြီး လက်ထပ် တောင်းရမ်းယူပါ့မယ်ကွယ်၊ တကယ်လို့ ဒီသစ္စာစကား မမှန်ကန်ခဲ့ဘူးဆိုရင် သွားလေရာ ဘေးသင့်ပါစေ ယုံပါတော့နော်”

“အို မောင်ကြီးရယ် မယ်ညို ယုံကြည်ပါပြီရှင်၊ မောင်ကြီးကို မယ်ညိုလေ ဒီရွာ ဒီနေရာလေးကပဲ စောင့်ကြိုနေပါ့မယ်ရှင်၊ အဟင့် အဟင့် ဟင့်”

နောက်တစ်နေ့တွင်ကား ရဲသီဟနှင့် ရဲဒိဗ္ဗတို့သည် စစ်မှုထမ်းများ ဖြစ်ကြသည့်အတွက် လွှမ်းရေးထက် ပြည်ထဲရေးကို အလေးမူကြသူများ ဖြစ်ကြသည့်အားလျော်စွာ ကျည်တောင်ရွာလေးနှင့် ချစ်ရသူ မယ်ဖြူနှင့်မယ်ညိုကို ခွဲခွာနှုတ်ဆက်၍ ပေါက္ကံရာမ ပုဂံပြည်သို့ ပြန်သွားခဲ့ကြပါလေတော့သည်။

■ ■ ■

## အခန်း (၈)

မယ်ဖြူ မယ်ညို မိန်းမချောလေး နှစ်ယောက်စလုံး ချစ်ရသူ နှစ်ဦးကို အသီးသီး မှန်းဆရင်း လွမ်းပူဆွေးနေကြသည်။ ဝမ်းရေးအတွက် ယာဆင်းသာ ဆင်းနေကြသော်လည်း မျက်စိထဲတွင် အတွေးအာရုံထဲတွင် ချစ်သူ၏ မျက်နှာတို့ ကြည်သာ တရေးရေး မြင်ယောင်နေကြသည်။

"စက်ရေးမက်ရေး ရန်သူဘေးကြောင့်၊ အပြေးအလွဲ၊ ဆွေမျိုးကွဲသား၊ ပြည်ထဲရေးရာ ခက်သည်သာသည့် အစာအစား၊ ထွားထွားမြေ့ရှင်၊ ရှားပါးလေ၍ သဘောကြေပျောက်ခဲ၊ ငတ်မွတ်ကဲလျှင်၊ ပြည်ထဲရေးထက်၊ ဝမ်းရေးခက်၏။ ထိုထက် ဖူးစာ ချစ်ခင်သူနှင့် အတူတကွ မပေါင်းရဘဲ လွမ်းတ ပူဆွေး၊ သူနှင့်ဝေးသော်၊ ပြည်ထဲရေးနှင့် ဝမ်းရေးတို့ထက် လွမ်းရေးခက်၏"

အထက်ပါ စာသားကား သူတို့နှစ်ယောက်ကို ရည်ညွှန်း၍များ ဖွဲ့ဆိုခဲ့ ကြလေသလားဟုပင် စိတ်ထဲတွင် တွေးထင်နေမိကြသည် အထိပင် လွမ်းနာကျ နေကြရှာသည်။

ရဲသီဟနှင့် ရဲဒိဗ္ဗတို့သည်လည်း ဘာများထူးပါဦးမည်နည်း။ တစ်ကျွန်းစီနေ၊ တစ်မြေစီခြားတဲ့သူရယ်၊ မျက်နှာချင်းကိုလ၊ လမင်းမှာ ဆုံစို့ကွယ် ဟု လမင်းကို တိုင်တည်၍သာ အလွမ်းဖြေနေကြရသည်။

မိုလ်မှူးလေး ရဲသီဟနှင့် ရဲဒိဗ္ဗတို့ ညီနောင် ပုဂံနေပြည်တော်သို့ ပြန်သွားပြီး တစ်လခန့်အကြာတွင် ဖြစ်သည်။ ကျည်တောင်ရွာသို့ ဆရာထွား ဟုခေါ်သည့် သိုက်ဆရာတစ်ဦး ရောက်လာသည်။

သိုက်ဆရာ ဆရာထွား ရောက်လာသည့်အချိန်က ညနေစောင်း နွားရိုင်းသွင်းချိန်လောက်တွင် ဖြစ်သည်။ ဆရာထွားဆိုသည့်အတိုင်း ခန္ဓာကိုယ်ကြီးက ထွားကျိုင်းလွန်းလှသည်။

ကြီးထွားသည့် ခန္ဓာကိုယ်ကြီးနှင့် လိုက်ဖက်သည်ဟု ဆိုရချေမည်၊ အရပ်ကလည်း ခြောက်ပေနီးပါးမျှ ရှိသည်။ ရင်အုပ်ကျယ်ကျယ် မေးရိုးကားကားနှင့် ဘေးတွင် ဆေးလွယ်အိတ်တစ်လုံးကို လွယ်လျက် အရှေ့ဘက်မှနေ၍ ရွာထဲသို့ ဝင်လာသည်။

ရွာသူရွာသားများက ဆရာထွား ဝင်လာကတည်းက သတိပြုမိကြသည့်အတွက် အိမ်တိုင်းလိုလိုပင် ထွက်၍ အကဲခတ်နေကြသည်။ ဆရာထွား၏ မျက်နှာပေါက်နှင့် လူကောင်ကြီးကိုကြည့်၍ လမ်းပေါ်တွင် ဆော့ကစားနေကြသည့် ကလေးသူငယ်များပင် အိမ်ပေါ်သို့ ပြန်တက်ပြေးသွားကြသည်။

ဆရာထွားကမူ ခပ်တည်တည်ပင် ဣန္ဒြေတစ်ချက်ကလေးမှ မပျက် ခြေလှမ်းမှန်မှန်နှင့် ရွာလမ်းအတိုင်း လျှောက်လာသည်။ လျှောက်လာရင်းမှ သူ့ ပါးစပ်ကလည်း သိုက်စာကို တတွတ်တွတ် ရေရွတ်လာသည်။

အသံက ကျယ်လောင်လွန်းလှသည့်အတွက် သူ လမ်းလျှောက်ရင်း ရွတ်ဆိုသွားသည့် အသံတို့ကို အတိုင်းသား ကြားနေကြရလေသည်။

"ကျည်တောင်ရွာ အနောက်ဘက် ညောင်ထန်းပင်ကြီးအနီး ဘီလူးမကြီး တွေ့လိမ့်မည်၊ ချည်မန်းကွင်း စွပ်ပြီး ဖမ်းထားပါ

ဘီလူးမကြီးအနီး၌ ရေကန်တစ်ကန်ရှိသည်။ ဂါထာမန္တန် မန်းမှုတ်ပါက ကျဲရုပ်ကြီး ပေါ်လာမည်

ကျဲရုပ်ကြီးကို ချည်မန်းကွင်းနှင့် ဖမ်းချုပ်၊ ဆေးကြိမ်လုံးနှင့် ရွယ်ရုံသာ ရွယ်ပါ၊ မရိုက်လေနှင့် ရိုက်က ဂါထာမန္တန် ပျက်လိမ့်မည်

ဖမ်းချုပ်ထားသော ကျဲရုပ်ကို (၇)ကြိမ် ဂါထာမန်းမှုတ်ပါက ရေကန်အ

တွင်း ရွှေသားအတိပြီးသော လောင်းလှေတစ်စင်းပေါ်လာလိမ့်မည်

ထို လောင်းလှေအတွင်း၌ ရွှေကြုတ်နှင့်ထည့်ထားသော ပြဒါးရှင်လုံးနှင့် ပြဒါးပြာ ရှိသည်

ပြဒါးရှင်လုံးမှာ လိုရာသိဒ္ဓိပြီးမြောက်စေ၍ ပြဒါးပြာမှာ အသက် ကမ္ဘာတိုင် ရှည်လိမ့်မည် ယူငင်စားသုံးပါလေ"

ဤကဲ့သို့ သိုက်စာကို ကျယ်လောင်စွာ ရွတ်သွားသည်ကို အတော်များများ ကြားလိုက်ရလေသည်။ သို့သော် ဦးဖြိုး ဒေါ်သာတို့ မိသားစုမှာမူ ယာထဲမှ ပြန်မလာကြသေးသည့်အတွက် မသိရှိလိုက်ကြပေ။

ကျည်တောင်ရွာတွင် ကျောက်ဖား အမည်ရှိသည့် လူငယ်တစ်ယောက် ရှိသည်။ ထိုသူကား လူတကာ ခိုင်းဖက်ဖြစ်နေသလို သူများပြောတိုင်းလည်း ထုံလွယ် တတ်သူပင်။

သိုက်ဆရာ ဆရာထွားကား လူရည်လည်လွန်းလှသည်။ သူ့အနေနှင့် သည်တစ်ရွာလုံးတွင် တပည့်မွေး၍ ရမည့်သူဆို၍ ကျောက်ဖားတစ်ယောက်သာ ရှိမှန်း သိလိုက်သည်။

ထို့ကြောင့် ရောက်ပြီးမကြာမီ ကျောက်ဖားကို ယုံအောင်ပြောဆို၍ တပည့်မွေးလိုက်လေတော့သည်။ ဤကဲ့သို့ ရွာထဲတွင် သိုက်ဆရာ ငထွား ရောက်နေသည့်အကြောင်းကို တစ်ရွာလုံးသိသလို ကျောက်ဘီလူးမကြီးကလည်း သိပြီးသားဖြစ်သည်။

ရွာသူရွာသားများအနေနှင့် သိုက်ဆရာ ငထွား ရွတ်သွားသည့် သိုက်စာလင်္ကာကို ကြားရသော်လည်း အယုံအကြည် မရှိလှပေ။ ထို့အပြင် သူတို့အနေနှင့် သိုက်ဆရာတို့ ပြုလုပ်သမျှ မကောင်းမှုများသည် မည်သို့မျှ မအောင်မြင်နိုင်မှန်း သိကြသည့်အတွက် အသာပင် ကြည့်နေလိုက်ကြသည်။

အချိန်က ညဉ့်ဦးယံ အချိန်ပင်ဖြစ်သည်။ သောင်ထန်းပင်ကြီးအနားတွင် ရှိသည့် ကျောက်ဘီလူးမရုပ်ကြီးက အသက်ဝင်လာသည်။ ကျောက်ဘီလူးမရုပ်ကြီး အသက်ဝင်လာပြီး ခဏအကြာမှာပင် သူတော်စင် မဟိန္ဒရာဘိုးဘိုးကြီးလည်း ရောက်ရှိလာတော့သည်။

ထုံးစံအတိုင်း သူတော်စင်ကြီး လည်တွင် ကြီးမားသည့် ပုတီးကုံးကို စွပ်ထားသလို လက်ထဲတွင်လည်း နဂါးခေါင်းတောင်ဝှေးကို စွဲကိုင်ထားသည်။ သူတော်စင် ဘိုးဘိုးကြီး ရောက်လာသည်နှင့် ကျောက်ဘီလူးမတစ်ဖြစ်လည်း

မယ်ဝဏ္ဏာက ဦးညွှတ်ရှိခိုးလိုက်သည်။

"သိုက်ဆရာ ငထွား ရောက်လာတာ မယ်ဝဏ္ဏာ သိတယ် မဟုတ်လား ကွယ့်"

"ကျွန်တော်မျိုးမ သိပြီးပါပြီ အဘိုးရှင့်"

"သတိတော့ထားပေတော့ မယ်ဝဏ္ဏာ၊ သိုက်ဆရာက အတန်ပင် စွမ်းပေတယ်၊ ဒါပေမဲ့ သူ့အကြံဟာ ဘယ်နည်းနဲ့မှ အောင်မြင်မှာမဟုတ်ပေဘူး၊ သိပ်ပြီး စိုးရိမ်ပူပန်မနေနဲ့ ဟုတ်ပြီလား"

"မှန်ပါ အဘိုး၊ ကျွန်တော်မျိုးမ သတိထားပါ့မယ်"

"အဘိုး မယ်ဝဏ္ဏာကို သတိပေးချင်လို့ ကြွလာခဲ့တာပဲကွယ့်၊ ကိုင်း ဒါဆိုရင် အဘိုး ပြန်ကြွဦးမယ်"

မယ်ဝဏ္ဏာက ရိုသေစွာပင်ထိုင်ရှိခိုးလိုက်သည်။ သူတော်စင်ကြီး မဟိန္ဒာက ဆုပေးလိုက်သည်။ ဆုပေးပြီးသည်နှင့် လျင်မြန်စွာ ပြန်လည်ပျောက်ကွယ်သွားတော့သည်။

ကျောက်ဘီလူးမ မယ်ဝဏ္ဏာသည်လည်း သူတော်စင် ဘိုးတော်ကြီး ပြန်လည်ထွက်ခွာသွားသည်နှင့် မျက်မှောင်ကုတ်၍ စဉ်းစားတွေးတောနေမိပြန်သည်။ သိုက်ဆရာ ငထွားနှင့်ပတ်သက်သည့် အကြောင်းပင်ဖြစ်သည်။ သိုက်ဆရာ၏အကြံအစည်တို့ကို သူ ကြိုတင်သိထားဖို့ လိုသည်။

သို့မှသာ မိမိဘက်က ကြိုတင် ကာကွယ်နိုင်ပေမည်။ ထိုသို့ စဉ်းစားဆုံးဖြတ်ပြီးသည်နှင့် မယ်ဝဏ္ဏာ (သို့) ကျောက်ဘီလူးမကြီးသည် ညောင်ထန်းပင်ကြီးအနားမှ လျင်မြန်စွာ ပြေးလွှားထွက်ခွာသွားတော့သည်။

သည်အချိန်တွင် သိုက်ဆရာ ငထွားသည် စည်းရုံးသိမ်းသွင်းထားသည့် တပည့်ကျော် ကျောက်ဖားကို သူ့ပညာစွမ်း အချို့အား ထုတ်ဖော်ပြသနေသည်။

"ဟဲ့ ကျောက်ဖား ဒါ ဘာတွေလဲဆိုတာ မြင်ရဲ့မဟုတ်လား"

"မြင်ပါတယ် ဆရာကြီး၊ တုတ်ချောင်း အစလေးတွေပါ ဘုရား"

"မှန်တယ်နော်"

"မှန်ပါတယ် ဆရာကြီး၊ တုတ်ချောင်းလေးတွေပါ"

"ကောင်းပြီ ဆရာကြီးရဲ့ပညာစွမ်းကို တပည့်ကြီး ကျောက်ဖား သိအောင် ပြရဦးမယ်ဟေ့၊ ကိုင်း ကြည့်လိုက်စမ်း ကျောက်ဖား"

သိုက်ဆရာ ငထွားက စကားဆုံးသည်နှင့် မန္တန်ကို မန်းမှုတ်ပြီး လက်ထဲတွင် ကိုင်ဆောင်ထားသည့် မီးခြစ်ဆံမျှသာရှိသည့် တုတ်စလေး ခုနစ်ခုကို ကြမ်းပေါ်သို့ ပစ်ချလိုက်လေသည်။

သည်ခဏမှာပင် မီးခြစ်ဆံ သာသာမျှသာ ရှိသည့် တုတ်စကလေးများသည် မြွေပေါက်စလေးများ ဘဝသို့ချက်ချင်း ပြောင်းလဲသွားလေတော့သည်။ လက်ညှိုး လက်သန်းခန့်ရှိသည့်မြွေလေး ခုနစ်ကောင်က ကြမ်းပြင်ပေါ်တွင် တလွန့်လွန့်နှင့် ပြေးလွှားနေကြသည်။

ထရံနားသို့ ရောက်ရန် တစ်ထွာလောက်သာ လိုသည့်အချိန်တွင် ဆရာငထွားနှုတ်မှ အမိန့်ပေးလိုက်သလို ကြမ်းပြင်ကိုလည်း လက်နှင့် တစ်ချက်ပုတ်လိုက်သည်။

"ပြန်လာခဲ့ကြစမ်းဟေ့"

"ဘုန်း"

မြွေစိမ်းလေး ခုနစ်ကောင်တို့သည် ထရံနားရောက်ခါနီးနေရာမှ အသံကြားလိုက်ရသည်နှင့် ဆတ်ခနဲ ခေါင်းပြန်လှည့်လာကြသည်။ ကျောက်ဖားကအံ့အားသင့်နေသလို သူ့ဆရာကြီးကို လန့်လည်းလန့်နေလေပြီ။

"ဆရာကြီး မြွေ မြွေ ကျွန်တော့်ဆီကို လာနေပြီ၊ လုပ်ပါဦး ဆရာကြီးရယ်၊ ကယ် ကယ်ပါဦး ခင်ဗျာ"

"ဟား ဟား ဟား ကြောက်တတ်ရန်ကော ကျောက်ဖားရယ်၊ တပည့်ကို မကိုက်ပါဘူးကွယ့်၊ အဲ့ ဆရာကြီးက ကိုက်ဟေ့လို့ အမိန့်ပေးလိုက်ရင်တော့ကော"

သိုက်ဆရာ ဆရာထွားက စကားကို ဆုံးအောင်မပြောဘဲ ကျောက်ဖားကို စူးစိုက်ကြည့်ရှုလိုက်သည်။ ကျောက်ဖား စိတ်ထဲတွင် အထူးပင် ကြောက်ရွံ့သွားခဲ့လေပြီ။ ဆရာထွားကြီး၏ မျက်လုံးအရောင်ကပင် မြွေမျက်လုံးကဲ့သို့ စိမ်းစိမ်းအရောင်ပြောင်းလဲနေသည်ဟု သူ့စိတ်ထဲက ထင်မှတ်နေလိုက်မိသည်။

ကျောက်ဖားက အသံတုန်တုန်ယင်ယင်နှင့် တောင်းပန်ပြောဆိုလိုက်မိသည်။

"ကျွန်တော် ကျွန်တော့်ကို ကိုက်ဖို့ အမိန့် အမိန့်မပေးလိုက်ပါနဲ့နော်"

"အေး အေး မင်းသာ ငြိမ်ငြိမ်နေ၊ မလှုပ်နဲ့၊ ဘာမှ မဖြစ်စေရဘူးလို့ ဆရာကြီး တာဝန်ယူတယ်ဟေ့"

ကျောက်ဖား တစ်ယောက် အကြောက်တရားကြောင့် လှုပ်ဖို့ဝေးစွ နားရွက်ပင် မခတ်မိတော့ပေ။ ဓာချွေးများကလည်း စီးကျနေသည်။ အကြောင်း ကမူ မြွေစိမ်းလေး ခုနစ်ကောင်စလုံး သူ့ခန္ဓာကိုယ်ပေါ် အနှံ့အပြားသို့ တက်ပြီး လျှောက်သွားနေသောကြောင့်ပင်။

သိုက်ဆရာ ဆရာထွားသည်လည်း ယခုလောက်ဆိုလျှင် ကျောက်ဖား အကြောက်ကြီးကြောက်နေမှန်း သိလိုက်သည့်အတွက် မြွေများကို အမိန့်ပေးပြီး ပြန်ခေါ်လိုက်သည်။

မြွေစိမ်းလေး ခုနစ်ကောင်စလုံး ဆရာထွား၏ အသံကို ကြားရသည်နှင့် ကျောက်ဖား ကိုယ်ပေါ်တွင် လျှောက်သွားနေကြရာမှ အလျင်အမြန် ဆင်းလာကြ သည်။

ဆရာထွား လက်ပေါ်သို့ ရောက်သည်နှင့် မြွေစိမ်းများသည် ချက်ချင်း တုတ်ချောင်း ပြန်ဖြစ်သွားကြသည်။ ကျောက်ဖားတစ်ယောက် ယခုမှ အသက်ရှူ ချောင်သွားသည်။

ကျောက်ဖားက ဆရာကြီးကိုကြည့်ပြီး မဝံ့မရဲနှင့် မေးမြန်းလိုက်သည်။

"ဆရာကြီး ကျွန်တော်က ဘာလုပ်ရမလဲ ခင်ဗျာ"

"ဟား ဟား ဟား အချိန်ကျရင် သိရမှာပေါ့ တပည့်ရယ်၊ မပြီးခင် ဗမာ မမြင်စေနဲ့ဆိုတဲ့ စကားရှိတယ်ဟော့၊ အခုတော့ ဆရာကြီး မပြောနိုင်သေးဘူး"

"ကောင်း ကောင်းပါပြီ ဆရာကြီးခင်ဗျာ"

သိုက်ဆရာ ငထွားကြီးအနေနှင့် ကျောက်ဖားကို အကြောက်တရားနှင့် အောင်မြင်စွာ သိမ်းသွင်းနိုင်လေပြီ။ သူတို့ ဆရာတပည့် နှစ်ယောက် ပြောဆိုနေ သည့် စကားတို့ကို အိမ်အပြင် ခြံထောင့် တစ်နေရာတွင် ကိုယ်ယောင်ဖျောက်၍ နားထောင်နေသူ ရှိမှန်းကိုတော့ သိုက်ဆရာငထွားကြီး အနေနှင့် မည်သို့မျှ သိနိုင် စွမ်း မရှိသည်ကတော့ အမှန်ပင်။

ခြံထောင့်မှ စူးစိုက်၍ နားထောင်နေသည့် မယ်ဝဏ္ဏာသည်လည်း ထူးခြား သည့် စကားတို့ကို မကြားရတော့သည့်အတွက် လျင်မြန်စွာပင် ပြန်ထွက်လာခွာ သွားတော့သည်။

သူ ချောင်းနားထောင်နေသည်ကို သိုက်ဆရာငထွား မည်သို့မျှ မသိနိုင် ဟု ထင်မှတ်နေသည်ကပင် မယ်ဝဏ္ဏာ၏ အမှားပင် ဖြစ်သည်။ သူတော်စင် ဘိုးတော်ကြီး မိန့်ကြားသွားသကဲ့သို့ ငထွားကြီး၏ ပညာစွမ်းကား မြင့်မားလှ

သည်။

မယ်ဝဏ္ဏာ ထွက်သွားရာ ခြံထောင့်ဆီသို့ သိုက်ဆရာကြီးက စူးစိုက်ကြည့်လိုက်ပြီး မဲ့ပြုံးပြုံးလိုက်သည်။ သူ့ပါးစပ်မှလည်း

"ဟား ဟား ဟား ငါ့ကို တယ်လည်းလျှော့တွက်တာပါပဲလား၊ ကောင်းတယ် ကောင်းတယ် ဒါလည်း တစ်မျိုးကောင်းတာပါပဲလေ"

"ဆရာကြီး ခင်ဗျာ"

"ဘာလဲဟေ့ ကျောက်ဖား၊ ပြောစမ်းကွာ"

"တပည့် သိချင်တာ မေးမြန်းချင်လို့ပါ၊ မေးခွင့်ရှိပါသလား ဆရာကြီး ခင်ဗျာ"

"မေး မေး ကြိုက်သာတာ မေးစမ်းပါ တပည့်ရာ၊ ဆရာကြီးလုံးဝ စိတ်မဆိုးဘူးဟေ့"

ဆရာကြီး၏ စကားကြားရသည်နှင့် ကျောက်ဖား၏ မျက်နှာက ဝင်းထိန်သွားသည်။ ထို့ကြောင့် သူ သိချင်သည့် အကြောင်းကို မေးမြန်းကြည့်လိုက်လေတော့သည်။

"တပည့် သိချင်တာက ဆရာကြီးရဲ့ အကြောင်းကို သိချင်လို့ပါပဲ ခင်ဗျာ"

"ဟေ ထူးဆန်းလှချည်လား၊ မင်းက ဆရာကြီးအကြောင်းကို ဘာကြောင့် သိချင်ရတာလဲကွ"

"ဟို ဟိုလေ ကျွန်တော် ဆရာကြီးလို ဖြစ်အောင် ကြိုးစားချင်လို့ပါ ခင်ဗျာ"

"ဟား ဟား ဟား တယ်ဟုတ်ပါလား ကျောက်ဖားရဲ့ မင်းကလည်း ငါ့လို ဆရာကြီး ကျောက်ဖား ဖြစ်ချင်တယ်ပေါ့လေ ဟုတ်လား ဟေ့"

"ဟုတ် ဟုတ်ပါတယ် ဆရာကြီး"

"ကောင်းပြီ ငါ့ဘဝအကြောင်းကို ဘယ်သူ့ကိုမှ မပြောပြခဲ့ဘူးသလို ဘယ်သူကမှလည်း မမေးမြန်းခဲ့ကြဘူး၊ မမေးရဲတာလည်း ဖြစ်မှာပေါ့လေ၊ အေး မေးစဖူး အမေးထူးလာတဲ့ တပည့်ကို ဆရာ့အကြောင်း ပြောပြမယ်၊ ပြောရရင်တော့ ဒီလိုပဲ တပည့်ရေ"

ဤနေရာသည် ရွာနှင့် နှစ်တိုင်ခန့် ဝေး၍ တောင်ကြားအတွင်း၌ တည်ရှိနေလေသည်။ တောင်ကြားထဲတွင် ကြီးမားသည့် အိမ်မည်းကြီး တစ်လုံးရှိသည်။

သည် အိမ်မည်းကြီးသည်ကား သည်နယ် တစ်နယ်လုံးတွင် နာမည်ကြီးလှသည့် ဆရာမြဲကြီး နေထိုင်သည့် ဂေဟာကြီးပင် ဖြစ်သည်။

ဆရာမြဲကြီးနှင့် အိမ်မည်းကြီးကား သည်နယ်တွင် နာမည်ကြီးလှသည်။ အချို့က အိမ်မည်းကြီးမှ ဆရာမြဲကြီးဟု ဝိသေသနှင့်ပင် ခေါ်ဝေါ်ခဲ့ကြသည်။

ဆရာမြဲကြီးတွင် သားတစ်ယောက် သမီးတစ်ယောက်ရှိပြီး သားဖြစ်သူ၏ အမည်ကို ငထွားဟု ခေါ်၍ သမီးဖြစ်သူကို မအိုးဝေဟု တစ်နယ်လုံးက သိထားခဲ့ကြသည်။

သို့သော် မအိုးဝေသည်သာ သမီးရင်းဖြစ်သူ ငထွားကမူ မွေးစားသားသာ ဖြစ်သည်။ ငထွားကို ဆရာမြဲကြီးက သုံးနှစ်သား အရွယ်လောက်တွင် ကောက်ရ၍ မွေးစားထားခဲ့ခြင်း ဖြစ်သည်။

ယခုဆိုလျှင် နှစ်ယောက်စလုံး အရွယ်ရောက်နေကြလေပြီ။ အသက်ဆယ့်ရှစ်နှစ်အရွယ် လှသွေးကြွယ်နေသည့် မအိုးဝေထက် ငထွားက အသက်တစ်နှစ်ကျော်လောက် ကြီးသည်။

သမီးဖြစ်သူ မအိုးဝေ လေးသည် ဖခင် ဆရာမြဲကြီး၏ ပညာကို စိတ်မဝင်စားသလောက် ငထွားက ဝါသနာကြီးသည်။ ထို့ပြင် ငထွားက အကြံအစည်အလွန်ကြီးမားသူလည်း ဖြစ်သည်။ ထို့အပြင် လွန်ခဲ့သည့် တစ်နှစ်ကျော် ဆရာမြဲကြီး မရှိခိုက် အခန်းထဲ တိတ်တဆိတ် မွှေနှောက်ရှာဖွေခဲ့ရာမှ သူသည် မွေးစားသား ဖြစ်သည့်အကြောင်း သိသွားတော့သည်။

မွေးစား ဖခင်ဟူ၍ သိလိုက်သည့်အချိန်ကစ၍ ငထွား၏ စိတ်များပြောင်းလဲသွားခဲ့လေပြီ။ သူက ဆရာကြီးကို အပြတ်ရှင်းလင်းသုတ်သင်၍ မအိုးဝေလေးကို သိမ်းပိုက်ရန် ကြိတ်၍ ကြံစည်နေသည်။

မအိုးဝေလေးကို နှမရင်းဟူ၍ သူ သဘောမထားနိုင်တော့ပေ။ သို့သော် ဆရာမြဲကြီး မရိပ်မိစေရန် ပိပိရိရိ နေထိုင်ခဲ့သည်။

ဤသို့ဖြင့် တဖြည်းဖြည်း ကြိတ်၍ ကြံစည်နေသည့် သူ့အကြံအစည်ကို အကောင်အထည်ဖော်ရမည့် အချိန်သို့ ဆိုက်ရောက်လာတော့သည်။ ဤသည်ကလည်း အကွက်ဝင်လာသောကြောင့်ပင် ဖြစ်သည်။

သည်နေ့ကို သူ ကောင်းကောင်း မှတ်မိနေသေးသည်။ သူ့ဘဝ တစ်လျှောက်လုံးတွင် မေ့မရသည့်နေ့ဟူ၍ သည်နေ့တစ်နေ့သာ ရှိခဲ့သည်။ သူ့

ဘ၀တွင် ဘာကိုမှ လေးလေးနက်နက် ထားခဲ့သူ မဟုတ်သော်လည်း သည်နေ့ကိုတော့ ရေရေလည်လည်ပင် မှတ်မိနေသည်။

အချိန်က နေ့လယ်ခင်းအချိန်။ ဆရာမြဲကြီးက ဆေးဖော်စပ်သည့် အခန်းထဲမှနေ၍ သူ့ကို လှမ်းခေါ်သည်ကို ငထွား ကြားလိုက်ရသည်။ သူက အိုးဝေနှင့် ဧည့်ခန်းထဲတွင် ထိုင်၍ စကားပြောဆိုနေရာမှ ကြားလိုက်ရခြင်း ဖြစ်သည်။

"သားကြီး ငထွား ငထွား သားကြီးရေ၊ လာစမ်းပါဦးကွာ"

"ဟုတ်ကဲ့ လာပါပြီ အဖေ"

သူက ဆရာမြဲကြီး ရှိသည့် ဆေးခန်းထဲသို့ ဝင်လာခဲ့သည်။ သူက ခါးကိုင်းညွတ်၍ ရိုသေစွာပင် မေးမြန်းလိုက်သည်။

"အဖေ ကျွန်တော် ဘာအကူအညီ ပေးရမလဲ ခင်ဗျာ"

"အေးကွာ အဖေ ဒီမှာ အရေးကြီးတဲ့ ဆေးတစ်မျိုး ဖော်နေတယ်"

"အရေးကြီးတဲ့ ဆေး ဟုတ်လား အဖေ၊ ဘာဆေးလဲဆိုတာ ကျွန်တော် မသိရဘူးလား"

"သိရပါတယ် သားရယ်၊ ရောဂါကုသတဲ့ ဆေးတော့ မဟုတ်ဘူး သားရဲ့၊ လွယ်လွယ်ကူကူ ပြောရရင်တော့ အားဆေးပဲကွယ့်"

"ဟာ အဖေကလည်း အားဆေးကိုများ အရေးကြီးတဲ့ ဆေးလို့ ခေါ်နိုင်ပါ့မလားဗျာ"

"သားက သိပ်ခက်တာပဲကိုး၊ အားဆေး ဆိုပေမယ့် အရင်ဖော်စပ်ခဲ့တဲ့ အားဆေးတွေနဲ့ လုံးဝ မတူဘူးကွ"

"ဘာများ ထူးခြားလို့လဲ အဖေရယ်"

ငထွားက အရမ်းစိတ်ဝင်စားလာသည့် သဏ္ဌာန်မျိုးဆောင်ကာ ဆရာမြဲကြီး၏လက်ကို ကိုင်၍ မေးလိုက်သည်။

"အင်း သား သိပ်သိချင်ရင်တော့ ပြောရမှာပေါ့ကွာ၊ သည်ဆေးကို ကျည်းစေ့ခန့် သောက်လိုက်တာနဲ့ တစ်ရက်တိတိ ထမင်းလုံးဝ မစားတော့ဘူးကွ၊ ကဲ အဲ့ဒါ မထူးဘူးလား"

"ထူးတာမှ သိပ်ထူးတာပဲ အဖေရယ်"

"ကောင်းပြီ ကဲ ဒီဆေးကို တို့သားအဖ သုံးယောက်စလုံး သောက်ကြရမယ်၊ အခုတော့ အဖေ အရင်ဆုံး မြည်းကြည့်ဦးမယ်"

ပြောပြောဆိုဆို ဆရာမြဲကြီးသည် ဇလုံထဲမှ ဆေးမကျည်းစေ့ခန့်ကို ဇွန်းလေးနှင့် ကော်၍ ပန်းကန်လုံးထဲ ထည့်လိုက်သည်။ ထည့်ပြီးသည်နှင့်

"သား ပန်းကန်ထဲကို ရေနည်းနည်းလေး ထည့်ခဲ့စမ်းကွာ"

"ဟုတ်ကဲ့ အဖေ"

ဆေးပန်းကန်လုံးကို လှမ်းယူနေရင်းကပင် သူ့ခေါင်းထဲသို့ မိုက်ကန်းသည့် အကြံများဝင်လာလေပြီ။ သူ့အကွက် ဝင်လာပြီမှန်းလည်း သိလိုက်သည်။ ထို့ကြောင့် ဆေးပန်းကန်လေးကို ယူပြီး အိမ်ရှေ့ဆောင် ရေအိုးစင်နားသို့ ထွက်လာခဲ့သည်။

သောက်ရေအိုးနားသို့ ရောက်သည်နှင့် သူ့အိတ်ကပ်ထဲတွင် ကြိုတင်၍ သိမ်းဆည်းထားခဲ့သည့် လက်ညှိုးခန့် ဆေးဘူးလေးကို ထုတ်လိုက်သည်။ သည်ဆေးက အရောင်အဆင်းမဲ့ အဆိပ်ဆေးဘူးပင် ဖြစ်သည်။

ငထွားလည်း လျင်မြန်စွာပင် ဆေးသန်းခေါင်းခန့်ကို ယူပြီး အားတိုးဆေးနှင့် ရောပြီး မွှေလိုက်သေးသည်။ ပြီးသည်နှင့် ဟန်မပျက်ပင် ပြန်လာပြီး ဆရာမြဲကြီးကို ရိုသေစွာ လက်နှစ်ဖက်နှင့် ကမ်းပေးလိုက်သေးသည်။ ဆရာမြဲကြီးကမူ လူယုတ်မာ၏ အကြံကို ဘာမှမသိရှာသည့်အတွက် ငထွား ကမ်းပေးသည့် ဆေးခွက်ကို ယူပြီး သောက်ချလိုက်သည်။

သောက်ပြီး ခဏအတွင်းမှာပင် ဆရာမြဲကြီး၏ မျက်နှာက အကြီးအကျယ် ပျက်ယွင်းလာသည်။ ပါးစပ်ထဲမှ လည်းကောင်း၊ နှာခေါင်းထဲမှ လည်းကောင်း သွေးများထွက်လာသလို

"မင်း မင်း ငထွား လူ လူယုတ်မာ အား"

ဆရာမြဲကြီးသည်ကား မွေးစားသား လူယုတ်မာ ငထွားကြောင့် ရေတိမ်နစ်ခဲ့ရလေပြီ။ သည်အခိုက်မှာပင် မအိုးဝေလေး၏ ငိုရှိုက်သံနှော၍ ရန်တွေ့သည့် စကားကို သူ့နောက်ပါးမှ ကြားလိုက်ရသည်။

"နင် နင်ဟာ အစ်ကိုဆိုတာ မဖြစ်နိုင်ဘူး၊ အဖေ့ကို နင် နင် လုပ်ကြံလိုက်တာ မဟုတ်လား၊ ဟင့် ဟင့် ဟင့်"

ငထွားက ချာခနဲ လှည့်ကြည့်လိုက်သည်။ မျက်ရည်များ စီးကျနေသည့် အိုးဝေလေးကို သူ မြင်လိုက်ရသည်။ သူ့အနေနှင့် မထူးဇာတ်ခင်းမည်ဟု ဆုံးဖြတ်ထားပြီးဖြစ်သည့်အတွက် ရှေ့တစ်လှမ်း တိုးလိုက်သည်။

မအိုးဝေလေးသည် အဆိပ်ကြောင့် တစ်ကိုယ်လုံး ပြာနှမ်းနေပြီး နှာ

ခေါင်း ပါးစပ်တို့မှ သွေးများစီးကျနေသည့် ဖခင်ကြီးကိုတစ်လှည့် လူယုတ်မာ အစ်ကိုဖြစ်သူကို တစ်လှည့် ကြည့်နေရင်းကပင် သူ့ကိုယ်သူ ကာကွယ်ရန် အမြဲ ဆောင်ထားခဲ့သည့် မိန်းမကိုင် ဆင်စွယ်ရိုးတပ် ဓားမြှောင်လေးကို ထုတ်ပြီး သူ့ကိုယ်သူ ထိုးလိုက်လေတော့သည်။

"ဖွပ်"

"အား"

နှလုံးတည့်တည့်သို့ အဆုံးတိုင် ဝင်သွားသည့် မအိုးဝေလေး သည် လည်း အား ဟု တစ်ခွန်းတည်းသာ အော်ဟစ်နိုင်လိုက်ပြီး ကြမ်းပြင်ပေါ်သို့ လဲကျ အသက်ပျောက်သွားခဲ့လေပြီတည်း။

ဆရာမြကြီးနှင့် မအိုးဝေလေးတို့ နှစ်ဦးမရှိတော့သည်နှင့် ငထွားလည်း အိမ်မည်းကြီးတွင် မည်သို့မျှ ဆက်မနေရဲတော့သည့်အတွက် ထွက်ပြေးလာခဲ့ တော့သည်။

ဆရာမြကြီးကို ကြည်ညိုကြသည့် နယ်သူနယ်သားများက သူ့လက် ချက်မှန်းသိလျှင် သတ်ပစ်မည်မှန်း သိသည့်အတွက် အရေးကြီးသည့် ဆေးဝါးများ ကို ယူပြီး တစ်ခါတည်း ပြေးလာခဲ့ခြင်းပင်။

သူ့ဘဝတွင် မမေ့နိုင်ဖြစ်ရသည့်ကလည်း မအိုးဝေလေးကို သိမ်းပိုက်၍ အောင်သေအောင်သား မစားခဲ့ရသောကြောင့်သာလျှင် ဖြစ်ပါလေတော့သည်။

■ ■ ■

## အခန်း (၉)

ပေါက္ကံရာမ ပုဂံပြည်တွင် ရှိနေကြသည့် ဗိုလ်မှူးလေး ရဲသီဟနှင့် ရဲဒိဗ္ဗ ညီနောင်တို့သည်လည်း လွှမ်းရေးထက် ပြည်ထဲရေးက ခက်နေသည့်အတွက် တိုင်းပြည်တာဝန်တို့ကို ရှုပ်ရှုပ်ရှုံ့ရှုံ့ ထမ်းဆောင်နေကြရသောကြောင့် အနည်းငယ် မျှပင် မအားလပ်နိုင်ခဲ့ကြပေ။

ယခုဆိုလျှင် နှစ်လကျော်၍ သုံးလထဲသို့ပင် ရောက်လာလေပြီ။ ရဲသီဟ တစ်ယောက် ချစ်ရသူ မယ်ဖြူ၏ မျက်နှာလေးကို တရေးရေး မြင်ယောင်နေမိသလို ရဲဒိဗ္ဗခင်မျာလည်း စိတ်ကချစ်ရသူ မယ်ညိုထံသို့ တဝဲဝဲ တလည်လည် ဖြစ်နေရှာ သည်။

တောတွင်းတပ်စခန်း တစ်နေရာတွင်ပဲ ဖြစ်သည်။ အချိန်က နွေဦးကာ လ သမယအခါ။ ရဲသီဟ စိတ်ထဲတွင် ဖြစ်နိုင်မည်ဆိုပါက ချစ်ရသည့် မယ်ဖြူ ရှိ ရာသို့ ငှက်အသွင် လေဟုန်စီး၍ ပျံသန်းသွားလိုက်ချင်သည်။

သို့သော် စိတ်ထဲတွင် ရှိသည့် ဖြစ်ချင်သည့် ဆန္ဒနှင့်လက်တွေ့ ဘဝက

တခြားစီ ဖြစ်နေသောကြောင့် သက်ပြင်းကိုသာ ချနေမိတော့သည်။ သည်ခဏမှာ ဝင် သူ့ဘေးသို့ လူတစ်ယောက် ရောက်လာမှန်း ရဲသီဟ သိလိုက်သည်။

မော့ကြည့်လိုက်သည်နှင့် သူနှင့်အဆင်းတူ ရောင်းရင်း ဗိုလ်မှူးလေး ပုံချို ဖြစ်နေသည်။ ပုံချိုက သူ့ကို အကဲခတ်နေရာမှ မေးမြန်းလာသည်။

"ရောင်းရင်းကို ကျုပ် ကြည့်နေတာ ကြာလှပြီ၊ ဘာတွေထိုင်ပြီး တွေးနေတာလဲ၊ ဧကန္တတော့ နေပြည်တော်မှာ လွမ်းရမယ့်သူ ကျန်ခဲ့လို့နဲ့ တူတယ်၊ မှန်ပါစ ရောင်းရင်းရယ်"

ပုံချိုငယ်၏ စကားကြောင့် သူက အရှက်ပြေ ရယ်သွမ်းသွေးလိုက်ရသည်။

"ဟဲ ဟဲ ဟဲ ဘာရယ်လို့ မဟုတ်ပါဘူး ရောင်းရင်းရယ်၊ ကျုပ်မှာက ရောင်းရင်းလို လွမ်းရမယ့်သူ မရှိသေးပါဘူးလေ"

"ဟုတ်ရဲ့လား ရောင်းရင်းရယ်၊ ကျုပ်က လူကဲခတ် မညံ့ဘူးနော်၊ ရောင်းရင်းက မြင်းတပ်မှူးလေး ကျုပ်က အထောက်တော် တပ်မှူးလေးဆိုတာ ရောင်းရင်းမေ့နေပြီ ထင်တယ်"

"မမေ့ပါဘူး ရောင်းရင်းရယ်၊ ရောင်းရင်း စုံစမ်းရေးမှာ ဘယ်ရွှေ့ဘယ်မျှ ထိ တော်တယ်ဆိုတာလည်း အချင်းချင်းတွေမို့ သိပြီးသားပါလေ၊ အခုဟာက ကျုပ် အမှန်အတိုင်း ပြောတာပါ ရောင်းရင်း"

"ရှိပါစေတော့ ရောင်းရင်း သီဟရေ၊ ကဲ ကျုပ် သွားလိုက်ဦးမယ်၊ ကင်းပုန်းချထားတွေကို လှည့်ပြီး စစ်ဆေးရင်း ရောင်းရင်းဆီ ဝင်လာခဲ့တာပါ"

"ကောင်းပါပြီ ပုံချိုငယ်"

သူ့အနေနှင့် မုသားစကား ဆို၍ မဖြစ်သည့် အခြေအနေမို့သာ ဆိုလိုက်ခြင်းပင်။ သူနှင့်မယ်ဖြူတို့ အခြေအနေကို လူသိမခံချင်သေး။ သုံးလပြည့်၍ အနားရသည့်အခါမှသာ သူ့အထက်က မြင်းတပ်မှူးကြီးကို ဖွင့်ပြောမည်ဟု ဆုံးဖြတ်ထားသောကြောင့်ပင် ဖြစ်သည်။

ညီတော် ရဲဒိဗ္ဗနှင့်မယ်ညိုတို့ အခြေအနေက မည်သို့ရှိသည်ကို သူအတိအကျ မသိရသော်လည်း သူနှင့်မယ်ဖြူတို့ကက အိုးချင်းထား၍ အိုးချင်းထိ ကြိုးချင်းထား၍ ကြိုးချင်းငြိခဲ့ ပြီးကြလေပြီ။

သည်နေ့ကို သူ့ဘဝ တစ်သက်တာတွင် ဘယ်တော့မှ မေ့ပျောက်၍ မည်မဟုတ်သကဲ့သို့ ချစ်ရသူလေးသည်လည်း သူ့လိုပင် ရှိမည်မှန်း သူ သိနေ

သည်။ သည်နေ့က ဆင်ဖြူတော် သုံးစီး၊ မြေလျှိုးပြီး တွင်းထဲဝင်သွားပြီးနောက် ရွာသို့ပြန်လည် တပ်ခေါက်လာခဲ့ကြသည့် နေ့ပင်ဖြစ်သည်။

ထိုနေ့ညနေစောင်းလောက်တွင် သူတို့နှစ်ယောက် ဆုံတွေ့နေကြဖြစ်သည့် တောင်ကုန်းလေးတစ်နေရာ စကားပင်ကြီးအောက်တွင် ချစ်တင်းစကားဆိုနေခဲ့ကြသည်။

"အို လွှတ်ပါဦး မောင်ကြီးရယ်၊ နှမလေး အသက်ရှူလို့ မဝတော့ဘူးရှင့်"

"မောင်ကြီးလေ မယ်ဖြူ့ကို သိပ်ပြီးချစ်တာပဲ သိလား၊ မခွဲချင်တော့ဘူး အတူတူနေချင်လှပြီကွယ်"

ရဲသီဟက သန်မာသည့် လက်အစုံဖြင့် မယ်ဖြူ၏ တစ်ကိုယ်လုံးကို တင်းကျပ်စွာ ထွေးပွေ့ထားရင်းက ပြောဆိုလိုက်ခြင်းပင်။ မယ်ဖြူသည်လည်း ချစ်ရသူ မောင်ကြီး၏ အပြောအဆို အချော့အမြူ အပွေ့အပိုက်တို့ကို သာယာနေမိလေပြီ။

ကြွေရှင် မိန်းမသားဖြစ်၍သာ ငြင်းဆန်နေရသော်လည်း ငြင်းဆန်နိုင်သည့် ခွန်အားများ တစ်စတစ်စ ယုတ်လျော့လာပြီမှန်းလည်း သူမရင်ထဲက အလိုလို သိရှိနေသည်။

သူတို့နှစ်ဦးစလုံး၏ မျက်ဝန်းအစုံတို့တွင် အချစ်ရည်များနှင့် ရွှန်းစိုနေကြသည်။ မယ်ဖြူက ချစ်ရသူ မောင်ကြီး၏ ရင်ခွင်ထဲမှနေ၍ တိတ်တခိုးလေး မော့ကြည့်မိလိုက်သည်။

သည်အခိုက်မှာပင် ရဲသီဟ၏ နှုတ်ခမ်းအစုံက သူမ နှုတ်ခမ်းပါးလေးပေါ်သို့ ထိကပ်လာနေပြီဖြစ်မှန်း အပျိုရိုင်းမလေး မယ်ဖြူ သိလိုက်ရလေသည်။ သူမ နှုတ်မှ အို တစ်လုံးတည်းသာ ရေရွတ်နိုင်ရှာသည်။

သည်နောက်တွင်ကား သူတို့နှစ်ဦးစလုံး အချစ်ရေစီးကြောင်းထဲသို့ အလိုက်သင့် မျောပါကူးခတ်နေမိကြလေပြီတည်း။ လမင်း အပျိုစင်သည်လည်း တိမ်ကြားထဲသို့ ပြေးဝင်ပုန်းကွယ်သွားသလို ထိုခဏတွင် မလင်းတလှည့် လင်းတလှည့် သာနေရှာသည့် ငွေကြယ်စင် တစ်လုံးသည်လည်း ကမ္ဘာမြေပေါ်သို့ ကြွေကြခဲ့ရရှာလေပြီ။

"မောင်ကြီးရယ် မောင်ကြီးရယ် ဟင့် ဟင့် ဟင့်"

"တိတ်ပါ မယ်ဖြူရယ်၊ ချစ်လွန်းလို့ ဖြစ်ခဲ့ရတာ မောင်ကြီး အလွန်ပါ

ကွယ်၊ မောင်ကြီး ကတိပေးပါတယ်၊ သစ္စာပြုပါတယ် မယ်ဖြူ ဆီပြန်လာပြီး လက်ထပ်တောင်းရမ်းယူပါ့မယ်ကွယ်”

“မယ်ဖြူလည်း မောင်ကြီးကို ချစ်ပါတယ်၊ ယုံမှတ်လို့လည်း ပုံအပ်ခဲ့တာပါ မောင်ကြီးရယ်၊ တကယ်လို့ မပြောကောင်း ပြောကောင်း ကံအကြောင်းမလှလို့ မောင်ကြီးနဲ့ ဝေးရရင်ဆိုတဲ့ အသိက မယ်ဖြူ့နှလုံးသားကို ချေမွနေကြတယ်၊ ဒါကို တွေးမိပြီး ဝမ်းနည်းလွန်းလို့ပါ မောင်ကြီးရယ် ဟင့် ဟင့် ဟင့်”

“မဖြစ်နိုင်တဲ့အရာကို ဘာလို့များ တွေးပြီး စိုးရိမ်နေရတာလဲကွယ်၊ တိတ် တိတ်တော့နော် မောင်ကြီးကို ချစ်ရင် ပြုံးပြစမ်းပါ မယ်ဖြူရယ်”

ရဲသီဟ က ချစ်သူကို ချော့မော့ နှစ်သိမ့်နေရှာသည်။ တောအလုပန်းစံပယ်ကို နန်းအလယ်သို့ ရောက်အောင် သူ အရခေါ်ဆောင်မည်ဟုလည်း ရဲသီဟတစ်ယောက် စိတ်ဆုံးဖြတ်ထားပြီး ဖြစ်သည်။

သို့သော် သူ့ဘဝက လွတ်လပ်သူ မဟုတ်။ တိုင်းပြည်တာဝန် ထမ်းဆောင်နေရသည့် ပြည်ချစ်စစ်သား ပြည့်လက်ရုံး ဖြစ်နေသည့်အတွက် မင်းတရားအမိန့်တော်အရ နေပြည်တော်သို့ တပ်ပြန်ခေါက်ခဲ့ရသည်။

အတိတ်ကို ပြန်ပြောင်းတွေးတောနေရာမှ ရဲသီဟ၏ စိတ်ခတ်များသည် ပစ္စုပ္ပန်ဆီသို့ ပြန်လည်ရောက်ရှိလာသည်။ နောက်တစ်နေ့ မနက်စောစောတွင် ညီတော် မြင်းတစ်စီးနှင့် အပြင်းစိုင်းလာနေသည်ကို သူ လှမ်းမြင်လိုက်ရသည်။

သူတို့ ညီနောင် ဦးဆောင်သည့် မြင်းတပ်ဖွဲ့က တောင်တစ်တောင်ဆီ၌ တပ်စွဲထားကြခြင်း ဖြစ်သည်။ ညီတော်က မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး ချက်ချင်းပင် ဝမ်းသာအားရ စကားဆိုလာသည်။

“နောင်တော် ညီတော်တို့ ပုဂံနေပြည်တော်ကို တပ်ပြန်ခေါက် ရတော့မယ်တဲ့”

“အို ဟုတ်လား၊ ဝမ်းသာစရာ သတင်းပါပဲ ညီတော်ရယ်၊ ဒီ သတင်း ညီတော် ဘယ်ကသိခဲ့ရတာလဲဟင်”

“မြင်းမှူးကြီး ဘယကျော်စွာက ညီတော်ကို ခေါ်ပြောပြတာပဲ နောင်တော်”

“တော်ပါသေးရဲ့ ညီတော်ရယ်”

ဤသို့ ပြောဆိုပြီးသည်နှင့် ဘေးဘီဝဲယာ အနီးအနားတွင် လူရှိမရှိ

ကြည့်လိုက်ပြန်သည်။ ပြီးမှ ရဲသီဟက စကားပြန်ဆက်လိုက်သည်။

"မယ်ဖြူနဲ့မယ်ညိုတို့ နောင်တော်တို့ကို မျှော်နေရော့မယ် ညီတော်"

"ဟုတ်တယ် နောင်တော်လည်း အဲ့ဒါကို စိတ်ပူနေတာပဲ နောင်တော် သုံးလကြာရင် ပြန်လာခဲ့မယ်လို့ ကတိပေးထားခဲ့ကြတာ မဟုတ်လား၊ သုံးလ ပြည့်လို့ ရောက်မသွားရင် နောင်တော်တို့ ချစ်သူနှစ်ဦးစလုံးကလည်း"

ဤတွင် ရဲသီဟက သူနှင့်မယ်ဖြူတို့ မစွမ်းရင်းရှိ၍ ကန်စွန်းခင်းငြိခဲ့ သည့် ဇာတ်ကြောင်းကို အကျဉ်းချုံ့၍ ပြောပြလိုက်သည်။

"... အဲဒါပဲ ညီတော်၊ နောင်တော့်ကို သစ္စာမဲ့သူ ယောကျ်ားမပီသသူ ရယ်လို့ မယ်ဖြူ ထင်သွားမှာ စိုးရိမ်နေမိတယ်"

နောင်တော် စကားအဆုံးတွင် ရဲဒိဗ္ဗကလည်း သူနှင့်မယ်ညို ချစ်သူနှစ် ယောက် မကျည်းပင်လှိုဏ်တွင် ချစ်ရည်တူ နှစ်ကိုယ်မျှခဲ့သည့်အကြောင်း ပြန်ပြောင်း ပြောပြလာသည်။

ဤသို့ဖြင့် နောက်သုံးရက်ခန့်တွင် သူတို့ညီနောင် နှစ်ယောက် ပုဂံပြည် သို့ ပြန်ရောက်ခဲ့ကြသည်။ ပုဂံပြည်ကြီး အေးချမ်းသာယာနေပြီ ဖြစ်သည့်အတွက် အားလပ်ခွင့်လည်း ရခဲ့ကြလေပြီ။

ညနေစောင်းတွင် အထက်လူကြီးဖြစ်သည့် မြင်းမှူးကြီး ဘယကျော်စွာ စံအိမ်သို့ ညီအစ်ကိုနှစ်ယောက် မြင်းကိုယ်စီနှင့် လာခဲ့ကြသည်။ ညီအစ်ကိုနှစ် ယောက်စလုံး ဖခင်သဖွယ် ဖြစ်နေသည့် မြင်းမှူးကြီးအား လက်ထပ်ခွင့်တောင်းဆို ၍ ဖခင်အဖြစ် လိုက်ပါဆောင်ရွက်ပေးပါရန် ပန်ကြားဖို့ လာခဲ့ကြခြင်း ဖြစ်သည်။

သူတို့ညီနောင် စံအိမ်ဝသို့ ရောက်လာသည်နှင့် မြင်းမှူးကြီး၏ တစ်ဦး တည်းသော သမီးဖြစ်သည့် "ရူပကလျာ" ကို တွေ့လိုက်ရသည်။ ရဲသီဟက နှမသဖွယ် သဘောထားသည့်အတွက် သူမ၏ ခေါင်းလေးကိုပုတ်၍ ပြောဆိုနှုတ် ဆက်လိုက်သည်။

"ဘယ်လိုလဲ ကလျာ၊ မမြင်မတွေ့ရတာ သုံးလတောင်မှ မရှိသေးဘူး အရမ်းလှလာပါလား ဟာ"

"ဟုတ်တယ် ဟုတ်တယ် ကလျာ နောင်တော်ပြောတာ သိပ်မှန်တာပဲ၊ နှမတော် အရမ်းလှလာတယ်"

ယခုမှ ဆယ့်ခြောက်နှစ်ကျော်ရုံသာ ရှိသေးသည့် စံပယ်ဖူးသစ် ပျိုမျစ် နုနယ် လှပကျော့ရှင်းနေသည့် ရူပကလျာ၏ မျက်နှာပေါ်တွင် ရှက်ယောင်သမ်း

နေသည်။ နှုတ်ခမ်းပါးအစုံမှလည်း စကားသံတို့က ပျံ့လွင့်လာသည်။

"သွား အစ်ကိုတော်နှစ်ယောက် ဘာတွေ လာပြောနေမှန်း မသိဘူး၊ ကလျာ ရှက်တယ်နော်၊ အော်ငိုလိုက်မှာ သိလား"

"အမလေး ငိုတော့မငိုလိုက်ပါနဲ့ ကလျာရယ်၊ အလှတွေ ပျက်ကုန်ပါ့မယ်"

"ကလျာရေ မိန်းမလှလေးတွေရဲ့ မျက်ရည် မြေဝယ်မကျကောင်းဘူးတဲ့နော်"

"သွား ဟုတ်လည်း ဟုတ်ပဲနဲ့"

"ဦးရီးတော် ရှိလား ကလျာ"

ရဲသီဟက မျက်နှာပိုးသတ်ရင်း မေးမြန်းလိုက်ခြင်းပင်။ ရူပကလျာကလည်း သူ့ကို ပြန်လည်စူးစိုက်ကြည့်ရင်းက ပြောဆိုလာသည်။

"ရှိပါတယ် အစ်ကိုတော် စာကြည့်ဆောင်ထဲမှာ ခမည်းတော် ရှိပါတယ်ရှင်"

သူတို့နှစ်ယောက် စာကြည့်ဆောင်ရှိရာသို့ တန်းလာခဲ့ကြသည်။ အခန်းရှေ့သို့ ရောက်သည်နှင့် ရဲသီဟက အကြောင်းကြားလိုက်သည်။

"ဦးရီးတော် တူတော်မောင်တို့ပါ ခင်ဗျာ"

"ဩော် ဝင်လာခဲ့ကြပေါ့"

သူတို့ ညီအစ်ကိုနှစ်ယောက် တံခါးကို တွန်းဖွင့်ပြီး ဝင်လာခဲ့ကြသည်။ ရွှေပိန်းချထားသည့် နောက်မှီ ထိုင်ခုံပေါ်တွင် ပေပုရပိုက်ထုပ်ကို ဖွင့်၍ ဖတ်ရှုနေသည်။

"ထိုင်ကြပေါ့"

သူတို့ညီနောင် နှစ်ယောက်စလုံး အတန်ငယ် နိမ့်သည့် ထိုင်ခုံပေါ်တွင် ထိုင်မိသည်နှင့် ဦးရီးတော်က စတင်ပြောလိုလာသည်။

"တူတော်မောင်တို့ကို ပြောဆိုစရာ ရှိလို့ အခေါ်လွှတ်မယ်လို့ စဉ်းစားနေတာ၊ ရောက်လာတာနဲ့ အတော်ပဲ ဖြစ်သွားတယ်"

ဦးရီးတော်က ဤသို့ ပြောဆိုပြီးသည်နှင့် ရဲသီဟကို စူးစိုက် အကဲခတ်နေသည်။ သူ့စိတ်ထဲတွင် ဘာကြောင့်မှန်းမသိ အနည်းငယ် စိုးရိမ်ပူပန်လာမိသည်။ သူတို့ညီအစ်ကို နှစ်ယောက်ကလည်း ခွင့်ပန်ရင်း အကူအညီတောင်းဖို့ လာခဲ့ကြခြင်း ဖြစ်သလို ဦးရီးတော်တွင်လည်း ပြောစရာ ရှိနေသည်ဟု ဆိုသည်။

ထို့ကြောင့် ရဲသီဟတို့က သူတို့ကိစ္စကို ဖွင့်မပြော ဖြစ်ကြသေးဘဲ ဦးရိုးတော် ပြောမည့်စကားကိုသာ နားစွင့်ထားလိုက်ရလေသည်။ ဦးရိုးတော်က သူ့ကို အတန်ကြာ စူးစိုက်ကြည့်နေရာမှ စကားစတင်ဆိုလာသည်။

"တူတော်မောင်တို့ရဲ့ သွားလေသူ ဖခင်ကြီးနဲ့ ဦးရိုးတော်တို့ဟာ အင်မတန်မှ ရင်းနှီးခဲ့ကြတဲ့ ငယ်ပေါင်း ရောင်းရင်းတွေ ဖြစ်တယ်ဆိုတာတော့ သိကြပါတယ်နော်၊ ဟုတ်စ တူတော်မောင်တို့"

"သိပါတယ် ခင်ဗျာ"

"ဟုတ်ကဲ့ ဦးရိုးတော်"

ညီအစ်ကို နှစ်ယောက်စလုံး ပြိုင်တူ အဖြေပေးလိုက်ကြသည်။ ဦးရိုးတော်က သူ့ကို စိုက်ကြည့်၍ ပြောလာသည်။

"ဦးရိုးတော် အခုက ပြောချင်တဲ့ သူကတော့ တူမောင် ရဲသီဟကိုပဲ ဖြစ်တယ်"

"ဘာများပါလိမ့် ခင်ဗျာ၊ ဆုံးမစရာရှိရင်လည်း ဆုံးမပါ ဦးရိုးတော် ခင်ဗျာ"

"ဆုံးမစရာ မလိုပါဘူး တူတော်မောင် ဦးရိုးတော် အခုက ပြောချင်တာကတော့ တခြားမဟုတ်ဘူး၊ မောင့်ဖခင်နဲ့ ဦးရိုးတော်တို့ ထားခဲ့ကြတဲ့ ကတိစကားတွေပဲ တူတော်မောင်"

ကတိစကားဆိုသည့်အတွက် ရဲသီဟ စိတ်ထဲတွင် ထိတ်ခနဲ ဖြစ်သွားမိသည်။

တပြိုင်နက်တည်းမှာပင် စိုးရိမ်စိတ်တွေကလည်း လွှမ်းမိုးလာသည်။ သို့သော် စိတ်ကို အတတ်နိုင်ဆုံး ငြိမ်သက်စွာထားပြီး ပြန်မေးလိုက်မိလေသည်။

"ဘယ်လို ကတိစကားများပါလိမ့် ဦးရိုးတော် ခင်ဗျာ"

"လိုရင်းကို ပြောရရင်တော့ ဒီလို တူတော်မောင်၊ ဦးရိုးတော်လည်း စစ်သား တူတော်မောင်တို့လည်း စစ်သားတွေကိုပဲဆိုတော့ ဒဲ့ဒိုးပဲ ဦးရိုးတော် ပြောချင်တယ်၊ သမီး မိန်းကလေးနဲ့ သားယောကျာ်းလေးတွေ မွေးဖွားလာရင် အပြန်အလှန် ပေးစားမယ်ဆိုတဲ့ ကတိပါပဲ တူတော်မောင်"

"ခင်ဗျာ"

"ဟင်"

ရဲသီဟ တစ်ယောက် 'ခင်ဗျာ'ဟူသည့် စကားတစ်ခွန်းသာ ပြန်ပြောနိုင်

ရှာတော့သည်။ ဟင် ဆိုသည်က ရဲဒိဗ္ဗ၏ အသံပင်ဖြစ်သည်။ နောင်တော့အတွက် ဖြေရှင်းရခက်သည့် နှလုံးသား ပြဿနာနှင့် ရင်ဆိုင်တိုးနေပြီမှန်း ရဲဒိဗ္ဗ သိလိုက်လေပြီ။

ရဲသီဟအဖို့ ပို၍ ခက်ခဲရလေပြီ။ သည်အခြေအနေက သူ မည်သို့မျှ မျှော်လင့်မထားခဲ့သည့် အခြေအနေ။ သည်သို့ သည်နှယ် ဖြစ်လာလိမ့်မည်ဟု သူ လုံးဝ မထင်ခဲ့သည်က အမှန်ပင်။

ယခု အခြေအနေက သူ မထင်မှတ်ထားတာတွေ ဖြစ်လာခဲ့လေပြီ။ သူ ဘာများ ပြန်ပြောရမည်နည်း။ သူ့အတွေး အာရုံထဲသို့ ချစ်ရသူ မယ်ဖြူ၏ သနားစရာ မျက်နှာလေးက တစ်လှည့်၊ အလှသွေးကြွယ်နေပြီဖြစ်သည့် ရူပကလျာ၏မျက်နှာတော် နုနုလေးက တစ်လှည့် အလှည့်ကျပေးလာနေကြသည်။

သူက ကြိတ်၍သာ သက်ပြင်းချလိုက်မိသည်။ ဦးရီးတော်က သူ့အာမေဍိတ် စကားကြောင့် စေ့စေ့စပ်စပ် ကြည့်ရှုရင်း မေးခွန်းထုတ်လာသည်။

"ဦးရီးတော်ရဲ့ စကားကြောင့် အံ့သြနေတာလား၊ ဒါမှမဟုတ် တူတော်မောင်မှာ ဘယ်လို အခက်အခဲတွေ ရှိသလဲဆိုတာ ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါတယ်"

သူ့အနေနှင့် မပြော၍ မဖြစ် ဖွင့်၍ ပြောပြရပေတော့မည်။ ထို့အပြင် ရူပကလျာကို သူ့အနေနှင့် ညီမ အရင်းကဲ့သို့ပင် မှတ်ထင်ထားသည်။ ချစ်သူကို ဇနီးမယားလို ချစ်၍ မရနိုင်မှန်း သူ့ဘာသာ သိနေသည်။

ထို့အပြင် ချစ်ရသူ မယ်ဖြူကို သူ့အနေနှင့် မည်သို့သော အကြောင်းတို့ကြောင့်မှ သစ္စာမဖောက်ဖျက်နိုင်လေပြီ။ ထို့ကြောင့် ရဲသီဟက ဦးရီးတော်အား အကြောင်းစုံကို အမှန်အတိုင်း ဖွင့်ဟ ပြောဆိုလိုက်တော့သည်။

"... ခု တူမောင် ပြောပြတာတွေဟာ တကယ့် အဖြစ်မှန်ပါပဲခင်ဗျာ၊ အခု လာခဲ့တာလည်း ဒီအကြောင်း ဦးရီးတော်ကို ဖွင့်ဟပြောပြီး ဖခင်အဖြစ် လိုက်ပါဆောင်ရွက်ပေးဖို့ အကူအညီ တောင်းခံရန် ရောက်လာခြင်း ဖြစ်ပါတယ် ခင်ဗျာ"

"ဟုတ်ပါတယ် ဦးရီးတော် ရိုးသားလှတဲ့ ညီအစ်မနှစ်ယောက် အပေါ်မှာ တူမောင်တို့ သစ္စာ မဖျက်ပါရစေနဲ့ ခင်ဗျာ"

"အိမ်း တူမောင်တို့ရဲ့ စိတ်ဓာတ်တွေကို ချီးကျူးပါတယ်ကွယ်၊ ဖုးစာရှင်တွေ တွေ့ပြီးပြီဆိုတော့လည်း ဦးရီးတော်ဘက်က နောက်ဆုတ်ပေးရမှာပေါ့

လေ”

“ကျေးဇူးကြီးလှပါတယ် ခင်ဗျာ”

“ကောင်းပြီ နေ့ကောင်းရက်သာ ရွေးပြီးတော့ အဲ့ဒီ ကျည်တောင်ရွာကို သွားကြတာပေါ့၊ ဦးရိုးတော် လူကိုယ်တိုင် တူတော်မောင်တို့ရဲ့ ဖခင်အဖြစ် လိုက်ပါ ဆောင်ရွက်ပြီး ထိမ်းမြားလက်ထပ်ပေးပါ့မယ် ဟုတ်ပြီလား”

“ဝမ်း ဝမ်းသာလိုက်တာ ဦးရိုးတော်ရယ်”

“ကျေးဇူးတင်ပါတယ် ဦးရိုးတော် ခင်ဗျာ”

ညီအစ်ကိုနှစ်ယောက်စလုံး၏ ရင်ထဲတွင် အပျော်များ စီးဝင်သွားကြလေပြီ။ သို့သော် သူတို့နှစ်ယောက်သာ ပျော်နေကြသော်လည်း မပျော်နိုင်သူလေး တစ်ဦးက ရှိနေလေပြီ။

ရူပကလျာသည် ခမည်းတော်နှင့် အစ်ကိုယ်တော်တို့ ပြောဆိုနေကြသည့် စကားတို့ကို စာကြည့်ဆောင် တံခါးနားတွင် ကပ်၍ ချောင်းနားထောင်နေခြင်းပင်။

အစမှ အဆုံးတိုင် ကြားလိုက်ရသည့် အခါတွင်ကား သူမ၏ ပါးပြင်နုနုလေးပေါ်သို့ ပုလဲမျက်ရည်ဥလေးများက စီရရီ ကျဆင်းလာရှာသည်။

သူမသည်လည်း မျက်နှာကို လက်နှစ်ဖက်နှင့် အုပ်ပြီး စာကြည့်ဆောင်ရှေ့မှ တိတ်တိတ်ကလေး ပြေးထွက်သွားလေတော့သည်။ သူမအနေနှင့် အရွယ်ရောက်သည့် အချိန်ကတည်းကပင် ရဲသီဟ အပေါ် မေတ္တာမိုးများ တစ်ဖက်သက်ရွာသွန်းဖြိုးနေမိသည် မဟုတ်ပါလား။

ယခုမူ ကာယကံ မောင်တော်ပင် မသိရှာနိုင်တော့သည့် အခြေသို့ ဆိုက်ရောက်ခဲ့ရလေပြီ။ သူမ၏ အသည်းလွှာ မြေမဟီတွင် ပွင့်လန်းရှင်သန်လာခဲ့သည့် မေတ္တာပန်းကလေးကား မထင်မှတ်ဘဲ ကြွေနွမ်းခဲ့ရရှာလေပြီကော။

သို့သော် သူမ၏ အခြေအနေကို ရဲသီဟ အနေနှင့် မည်သို့လျှင် သိရှိနိုင်ပါမည်နည်း။ ထိုနေ့ညက သူတို့ ညီအစ်ကိုနှစ်ယောက် ဦးရိုးတော်၏ စံအိမ်မှ ပျော်ရွှင်ဝမ်းမြောက်စွာပင် ပြန်လာခဲ့ကြပါလေတော့သည်။

■ ■ ■

## အခန်း (၁၀)

အချိန်က နံနက်ခင်း ရောင်နီဦး ထွက်ခါစပင် ရှိသေးသည်။ သိုက်ဆရာ ဆရာထွားတစ်ယောက် သူ့အကြံအစည်ကို အကောင်အထည်ဖော်မည့် နေ့ရက် လည်းဖြစ်သည်။ သူက ညကတည်းက လုပ်ရမည့် လုပ်ငန်းစဉ်တို့ကို သေသေ ချာချာ စဉ်းစားထားပြီး ဖြစ်သလို တပည့်ကျော် ကျောက်ဖားကိုလည်း ပြောဆို မှာကြားထားခဲ့ပြီးလေပြီ။

"ကျောက်ဖား"

"ဗျာ ဆရာကြီး အမိန့်ရှိပါ ခင်ဗျာ"

"ဆရာကြီး ပြောတာကို သေသေချာချာ နားထောင်၊ ပြောတဲ့ အတိုင်း တိတိကျကျ လုပ်ရမယ် ကြားလား"

"ကြားပါတယ် စိတ်ချပါ ဆရာကြီး ခင်ဗျာ"

"ကောင်းပြီ နားထောင်ပေတော့၊ ဆရာကြီးက ပထမဆုံး ဘီလူးမ ကျောက်ရုပ်ကြီးကို ချည်မန်းကွင်း စွပ်ပြီး ဖမ်းထားမယ်"

"ဟုတ်ကဲ့ခင်ဗျာ"

"ဘီလူးမကြီးကို ဖမ်းပြီးတာနဲ့ ရေကန်ဘောင်ပေါ်ကနေ ဆရာကြီး မန္တန်ရွတ်ရဦးမယ်၊ မန္တန်ရဲ့ တန်ခိုးကြောင့် ရေကန်ထဲက ကျွဲရုပ်ကြီး ပေါ်လာလိမ့်မယ်"

"ကျွဲရုပ်ကြီး ဟုတ်လား ဆရာကြီး"

"ဟုတ်တယ် ကျွဲရုပ်ကြီးပဲ၊ အဲဒီ ကျွဲရုပ်ကြီးကိုလည်း ဆရာကြီးက လည်ပင်းမှာ ချည်မန်းကွင်းစွပ်ပြီး ဖမ်းထားမယ်၊ တပည့်ရဲ့ တာဝန်ကို အခုပြော ပြမယ်ဟေ့"

"ဟုတ်ကဲ့ ပြောပြပါ ဆရာကြီးခင်ဗျာ"

သိုက်ဆရာ ဆရာထွားက ကျောက်ဖားကို သေသေချာချာ စူးစိုက် ကြည့်ပြီး ပြောဆိုလိုက်သည်။

"ဆရာကြီးမှာ လုပ်စရာတွေက မပြီးသေးဘူး၊ မင်းကို ဆေးကြိမ်လုံး ပေးထားမယ်၊ ချည်မန်းကွင်း စွပ်ထားတဲ့အတွက် ကျွဲရုပ်ကြီးဟာ ဘယ်လိုမှ မပြေးနိုင်ဘူး ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဆရာကြီး ကျွန်တော်က ဆေးကြိမ်လုံး ကိုင်ပြီး ဘာလုပ် ရမှာလဲ၊ ဘယ်သူ့ကို ရိုက်ပြီး ဆုံးမရမှာလဲ ခင်ဗျာ"

"မလုပ်နဲ့ မလုပ်နဲ့ မင်းလုံးဝ ရိုက်လို့မဖြစ်ဘူး၊ မင်း သတိမေ့ပြီး ရိုက်မိ လို့ပဲဖြစ်ဖြစ် ဒေါသထွက်ပြီး ရိုက်လို့ပဲ ဖြစ်ဖြစ် ရိုက်လိုက်တာနဲ့ မန္တန်ပြယ်ပြီးတော့ ကျွဲရုပ်ကြီး ထွက်ပြေးသွားလိမ့်မယ်၊ ငါပြောတာ မှတ်မိလား ကျောက်ဖား"

"မှတ် မှတ်မိပါတယ် ဆရာကြီးခင်ဗျာ"

ဤကဲ့သို့ ပြောဆိုနေစဉ် ဆရာကြီး၏ မျက်လုံးများက နီရဲနေသလို မျက်လုံးကြီးက ပြူးထွက်လာသည့်အတွက် ကျောက်ဖားက ထစ်ထစ်ငေါ့ငေါ့ဖြင့် အဖြေပေးလိုက်မိလေသည်။

"ဒါ သိပ်ပြီးတော့ အရေးကြီးတယ်၊ ဒါကြောင့် မင်းကို ဆရာကြီးက စိတ်ချရအောင်လို့ ပြောဆိုမှာကြားနေရတာပဲ၊ လိုရင်းကတော့ ကျွဲရုပ်ကြီးက မန္တန် တန်ခိုးနဲ့ ချည်မန်းကွင်း အစွမ်းကြောင့် ထွက်မပြေးနိုင်ပေမယ့် လူပ်ရှားနေလိမ့်မယ် မင်းက ဆရာကြီး ပေးထားတဲ့ ဆေးကြိမ်လုံးနဲ့ ရွယ်ရုံသာ ရွယ်ထားရမယ်၊ သ ဘောပေါက်ပြီလား"

"ပေါက်ပါပြီ ဆရာကြီး"

"ဆရာကြီး ပြောသလို ပြန်ပြောပြစမ်းဟေ့"

"ကျွဲရုပ်ကြီး လှုပ်ရှားနေပေမယ့် ဆေးကြိမ်လုံးနဲ့ မရိုက်ရဘူး ရွယ်ရုံသာ ရွယ်ထားရပါမယ် ဆရာကြီး ခင်ဗျာ"

"အေး အဲ့ဒါကို တပည့် ဦးနှောက်ထဲမှာ စွဲနေအောင် မှတ်ထားပေတော့၊ မရိုက်ရဘူး မရိုက်ရဘူးလို့ မမေ့အောင် ရွတ်စမ်းကွာ"

ဆရာကြီး အမိန့်ကြောင့် ကျောက်ဖားလည်း တတွတ်တွတ် ရွတ်နေရ တော့သည်။

"မရိုက်ရဘူး၊ မရိုက်ရဘူး၊ မရိုက်ရဘူး"

ညက တစ်ညလုံး တပည့်ကျော် ကျောက်ဖားကို အရေးတကြီးဆုံး အချက်ကို မှာကြားပြောဆိုပြီးသည်နှင့် အိပ်စက် အနားယူလိုက်ကြသည်။ အနား ယူပြီး ခဏအကြာမှာပင် ရောင်နီထွက်လာပြီ ဖြစ်သည့်အတွက် သိုက်ဆရာ ငထွား သည် တပည့်ကျော် ကျောက်ဖားကို ခေါ်ဆောင်ပြီး ရွာအနောက်ဘက် ညောင် ထန်းပင်ကြီးရှိရာသို့ ရှေ့ရှု၍ ထွက်လာခဲ့ကြတော့သည်။

ကျောက်ဘီလူးမကြီး သို့မဟုတ် မယ်ဝဏ္ဏာသည်ကား သိုက်ဆရာ ငထွားကို အထင်သေးမိသည့်အတွက် အလစ်အငိုက်မိခံလိုက်ရလေပြီ။ မယ်ဝဏ္ဏာ အနေနှင့် တကယ်တမ်း ရင်ဆိုင်လိုက်ရသည့်အခါကျမှ သိုက်ဆရာအစွမ်းမှန်း သိသွားတော့သည်။

သို့သော် ဤသို့ သိရှိလိုက်ရသည့် အချိန်တွင်မူကား နောက်ကျခဲ့လေပြီ။ အကြောင်းကမူ သိုက်ဆရာ ငထွား၏ ချည်မန်းကွင်းက သူမ လည်ပင်းတွင် စွပ်နေပြီ ဖြစ်သောကြောင့်ပင်။

သိုက်ဆရာ ငထွားက ကျောက်ဘီလူးမ မယ်ဝဏ္ဏာ၏ အဖြစ်ကိုကြည့်ပြီး အောင်ပွဲရ စစ်သူကြီးပမာ ဟားတိုက်ရယ်မောနေသည်။

"ဟား ဟား ဟား ငထွားကို အထင်သေးတဲ့ ဘီလူးမကြီး မယ်ဝဏ္ဏာ ခင်ဗျားအခု ဘာများတတ်နိုင်သေးလဲဗျာ ပြောစမ်းပါဦး"

မယ်ဝဏ္ဏာအနေနှင့် သိုက်ဆရာ လက်ဦးသွားပြီ ဖြစ်သည့်အတွက် အံကြိတ်ပြီး မျက်ထောင့်နီကြီးနှင့် စိုက်ကြည့်နေရုံက လွဲ၍ဘာမှ မတတ်နိုင်ရှာ တော့ပေ။ သိုက်ဆရာ ငထွားသည်မျှ အစွမ်းထက်လိမ့်မည်ဟု မထင်ခဲ့မိသည့် သူမကိုယ်သူမသာ ကြိတ်ပြီး အပြစ်တင်နေမိရှာသည်။

သူမ စိတ်ထဲတွင်လည်း

"သူတော်စင် ဘိုးဘိုးကြီး ကိုယ်တိုင် လာရောက်ပြီး သတိပေးထားပါ လျက်နဲ့ အခုလို ဖြစ်ရတာ ငါ သိုက်ဆရာကို အထင်သေးမိလို့ပဲ"

ဟု တွေးတောကာ မချင့်မရဲ ဖြစ်နေမိသည်။

ငထွား၏ ကျယ်လောင်သည့် အသံကြီးက ပေါ်လာပြန်သည်။

"ဒီမှာ ဘီလူးမကြီး၊ ခင်ဗျား ကျုပ်တို့ ဆရာတပည့် ပြောဆိုနေတာကို လာချောင်းတာ မသိဘူးလို့များ ထင်နေသလား၊ သိတယ်ဗျ ကျုပ် သိတယ် တမင်သက်သက် မသိချင်ယောင် ဆောင်နေတာဗျ နားလည်ပြီလား"

ကျောက်ဖားကမူ သူ့ဆရာကြီး ဘေးတွင် ရပ်နေရင်းက မျက်လုံးနီကြီးဖြင့် စူးစိုက်ကြည့်နေသည့် ကျောက်ဘီလူးမရုပ်ကြီး အသက်ဝင်လာသလို ဖြစ်လာခြင်းအား ကြည့်ရင်း အံ့သြနေသည်။

သူ့အနေနှင့် သည်ရွာသား ဖြစ်သည့်အတွက် ကျောက်ဘီလူးမရုပ်ကြီးကို အကြိမ်ပေါင်း အခါပေါင်းများစွာ တွေ့ခဲ့မြင်ခဲ့ဖူးသော်လည်း အသက်ဝင်လာလိမ့်မည်ဟု မထင်မိသည်က အမှန်ပင်။

အခုတော့ မထင်မှတ်တာတွေ ဖြစ်လာခဲ့လေပြီ။ ထို့အပြင် အသက်ဝင်လာသည့် ကျောက်ဘီလူးမကြီးကို ချည်မန်းကွင်းနှင့် ဖမ်းဆီးနိုင်သည့် သူ့ဆရာကြီး၏ ပညာစွမ်းကိုလည်း အားကျနေမိသည်။

လည်ပင်းတွင် ချည်မန်းကွင်း စွပ်နေပြီ ဖြစ်သည့်အတွက် ကျောက်ဘီလူးမ မယ်ဝဏ္ဏတစ်ယောက် ထွက်မပြေးနိုင်မှန်း စိတ်ချရပြီမှန်း သိလိုက်သည့် ဆရာထွားက တပည့်ကျော် ကျောက်ဖားဘက်သို့ လှည့်ကြည့်ပြီး ပြောဆိုညွှန်ကြားလိုက်သည်။

"ကဲ တပည့်ကျော် ကျောက်ဖား ဆရာညက ညွှန်ကြားထားတဲ့အတိုင်း တပည့် လုပ်ဆောင်ရမယ်၊ ကဲ ဆရာ့ အခြေအနေကို ဒီကပဲ အသာ စောင့်ကြည့်နေခဲ့၊ ဆရာ ရေကန်ဘောင်ပေါ်တက်ပြီး မန္တန်ရွတ်လိုက်ဦးမယ်ဟေ့"

ဤသို့ပြောဆိုမှာကြားပြီးသည်နှင့် ဆရာထွားသည် လျင်မြန်သွက်လက်သည့် ခြေလှမ်းကျဲကြီးများဖြင့် ကန်ဘောင်ပေါ်သို့ တက်သွားပြီး မန္တန်များကို မန်းမှုတ်နေလေတော့သည်။

"ဉုံ သတ္တရဘာန် တောင်စဉ် ခုနစ်ထပ် ပိုင်းပိုင်းပြတ်၏
ဉုံ ကောင်းကင်မှာလည်း စန္ဒာလမင်း စင်းစင်းသေ၏
ဉုံ ဖဟိ ဖဟိ မဟိသ မဟိရာဇ ဖဟိ ဖဟိ ထွက်လာလော့"

ဉုံခံ၍ မန္တန် ခုနစ်အုပ် စုတ်ပြီးသည်နှင့် ဆရာထွားက ကန်ဘောင်ပေါ်သို့ ဖနောင့်ပေါက်ချလိုက်သည်။ ဖနောင့်ပေါက်ပြီး မကြာမီမှာပင် ရေကန်ထဲမှ ကျွဲရုပ်ကြီး ပေါ်ထွက်လာသည်။

ကျွဲရုပ်ကြီး ရေကန်စပ်သို့ ရောက်လာသည်နှင့် ဆရာထွားက လျှင်မြန်စွာပင် ချည်မန်းကွင်း စွပ်၍ ဖမ်းထားလိုက်ပြန်သည်။ ကျွဲရုပ်ကြီးက လူပ်ရှားရုန်းကန်နေသော်လည်း မည်သို့မျှ ချည်မန်းကွင်း အစွမ်းကြောင့် ထွက်မပြေးနိုင်တော့ချေ။

ကျောက်ဖားတစ်ယောက် ကန်ဘောင်ထဲမှ ကျွဲရုပ်ကြီးပေါ်လာသည်ကို လည်းကောင်း ရုန်းကန်နေသည်ကို လည်းကောင်း၊ ခပ်လှမ်းလှမ်းမှ ရပ်ကြည့်ရင်း အံ့အားသင့်နေမိပြန်သည်။

သူ အံ့သြငေးမော ကြည့်ရှုနေဆဲမှာပင် ဆရာကြီး၏ အသံကို ကြားလိုက်ရသည်။

"ဟေ့ ကျောက်ဖား အခု အမြန်လာခဲ့စမ်း"

"လာပါပြီ ဆရာကြီး ခင်ဗျာ"

ကျောက်ဖားလည်း စကားဆုံးသည်နှင့် ဆရာကြီးရှိရာ ကန်ဘောင်ပေါ်သို့ အပြေးအလွှား တက်သွားတော့သည်။ သူ့အနားသို့ ရောက်သည်နှင့် ဆရာကြီးက ကျောက်ဖားကို ဆေးကြိမ်လုံး ပေးလိုက်ပြီး အရေးတကြီး ပြောဆို မှာကြားတော့သည်။

"ကိုင်းဟေ့ တပည့်ကျော် ကျောက်ဖား ဆရာကြီး ညကပြောဆိုမှာကြားထားတဲ့အတိုင်း တိတိကျကျ လိုက်နာပါ၊ ချည်မန်းကွင်းကို စွပ်ထားလိုက်တဲ့အတွက် ကျွဲရုပ်ကြီး ရုန်းကန်နေပေမယ့် ဘယ်လိုမှ မပြေးနိုင်တော့ဘူးဟေ့၊ တပည့်က ဆေးကြိမ်လုံးနဲ့ ရွယ်ရုံရွယ်ထား လုံးဝ သွားမရိုက်နဲ့နော် ကြားလားဟေ့"

"စိတ်ချပါ ဆရာကြီး ခင်ဗျာ"

"အေး ဆရာကြီး အခုလို အထပ်ထပ်မှာကြားနေတာ အရေးကြီးလို့ပဲဆိုတာ မှတ်ထားပေတော့၊ ဆရာကြီး ဆရာကြီး မန္တန်စုတ်ပြီး မန်းမှုတ်ရဦးမယ်"

သိုက်ဆရာ ငထွားသည်လည်း တပည့်ကျော် ကျောက်ဖားကို အတန်တန် မှာကြားပြောဆိုပြီးသည်နှင့် မန္တန်ကိုသာ စူးစိုက်၍ ရွတ်ဖတ်မန်းမှုတ်နေတော့သည်။ ကျောက်ဖားကလည်း ဆရာကြီး အမိန့်ပေးထားသည့်အတိုင်း ကျွဲရုပ်ကြီး

ကို ဆေးကြိမ်လုံးနှင့် ရွယ်ထားလိုက်သည်။

ထိုအချိန်တွင် ဦးဖြိုး၊ ဒေါ်သာ မယ်ဖြူ မယ်ညိုတို့သည်လည်း ယာခင်းထဲသို့ ထွက်လာနေကြလေပြီ။ ထမင်းဟင်း တောင်းများကိုရွက်၍ လာနေကြရာမှ ဦးဖြိုးက ဇနီးဖြစ်သူကို ပြောလိုက်သည်။

"သမီးတို့ အမေ"

"ဘာများလဲ တော်"

"ကျုပ် စိတ်ထဲ ဒီနေ့ ဘယ်လိုများ ဖြစ်တယ် မဆိုနိုင်ဘူး၊ ရှင်မနေ့ မယ်တော်ကြီးဆီကို အရင်ဆုံး ဝင်ကြည့်ချင်တဲ့စိတ်တွေ ဖြစ်နေတယ်"

ခင်ပွန်း၏ စကားအဆုံးတွင် မယ်ဖြူ ကလည်း သူ့မ စိတ်ထဲရှိသည့် စကားကို ဝင်ရောက်ပြောဆိုလိုက်ပြန်သည်။

"ဟုတ်တယ် အဖေ၊ သမီးလည်း ဘယ်လိုကြောင့်မှန်း မသိဘူး၊ အဘွား ဆီကို အရမ်းသွားချင်နေတယ်"

"ဟုတ်တယ် သမီးရေ၊ အမေ စိတ်တွေလည်း လေးနေသလို ခံစားနေရ တယ်ကွယ့်"

"ဒီလိုဆိုရင် အဘွားဆီ အရင်ဦးဆုံး သွားကြမယ်လေ"

နောက်ဆုံးစကားကို မယ်ညိုကပင် ပြောဆိုလိုက်ခြင်းပင် ဖြစ်သည်။

"ကဲ တို့ မိသားစု လေးယောက်စလုံး စိတ်တွေ တူညီနေကြတဲ့ အတွက် ယာခင်းထဲကို မသွားမီ မယ်တော်ကြီးဆီ အရင်ဆုံး ဝင်ကြတာပေါ့ လာ လာ သွားကြမယ်"

ဤသို့ဖြင့် မိသားစု လေးယောက်စလုံး စကားမပြောကြတော့ဘဲ ခြေလှမ်းသွက်သွက်လှမ်း၍ လာခဲ့ကြရာ မကြာမီ ရွာအနောက်ဘက် ညောင်ထန်း ပင်ကြီးအနီး ကျောက်ဘီလူးမကြီးကို လှမ်းမြင်နိုင်သည့် နေရာသို့ ရောက်လာကြ လေပြီ။

"ဟင် အလို ကန်ဘောင်ပေါ်မှာ လူနှစ်ယောက်ပါလား၊ သမီးတို့က မျက်စိကောင်းတာမို့ ဘယ်သူတွေလဲဆိုတာ ကြည့်ပြီး အဖေ့ကိုပြောပြစမ်း"

"ဟင် ကျောက်ဖား ကျောက်ဖားနဲ့ နောက်တစ်ယောက်ပဲ အဖေရဲ့ လူကြီးက လူထွားကြီး အဖေရဲ့"

မယ်ဖြူက ပြောဆိုလိုက်ခြင်း ဖြစ်သည်။ မယ်ညိုကလည်း သူ့အထင် ကို ဝင်ရောက်ပြောဆိုလာပြန်သည်။

"ဒီ ဒီ လူထွားကြီးဟာ သမီးသူငယ်ချင်း ရွှေစာ ပြောပြောနေတဲ့ သိုက်ဆရာကြီးပဲ ဖြစ်လိမ့်မယ် အဖေ"

"ဟင် ဟုတ်လားသမီး၊ အဖေလည်း ကြားရတယ်"

"ဟုတ်တယ် သမီးတို့အဖေ၊ ကျွန်မတို့ရွာထဲကို သိုက်ဆရာတစ်ယောက် ရောက်နေတယ်၊ ရွာခံ ကျောက်ဖားက အဲ့ဒီသိုက်ဆရာဆီမှာ တပည့်ခံနေတယ်လို့ မယ်သုံက ပြောပြတယ်ရှင့်"

"ဟင် ဒါဆို ဒုက္ခပါပဲ ဒီ သိုက်ဆရာ မယ်တော်ကြီးကို ဒုက္ခပေးဖို့ ရောက်လာတာပဲ ဖြစ်မယ်၊ လာ လာကြ အမြန်ဆုံး မယ်တော်ကြီးဆီ သွားကြရအောင်"

ခဏအကြာမှာပင် မိသားစု လေးယောက်စလုံး ကျောက်ဘီလူးမ မယ်ဝဏ္ဏာ ရှေ့သို့ ရောက်လာကြသည်။ ကျောက်ဘီလူးမကြီးသည်လည်း သူတို့မိသားစုလေးယောက်ကို မြင်လိုက်သည်နှင့် သူသည်ဒုက္ခမှ ကောန်လွတ်မြောက်တော့မည်မှန်း သိလိုက်သည့်အတွက် အားတက်လာသည်။

ဦးဖြိုးတို့ မိသားစု လေးယောက်သည်လည်း သူတို့ကို ကြည့်ရှုဆောင့်ရှောက်ပေးခဲ့သည့် ကျေးဇူးရှင် ကျောက်ဘီလူးမ မယ်တော်ကြီး၏ လည်ပင်းတွင် စွပ်ထားသည့် ကြိုးကွင်း (ချည်မန်းကွင်း)ကို တွေ့ကြရသည်။

သို့သော် ချည်မန်းကွင်းမှန်း မသိကြသည့်အတွက် ဘာလုပ်ပေးရမည်မည်သို့ အကူအညီပေးရမည်မှန်း မတွေးတော့ မစဉ်းစားနိုင်ကြပေ။ ဦးဖြိုးတို့မိသားစုသည်ကား တကယ်ပင် ရိုးသားရှာသည့် တောင်သူတောင်သားများ ပီသလှပါဘိ။

ကျောက်ဘီလူးမ မယ်ဝဏ္ဏာကလည်း ရိုးသားလွန်းသည့်အတွက် အသလို ဖြစ်နေကြသည့် မိသားစု လေးယောက်စလုံး သူ့ကို ကူညီလိုသော်လည်း ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ ဖြစ်နေမှန်း ရိပ်မိသည်။ ထို့ကြောင့် ဦးဖြိုးကို စူးစိုက်ကြည့်ပြီး အသံထွက်၍ အကူအညီ တောင်းလိုက်လေသည်။

သို့သော် ကျိန်စာသင့်နေသည့်အတွက် ကျောက်ရုပ်ခန္ဓာကိုယ်နှင့်မလိုက်အောင်ပင် အသံလေးက သြောင်နာ့နာ ဖြစ်နေရှာသည်။

"ငဖြိုး သား သားရယ် မယ်တော်ကို ကယ်ပါဦး၊ မယ်တော့လည်ပင်းကချည်မန်းကွင်းကို ဖြုတ်ပေးစမ်းပါ သားရယ် အမေ နေရ ထိုင်ရ ခက်လွန်းလို့ပါ"

ပထမတွင် ဦးဖြိုးတစ်ယောက် အံ့အားသင့်နေမိသေးသည်။ အိပ်မက်ထဲ

၌သာ ပြောဆိုသည့် အသံကို ကြားခဲ့ရဖူးသည်။ ယခုလို အပြင်ဘက်တွင် တစ်ခါမျှ မကြားဘူးသည့်အတွက် အံ့အားသင့်နေခြင်းပင်။

သို့သော် အံ့အားသင့်နေသည်ထက် ကြောက်လန့်စိတ်ကလည်း ပေါ်လာပြန်သေးသည်။ ဤတွက် မယ်ဝဏ္ဏာ ထပ်မံတောင်းပန်လိုက် ပြန်သည်။

"သားရယ် အမေ ပူလွန်းလို့ သနားပါဦး သားရယ်၊ ချည်မန်းကွင်းကို ဖြုတ်ပေးပါလားကွယ်၊ သားရဲ့ကျေးဇူးကို အမေ ပြန်ဆပ်ပါ့မယ်၊ မြန်မြန် မြန်မြန် ဖြုတ်ပေးပါလား သားရယ်"

ဦးဖြိုးသည်လည်း သူတို့ မိသားစုအပေါ်၌ ကျေးဇူးရှိသည့်အပြင် သနားကရုဏာ သက်လာသည့်အတွက် အရဲစွန့်ကာ ချည်မန်းကွင်းကို လည်ပင်းမှ ဖြုတ်ပြီး လွှင့်ပစ်လိုက်လေတော့သည်။

ဤကဲ့သို့ ဦးဖြိုးတစ်ယောက် ချည်မန်းကွင်း ချွတ်ပေးလိုက်ခြင်းကို မန္တန်မန်းမှုတ်နေသည့် သိုက်ဆရာ ငထွား လုံးဝမသိလိုက်သလို ကန်ဘောင်စပ်မှ ကျွဲရုပ်ဘက်သို့ လှည့်ပြီး ဆေးကြိမ်လုံးနှင့် ရွယ်ထားသည့် ကျောက်ဖားသည် လည်း မရိပ်မိလိုက်ပေ။

ထိုအချိန်နှင့်တစ်ပြိုင်တည်းလိုလိုပင် သိုက်ဆရာ ငထွား၏ မန္တန်မှုတ်ခြင်းသည်လည်း ပြီးဆုံး အောင်မြင်သွားတော့သည်။ မန္တန်၏အစွမ်းကြောင့် ကန်ဘောင်ထဲမှ ရွှေလှေကြီးသည်လည်း ရေပေါ်သို့ တဖြည်းဖြည်း ပေါ်လာနေလေပြီ။

သိုက်ဆရာ ငထွားလည်း သူ့အကြံအစည် အောင်မြင်ဟော့မည်ဟု တွေးတောမိပြီး ဝမ်းသာအားရနှင့် ကန်ရေပြင်ပေါ်တွင် ပေါ်လာသည့် ရွှေလှေကြီးကို ငေးကြည့်နေသည်။

သည်ခဏမှာပင် ကျောက်ဘီလူးမ မယ်ဝဏ္ဏာသည် ကျောက်ဖားအနီးသို့ လျင်မြန်စွာ ရောက်ရှိလာပြီး ငေါက်ငမ်းပြောဆိုလိုက်သည်။

"ဟဲ့ ကျောက်ဖား ကျွဲရုပ်ကြီးကို လွှတ်လိုက်စမ်း"

"ဟဲ့ ကျောက်ဖား၊ ကျွဲရုပ်ကြီးကို လွှတ်လိုက်စမ်းဟဲ့"

ကျောက်ဘီလူးမကြီး၏ အော်ဟစ်ပြောဆိုသံ ကြားလိုက်ရသည်နှင့် စိတ်ထင်ရာ စွတ်လုပ်တတ်သည့် ကျောက်ဖားတစ်ယောက် သူ့ဆရာကြီး အတန်တန် ပြောဆိုခဲ့သည့် သတိပေးစကားကို မေ့လျော့၍ ဒေါသအကြီးအကျယ် ထွက်လာတော့သည်။

ထို့ကြောင့် ဒေါသထွက်ထွက်နှင့် လက်ထဲတွင် ကိုင်ထားသည့် ဆေး

ကြိမ်လုံးကိုမြှောက်ပြီး ကျွဲရုပ်ကြီးကို တအားကျုံးရိုက်လိုက်တော့သည်။

သူ့အကြံက ကျွဲရုပ်ကြီးကို မလှုပ်နိုင်အောင် ရိုက်နှက်ဆုံးမပြီးမှ အော်ဟစ်ငေါက်ငမ်းလာသည့် ဘီလူးမကို ရိုက်မည်ဟူသည့် အကြံပင်ဖြစ်သည်။ သို့သော် ထိုခဏမှာပင် ကျွဲရုပ်ကြီးထံမှ စူးစူးဝါးဝါး အသံများ ထွက်ပေါ်လာပြီး ကန်ရေပြင်ထဲသို့ ပြန်လည် ငုပ်လျှိုးဝင်သွားလေတော့သည်။

တစ်ဖက်တည်းမှာပင် ရွှေလှေသည်လည်း ရေကန်အလယ်မှ အရှေ့တောင်ဘက်ဆီသို့ လျင်မြန်စွာ ရောက်ရှိသွားပြီး တောင်ကို ဖောက်ခွဲ၍ ထွက်သွားလေတော့သည်။

(ရွှေလှေ ဖောက်ဝင်သွားသည့် တောင်ကို ယနေ့တိုင် 'လှေထွင်းတောင်' ဟု ခေါ်ကြသည် ...စာရေးသူ)

သိုက်ဆရာ ဆရာထွားကား မလိမ္မာသည့် တပည့်ကြောင့် ကြမ္မာဆိုးဝင်မွှေလေပြီ။ တစ်နည်းအားဖြင့် ဆိုရပါမူ ကျေးဇူးရှင် ကျွေးဖခင် ဆရာကြီးကို အဆိပ်ခတ်သောကြောင့် ကြံခဲ့သည့် အကုသိုလ်က အကျိုးပေးလာခြင်းပင် ဖြစ်သည်။

ရွှေလှေတောင်ကို ဖောက်ထွက်သွားသည့် ခဏမှာပင် မည်သို့ဖြစ်သည်မဆိုနိုင်။ သိုက်ဆရာ ဆရာထွားနှင့် တပည့်ကျော် ကျောက်ဖားတို့၏ ထိတ်လန့်တကြား အသံနက်ကြီးဖြင့် အော်ဟစ်လိုက်သည့် အသံကို ဦးဖြိုးတို့ မိသားစုအားလုံး ကြားလိုက်ကြရသည်။

"အား"

"အား"

သည်တစ်ခွန်းတည်းသာ အော်ဟစ်နိုင်လိုက်ပြီး ဆရာတပည့်နှစ်ယောက်စလုံး မြေကြီးပေါ်သို့ လဲကျပြီး အသက်ပျောက်သွားကြရှာသည်။ သူနှင့်မထိုက်တန်သည့် ပြဒါးရှင်လုံးနှင့်ပြဒါးပြာလုံးကို လိုချင်တပ်မက်ခဲ့မိသည့် လောဘအကြောင့်လည်းကောင်း၊ ဆရာ့စကားကို နားမထောင်ခဲ့သည့် တပည့်မိုက်ကျောက်ဖာကြောင့်လည်းကောင်း၊ ယခုအခါ သိုက်ဆရာနှင့်တပည့် နှစ်ဦးစလုံး ဇာတ်သိမ်းမလှပနိုင်ကြသည်ကား အမှန်ပင် ဖြစ်ပါတော့သည်။

ကျောက်ဘီလူးမ မယ်ဝဏ္ဏကား ကျေးဇူးသိတတ်သူ ဖြစ်သောကြောင့်လည်းကောင်း၊ သူတော်စင် မဟိန္ဒရာ ဘိုးတော်ကြီး ယခင်ကျိန်စာသင့်စ အချိန်တပင် ပြောဆိုမိန့်ကြားခဲ့သည့် စကားများကြောင့်လည်းကောင်း၊ သူ ဒုက္ခရောက်

နေ့စဉ် ကူညီကယ်တင်ပေးခဲ့ကြသည့် ဦးဖြိုးတို့မိသားစုကို ကျေးဇူးဆပ်ရန် ဆုံးဖြတ်လိုက်တော့သည်။ ထို့ကြောင့်

"ငဖြိုး ငါပြောမယ့် စကားကို သေသေချာချာ နားထောင်စမ်းဟဲ့"

"ဟုတ်ကဲ့ ပြောပါ မယ်တော်ကြီးခင်ဗျာ"

ကျောက်ဘီလူးမ မယ်ဝဏ္ဏာ၏အကျည်းတန်လှသည့် ရုပ်ရည်က ပြောင်းလဲမသွားသော်လည်း စကားသံကမူ ပင်ကိုယ်အတိုင်း ကြည်လင်နေလေပြီ။

"နင်တို့မိသားစုရဲ့ကျေးဇူးတွေ ငါ့အပေါ်မှာ အများကြီးရှိတယ် ငဖြိုး၊ နင်တို့ဟာ မမေ့မလျော့ဘဲ ငါ့ကို နေ့စဉ် စားဦးသောက်ဦးနဲ့ တင်မြှောက်ပသခဲ့ကြတဲ့အပြင် အခု ငါ ဒုက္ခအကြီးအကျယ်ရောက်နေတော့လည်း ငါ့လည်ပင်းက ချည်မန်းကွင်းကို ချွတ်ပေးခဲ့ကြပြန်တယ်၊ ဒါကြောင့် နင်တို့ရဲ့ကျေးဇူးကို ငါ ပြန်ဆပ်မယ်၊ ကျောက်ရုပ်ကြီးရဲ့အောက်ခြေ မြေကြီးထဲမှာ ရွှေငွေ ကျောက်သံပတ္တမြားတွေ အများကြီး ရှိတယ်၊ နင်တို့တတွေ တူးပြီး အကုန်ယူလိုက်ကြပေတော့"

ဤသို့ပြောဆိုပြီးသည့်နောက် ကျောက်ဘီလူးမကြီး သို့မဟုတ် ကျိန်စာသင့်နေရှာသည့် မယ်ဝဏ္ဏာသည်လည်း ထိုနေရာမှ လျှင်မြန်စွာ ထွက်သွားပါလေတော့သည်။

■ ■ ■

## အခန်း (၁၁)

ဤနေရာသည်ကား ဆင်ဖြူတော် သုံးစီး မြေတွင်းထဲသို့ ငုပ်လျှိုးဝင်သွားခဲ့သည့်အတွက် 'ဆင်ဖြူတောင်'ဟု မကြာခင်ကလေးကမှ နာမည်သတင်းကြီးလာခဲ့သည့် တောင်ထူးတောင်မြတ် ဖြစ်သည်။

အချိန်က ခုနစ်စင်ကြယ်ပြောင် အမြီးထောင်၍ သန်းခေါင်ယံသို့ ရောက်လာလေပြီ။ မကြာမီ တောင်တက်လမ်းလေးအတိုင်း ဆင်ဖြူတောင်ပေါ်သို့ အရိပ်သဏ္ဍာန်တစ်ခုက လျင်မြန်စွာ တက်လာနေသည်။

အ,ကာလ ညဥ့်သန်းခေါင်ယံ အချိန်တွင် ဆင်ဖြူတောင်ပေါ်သို့ မကြောက်မရွံ့ ရဲဝံ့စွာ တက်လာနေသည့် သဏ္ဍာန်ရှင်ကား မည်သူဖြစ်ပါသနည်း။

မည်သို့သော အကြောင်းကြောင့် ယခုကဲ့သို့ အချိန်မတော်ကြီး တက်လာသည်ဆို ခြင်းကိုမူ ကာယကံရှင်ကလွဲ၍ မည်သို့မျှ သိကြမည် မဟုတ်ပေ။

လပြည့်ည၏ အလင်းရောင်ကြောင့် တက်လာသည့် သဏ္ဍာန်ရှင်ကို ဆင်ထင်ရှားရှား မြင်တွေ့နိုင်သည်။ ထိုသဏ္ဍာန်ရှင်သည်ကား အခြားသူမဟုတ်

ချေ။ ကျောက်ဘီလူးမ မယ်ဝဏ္ဏာသာ ဖြစ်တော့သည်။

မယ်ဝဏ္ဏာတစ်ယောက် လျင်မြန်စွာ ပြေးတက်သွားရာ မကြာမီ ဆင်ဖြူတော်သုံးစီး ဝင်သွားခဲ့သည့် တွင်းနှင့် မလှမ်းမကမ်း မြေကွက်လပ်သို့ ရောက်လာသည်။

မြေကွက်လပ်နှင့် မနီးမဝေး၌လည်း ပုဆိုးတစ်ကွင်းစာမျှမကသည့် ကညင်ပင်ကြီးက ထီးထီးမားမား ရပ်တည်နေသည်။ ကျောက်ဘီလူးမ မယ်ဝဏ္ဏာသည် ကညင်ပင်ကြီးအောက်သို့ လျှောက်သွားလိုက်သည်။

ကညင်ပင်အောက်ခြေတွင် သစ်ရွက်ခြောက်နှင့်တူသည့် အရာဆို၍ တစ်ရွက်တလေမျှပင် မတွေ့ရသည့်အပြင် တလင်းပြင်ပမာ စည်မျက်နှာအလားကဲ့သို့ ညီညာနေသည်။

မယ်ဝဏ္ဏာ၏အသွင်က တစ်စုံတစ်ယောက်ကို စောင့်မျှော်နေသည့်ဟန်ဖြင့် တောင်တက်လမ်းဆီသို့ မကြာခဏ လှည့်ကြည့်နေသည်ကိုလည်း တွေ့မြင်နေရသည်။

မကြာမီ တောင်တက်လမ်းအတိုင်း တောင်ပေါ်သို့ တရွေ့ရွေ့ တက်လာသည့် အဘိုးအိုတစ်ယောက်ကို လရောင်ကြောင့် မယ်ဝဏ္ဏာ တွေ့လိုက်ရသည်။ လက်ထဲတွင် နဂါးခေါင်း တောင်ဝှေးကို ကိုင်ဆောင်ထားပြီး တောင်ပေါ်သို့ တက်လာနေသည့် အဘိုးအိုသည်ကား သူတော်စင် ဘိုးဘိုးကြီး မဟိန္ဒရာပင် ဖြစ်သည်။

သူတော်စင် ဘိုးဘိုးကြီး သူမနားသို့ ရောက်လာသည်နှင့် မယ်ဝဏ္ဏာသည် လျင်မြန်စွာ ဒူးတုပ်၍ ထိုင်လိုက်ပြီး အရိုအသေ ပြုလိုက်သည်။ သူတော်စင်ကြီးက မယ်ဝဏ္ဏာကို အေးချမ်းတည်ငြိမ်စွာ စူးစိုက်ကြည့်ရှုလိုက်ပြီးနောက် မိန့်ကြားလိုက်လေသည်။

"မယ်ဝဏ္ဏာရဲ့ လုပ်ဆောင်ချက်တွေ အောင်မြင်ခဲ့တယ်ဆိုတာရယ်၊ ပြီးတော့ သမီးရဲ့ကျေးဇူးသိတတ်တဲ့ စိတ်ထားကိုလည်း ဘိုးဘိုးနဲ့တကွ သက်ဆိုင်ရာ အထက်ပုဂ္ဂိုလ်ကြီးတွေက အသိအမှတ် ပြုခဲ့ကြတယ်၊ ဒါကြောင့် မယ်ဝဏ္ဏာရဲ့ကျိန်စာသင့်နေတဲ့ ဘဝဆိုးကနေပြီးတော့ လွတ်မြောက်ပါပြီကွယ်"

"ဝမ်း ဝမ်းသာလိုက်တာ ဘိုးဘိုးရယ်၊ သမီးတော်အနေနဲ့ ဘယ်လိုဝမ်းသာတယ်ဆိုတာကို ပြောမပြတတ်လောက်အောင်ပါပဲ ဘိုးဘိုးရယ်"

"ဝမ်းသာမယ်ဆိုလည်း ဝမ်းသာစရာပေပဲကိုး၊ သို့သော်လည်း သိပ်ပြီးတော့ ဝမ်းသာမနေနဲ့ဦး မယ်ဝဏ္ဏာ"

"ရှင် ဘယ်လိုကြောင့်ပါလဲ ဘိုးဘိုးရယ်"

" ဘိုးဘိုးအနေနဲ့ မယ်ဝဏ္ဏာကို ကျိန်စာဆိုးက လွတ်မြောက်အောင် အခုကြွလာခဲ့တာပါပဲ၊ ဒါကြောင့် လွတ်မြောက်မှာတော့ သေချာပါတယ်၊ ဒါထက် မယ်ဝဏ္ဏာကို ဘိုးဘိုး မေးကြည့်ရဦးမယ်၊ သမီးတော် ကျိန်စာသင့်နေတဲ့ နှစ်ပေါင်း ဘယ်ရွေ့ဘယ်မျှ ရှိခဲ့ပြီ ဆိုတာကိုကော မှတ်မိရဲ့လား"

"မှတ်မိပါတယ် ဘိုးဘိုးရှင့်၊ ကျွန်တော်မျိုးမ ဒီဘဝဆိုးကို ရောက်လာခဲ့တာ အခု နှစ်ပါနဲ့ဆိုရင် အနှစ်ရှစ်ဆယ်တိတိ ရှိခဲ့ပါပြီ ဘိုးဘိုးရယ်"

မယ်ဝဏ္ဏာ၏ စကားအဆုံးတွင် သူတော်စင်ကြီးက ခေါင်းတဆတ်ဆတ် ညိတ်၍နေသည်။ ခဏကြာမှပင် ဆက်၍ မေးမြန်းလာပြန်သည်။

"ဒါဆိုရင် သမီးတော် စဉ်းစားကြည့်စမ်း၊ အခုနေ လူ့ဘဝကို ပြန်ရောက်ရင် အနည်းဆုံး သမီးရဲ့အသက်ဟာ တစ်ရာပြည့်လို့ စွန်းတောင် စွန်းနေပြီကွယ့်၊ ဘိုးဘိုးပြောတာ မှန်ရဲ့လား"

"မှန်ပါတယ် ဘိုးဘိုးရယ်၊ ကျွန်တော်မျိုးမ အသက်ဟာ တစ်ရာ့တစ်နှစ် ရှိပါပြီ ဘိုးဘိုး"

"ဒါဆိုရင် ဘိုးဘိုး ထပ်မေးကြည့်ရဦးမယ်၊ သမီးတော် စဉ်းစားပြီး ပြန်ဖြေနော်၊ လူ့ဘဝကို ပြန်ရောက်တာနဲ့ သမီးရဲ့ ရုပ်ရည်ဟာ အရင်လို လှပနေနယ်လို့ ထင်သလားကွယ့်"

"ရှင်"

သူတော်စင် ဘိုးဘိုးကြီး ဆိုလိုသည့် အဓိပ္ပါယ်ကို သူမ ရိပ်စားမိလာလေပြီ။ သူမ စိတ်ထဲတွင် တွေးတော ဆင်ခြင်ရင်း စိတ်ထဲမှ ပြောနေမိသည်။

"ဟင် ဟုတ်ပေသားပဲ ဒီလို ဒီလိုဆိုရင် လူပြန်ဖြစ်တာနဲ့ ငါဟာ အဘွားကြီး ဖြစ်သွားလိမ့်မယ်လို့ ဘိုးဘိုးဆိုလိုတာများလား မသိဘူး၊ ဘုရား ဘုရား ဘုရား ကယ်တော်မူပါ"

အလှအပကို မက်မောတွယ်တာလွန်းသည့် ဣတ္ထိယ မိန်းမသားတို့၏ သဘာဝအတိုင်း မလှပတော့မည့်အရေးကို တွေးတောမိပြီး သူမ ဘုရားတနေမိ၏။

"သမီးတော်လေး သဘောပေါက်ရဲ့လားကွယ့်"

"ဟုတ်ကဲ့ရှင့် အတိအကျ သဘောမပေါက်ပေမယ့်လို့ ရိပ်မိသလိုတော့ ရှိပါပြီ ဘိုးဘိုးရယ်"

"အင်း ပြောရမယ်ဆိုရင် သမီးတော် လူ့ဘဝကို ပြန်ရောက်တာနဲ့ အမယ်အိုကြီးအသွင် ဖြစ်သွားလိမ့်မယ်၊ ထပ်ပြီး ပြောရရင် လူ့ဘဝမှာ ခုနစ်ရက် ထက်ပိုပြီး နေရလိမ့်မယ် မထင်ဘူး၊ ဇီဝိန်ချုပ်ပြီး သေမှာကျိန်းသေပဲ သမီးတော်၊ ဒါကြောင့် ဘိုးဘိုးက ဝမ်းသာမစောနဲ့ဦးလို့ ပြောခဲ့တာပဲကွယ့်"

"ဒီလိုမျိုး အဖြစ်အပျက် ရှိခဲ့ဘူးလို့လား ဘိုးဘိုး"

"ရှိပြီလား သမီးတော်၊ လူ့ဘဝရဲ့ သက်တမ်းဟာ တစ်ရာ့တမ်းပဲ ရှိတယ် သမီးတော်၊ လူသားမှန်သမျှ အိုရမယ့် နာရမယ့် သေရမယ့် သဘာဝကို လွန်ဆန်လို့ မရပေဘူးကွယ့်"

ဘိုးဘိုးကြီး၏ စကားအဆုံးတွင် သူမ စောဒက တက်ကြည့်မိလိုက် ပြန်သည်။

"ဘိုးဘိုးတို့ကျတော့ ဘာဖြစ်လို့ အသက်ရှည်နေတာလဲ ဆိုတာ သိပါရစေ"

"ဘိုးဘိုးတို့ ရာကျော်သက်တမ်းအထိ နေနိုင်တာက ဂန္ဓာရီ ပညာရပ်မှာ ရှိတဲ့ လောကီဆေးဝါးတွေနဲ့ ဒီခန္ဓာကိုယ်ကြီးကို မအိုအောင် ပြုပြင်ထားလို့ပဲ ဖြစ်တယ်၊ သမီး နားလည်မယ့်စကားနဲ့ ပြောရမယ်ဆိုရင်တော့ ပြဒါးပြာ စားထား တဲ့အတွက်ကြောင့်ပဲ သမီးတော်"

"သမီးတော်ကော အဲဒီ ပြဒါး၊ စားလို့မရဘူးလား ဘိုးဘိုးရယ်"

"အိမ်း အဲဒါကို ဘိုးဘိုး ထပ်ပြီးရှင်းပြပေးမယ် သမီးတော် အနေနဲ့ ခုနက ပြောခဲ့တဲ့အတိုင်း လူ့ဘဝ ပြန်သွားပြီး အသေခံမလား ဒါမှမဟုတ် ပြဒါး ပြာ စားနိုင်တဲ့ အရည်အချင်း အစွမ်းသတ္တိ ရှိသည်အထိ ဂန္ဓာရီပညာရပ်တွေကို ကျင့်မလား ဒီလမ်းနှစ်သွယ်ထဲက တစ်မျိုးမျိုးကို ရွေးချယ်ပေးတော့ သမီးတော်"

သူမ အနေနှင့် အချိန်အကြာကြီး စဉ်းစားဖို့ပင် မလိုအောင် ပေးရမည့် အဖြေ၊ ရွေးရမည့်လမ်းက ရှင်းနေသည်။

သူမအနေနှင့် အဘယ်သို့လျှင် အဘွားအို ကြီးဘဝသို့ အရောက်ခံနိုင် ပါ့မည်နည်း။ အရောက်ခံ၍ ရောက်သည်ထားဦး ဘိုးဘိုးကြီး စကားအရ ခုနစ် ရက်သာ အသက်ရှည်ရမည့် ဘဝကို အဘယ်သို့ လျှင် ရွေးချယ်နိုင်ပါမည်နည်း။ ထို့ကြောင့် ချက်ခြင်းပင် ပြန်ဖြေလိုက်သည်။

"ဒုတိယလမ်းစဉ်ကို ရွေးချယ်ခွင့်ပေးတော်မူပါ ဘိုးဘိုး"

သူမ စကားအဆုံးတွင် သူတော်စင် ဘိုးဘိုးကြီးက မိန့်ကြားလာပြန်

သည်။

"သမီးတော် အခုလို ရွေးချယ်လိမ့်မယ်ဆိုတာ ဘိုးဘိုး သိပြီးသားပါကွယ်၊ ကျင့်ရမယ့် ကျင့်စဉ်တွေက ခက်ခဲနက်နဲလွန်းတဲ့အတွက် သမီးတော် ကျင့်နိုင်ဖို့တော့ လိုတယ်၊ အဓိကကတော့ ဖွဲလုံ့လပေပ သမီးတော်၊ အနည်းဆုံး သုံးနှစ်တိတိ ဂူအောင်းပြီး ကျင့်ရပေလိမ့်မယ်"

"ကျွန်တော်မျိုးမ အနေနဲ့ ဘယ်လိုအခက်အခဲမျိုးပင် ရှိသည်ဖြစ်စေ၊ ဖွဲ ဝီရိယ နည်းနည်းလေးမှ မလျှော့ဘဲ ကျင့်ကြံအားထုတ်ပါ့မယ်လို့ ကတိပြုပါတယ် ဘိုးဘိုးရယ်"

"ကောင်းလေစွ သမီးတော် နှစ်ပေါင်း ရှစ်ဆယ်တိုင်တိုင် ကျိန်စာသင့်တဲ့ဘဝဆိုးမှာ နေထိုင်ခဲ့ရတဲ့ သမီးတော်ကို သက်ညှာမိတာရယ်၊ ပြီးတော့ ဘဝဆိုးမှာ နေခဲ့ရတဲ့ ရှည်လျားလှတဲ့ ကာလအတွင်း ဆင်းရဲဒုက္ခ အနန္တတွေကို ဖွဲ၊ လုံ့လ၊ ဝီရိယ သည်းခံခြင်းတွေနဲ့ ဖြတ်ကျော်လာနိုင်ခဲ့တဲ့ သမီးတော်ရဲ့ စိတ်ခွန်အင်အားကို သိလို့လည်း ဒီလမ်းစဉ်ကို ရွေးချယ်ခွင့်ပေးခဲ့ကြတာပဲကွယ့်"

"ဝမ်းသာလှကြောင်းပါ ဘိုးဘိုးရှင့်"

နှစ်ပေါင်း ရှစ်ဆယ်တိုင်တိုင် ဆင်းရဲဒုက္ခအပေါင်းကို ကျော်ဖြတ်လာခဲ့ပြီး ဖြစ်သည့်အတွက် နောက်ထပ် သုံးနှစ်တာမျှ ကျင့်ရမည့် အရေးသည်ကား သူမအတွက် စာမဖွဲ့လောက်လေပြီ။

သူမက သိချင်သည့်အကြောင်းကို ဆက်၍ မေးလျှောက်လိုက်မိပြန်သည်။

"ဒါနဲ့ ဘိုးဘိုးရယ် ခုနက လူ့ဘဝ ပြန်ရောက်ပြီး အိုမင်းသေဆုံး သွားခဲ့ရတဲ့ ဇာတ်ကြောင်း ရှိရင် သိပါရစေလား"

မယ်ဝဏ္ဏ မေးလျှောက်သည့် စကားအဆုံးတွင် သူတော်စင် ဘိုးဘိုးကြီးသည့် အောက်ဖော်ပြပါ အဖြစ်အပျက်ကို ပြန်ပြောင်း ပြောပြပါလေတော့သည်။

"ဒီဇာတ်လမ်း ဖြစ်ပျက်ခဲ့တာကို ပြောရမယ်ဆိုရင် ဘိုးဘိုးရဲ့ ကိုးကွယ်အားထားရာ ဂေါတမဘုရားရှင် ပွင့်တော်မမူခင် အနှစ်ခုနစ်ရာလောက်ကပဲ ဖြစ်တယ် သမီးတော်"

သူတော်စင် ဘိုးဘိုးကြီးသည် ဤသို့ နိဒါန်းပျိုးပြီးသည့်နောက် အောက်ပါ အဖြစ်အပျက်ကို ပြန်ပြောင်း ပြောပြပါတော့သည်။

သာဝတ္ထိပြည်အနီး ရွာတစ်ရွာတွင် လူငယ်လေးတစ်ယောက်သည်

ပစ္စေက ဗုဒ္ဓါ ဘုရားငယ်တစ်ပါးကို လုပ်ကျွေးပြုစု လှူဒါန်းခဲ့သည်။ အချိန်တန် အရွယ်ရောက်လာသည့်အခါ မိခင်ဖြစ်သူသည် ရွာထဲမှ အဆင့်အတန်း တူညီသည့် မိန်းကလေးတစ်ယောက်နှင့် လက်ထပ်ထိမ်းမြားပေးခဲ့သည်။

ထိမ်းမြားမင်္ဂလာ ဆောင်သည့်နေ့မှာပင် သတို့သားသည် အပေါင်းအသင်းများနှင့်အတူ ရေချိုးဆိပ်သို့ ဆင်းသွားစဉ် လမ်း၌ မြွေကိုက်ခံရပြီး သေဆုံးရှာလေတော့သည်။

ထိုသတို့သား လူငယ်၌ ပစ္စေကဗုဒ္ဓါ ဘုရားငယ်အား ပြုစုလုပ်ကျွေးခဲ့သည့် ကောင်းမှုရှိသော်လည်း မပေါင်းသင်းလိုက်ရသည့် သတို့သမီးအပေါ် စွဲလန်းတပ်မက်မိသည့်စိတ်ကြောင့် နတ်ပြည်သို့ မရောက်တော့ဘဲ ပြိတ္တာဘုံတွင် စည်းစိမ်ရှင် ဗိမာန်ပိုင်ရှင် ပြိတ္တာ ဖြစ်ရလေသည်။

ဗိမာန်ရှင် ပြိတ္တာသည် လူ့ဘဝက လက်ထပ်ရုံသာ လက်ထပ်ခဲ့၍ မပေါင်းသင်းခဲ့ရသည့် သတို့သမီးကို မေ့မရနိုင်သည့်အပြင် ရယူလိုသည့် စိတ်သာ အမြဲစိုးမိုးနေသည်။

ထို့ကြောင့် နေ့ရှိသ၍ မယားဟောင်း သတို့သမီးနှင့် အတူတကွ ပေါင်းသင်းနေထိုင်နိုင်မည့် နည်းလမ်းကိုသာ အမြဲတမ်း ကြံစည် တွေးတောနေရှာသည်။

ဤသို့ဖြင့် သတို့သမီးငယ်ကို မိမိကဲ့သို့ နတ်စည်းစိမ် ခံစားရမည့် နည်းလမ်းကို သူ စဉ်းစားမိလာသည်။

သူ တွေ့ရှိသည့် နည်းလမ်းသည်ကား အခြား မဟုတ်ချေ။ ဝတ်ရုံရန် သင်္ကန်းချုပ်နေသည့် ပစ္စေက ဗုဒ္ဓါထံတော်ပါးသို့ ချည်းကပ် ခစားလေတော့သည်။ ပြိတ္တာက ပစ္စေကဗုဒ္ဓါ ဘုရားငယ်အား

"အရှင်ဘုရား ချည် အလိုရှိပါသလား ဘုရား"

"ဒါယိကာ ငါသည် သင်္ကန်းချုပ်နေဆဲပင် ဖြစ်တယ်"

"အရှင်ဘုရား ဤသို့ဆိုပါက ဤအရပ် ဤအိမ်သို့ ကြွတော်မူပါ အရှင်ဘုရား၊ အလိုရှိသည့် ချည်ကို အလှူခံ ရရှိတော်မူပါလိမ့်မယ် ဘုရား"

ဗိမာန်ရှင် ပြိတ္တာသည် သူ နှစ်သက်စွဲလန်းနေသည့် သတို့သမီးအိမ်သို့ ဘုရားငယ်အား လမ်းညွှန်ပြသပေးလိုက်သည်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည်လည်း ဒါယိကာ လမ်းညွှန်သည့်အတိုင်း ကြွတော်မူလာပြီး အိမ်ရှေ့တွင် ရပ်တော်မူလေသည်။ အမျိုးသမီးငယ်သည်လည်း ပစ္စေက ဗုဒ္ဓါ အရှင်မြတ်ကို ဖူးမြင်ရသည်နှင့် ကြည်ညိုလှသည့်အတွက် လျှောက်

ထားမေးမြန်းလိုက်သည်။

"အရှင်မြတ်ဘုရား မည်သည့်အရာကို အလိုရှိပါသလဲ ဘုရား"

"ဒါယိကာမ ငါသည် သက်န်းချုပ်နေသည့်အတွက် ချည်ကို အလိုရှိပါသည်"

မိန်းကလေးသည် ပစ္စေက ဗုဒ္ဓါ အလိုရှိသည့်ချည်ကို စေတနာ ထက်သန်စွာဖြင့် လှူဒါန်းလိုက်လေသည်။

ဗိမာန်ရှင် ပြိတ္တာသည်လည်း လူ့အသွင် ဖန်ဆင်းပြီး ထိုအိမ်သို့ သွားရောက်၍ မိန်းကလေးကို မိခင်ထံ တောင်းရမ်းတော့သည်။ မိခင်ဖြစ်သူ လူယောင်ဖန်ဆင်းထားသည့် ဗိမာန်ရှင် ပြိတ္တာ၏ အမူအရာ အသွင်အပြင် အပြောအဆိုတို့ကို နှစ်သက်သည့်အတွက် သမီးနှင့်ပေးစားလိုက်သည်။

ပြိတ္တာသည် ယောက္ခမအိမ်တွင် ဇနီးဖြစ်သူနှင့် နှစ်ရက် သုံးရက်မျှ ပေါင်းသင်းနေထိုင်လိုက်သည်။ သုံးရက်မြောက်သည့် နေ့တွင်မူ ယောက္ခမကို စေသည့်အနေနှင့် အိမ်၌ရှိသမျှ အိုးခွက်တို့ကို ရွှေငွေအပြည့် ဖြည့်ပေးလိုက်သည်။

အိုးခွက်များ၌လည်း အောက်ပါစာတမ်းကို ကမ္ပည်းထိုးပေးထားခဲ့သည်။

"ဤရွှေငွေဥစ္စာတို့သည် နတ်ကပေးကမ်းမစထားသည့် ဥစ္စာတို့ ဖြစ်သည့်အတွက် မည်သူမျှ ယူရန် မထိုက်ပေ"

ပြိတ္တာလည်း ယောက္ခမ ဖြစ်သူကို ရွှေငွေများ ပေးပြီးသည်နှင့် ဇနီးဖြစ်သူကို သူ နေထိုင်ရာ ဗိမ္မာန်သို့ ခေါ်ဆောင်သွားတော့သည်။

ပြိတ္တာ၏ ယောက္ခမသည်လည်း ထိုရွှေငွေတို့ကို ဆွေမျိုးတို့အား ပေးကမ်းခြင်း၊ လှူဒါန်းခြင်း တန်ဖိုးရှိစွာ သုံးစွဲပြီး ချမ်းသာစွာ နေလေသည်။ ယောက္ခမဖြစ်သူသည် မကျန်းမမာ ဖြစ်၍ သေခါနီးကာလတွင် ဆွေမျိုးများကို ခေါ်ပြီး ရွှေငွေတို့ကို ပေးအပ်ခါ မှာကြားခဲ့သည်။

"ကျွန်မရဲ့သမီး တကယ်လို့ ပြန်ရောက်လာခဲ့ရင် ဒီရွှေငွေတွေကို ပေးလိုက်ကြပါနော်"

ဤသို့ မှာကြားပြီး မကြာမီမှာပင် ယောက္ခမဖြစ်သူလည်း ကွယ်လွန်သွားရှာတော့သည်။

ဤသို့ ဗိမာန်ရှင် ပြိတ္တာ ဇနီးနှင့် ပေါင်းသင်းနေထိုင်စဉ် ကာလမှာပင် ဂေါတမ ဘုရင်းရှင် ပွင့်ထွန်းတော် မူလာသည်။ ဇနီးဖြစ်သူသည်လည်း ခင်ပွန်းဖြစ်သူနှင့် ပေါင်းသင်းရသည်ကို ငြီးငွေ့လာသည်။

ထို့ကြောင့်

"အရှင့်သား ကျွန်မသည် ပစ္စေကာ ဗုဒ္ဓါကိုလှူဒါန်းခဲ့သည့် အတွက် ယခုလို အရှင့်သားနှင့်ပေါင်းသင်း နေထိုင်ရပြီး မကြောင့်မကြ မတောင့်မတ ပြည့်စုံစွာ နေထိုင်ခဲ့ရပါသည်၊ သို့သော် ကျွန်မအနေနှင့် လူ့ပြည်သို့ ပြန်ပြီး ကုသိုလ်ကောင်းမှုများ ပြုချင်ပါသေးသည်၊ ထို့ကြောင့် ကျွန်မကို မိခင်ထံသို့ ပြန်ပို့ပေးပါရန် မေတ္တာရပ်ခံပါတယ်ရှင်"

"ရှင်မ သင်နှင့်ငါ ယခု ပေါင်းသင်းနေထိုင်ခဲ့သည်မှာပင် နှစ်ပေါင်းခုနစ်ရာ ရှိခဲ့ပါပြီ၊ လူ့ပြည်သို့ ပြန်သွားပါက သင့်အရွယ်သည် ဆံဖြူသွားကြေအဘွားအို အရွယ်သာ ဖြစ်ပေလိမ့်မည်၊ သင့် ဆွေမျိုးများလည်း သေကုန်ကြပြီ ရှင်မ၊ ဒါကြောင့် ရှင်မဟာ ငါ့ရဲ့ တန်ခိုးနဲ့ပဲ ဒီဗိမာန်မှာ ချမ်းသာစွာ နေစေလိုပါတယ်"

"အရှင့်သား ကျွန်မအနေနှင့် ခုနစ်ရက်မျှသာ ရှိသေးသည်ဟု ထင်ပါတယ်၊ ကျွန်မ လူ့ပြည်ကိုပြန်ပြီးတော့ ကုသိုလ်ကောင်းမှု ပြုပါရစေ ခွင့်ပေးတော်မူပါ အရှင့်သား"

"ကောင်းပါပြီ ရှင်မ၊ ဒီလောက်တောင် ပြန်ချင်နေမှဖြင့် မတားလိုတော့ပါ၊ သို့သော် ရှင်မဟာ လူ့ပြည်မှာ ခုနစ်ရက်ပဲ အသက်ရှည်လိမ့်မယ်၊ ရှင်မအမေကို ငါပေးခဲ့တဲ့ ရွှေငွေများ ယခုထိတိုင် ရှိနေသေးတယ်၊ အဲဒါတွေနဲ့ ရဟန်းပုဏ္ဏားတွေကို လှူဒါန်းပြီး ငါ့ထံ ပြန်ရောက်စေရန် ဆုတောင်းပါ ရှင်မရယ်"

ပြိတ္တာလည်း ဇနီးဖြစ်သူကို ရွာလယ်၌ချထားပြီး ပြန်သွားတော့သည်။ အမျိုးသမီးသည်လည်း ချက်ချင်းပင် အဘွားအို အသွင်သို့ ပြောင်းလဲသွားတော့သည်။ ဆွေမျိုး အစဉ်အဆက်တို့ကို စုံစမ်းသိရှိပြီးနောက် မိခင်ထားရစ်ခဲ့သည့် ရွှေငွေဥစ္စာတို့ကိုလည်း ပြန်ရရှိခဲ့သည်။

အမျိုးသမီးသည်လည်း ထို ရွှေငွေတို့ဖြင့် ခုနစ်ရက်တိုင်တိုင် အလှူကြီးပေးခဲ့သလို လူအပေါင်းတို့ကိုလည်း ဒါန သီလ ပြုလုပ်ကြရန် တိုက်တွန်း နှိုးဆော်ဆုံးမခဲ့သည်။

ခုနစ်ရက်တင်းတင်း ပြည့်သည့် အချိန်တွင်ကား အမျိုးသမီးသည်လည်း ကွယ်လွန်သွားတော့သည်။

ကွယ်လွန်သည်နှင့် တပြိုင်နက်တည်းမှာပင် တာဝတိံသာ နတ်ပြည်၌ နတ်သမီး ဖြစ်ရလေတော့သည်။ (သုတ္တပေတဝတ္ထု)

သူတော်စင် ဘိုးဘိုးကြီး ပြောပြခဲ့သည့် ဇာတ်ကြောင်းကား ပြီးဆုံးသွား

ခဲ့၏။ သည့်နောက်တွင်ကား ဂန္ဓာရီ ကျင့်စဉ်တို့ကို ကျင့်ကြံ အားထုတ်နိုင်ရန် မယ်ဝဏ္ဏာသည် ဘိုးဘိုးကြီး ခေါ်ဆောင်ရာ နောက်သို့ လိုက်ပါသွားခဲ့တော့သည်။

■ ■ ■

## အခန်း (၁၂)

ယခုအခါ ကျည်တောင်ရွာ အနောက်ဘက် ညောင်ထန်းပင်ကြီး အနီးတွင်ရှိသော ကျောက်ဘီလူးမရုပ်ကြီးကား ပျောက်ခြင်းမလှ ပျောက်ကွယ်သွားခဲ့လေပြီ။ ရွာသူ ရွာသားများသည် ထိုအကြောင်းကို အမျိုးမျိုး ဝေဖန်ပြောဆိုနေကြသည်။

ကလန်ကြီး ဦးမင်းယာ၊ သံဗျင်ကြီး ဦးသော်၊ ရွာဆော်ကြီး ဦးမှုံ အစရှိကြသည့် ရပ်ကွက်လူကြီးများသည် ကလန်ကြီးအိမ်တွင် စုဝေးရောက်ရှိ ပြောဆိုနေကြခြင်းပင် ဖြစ်သည်။

"ကလန်ကြီး ကျွန်ုပ်တို့ ဘိုးစဉ်ဘောင်ဆက်ဘွား လက်ထက်ကတည်းက ရှိနေသည့် ကျောက်ဘီလူးမရုပ်ကြီး ပျောက်ခြင်းမလှ ပျောက်သွားတာဘာကြောင့်လို့ ထင်သလဲဗျာ"

သံဗျင်ကြီး ဦးသော်က မေးမြန်းလိုက်ခြင်းပင်။ ကလန်ကြီးက အားလုံးကို ကြည့်ပြီး သူ့ထင်မြင်ချက်ကို ပြောဆိုလိုက်သည်။

"ကျုပ် အထင်ကို ပြောရမယ်ဆိုရင်တော့ သိုက်ဆရာနဲ့ ကျုပ်တို့ရွာသား ကျောက်ဖားတို့ရဲ့ စနက်ကြောင့်လို့ပဲ ထင်တယ်၊ အခုပဲကြည့်လေ ယုတ်မာတဲ့ သိုက်ဆရာနဲ့ တပည့်ကျော် ကျောက်ဖားတို့ အသေဆိုးနဲ့ သေသွားခဲ့ကြပြီ မဟုတ်လားဗျာ"

ကလန်ကြီး၏ စကားအဆုံးတွင် ရွာဆော်ကြီး ဦးမှုံက ဝင်ရောက်ပြောဆိုလာပြန်သည်။

"အင်း အခုတလော ကျွန်ုပ်တို့ရွာနဲ့ ဒီအနီးအနား တဝိုက်က တောတောင်တွေမှာ ထူးထူးခြားခြား ဖြစ်ခဲ့တာဆိုရင် နှစ်ကြိမ်တောင်ရှိပြီ ကလန်ကြီးရဲ့"

"ခင်ဗျား ပြောချင်တာက ပထမဆုံး ဆင်ဖြူတောင်ပေါ်မှာ ဆင်ဖြူတော်သုံးစီး မြေလျှိုးပြီး ဝင်သွားတာ တွင်းကြီးကိုပဲ တွေ့ရတဲ့ကိစ္စနဲ့ အခုဖြစ်ရပ်ကို ပြောတာ မဟုတ်လား"

ဤသို့ ကလန်ကြီး ဦးမင်းယာ စကားအဆုံးတွင် အိမ်ပေါ်သို့ ဦးဖြိုးဒေါ်သာတို့ မိသားစု လေးယောက် တက်လာကြသည်။

"လာကြပါ လာကြပါ ခင်ဗျားတို့ မိသားစုကို မေးမြန်းချင်တာတွေ သိချင်တာတွေရှိလို့ ခေါ်ခိုင်းလိုက်တာပါပဲဗျာ"

"ဟုတ်ကဲ့ပါ ကလန်ကြီး ခင်ဗျာ"

ဦးဖြိုးတို့ မိသားစု လေးယောက်စလုံး အသီးသီး သင့်တော်သည့်နေရာများတွင် ဝင်ထိုင်လိုက်ကြသည်။ ကလန်ကြီးနှင့်တကွ အိမ်ကြီးပေါ်တွင်ရှိနေကြသည့် ရပ်ရွာလူကြီးမိဘများက သူတို့ မိသားစုကို ဝိုင်း၍ ကြည့်ရှုနေကြသည်။

ကလန်ကြီးကပင် စတင်မေးမြန်းလာသည်။

"တခြား မင်းပြစ်မင်းဒဏ် မင်းကြေး တိုင်းကြေး ကိစ္စကြောင့်တော့ မဟုတ်ပါဘူး၊ မနေ့က ဖြစ်ခဲ့တဲ့ ကျောက်ဘီလူးမကြီးနဲ့ သိုက်ဆရာတို့ ဖြစ်ခဲ့တဲ့ကိစ္စနဲ့ပတ်သက်ပြီး ကိုယ်တွေ့မျက်မြင်ဆိုလို့ ခင်ဗျားတို့ မိသားစုပဲ ရှိတယ်ဆိုတာ သိရလို့ မေးကြည့်မလို့ ခေါ်တာပါပဲဗျာ"

"မေးလိုရာ မေးမြန်းပါ ကလန်ကြီး ခင်ဗျာ"

"အမှန်အတိုင်း ဖြေပါ့မယ်ရှင်"

ကလန်ကြီးက သိချင်သည့်ကိစ္စကို ပထမဆုံး စတင်မေးမြန်းလိုက်သည်။

"ဦးဖြိုးတို့ မိသားစုကို ကျောက်ဘီလူးမကြီးက စောင့်ရှောက်တယ်ဆို တာ တကယ်ပဲလား၊ အရင်ကတည်းက ကြားခဲ့ဖူးပေမယ့် မယုံလို့ မမေးတာသာ ဘဲ၊ အခုတော့ ထူးထူးခြားခြားတွေ ဖြစ်ပေါ်လာတဲ့အတွက် ကျုပ်အနေနဲ့ မယုံလို့ မဖြစ်တော့ဘူး၊ ကျန်တဲ့ ရပ်ရွာလူကြီး သူမတွေကလည်း သိချင်နေကြတယ် သူတို့အနေနဲ့လည်း ကျုပ်ရဲ့သဘောထား အတိုင်းပါပဲ ကိုဖြိုး"

"ဟုတ်ကဲ့ ကျွန်တော်တို့ မိသားစု ကျောက်ဘီလူးမကြီးလို့ အများခေါ် နေကြတဲ့ မယ်တော်ကြီးက စောင့်ရှောက်တယ်ဆိုတာ အမှန်ပါပဲ ခင်ဗျာ"

"ဘယ်နည်း ဘယ်ပုံ စောင့်ရှောက်ခဲ့တယ်ဆိုတာကိုကော နည်းနည်း လောက် ပြောပြနိုင်မလား"

ကလန်ကြီး၏ အမေးကို မယ်ဖြူက ဖခင်ကြီးကိုယ်စား ဖြေကြားလိုက် သည်။ အရေးအကြောင်းပေါ်လာပါက အိပ်မက်နှင့် သတိပေးပြောဆိုလာသည့် အကြောင်းနှင့် ပတ်သက်သည့် အဖြစ်အပျက်နှစ်မျိုးကို မယ်ဖြူက အသေးစိတ် ဖြေကြားလိုက်သည်။

"ဩော် ဒီလိုပဲကိုး"

"ထူးဆန်းလှပါလားကွယ်"

"လုံမလေးတို့နဲ့ အကျိုးဆက် အကြောင်းဆက် ရှိလို့ပဲ ဖြစ်ရမယ်"

"နေ့စဉ် စားဦးစားဖျားတွေနဲ့ တင်မြှောက်ပသတဲ့အတွက် အခုလို ကျောက်ဘီလူးမကြီးက ကူညီခဲ့တာပါပဲလား"

ရပ်ရွာလူကြီးသူမများက ထင်မြင်ချက်အသီးသီးကို ပြောဆိုလိုက်ကြ ခြင်းဖြစ်သည်။ မယ်ဖြူ စကားဆုံးသည်နှင့် သံဗျင်ကြီး ဦးသော်က စူးစမ်းမေး မြန်းလာပြန်သည်။

"သိုက်ဆရာနဲ့ ကျောက်ဖား ဘယ်လိုဖြစ်ပြီး သေဆုံးခဲ့ရတယ် ဆိုတာ လည်း ပြောပြစမ်းပါဦးဗျာ"

သံဗျင်ကြီး၏ အမေးကို ဦးဖြိုးကပင် အသေးစိတ် ပြန်ပြောင်းရှင်းပြ လိုက်လေသည်။ သူရှင်းပြသည့်အထဲတွင် ကျောက်ဘီလူးမယ်တော်ကြီးနှင့် ကျဲ ရပ်ကြီးတို့ကို သိုက်ဆရာက မန္တန်မန်းမှုတ်ပြီး ချည်မန်းကွင်းစွပ်ပြီး ဖမ်းထားသည့် အကြောင်းကစ၍ ရွှေလေပ့ကြီးပေါ်လာပုံ အလယ်ကျဲရပ်ကြီး ရေအောက်ထဲသို့ ငုပ်လျှိုးသွားပုံ ရွှေလေပ့ကြီး တောင်ကို ဖောက်သွားသည့်အကြောင်းနှင့် သိုက်ဆရာ နှင့် တပည့်ကျောက်ဖားတို့ သေဆုံးပုံအဆုံး အသေးစိတ် ရှင်းလင်း ပြောပြလိုက်

သည်။

ဦးဖြိုး၏ စကားကို ဒေါ်သာနှင့် မယ်ဖြူ မယ်ညိုတို့က ဝင်ထောက်ပေးကြသည်။

"အင်း ကြားရတာ တကယ့်ကို ဆန်းကြယ်လှပါလားဗျာ"

"ရွှေလှေကြီး ဖောက်ထွင်းပြီး ထွက်သွားတဲ့တောင်ကို ဒီကနေ့ကစပြီး လှေထွင်းတောင်လို့ သမုတ်ခေါ်ထွက်ကြရအောင်၊ မကောင်းဘူးလားဗျာ"

"ဟာ သိပ်ကောင်းတဲ့ အမည်နာမပါပဲဗျာ၊ ဆင်ဖြူတော်သုံးစီး မြေလျှိုးဝင်သွားတဲ့ တောင်ကို ဆင်ဖြူတောင်၊ ရွှေလှေကြီး ဖောက်ထွင်း ဝင်သွားတဲ့တောင်ကိုတော့ လှေထွင်းတောင်၊ ဖြစ်ရပ်နဲ့ အမည်နာမနဲ့ကတော့ လိုက်ဖက်လှပါပေရဲ့ ကလန်ကြီးရယ်"

"အင်း ကိုယ်နဲ့မထိုက်တန်တဲ့ သိဒ္ဓိဝင် ရတနာ ပစ္စည်းတွေကို မတရားလိုချင် တပ်မက်ခဲ့တဲ့ ဝိသမ လောဘကြောင့် သိုက်ဆရာနဲ့ ကျောက်ဖားတို့ သေဆုံးခဲ့ကြရတာပါပဲလား၊ သံဝေဂရယူစရာ ကောင်းလှပါပေရဲ့ ကလန်ကြီးရယ်"

ရှေးမီနောက်မီ သက်ကြားရွယ်အို အဘိုးကြီးတစ်ယောက်က ဝင်ရောက်ပြောဆိုလာခြင်းပင် ဖြစ်သည်။

"ကိုင်း အခုလို ကျုပ်နဲ့တကွ ရပ်ရွာထဲက လူကြီးသူမတွေ သိချင်တဲ့ ကိစ္စကို အသေးစိတ် ပြောပြပေးခဲ့ကြတဲ့ ဦးဖြိုးတို့ မိသားစု အားလုံးကို ကျေးဇူးတင်ပါတယ်ဗျာ"

ကလန်ကြီးက အားလုံးကိုယ်စား ကျေးဇူးတင်စကား ပြောလာသည်။ သူတို့ မိသားစု လေးယောက်သည်လည်း ကလန်ကြီးနှင့် လူကြီးမိဘတို့ကို ဦးညွတ်နှုတ်ဆက်ပြီး အိမ်သို့ ပြန်လာခဲ့ကြသည်။

ညဉ့်ဦးယံ အချိန်သို့ ရောက်နေပြီဖြစ်သော်လည်း လသာနေသည့်အတွက်ကြောင့် မြေပြင်တစ်ခွင်လုံး ရွှေရည်ဆမ်းထားသလို ဝါနေသည်။ ဦးဖြိုးတို့ မိသားစု လေးယောက်စလုံး မည်သူမျှ မရိပ်မိကြစေရန် တိတ်တဆိတ် အိမ်မှ ထွက်လာခဲ့ကြသည်။

သူတို့ မိသားစု လာခဲ့သည့်နေရာသည်ကား ရွာအနောက်ဘက် သောင်ဆန်းပင်ကြီးအနီး ကျောက်ဘီလူးရုပ် သို့မဟုတ် သူတို့အခေါ်အားဖြင့် မယ်တော်ကြီး အဘွားရှိသည့်နေရာသို့ပင် ဖြစ်သည်။

သူတို့အနေနှင့် မယ်တော်ကြီး မှာကြားခဲ့သည့်အတိုင်း ရွှေငွေ ကျောက်

သံပတ္တမြားတို့ကို တူးဖော်ယူရန် ရောက်လာခဲ့ကြခြင်းပင်။ ဦးဖြိုး၏ စကားသံက တိုးတိုးတိတ်တိတ် ထွက်ပေါ်လာသည်။

"ရှင်မ မယ်ဖြူနဲ့မယ်ညို ဒီနေရာ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"မှန်ပါတယ် အဖေ"

"အဖေ တူးလေ တူးစမ်းပါ အဖေရယ်"

ဦးဖြိုး လက်ထဲတွင် တူးရွှင်းငန်းပြားကို ကိုင်ထားသည်။ သူ ကလန်ကြီးနှင့် လူကြီးသူမတို့ကို ဖွင့်ပြောမည်ဟု ညနေက စဉ်းစားမိသေးသည်။ သို့သော် မလိုလားအပ်သည့် ပြဿနာများ ပေါ်လာမည်ကို စိုးရိမ်စိတ် ဝင်လာသောကြောင့် ဖွင့်မပြောခဲ့ခြင်းသာ ဖြစ်သည်။ ရပြီးမှသာ သိကြပါစေတော့ဟု နှလုံးသွင်းလျက် ဦးဖြိုးက မှတ်ထားသည့်နေရာကို တူးဆွလိုက်သည်။

မကြာမီ တူရွှင်းငန်းပြားနှင့် တစ်စုံတစ်ခု ထိခိုက်သံကို ကြားလိုက်ရသည်။

"ချွင်"

"ဒေါင်"

အသံကြားရသည်နှင့် သေတ္တာ တစ်လုံးဖြစ်မှန်း ဦးဖြိုး သိလိုက်သည်။ သူက တူးထားသည့် မြေကြီးတို့ကို လက်နှင့်ယက်ပြီး ဖယ်လိုက်သည်။ ဇနီးနှင့် သမီးနှစ်ယောက်ကလည်း ဝိုင်းဝန်း၍ မြေကြီးများကို ဖယ်ထုတ်နေသည်။

လရောင်ကြောင့် ရတနာသေတ္တာကို ထင်ထင်ရှားရှား မြင်ရလေပြီ။ မြန်မာမှုလက်ရာ ကနုတ်ပန်းများနှင့် အလှဖော်ထားသည့် ကျောက်သေတ္တာ တစ်လုံးကို တွေ့လိုက်ကြရသည်။

ဦးဖြိုးက သေတ္တာကို ဖော်ပြီး တင်လိုက်သည်။ သေတ္တာ၏ အရွယ်အစားက တစ်တောင်ခန့်ရှည်၏။ ဗျက်က တစ်ထွာသာသာလောက် ရှိသလို စောက်ကလည်း တစ်တောင်ခန့်သာ ရှိမည်ဟု ခန့်မှန်းနိုင်လိုက်သည်။

ဦးဖြိုးက ရတနာ သေတ္တာကို ဖွင့်လိုက်ရာ အဖုံးက အလွယ်တကူပင် ပွင့်သွားသည်။ အထဲတွင်ကား ရွှေငွေ ကျောက်သံပတ္တမြားတို့ကို အပြည့်တွေ့မြင်ကြရသည်။

မယ်ဖြူနှင့်မယ်ညိုတို့က ဝမ်းသာအားရပင် ပြောဆိုလိုက်ကြသည်။

"အမေ သမီးတို့ သမီးတို့ ချမ်းသာပြီ အမေရေ"

"ဆင်းရဲသားဘဝက သမီးတို့ လွတ်ပြီ၊ ကျွတ်ပြီ ဝမ်းသာလိုက်တာ အမေရယ်"

"မယ်တော်ကြီး မယ်တော်ကြီးရဲ့ ကျေးဇူးကြီးမားလှပါပေရဲ့"

"ကိုင်း အားလုံး ကျေးဇူးရှင်ဖြစ်တဲ့ သမီးတို့အဘွားကို ရည်မှန်းပြီး ကန်တော့ကြရအောင် ထိုင်ကြစမ်းကွယ့်"

ဦးဖြိုးက ပြောပြောဆိုဆိုပင် ရတနာသေတ္တာကို ရှေ့မှထား၍ ထိုင်လိုက်သလို ဒေါ်သာနှင့် မယ်ဖြူ မယ်ညိုတို့ကလည်း ပုဆစ်ဒူးတုပ်လျက် မြေကြီးပေါ်တွင် ထိုင်ရှိခိုးလိုက်ကြတော့သည်။

သည်ခဏမှာပင် တည်ငြိမ်သည်နှင့်အမျှ ဩဇာသံပါလာသည့် စကားသံတို့ကို သူတို့ မိသားစုလေးယောက်စလုံး ကြားလိုက်ကြရလေတော့သည်။

"သာဓု သာဓု သာဓုတည်း ကျေးဇူးသိတတ်တဲ့သူဟာ နောင်သံသရာမှာလည်း ချမ်းသာသလို အခု မျက်မှောက်ဘဝမှာလည်း ကောင်းကျိုးကို ခံစားရတတ်ပါတယ်ကွယ်"

လေးယောက်စလုံး အသံကြားရာဘက်သို့ လှည့်ကြည့်လိုက်ကြရာ ညောင်ထန်းပင်ကြီးအောက်တွင် ပိတ်ဖြူစင်ကြယ် ဝတ်ဆင်ထားသော မုတ်ဆိတ်မွေး ဖြူဖြူကြီးနှင့် ဥပဓိရုပ် ကောင်းလှသော အဘိုးကြီးတစ်ယောက်ကို တွေ့မြင်ကြရတော့သည်။

လက်ထဲတွင် နဂါးခေါင်း တောင်ဝှေးကို စွဲကိုင်ထားသည့် သူသည်ကား သူတော်စင် ဘိုးဘိုးကြီး မဟိန္ဒရာသာလျှင် ဖြစ်တော့သည်။ သူတော်စင်ကြီးက ညောင်ထန်းပင်ကြီး၏ အရိပ်အာဝါသ အောက်တွင် ရပ်နေရာမှ သူတို့ရှိရာသို့ တစ်လှမ်းခြင်း လျှောက်လာသည်။

သူတို့ မိသားစု လေးယောက်စလုံး ကြည်ညိုဖွယ်ရာ ကောင်းလွန်းလှသည့် သူတော်စင်ကြီးကို ထပ်မံ၍ ရှိခိုးဦးချလိုက်ကြပြန်သည်။

"ကျန်းမာချမ်းသာကြပါစေ"

ဦးဖြိုးက ရိုသေစွာပင် မေးလျှောက်လိုက်လေသည်။

"အကျွန်ုပ်တို့ထံသို့ ကြွလာရခြင်း အကြောင်းကို မိန့်တော်မူပါ ဘိုးဘိုးခင်ဗျာ"

"ဘိုးဘိုးကြီးရဲ့ အမည်နာမကိုလည်း သိပါရစေလား"

"အခုလို ကြွလာရတဲ့ အကြောင်းရင်းကတော့ ပြောဆို ဆုံးမစရာလေး

တွေ ရှိလို့ပဲကွယ့်၊ ဘိုးဘိုးရဲ့အမည်နာမကတော့ မဟိန္ဒရာ ဘိုးဘိုးကြီးလို့ မှတ်ထားကြပေတော့"

"ဘိုးဘိုးအနေနဲ့ လိုအပ်သလို ဆုံးမတော်မူပါ ခင်ဗျာ"

"အိမ်း ပြောရရင်တော့ ဒီရှေးဟောင်းပစ္စည်းတွေဟာ ရှေးလူကြီးသူမတွေ ကျန်ရစ်ခဲ့ မြှုပ်နှံထားခဲ့တဲ့ ပိုင်ရှင်မဲ့ ပစ္စည်းဥစ္စာတွေပဲ ဖြစ်တယ်၊ အခု မယ်ဝဏ္ဏာပေးလို့ မောင်ဖြိုးတို့နဲ့ ထိုက်တန်လို့ ရခဲ့တာပဲ ဖြစ်တယ်"

"မယ်ဝဏ္ဏာ မယ်ဝဏ္ဏာဆိုတာ မယ်တော်ကြီးကို ပြောတာလား ဘိုးဘိုး ခင်ဗျာ"

"အိမ်း ဟုတ်ပေတယ် မောင်ဖြိုး၊ မောင်ဖြိုးတို့ သိထားခဲ့ကြတဲ့ ကျောက်ဘီလူးမကြီးရဲ့ အမည်နာမကို မယ်ဝဏ္ဏာလို့ ခေါ်တယ်ကွယ့်"

"ဟွင် ဟုတ်လား အကျွန်ုပ်တို့ မသိပါဘူး ခင်ဗျာ၊ မယ်တော်ကြီးဟာ အကျွန်ုပ်တို့ရဲ့ ကျေးဇူးရှင်ပါပဲ ဘိုးဘိုးရယ်"

"အပြန်အလှန် ကျေးဇူးရှိကြပါတယ်ကွယ်"

ဘိုးဘိုးကြီး မိန့်ကြားသည့် စကားအဆုံးတွင် မယ်ဖြူက အလွန်အမင်း သိချင်လွန်းသည့် အကြောင်းကို လျှောက်ထားမေးမြန်းလိုက်မိ ပြန်သည်။

"ဒါဆိုရင် အဘွားဟာ လူသားပေါ့နော်၊ ကျွန်တော်မျိုးမ ထင်တာ မှန်ပါသလား ဘိုးဘိုး"

"မှန်ပါတယ် လုံမလေး၊ ကျိန်စာသင့်ပြီး ဒီဘဝကို ရောက်နေခဲ့ရတာပါပဲ၊ အခုတော့ ဒီကျိန်စာဆိုးက လွတ်မြောက်သွားပြီ ဖြစ်တဲ့အတွက် ကျင့်စဉ်စခန်းဝင်ရန်အတွက် ဘိုးဘိုးခေါ်ဆောင်သွားခဲ့တာပဲ ဖြစ်တယ်ကွယ့်"

"ဘိုးဘိုး သမီးတို့ရဲ့ ကျေးဇူးရှင်ဖြစ်တဲ့ အဘွားရဲ့ နောက်ကြောင်း အတိတ်ကို သိချင်ပါတယ် ဘိုးဘိုး မိန့်ကြားတော်မူစေချင်ပါတယ်"

"ကောင်းပြီ ဒီဘဝမျိုးကို ရောက်ခဲ့ရတာကတော့ ဒီလိုကြောင့် ပဲကွယ့်"

ဤသို့ အစချီပြီးနောက် မဟိန္ဒရာ သူတော်စင် ဘိုးဘိုးကြီးသည် မယ်ဝဏ္ဏာ၏ နောက်ကြောင်းကို ပြန်လည်ပြောပြလိုက်လေသည်။ ဦးဖြိုးတို့သည်လည်း နားထောင်နေရာမှ အို ဟယ် ဟာ ဟင် စသည့် အာမေဋိတ်သံများနှင့် စိတ်သတ်ညည်းညူသံများက အသီးသီး နှုတ်ဖျားမှ ပွင့်အံကျလာကြသည်။

"...မယ်ဝဏ္ဏာရဲ့ ဇာတ်ကြောင်းကတော့ အဲဒီအတိုင်းပါပဲ ကွယ်"

"မယ်တော်ကြီးရဲ့ အဖြစ်က တရားကျစရာ ကောင်းလိုက်တာ ဘိုးဘိုး

ရယ်"

"ရတနာ မြတ်သုံးပါးကို ဆည်းကပ်ရိုသေရမှန်း မသိတာရယ်၊ လိုချင်တပ်မက်လွန်းလှတဲ့ လောဘဇောကြောင့်ရယ်ကြောင့် ဖြစ်ခဲ့ရတာပါလား ခင်ဗျာ"

"အဘွားအဖြစ်က သနားစရာ ကောင်းလိုက်တာ ဘိုးဘိုးရယ်"

"အဘွားဟာ တော်တော်ကြီး ဒုက္ခရောက်ခဲ့ရတာပါပဲလား ဘိုးဘိုးရယ်"

လေးယောက်စလုံး တစ်ယောက်တစ်မျိုးစီ သူတို့ ခံစားရသည့်အတိုင်း သူတော်စင်ကြီးကို လျှောက်ထားနေကြသည်။ သူတော်စင် ဘိုးဘိုးကြီးက သူတို့ ပြောသမျှ တည်ငြိမ်စွာပင် နားထောင်နေသည်။ စကားဆုံးသည်နှင့်

"ကဲ အခု မောင်ဖြိုးတို့နဲ့ ပတ်သက်တာကို အဘိုး ပြောဆို ညွှန်ကြားရဦးမယ်"

"မှန်ပါ လိုက်နာပါ့မယ်ခင်ဗျာ"

"အခု ထိုက်လို့ရလာကြတဲ့ ရတနာတွေကို အညီအမျှ ခွဲဝေယူကြပေတော့၊ မိဘဆီမှာရှိတာလည်း သားသမီးပစ္စည်း၊ သားသမီးဥစ္စာဟာလည်း မိဘပစ္စည်းဆိုပေမယ့် အခုလို အညီအမျှ ခွဲဝေခိုင်းတာ ဘာကြောင့်လဲဆိုတော့ မယ်ဝဏ္ဏအတွက် ရည်စူးပြီး မောင်ဖြိုးတို့ မိသားစုတွေက ဘုရားစေတီ တည်ပေးကြပါ၊ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ကြပါ၊ ကိုယ်ကိုယ်တိုင်လည်း စားသုံးပြီး ဒါနအမှုကိုလည်း တတ်စွမ်းသမျှ ပြုလုပ်ကြပေတော့ကွယ့်"

"ကောင်းလှပါပြီ ဘိုးဘိုးခင်ဗျာ၊ ကျွန်တော်မျိုးတို့တွေ ဘိုးဘိုး မိန့်ကြားချက်ကို ပြုလုပ်ပါ့မယ် ခင်ဗျာ"

"ကျွန်တော်မျိုးမလည်း ကတိပြုပါတယ် ဘိုးဘိုးရယ်"

"သမီးတို့လည်း ကတိပြုပါတယ် ဘိုးဘိုးရယ်"

"ကျေးဇူးရှင် အဘွားအတွက် စေတီတစ်ဆူ တည်ပေးပါ့မယ်လို့ သစ္စာပြုပါတယ် ဘိုးဘိုးရယ်"

"သာဓု သာဓု သာဓု ကောင်းလေစွတည်း၊ ကိုင်း ဒါဆို ဘိုးဘိုး ပြန်ဦးမယ်ကွယ်"

သူတို့မိသားစု လေးယောက် မြေကြီးပေါ်တွင် ထိုင်၍ သူတော်စင်ကြီးကို ဦးသုံးကြိမ်ချလျက် ရှိခိုးလိုက်ကြသည်။ သူတို့ သုံးကြိမ်ရှိခိုး ဦးချပြီး၍ မော့ကြည့်လိုက်သည့်အခါတွင်ကား သူတော်စင် ဘိုးဘိုးကြီးကို မတွေ့ရတော့ပြီ။

ဦးဖြိုးတို့ မိသားစု ရတနာသေတ္တာရသည့် သတင်းက မကြာမီ ပျံ့နှံ့သွားတော့သည်။ သည်သတင်းက တစ်နယ်လုံးတွင် ဟိုးဟိုးကျော် သွားလေပြီတည်း။

နေရာတိုင်းတွင် လူအများ စုဝေးမိသည်နှင့် သည်အကြောင်းကို တအံ့တသြ ပြောဆိုနေကြသည်။

"ကံကောင်းလိုက်တဲ့ မိသားစုတွေပါလားဗျာ"

"အတိတ်ကံကောင်းလို့ ရကြတာကလား"

"ကံ ကလည်း ကောင်းပဲ ကောင်းနိုင်လိုက်တာရှင်"

"ကျောက်ဘီလူးမကြီးက မ,စတာဆိုပဲဗျ"

"မ, စဆိုရင် အကျိုးဆက် အကြောင်းဆက် ရှိတာကိုး၊ မ,စတော့တာပေါ့"

"အတိတ်က အကျိုးအကြောင်းရှိတာထက် ပိုပြီး အဓိကကျတာကတော့ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် ကျေးဇူးရှိကြတယ်ဆို မဟုတ်လားဗျ"

"ဒါတင် ဘယ်ကဦးမလဲဗျာ၊ သူတော်စင် ဘိုးဘိုးကြီးတောင်မှ ကြွလာတယ်လို့ ကြားရတယ်"

ဤကဲ့သို့ လူစုလူဝေး ပြောဆိုနေကြသလို ကလန်ကြီး ဦးမင်းယာ၏ အိမ်ကြီးအပေါ်ထပ်တွင်လည်း ဦးဖြိုးတို့ မိသားစု လေးယောက် ရောက်ရှိနေကြသည်။ ကလန်ကြီးက ဝမ်းသာအားရ ပြောဆိုလိုက်သည်။

"ကိုင်း ဦးဖြိုးတို့တတွေ ဝမ်းသာကြပေတော့ဗျာ"

"ဘာများပါလိမ့် ကလန်ကြီးခင်ဗျာ"

"ခင်ဗျားတို့ကို နယ်စားကြီးက ဘုရင်ထီးဘုရားရဲ့ အမိန့်တော်အတိုင်း ထီးဘုရားကိုယ်စား မဟာသာလ သူဌေး အဆောင်အယောင်တွေနဲ့တကွ သူဌေးဘွဲ့ကို အပ်နှင်းချီးမြှင့်လိုက်တယ် ကိုဖြိုးရေ"

"ဟင် ဟုတ်လား"

"ဝမ်း ဝမ်းသာလိုက်တာရှင်၊ မဟာသာလ သူဌေးကြီး တဲ့လား"

"အဖေ အဖေ သူဌေးကြီး ဘွဲ့ရပြီနော်"

"သမီး သမီး ဝမ်းသာလိုက်တာ အဖေရယ်"

မိသားစု လေးယောက်၏ အပျော်များက အခြားသူများကိုပါ ကူးစက်သွားကြသည့်အတွက် အားလုံး ပျော်တပြုံးပြုံး ဖြစ်နေကြသည်။ ဤသို့ဖြင့် ဦးဖြိုး

သည် မင်းတရားကြီး ချီးမြှင့်မြှောက်စားသည့် သူဌေးဘွဲ့ထူးကြီးကို ရရှိသွားသည့် သတင်းသည် ရပ်ဝေးရပ်နီးအနှံ့ ကျော်ကြားသွားပါလေတော့သည်။

■ ■ ■

## အခန်း (၁၃)

ဦးဖြိုး ဒေါ်သာ မယ်ဖြူ မယ်ညို မိသားစုကား ချမ်းသာခဲ့ကြလေပြီ။ သူဌေးသမီး ဘဝသို့ နေ့ခြင်းညခြင်း ပြောင်းလဲရောက်ရှိခဲ့ကြသော်လည်း မယ်ဖြူ မယ်ညို ညီအစ်မနှစ်ဦး၏ စိတ်ထားသည်ကား ယခင် ဆင်းရဲစဉ်ကအတိုင်းပင် အနည်းငယ်မျှ ပြောင်းလဲမသွားခဲ့ပေ။

သူတို့ မိသားစု ယခုလို ဘဝမမေ့ကြဘဲ ဖော်ဖော်ရွေရွေ ဆက်ဆံပြောဆို သည်ကို တွေ့ကြမြင်ကြ ဆက်ဆံနေကြသည့် ရွာသူရွာသားများနှင့် အနီးပတ်ဝန်း ကျင်ရှိ ရွာမှ လူများကလည်း ချီးမွမ်းခဲ့ကြသည်။

ဦးဖြိုး ဒေါ်သာတို့သည် သူတောင်စင် ဘိုးဘိုးကြီး မိန့်ကြားတော် မူခဲ့သည့်အတိုင်း ဘုရားတည်ခြင်းကို စတင် စီမံကြသည်။ ကလန်ကြီး ဦးမင်းသာ သံဗျင်ကြီး ဦးသော်နှင့် ရွာဆော်ကြီး ဦးမှူ အစရှိကြသည့် ရပ်ရွာအတွင်းမှ လူကြီး သူမများ အားလုံး ဦးဖြိုး ဒေါ်သာ တို့၏ သီရိကျက်သရေ စံအိမ်ဟု ဆိုင်းဘုတ် တင်ထားသည့် အိမ်ဂေဟာ အပေါ်ထပ်သို့ စုဝေးရောက်ရှိနေကြသည်။

အချိန်က နေ့လယ်ခင်း တစ်မောင်း (တစ်နာရီ) တိတိတွင်ပဲ ဖြစ်သည်။ ယခင်ကဆိုလျှင် ကလန်ကြီး အိမ်သို့ သွားကြရသော်လည်း ယခုအခါတွင်မူ ကလန်ကြီး ကိုယ်တိုင် ပုဂံပြည့်ရှင် အနော်ရထာမင်းတရားကြီး၏ မဟာသာလ သူဌေးဘွဲ့ထူးနှင့် ချီးမြှောက်ခြင်းကို ခံယူရရှိထားသည့် ဦးဖြိုး၏ ထည့်ဝါခန့်ညား လှသည့် ဂေဟာသို့ တလေးတစား ရောက်နေရလေပြီ။

အပေါ်ထပ် ဧည့်ခန်းထဲတွင် မှန်စီရွှေချ ပွတ်လုံးတိုင်ကြီးများက ကျက်သရေရှိစွာပင် အိမ်၏အလှကို တန်ဆာဆင်ထားကြသည်။ သည် ဧည့်ခန်းဆောင်ကြီးထဲတွင် ဦးဖြိုးတို့ မိသားစု လေးဦးနှင့် ကလန်ကြီး အစရှိသည့် ရပ်ရွာလူကြီး မိဘများ ဘုရားတည်မည့် ကိစ္စနှင့် ပတ်သက်၍ တိုင်ပင် ဆွေးနွေးနေကြသည်။

ကလန်ကြီးက စတင်၍ သူဌေးကြီးကို မေးမြန်းလိုက်သည်။

"သူဌေးကြီး ဖြစ်ချင်တဲ့ ဆန္ဒကို ကျွန်ုပ်တို့ အရင်ဆုံး သိပါရစေ ခင်ဗျာ"

ရာထူး ဂုဏ်သိန် ရွှေငွေရတနာများက အခေါ်အဝေါ်ကိုပင် ပြောင်းလဲစေနိုင်စွမ်းရှိကြောင်း ဦးဖြိုး ကိုယ်တွေ့ သိခဲ့ရလေပြီ။ သို့သော် သူက နှိမ့်ချစွာပင် ကလန်ကြီးကို ပြန်လည် ပြောဆိုလိုက်သည်။

"ယခင်ကလို မောင်ဖြိုးလို့ပဲ ခေါ်ပါ၊ ကလန်ကြီး ခင်ဗျာ"

"အို ဒီလိုခေါ်လို့ ဘယ်ဖြစ်ပါ့မလဲ သူဌေးကြီးရယ်၊ ကျုပ်က ရပ်ရွာ အကြီးအကဲ ဆိုပေမယ့် သူဌေးမင်းကလည်း ဘုရင်ထီးဘုရားကြီး ကိုယ်တော်တိုင် ချီးမြှင့်မြှောက်စားထားခြင်းကို ခံယူရတဲ့ သူဌေးဘွဲ့ထူးကြီး ရထားတဲ့သူဖြစ်လို့ အရင်လို ခေါ်ဖို့ နှုတ်မဝံ့ပါဘူး"

"ဒါတော့ မှန်တယ် သူဌေးမင်း၊ ရာထူးဌာန္တရအလိုက် ခေါ်ဝေါ်ပြောဆို ဆက်ဆံမှလည်း ကြားလို့သင့်လျော်ပါတယ်"

သံဗျင်ကြီး ဦးသော်က ဝင်ရောက် ထောက်ခံလိုက်ခြင်းပင်။ ရွာဆော်ကြီး ဦးမှုံ အစရှိကြသည့် ရပ်ရွာအတွင်းမှ လူကြီးသူမများကလည်း ဝိုင်းဝန်းပြောဆို ထောက်ခံနေကြလေသည်။

ဦးဖြိုးကား မည်သို့မျှ မတတ်သာတော့ပေ။ သူဌေးကြီးဟု ခေါ်သည်ကို မတားမြစ်သာတော့ဘဲ လျစ်လျူရှုနေလိုက်ရရှာသည်။ ကလန်ကြီးက စကားကို ပြန်ကောက် ပြောဆိုလာသည်။

"ကျွန်ုပ်ခုနက ပြောဆိုခဲ့တဲ့အတိုင်း သူဌေးမင်းရဲ့ ဆန္ဒကို ကြားပါရစေ လားဗျာ"

"ဟုတ်ကဲ့ ကျွန်ုပ်အနေနဲ့ကတော့ သူတော်စင်ကြီးရဲ့ မိန့်ကြားချက်ကို ဦးထိပ်ပန်ဆင်ပြီးတော့ ကျေးဇူးရှင် မယ်တော်ကြီးကို ပြန်လည် တုန့်ပြန်တဲ့အနေနဲ့ ဘုရားတည်လိုတာပါပဲ၊ ဉာဏ်တော် အမြင့် လုံးပတ်ကအစ ဘယ်ပုံဘယ်နည်း တည်ကြမယ်ဆိုတာကိုတော့ ကလန်ကြီးတို့ကပဲ အကြံပေးစေချင်ပါတယ်ဗျာ"

"သူဌေးကတော်ကြီးရဲ့ ဆန္ဒကိုကော ကြားပါရစေ"

"သမီးတို့ အဖေ ပြောတဲ့စကားအတိုင်းပါပဲရှင်၊ ကျွန်မအနေနဲ့ မယ်တော်ကြီးရဲ့ ကျေးဇူးကို ပြန်ဆပ်ခွင့်ရတာကိုပဲ ဝမ်းသာလှပါပြီရှင်"

"သမီးတို့နှစ်ယောက်ရဲ့ သဘောထားကကောကွယ့်"

"ဟိုလေ ဦးရီးတော် မယ်ဖြူအနေနဲ့ မေမေနဲ့ ဖေဖေတို့ ဘုရားတည်ပြီးမှပဲ ဆင်ဖြူတောင်မှာ သီးသန့်ဘုရားတစ်ဆူ ထပ်တည်ဖို့ စဉ်းစားထားပါတယ်ရှင်"

"ကောင်းပါလေရဲ့ကွယ်"

"သမီးကလည်း မယ်ဖြူနည်းတူ လှေထွင်းတောင်ပေါ်မှာ ဘုရားတစ်ဆူ ထပ်တည်မယ်လို့ ဆုံးဖြတ်ထားပါတယ်ရှင်"

မယ်ညိုကလည်း ရည်ရွယ်ရင်းရှိသည်နှင့်အညီ သူမ၏ဆန္ဒကို အားလုံးသိစေရန် ထုတ်ဖော်ပြောဆိုလိုက်သည်။ သူတို့ညီအစ်မတွင်လည်း ကိုယ်ပိုင်ရရှိထားကြသည့် ရွှေငွေကျောက်သံပတ္တမြား ရှိနေသည့်အတွက် ဘုရားတည်နိုင်သည့် အင်အား အပြည့်အစုံ လုံလောက်နေလေပြီ။

"သာဓု သာဓု သာဓုပါပဲကွယ်၊ သမီးတို့နှစ်ယောက်ရဲ့ စိတ်နေစိတ်ထားမွန်မြတ်ဖြူစင်လှပါဘိတော့တယ်"

ရွာထဲမှ အသက်ကိုးဆယ်ကျော်ရှိပြီဖြစ်သည့် ဘိုးရာကျော်က အားလုံးကိုပင် သာဓုခေါ်ဆို၍ ချီးမွမ်းလိုက်ခြင်းပင်။ ဤတွင် သံဗျင်ကြီး ဦးသော်က ဘုရားတည်မည့်အကြောင်းကို လမ်းကြောင်းကို ပြန်လှည့်လာသည်။

"ကောင်းပါပြီ သူဌေးမင်းခင်ဗျာ၊ ကျွန်ုပ်မှာ ဘုရားတည်တဲ့လုပ်ငန်းနဲ့ ပတ်သက်ပြီး တတ်မြောက်ကျွမ်းကျင်ကြတဲ့ အသိပညာရှင် အတတ်ပညာရှင် မိတ်ဆွေတွေ ပုဂံပြည်မှာ ရှိပါတယ်၊ ကျွန်ုပ်ကိုယ်တိုင် သွားရောက်ပြီး ခေါ်ဆောင်လာခဲ့ပါမယ်"

"သြော် ဟုတ်ပေသားပဲ၊ သံဗျင်ကြီးက ပုဂံရွှေမြို့တော်ကို မကြာမကြာ ရောက်နေတဲ့သူ ဖြစ်တဲ့အတွက် အသိအကျွမ်း ပေါတယ်ဆိုတာ ကျွန်ုပ် မေ့သွားတယ်၊ ဒါဆိုရင် အတတ်ပညာရှင်ပိုင်းဆိုင်ရာကဏ္ဍကိုတော့ သံဗျင်ကြီးကပဲ

တာဝန်ယူပေးပါ"

"စိတ်ချပါ ကလန်ကြီး၊ မကြာခင် ရက်ပိုင်းအတွင်းမှာ ကျွန်ုပ်ကိုယ်တိုင် ပုဂံရွှေမြို့တော်ကို သွားလိုက်ပါ့မယ်"

"ကျေးဇူးပါပဲ ဦးသော်ရယ်"

ဤသို့ဖြင့် ရက်ပိုင်းအတွင်းမှာပင် ပုဂံရွှေမြို့တော်မှ ပန်းရံ ပန်းပု ပညာရှင်များ သံဗျင်ကြီးနှင့်အတူ ပါလာသည်။ တောင်ပေါ်တွင် မြေတူးသူ မြေသယ်သူ အုတ်သယ်ကြသူများနှင့် စည်ကားနေသည်။

ဦးဖြိုး ဒေါ်သာတို့ကလည်း လုပ်အားလာပေးကြသည့် ကျည်တောင်ရွာမှ ရွာသူရွာသားများ အနီးပတ်ဝန်းကျင် ကျေးရွာများမှ သူများကို ထမင်းဟင်းနှင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။

ဤကဲ့သို့ တက်ညီလက်ညီ စုပေါင်းဆောင်ရွက်ခဲ့ကြသည့်အတွက် စေတီတော်ကား သတ်မှတ်ထားသည့် ရက်မတိုင်မီမှာပင် တည်ပြီးသွားတော့သည်။

ဘုရား၏ ဘွဲ့တော်ကို 'ရွှေပင်တုတ်ဖြိုး' ဘုရားဟု ဘွဲ့အမည်ဖြင့် ခေါ်ဝေါ် သမုတ်ခဲ့ကြလေသည်။ သူဌေးကြီး ဦးဖြိုးနှင့် သူဌေးကတော် ဒေါ်သာ မယ်ဖြူ မယ်ညို တို့သည်ကား ဘုရားဒါယိကာ ဒါယိကာမများ ဖြစ်သွားကြလေပြီ။

ဘုရားတည် ရေစက်ချပြီးသည့် ညတွင်ပင် ဇနီးမောင်နှံ နှစ်ဦးစလုံး အိပ်မက်နေကြသည်။ အိပ်မက်ထဲတွင် သူတို့ မြင်တွေ့ရသည်က အတန်ပင် ကြီးမားသည့် ကျောက်ဂူကြီးတစ်လုံးပင် ဖြစ်သည်။

သည်ဂူကြီးကလည်း တောင်တန်းပေါ်တွင် ရှိနေခြင်းဖြစ်၍ တောင်အမည်ကိုတော့ သူတို့ မသိခဲ့ကြပေ။ ဂူကြီးထဲရှိ ကျောက်ဖျာပေါ်တွင် အမျိုးသမီး တစ်ယောက် 'ပဒုမာသန' တင်ပလ္လင်ခွေ၍ ထိုင်နေသည်။

အမျိုးသမီး၏ မျက်နှာသည်လည်း လှပချောမော၍ ကျက်သရေ ရှိလွန်းလှသည်။ ထိုအမျိုးသမီးက သူတို့ ဇနီးမောင်နှံကို မျက်လွှာလေး ပင့်ကြည့်ရင်း ကြွေရှေရစွာ ပြုံးပြလာသည်။

"ဟဲ့ ဖြိုးနဲ့မယ်သာ ရုပ်ရည်ပြောင်းလဲသွားတဲ့အတွက် မယ်တော်ကို မမှတ်မိတော့ဘူးနဲ့ တူတယ်"

"ခင်ဗျာ ခင်ဗျာ မယ်တော်ကြီးလား"

"ရှင် ရှင်က မယ်တော် မယ်တော်ကြီးလား"

"မှန်တယ်ကွယ့် အခုတွေ့နေရတဲ့ ငါဟာ နင်တို့သိခဲ့ကြတဲ့ ကျောက်ဘီလူးမကြီးပဲ ဖြစ်တယ်၊ သူတောင်စင် ဘိုးဘိုးကြီးကြောင့် ကျိန်စာဆိုးက လွတ်မြောက်ပြီး အရင်ရုပ်ရည်ကို ပြန်ရခဲ့တာပဲ၊ ငါ့နာမည်အရင်းက မယ်ဝဏ္ဏလို့ ခေါ်တယ်၊ နင်တို့ သိပြီးပြီ မဟုတ်လားဟဲ့"

"ဟုတ် ဟုတ် သိပြီးပါပြီ၊ မယ်တော်ကြီး ခင်ဗျာ"

"ကျွန်တော်မျိုးမလည်း သိပါတယ် မယ်တော်ကြီးရှင့်"

"အေး ဝမ်းသာကြပေတော့၊ ငါ့ဘဝလည်း ပြောင်းလဲသွားပြီ ဖြစ်သလို နင်တို့ဘဝဟာလည်း ကောင်းစားခဲ့ကြပြီ၊ နင်တို့ ငါ့အတွက် ရည်မှန်းပြီး ဘုရားတည်ပေးတယ်ဆိုတာသိလို့ အခုလို အိပ်မက်ကတစ်ဆင့် နင်တို့ ဝမ်းသာရအောင် လာခဲ့တာပဲဟေ့"

"ဝမ်း ဝမ်းသာလိုက်တာ မယ်တော်ကြီး ခင်ဗျာ"

"မယ်တော်ကြီးရဲ့ ကျေးဇူးကို ဆပ်ခွင့်ရတဲ့အတွက် ဘယ်လို ဝမ်းသာမိတယ် ဆိုတာတောင်မှ ကျွန်တော်မျိုးမ ပြောမပြနိုင်ပါဘူး မယ်တော်ကြီးရယ်"

"သိတယ် သိတယ် ငဖြိုးတို့ ဇနီးမောင်နှံနဲ့ မယ်ဖြူ မယ်ညိုတို့ ဘယ်လောက်ထိ စိတ်ထားဖြူစင်တယ်ဆိုတာ မယ်တော်ကြီး အသိဆုံးပါပဲကွယ်"

"မယ်တော်ကြီးထံမှ ချီးကျူးစကား ကြားရတဲ့အတွက် ဂုဏ်ယူမိပါရဲ့ ခင်ဗျာ"

"ဝမ်းမြောက်လိုက်တာ မယ်တော်ကြီးရယ်"

"အင်း နင်တို့ ရေစက်ချ အမျှအတန်းပေးဝေတာကိုလည်း ငါ သာဓု ခေါ်နိုင်ခဲ့ပါတယ်"

မယ်တော်ကြီးက စကားအဆုံးတွင် သက်ပြင်းချလိုက်လေသည်၊ မယ်တော်ကြီး မျက်နှာပေါ်တွင်လည်း တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေဟန်ဖြင့် မျက်မှောင်ကျုံ့နေသည်ကို တွေ့လိုက်ကြရသည်။

"မယ်ဖြူ မယ်ညို သမီးတော်လေးနှစ်ယောက်ကလည်း ဆင်ဖြူတောင်နဲ့ လှေထွင်းတောင်ပေါ်မှာ ဘုရားတည်ဖို့ ကြံစည်နေကြတယ် မဟုတ်လား"

"ဟုတ်ပါတယ် မယ်တော်ကြီးခင်ဗျာ"

"မှန်ပါတယ် မယ်တော်ကြီး"

"စိတ်ဓာတ်ကလေးတွေကဖြင့် တယ်ပြီး မွန်မြတ်ကြပါပေရဲ့ကွယ် ဒါပေ

မဲ့"

မယ်တော်ကြီးက ရှေ့စကား မဆက်တော့ ရပ်ထားလိုက်သည်။ ဤ တွင် မိခင်နှင့် ဖခင်တို့၏ ရင်ထဲတွင် သမီးနှစ်ယောက်နှင့် စပ်လျဉ်းပြီး အလွန် အမင်း သိချင်စိတ်တွေက ပေါ်လာသည့်အတွက် ပြိုင်တူပင် မေးလိုက်ကြလေ သည်။

"သမီးတွေနဲ့ ပတ်သက်ပြီး မိန့်ကြားတော်မူပါ မယ်တော်ကြီး"

"ဪ ဘာမှမဟုတ်ပါဘူး မယ်သာနဲ့ ငဖြိုးရယ် သူတို့လေးတွေ အခု လို ချမ်းချမ်းသာသာနဲ့ နေရထိုင်ရတဲ့ဘဝကို အရင်ဘဝကွာခြားလွန်းလှပါလား လို့ တွေးနေမိလို့ပါကွယ်"

အမှန်ကမူ ရှေ့တွင် ဘာတွေဆက်ဖြစ်မည်ကို အတပ်သိနေသည့် မယ်တော်ကြီးအနေနှင့် မိခင်နှင့်ဖခင်တို့ စိတ်မကောင်းဖြစ်မှာစိုး၍သာ စကားကို လှီးလွှဲပြောဆိုလိုက်ခြင်း ဖြစ်သည်။

မိဘနှစ်ပါးကမူ ဤသည်ကို မရိပ်မိရှာ။ မယ်တော်ကြီး ပြောသည့် စကားကို ကြားရမှ သက်ပြင်းကို ချလိုက်နိုင်ရှာကြသည်။ ထို့ကြောင့်လည်း ပြုံးရွှင်စွာဖြင့် နှစ်ယောက်စလုံးက ပြန်လည်ပြောဆို လိုက်ကြပြန်သည်။

"မယ်တော်ကြီး မ,စခဲ့တဲ့အတွက်ကြောင့် ကျွန်တော်မျိုးတို့ အခုလို တင့်တင့်တယ်တယ် နေနိုင်ကြတာပါပဲ ခင်ဗျာ"

"မယ်တော်ကြီးရဲ့ကျေးဇူး အထူးပဲ ကြီးမားလှပါတယ်ရှင့်"

"ကဲ ကဲ မယ်တော်ကြီး ကျင့်စဉ်ဝင်ဖို့ အချိန်ကျနေပြီ ပြန်ကြပေတော့ ကွယ်"

ဦးဖြိုးနှင့်ဒေါ်သာလည်း မယ်တော်ကြီးကို ရိုသေစွာ ရှိခိုးလိုက်ကြသည်။ သည်ခဏမှာပင် မြင်ကွင်းအားလုံး ပျောက်ကွယ်သွားသလို ဇနီးမောင်နှံ နှစ် ယောက်စလုံးလည်း အိပ်မက်မှ နိုးထလာကြလေပြီ။

အချိန်က မိုးလင်းလုပြီဖြစ်သည့်အတွက် ဘုရားဝတ်တက်ရန် အိပ်ရာမှ ထလိုက်ကြသည်။ ဘုရားဆွမ်းကပ်ပြီး၍ ဘုရားရှိခိုးပြီးသည့် အချိန်တွင် ဇနီးမောင် နှံနှစ်ယောက်စလုံး အိပ်မက်အကြောင်းကို ပြောဆိုဆွေးနွေးနေကြသည်။

မိခင် ဖခင်တို့ အိပ်မက်အကြောင်း ပြောဆို ဆွေးနွေးပြီးစ အချိန် လောက်မှာပင် မယ်ဖြူ မယ်ညိုတို့လည်း နိုးလာကြသည်။ နံနက်ခင်း၏ နေခြည် အောက်တွင် လောကကြီးက သာယာလှပါဘိဟုလည်း မယ်ဖြူက အဝေးသို့

ဒေးမောကြည့်ရင်းမှပင် အတွေးဝင်နေမိသည်။

မယ်ညိုကမူ ပုဂံရွှေမြို့တော်ကြီး ရှိရာသို့ မှန်းမျှော်တွေးဆရင်း အလွမ်းပွင့်တွေက ရင်ထဲတွင် စီရရီ ဖူးပွင့်နေလေပြီ။ ဖြစ်နိုင်မည်ဆိုပါက ချစ်သူမောင်ကြီးရှိရာ ရွှေမြို့တော်သို့ ယခုပင် သွားချင်နေမိသည်။

သူတို့ညီအစ်မ နှစ်ယောက်စလုံး အပေါ်ထပ် လေသာဆောင်တွင် ထိုင်နေကြခြင်းပင်။ မယ်ဖြူက ညီမငယ်၏ ပခုံးကို ကြင်နာစွာ လှမ်းဖက်လိုက်ပြီး စကားဆိုလိုက်သည်။

"မယ်ညို လွမ်းနေပြီလား ညီမရယ်"

"လွမ်းတာပေါ့ မမရယ်၊ ဘယ့်နယ်ပြောပါလိမ့်၊ ပြောစမ်း မမကော မောင်ကြီး ရဲသီဟကို မလွမ်းဘူးလား"

"မလွမ်းပေါင် နေသာသပ လေညာက ဆိုတာလို ဘာဆိုင်လို့လွမ်းရမှာလဲ ဟဲ့"

"ဟင်းနော် မမဖြူ ခုတ်သိခြင်း လာပြီး ညာမနေနဲ့နော်၊ ပြောတော့ မလွမ်းဘူးတဲ့ မမဖြူက မိညိုထက်တောင်မှ လွမ်းအားပိုနေတယ်ဆိုတာ သိပါတယ် မမရယ်"

"ကောင်မလေးနော် ရှုတ်နောက်နောက်နဲ့ ဘာတွေ လာပြောနေမှန်း မသိဘူး"

မယ်ဖြူက ညီမငယ်၏ ခေါင်းကို ညင်သာစွာ လှမ်းပုတ်လိုက်သည်။ မယ်ညိုက အစ်မကို မေးမြှန်းကြည့်လိုက်ပြန်သည်။

"မယ်ဖြူက ဆင်ဖြူတောင်ပေါ်မှာ ဘယ်တော့ ဘုရားတည်မှာလဲ ဟင်"

ညီမလေးရယ် တည်တော့ အခုချက်ချင်း တည်ချင်တာပေါ့ကွယ်၊ ဒါပေမဲ့ မောင်ကြီးလာမှပဲ ဘုရားတည်ဖို့ ဆုံးဖြတ်ထားတယ်၊ ညီမလေးကကော လှေထွင်းတောင်ပေါ်မှာ ဘယ်တော့ စတည်မှာလဲဆိုတာ ပြောစမ်းပါဦး"

"ညီမလေးလည်း မမဖြူလိုပဲလေ မောင်ကြီး ရဲဒိဗ္ဗလာမယ့် ရက်ကို စောင့်မျှော်နေမိတော့တယ်၊ ရက်တွေကို ရေတွက်ရတာလည်း ညောင်းလှပေါ့ မမဖြူရယ်"

ဤကဲ့သို့ သူတို့ညီမ နှစ်ဖော် လေသာဆောင်ပေါ်တွင် တီးတိုး ပြောဆိုနေကြစဉ်မှာပင် ကလန်ကြီး ဦးမင်းယာနှင့် ရွာဆော်ကြီး ဦးမှုံတို့ ဧဟာရေ့သို့

ရောက်လာသည်ကို တွေ့မြင်လိုက်ရသည်။

ညီအစ်မနှစ်ဦးစလုံး စကားပြောလက်စကို ဖြတ်ပြီး အိမ်အပေါ်ထပ်မှ ဆင်းလာကြသည်။ သူတို့နှစ်ဦး အိမ်အောက်ထပ်ရောက်သည့်အခါ ဖခင်နှင့်အတူ အိမ်ဝသို့ပင် ရောက်လာကြလေပြီ။

ညီအစ်မ နှစ်ယောက်က ဖော်ရွေစွာပင် ဆီးကြို နှုတ်ခွန်းဆက်လိုက်ကြသည်။

"ကြွပါ ဦးရီးတော်တို့ရှင့်"

"မင်္ဂလာ နံနက်ခင်းပါ ဦးရီးတော်တို့ရှင့်"

အိပ်အပေါ်ထပ်သို့ မတက်ကြဘဲ အောက်ထပ် ဧည့်ခန်းထဲတွင်ပင် ဧည့်သည်နှစ်ယောက်ကို ဧည့်ခံနေကြသည်။ ညီအစ်မနှစ်ယောက်က ဧည့်သည်များ နံနက်စာ အဆာပြေသုံးဆောင်ရန် လက်ဖက်ရည်ကြမ်း(ရေနွေး) မုန့်ပဲသားရေစာ အစရှိသည့် ကောင်းနိုးရာရာတို့ဖြင့် ကျွေးမွေးကြသည်။

ကလန်ကြီးက ရောက်လာသည့် အကြောင်းကို စတင်ပြောဆိုလာသည်။ သူတို့မိသားစုက ကလန်ကြီး ပြောလာမည့် စကားတို့ကို နားစွင့်နေကြသလို ရွာဆော်ကြီးကမူ သိပြီးသားဖြစ်၍ထင်သည်။ ရေနွေးကြမ်းနှင့် မုန့်တို့ကို သုံးဆောင်နေသည်။

"သူဌေးကြီးရေ ကျွန်ုပ်တို့နှစ်ယောက် အခု ရောက်လာကြတာ သတင်းပေးစရာ ရှိလို့ပါပဲဗျာ"

"ဆိုပါဦး ကလန်ကြီးရယ် ဘာများပါလိမ့်ဗျာ"

မယ်ဖြူ မယ်ညိုတို့နှစ်ယောက်စလုံး ချစ်ရသူ မောင်ကြီးနှစ်ယောက်၏ သတင်းကို ကြားရမည် ထင်နေသည့်အတွက် နားစွင့်ထားကြသည်။ သို့သော် ကြားရသည့် သတင်းက သူတို့လုံးဝ မျှော်လင့်မထားသည့် သတင်းဖြစ်နေ၏။

"ဒီနယ်ဘက်ကို ရှမ်းပြည်က ရှမ်းစော်ဘွားတစ်ဦး မကြာမီ ရက်များအတွင်း နယ်ပယ်လှည့်ပတ်ရာက ရောက်လာလိမ့်မယ်လို့ သတင်းရခဲ့တယ်"

"ဟင် ဟုတ်လား ကလန်ကြီး၊ ရောက်လာလည်း လာပေ့ါဗျာ၊ ကျွန်ုပ်တို့က ရွာခံတွေဆိုတော့ ရောက်လာတဲ့သူကို ဧည့်ဝတ်ကျေအောင် ဆောင်ရွက်ပေးရမှာပဲပေါ့ မဟုတ်ဘူးလား ဗျာ"

ဦးဖြိုး၏ စကားအဆုံးတွင် ရွာဆော်ကြီးက လက်ဖက်ရည် အကြမ်းပန်းကန်လုံးကို ငွေလင်ပန်းထဲ ပြန်ထည့်လိုက်ပြီး ထင်မြင်ချက် စကားဆိုလာ

သည်။

"အင်း လာခြင်းကောင်းရင်တော့ သူဌေးကြီး အမိန့်ရှိသလို ကိုယ့်ဘက်က တာဝန်ကျေအောင် ဆောင်ရွက်ရမှာ အမှန်ပဲ၊ ဒါပေမဲ့ ခက်တာက"

"ဘာများ ခက်နေတာလဲ ရှာဆော်ကြီးရယ်"

ရှာဆော်ကြီး စကားမဆက်သေးဘဲ မယ်ဖြူ မယ်ညိုတို့ ရှိရာသို့ လှမ်းကြည့်လိုက်သည်။ ပြီးမှ စကားကို ဆက်ပြောလာသည်။

"ခက်တယ်ဆိုတာက ဒီက တူမချောလေးတွေကြောင့်ပဲ သူဌေးကြီးရေ"

"ဘယ်လိုကြောင့်ပါလိမ့် ရှင်"

သူဌေးကတော်ကြီးက သမီးများကြောင့်ဟု ဆိုလာသည့် စကားကြောင့် စိုးရိမ်ပူပန်စွာဖြင့် မေးလိုက်မိသည်။ မယ်ဖြူနှင့်မယ်ညိုတို့၏ ရင်ထဲတွင်လည်း ထိတ်ခနဲ ဖြစ်သွားကြသည်။

"ခက်တယ်ဆိုတာက ဒီလိုပါ သူဌေးကတော်ကြီးရယ်၊ အားလုံးပဲ နားနဲ့မနာ ဖဝါးနဲ့နာပါဆိုတဲ့ စကားလိုပဲ ပြောရမယ်ဆိုရင် ဒီစော်ဘွားဟာ သူ မေတ္တာရှိတဲ့သူဆိုရင် ဇွတ်အတင်း ကြံစည်တတ်တယ်လို့ သိရတယ်၊ ဒါကြောင့်ပါပဲ ခင်ဗျာ"

"ဟင် ဒါအဟုတ်ပဲလား"

"ရှင်"

"ဟင်"

"အို"

မိသားစု လေးယောက်စလုံး အရမ်းပင်စိုးရိမ်သွားကြသလို နှုတ်မှလည်း အာမေဍိတ်သံများ ထွက်ပေါ်လာမိသည်အထိ အံ့အားသင့်သွားမိကြတော့သည်။ သူဌေးကြီးကမူ မယုံသေးဟန်ဖြင့် ရှာဆော်ကြီးကို မေးမြန်းနေပြန်သည်။

သူဌေးကြီးအမေးကို ရှာဆော်ကြီး ကိုယ်တိုင်မဖြေဘဲ ကလန်ကြီးက ဝင်ရောက် ပြောဆိုလာသည်။

"အမှန်ပါပဲ သူဌေးကြီးရယ်၊ ကျွန်ုပ် မိတ်ဆွေတွေဆီက ပေးပို့လိုက်တာဖြစ်တဲ့အတွက် ခိုင်လုံပါတယ် ခင်ဗျာ"

"အခုလို မိတ်ဆွေကောင်း ပီသစွာ လာရောက် အကြောင်းကြားတဲ့အတွက် ကလန်ကြီးနဲ့ ရှာဆော်ကြီးကို အထူးပဲ ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမဲ့ ကလန်ကြီးတို့ သိကြတဲ့အတိုင်း သမီးနှစ်ယောက်စလုံးမှာ ရည်ရွယ်ထားသူတွေ

ရှိနေပြီ မဟုတ်လား၊ ထို့အပြင် ရည်ရွယ်ထားသူတွေကလည်း ဗိုလ်မှူးလေးတွေ ဖြစ်တာကြောင့် စော်ဘွားအနေနဲ့ ဇွတ်အတင်းတော့ မကြံဝံ့လောက်ပါဘူးလေ"

ညီအစ်မနှစ်ယောက်၏ရင်ထဲတွင်ကား အတန်ပင် ပူပင်သောက ရောက်နေကြလေပြီ။ မိခင်ဖြစ်သူ ဒေါ်သာကလည်း သမီးနှစ်ယောက်အတွက် ရင်လေးလာသည်။

"ရောက်လာတဲ့အခါ သတိနဲ့ကြည့်ပြီး ပြောဆိုဆက်ဆံပါ သူဌေးကြီး ခင်ဗျာ"

"ကောင်းပါပြီ ခင်ဗျာ"

ကလန်ကြီးနှင့်ရွာဆော်ကြီးတို့ ပြန်သွားကြလေပြီ။ မိသားစုလေး ယောက်သား ခေါင်းချင်းဆိုင်၍ တိုင်ပင်နေကြသည်။

"သမီးတို့အဖေ အဲဒီ စော်ဘွား ရောက်လာလို့ ပြောတဲ့အတိုင်း ဇွတ် အတင်း ကြံစည်လာရင် ဘယ်လိုလုပ်ကြမလဲရှင်"

"ဒီလောက်လည်း စိုးရိမ်မနေပါနဲ့ ရှင်မရယ်၊ ကျုပ် ကြံစည်ပါဦးမယ်"

"သမီး သမီး စိုးရိမ်နေတယ် အဖေရယ်"

"သမီးလည်း မမဖြူလိုပါပဲ အဖေရယ်၊ ကြားရတာနဲ့တောင် ရင်တွေ တုန်ပြီး ကြောက်လန့်လာတယ်"

"စိတ်အေးအေးထားကြစမ်းပါ သမီးတို့ရယ်၊ ကလန်ကြီးတို့ပြောသွား တဲ့အတိုင်း ဖြစ်လာလိမ့်မယ်လို့တော့ အဖေ မထင်ပါဘူးကွယ်၊ ကြားလား သမီး တို့ ဘာမှ စိတ်မပူကြနဲ့နော်၊ သွား သွား သမီးတို့စိတ်ပင်ပန်းနေကြပြီ သွားပြီး အနားယူလိုက်ကြဦး၊ အဖေ ရွာထဲကို သွားလိုက်ဦးမယ်"

ဖခင်ကြီး၏စကားကြောင့် ညီအစ်မ နှစ်ဦးစလုံး သူတို့အိပ်ရာခန်းဆောင် ထဲသို့ ဝင်ပြီး အပန်းဖြေနေကြသည်။ ညီအစ်မနှစ်ဦး၏ စိတ်များက အဝေးတစ်နေ ရာဆီ ရောက်နေကြသည်။ နှစ်ဦးစလုံး၏ စိတ်ထဲတွင်လည်း ချစ်သူမောင်ကြီး နှစ်ယောက် အမြန်ဆုံး ရောက်လာပါစေကြောင်း ဆုတောင်းနေမိကြပါတော့သည်။

ညဉ့်နက်သန်းခေါင်သို့ပင် ကျော်လွန်လာခဲ့ချေပြီ။ မယ်ဖြူ မယ်ညိုတို့ နှစ်ယောက်စလုံး ကိုယ်စီ အိပ်မက်မက်နေကြသည်။ အိပ်မက်ဆိုသည့်အတိုင်း အိပ်၍မက်သည်က ဘာမှမဆန်းကြယ်ဟု ထင်ရသော်လည်း သူတို့ မြင်မက်ရ သည့် အိပ်မက်က ဆန်းကြယ်လွန်းနေသည်။

အိပ်မက်ထဲတွင် သူတို့ညီအစ်မနှစ်ဖော်က တစ်ယောက်တစ်နေရာစီ

ရောက်နေကြသည်။ မယ်ဖြူ ရောက်နေသည်က ဆင်ဖြူတောင်၊ မယ်ညို ရောက်နေသည်က လေ့ထွင်းတောင်။

သို့သော် အဘယ်ကြောင့်မှန်းမသိ တစ်တောင်စီ ခွဲပြီးနေကြသော်လည်း အာရုံပြုကြည့်လိုက်သည်နှင့် တစ်ဦးကိုတစ်ဦး တွေ့မြင်နေကြရပြန်သည်။

သည့်ထက်ပို၍ ဆန်းကြယ်သည့်အရာကား သူတို့နှစ်ဦးစလုံး ဝတ်ထားသည့် အဝတ်အစားများသာ ဖြစ်ကြသည်။ ခါးတွင်စည်းထားသည့် ခါးစည်းကြိုးကလည်း ဆန်းကြယ်သလို ဦးခေါင်းနှစ်ဖက်တွင်လည်း ဖောင်းတော်စနှစ်ဖက် ချထားသည်ကို တွေ့နေကြရသည်။

အိပ်မက်ထဲတွင် မြင်တွေ့ရသည်က သူတို့မှ သူတို့အစစ်။ သူတို့နှင့် ရုပ်ရည်ချင်း တူညီ၍မှားလားဟူ၍ သေသေချာချာပင် စူးစိုက်ကြည့်မိပြန်သည်။

မမှား။ နည်းနည်းလေးမှ မမှား။ သူတို့မြင်ရသည်က သူတို့မှ သူတို့အစစ်ပင် ဖြစ်နေသည်။ ထူးခြားသည်ကား အိပ်မက်ထဲတွင် မြင်လိုက်ရသည့် သူတို့၏မျက်နှာများက ညှိုးငယ်နေကြခြင်းပင် ဖြစ်သည်။

အိပ်မက်က ဘာမှမကြာလိုက်ပေ။ ပျောက်ကွယ်သွားကြတော့သည်။ မယ်ဖြူက အရင်ဆုံး အိပ်မက်မှ လန့်နိုးလာသည်။ ခဏအကြာမှပင် ညီမဖြစ်သူ လန့်နိုးပြီး ခုတင်ဘောင်စောင်းထက်တွင် ထပြီး ထိုင်လိုက်သည်ကို သူမ တွေ့လိုက်ရသည်။

သူမ အိပ်ပျော်နေသည်ဟု မယ်ညိုက ထင်ထားဟန်တူသည်။ အတင်းပင် နှိုးလာတော့သည်။

"မမ မမဖြူ ထ ထပါဦး မမရယ်"

"ဟင် ညီမလေးပါလား၊ အိပ်မက်မက်နေတာ မဟုတ်လား"

"ဟုတ်တယ် မမဖြူကော၊ မမက်ဘူးလားဟင်"

"မက်တာပေါ့ ညီမလေးရယ်၊ မမလည်း လန့်နိုးနေတုန်းမှာ ညီမလေးက နှိုးလိုက်တာလေ"

"ဘယ်လို အိပ်မက်ကြီးမှန်း မသိပါဘူး မမဖြူရယ်"

"သြော် ညီမလေးရယ်၊ အိပ်မက်ဆိုတာ စွဲလန်းလွန်းရင်လည်း မက်တတ်တယ်ကွယ့်၊ မမတို့နှစ်ယောက် ဆင်ဖြူတောင်နဲ့ လေ့ထွင်းတောင်ပေါ်မှာ ဘုရားတည်ကြမယ်လို့ စိတ်စွဲလန်းနေကြတာ မဟုတ်လား၊ ဒါကြောင့် မက်တာနေမှာပေါ့ကွယ်"

ဤတွင် မယ်ညိုက တွေးတွေးဆဆနှင့် မေးမြန်းစူးစမ်းလာပြန်သည်။

"အိပ်မက်ထဲမှာ တွေ့ရတဲ့ မမဖြူနဲ့ မယ်ညိုတို့က ဘာဖြစ်နေကြတာလဲ ဟင်"

"မမစိတ်ထင်တာကို ပြောရမယ်ဆိုရင် နတ်သမီးလေးတွေ ဖြစ်နေကြတာပဲကွယ့်"

"နတ်သမီးလေးတွေ ဟုတ်လားဟင် မမဖြူ"

"ဟုတ်တာပေါ့ကွယ်၊ ညီမလေးက မယုံဘူးလား"

"ဟိုလေ ဟိုလေ မမဖြူရယ် ညီမလေး စဉ်းစားနေတာက နတ်သမီးဆိုတာ ဒီဘဝက သေပြီးမှ ဖြစ်မှာမဟုတ်လား"

"ဟုတ်ပါတယ် ညီမလေးရယ်"

"ဟင် ဒါဆို ညီမလေးတော့ နတ်သမီး မဖြစ်ချင်ပါဘူး၊ မမဖြူရယ်"

"ဘာကြောင့်များလဲ ညီမလေးရယ်"

"ဩော် မမရယ် မယ်ညိုတို့ဘေးမှာ မောင်ကြီးတို့နှစ်ယောက် ရှိရမယ်လေ၊ အခုတော့ မမဖြူက ဆင်ဖြူတောင်မှာ ညီမလေးက လှေထွင်းတောင်မှာလေ၊ မောင်ကြီးနဲ့ ခွဲနေရမယ့် ဘဝမျိုးဆိုရင် နတ်သမီးမဖြစ်ချင်ပါဘူး မမရယ်၊ မောင်ကြီးနဲ့ ကွဲပြီး သေမှ နတ်သမီး ဖြစ်ရမယ်ဆိုရင် ညီမလေးတော့ ဖြစ်ကို မဖြစ်ချင်တော့ဘူး မမဖြူ"

မမဖြူ တစ်ယောက် ညီမလေး၏ အစွဲအလန်းကြီးသည့်စိတ်ကိုပင် အံ့ဩနေမိသည်။ သို့သော် ပြောရမည်ဆိုလျှင် သူမကကော ဘာများထူးပါမည်နည်း။

သူမတစ်ယောက် ပေါ်မလာသေးသည့် မောင်ကြီး ရဲသီဟကို လွမ်းဆွတ်တမ်းတနေမိသည့်ရက်များက ကြာလှလေပြီ။ ရင်ထဲက ဝေဒနာက မပြေသာမှန်း သိသော်လည်း မိန်းမသားဘဝဆိုတော့ အားတင်း၍ စိတ်ကို ဖြေနေရရှာခြင်းသာ ဖြစ်သည်။

မယ်ညိုလည်း သူ့လိုပင် ရှိလိမ့်မည်ဟု တွေးတောရင်းကပင် ညီမဖြစ်သူကို ကရုဏာများစွာနှင့် ထွေးဖက်ပြီး နှစ်သိမ့်စကား ဆိုလိုက်ရလေသည်။

"ညီမလေးရယ် အိပ်မက်ကို သိပ်ပြီးတော့ ခေါင်းခြောက်အောင် မစဉ်းစားပါနဲ့ကွယ်၊ မိုးလင်းဖို့ အများကြီး လိုသေးတယ်၊ ပြန်အိပ်ကြရအောင်နော်"

"ကောင်းပါပြီ မမရယ်"

သည့်နောက်တွင်ကား ညီအစ်မနှစ်ယောက်စလုံး ထိုင်နေရာမှ သလွန်ညောင်စောင်းထက်တွင် လျောင်းရင်းကပင် ပြန်လည် အိပ်ပျော်သွားကြပါတော့သည်။

■ ■ ■

## အခန်း (၁၄)

သူဌေးကြီး ဦးဖြိုး မျှော်လင့်မထားသည့် အခြေအနေသည်ကား အမှန်ပင် ဖြစ်လာခဲ့လေပြီ။ ကလန်ကြီးနှင့်ရွာဆော်ကြီးတို့ ပေးသွားသည့်သတင်းက မှန်နေချေပြီတည်း။

သူတို့မိသားစု သည်အကြောင်းကို ကြားသိခဲ့ရပြီးနောက် သုံးရက်ခန့် အကြာတွင်ပဲဖြစ်သည်။ နယ်လှည့်လာသည့် စော်ဘွားနှင့် နောက်လိုက်ဘက်တော်သားများ ကျည်တောင်ရွာသို့ ဆိုက်ရောက်လာကြသည်။

ရွာနှင့်အတန်ပင် လှမ်းသည့်နေရာလောက်တွင် မြင်းညိုကြီးတစ်စီးနှင့် ရှေ့ဆုံးမှ ဦးဆောင်လာနေသည့်သူကို ရွာသားများ မြင်တွေ့လိုက်ကြရသည်။ ထိုမှတစ်ဆင့် တစ်ဆင့် ကလန်ကြီးနှင့်ရွာဆော်ကြီးတို့ သိသွားခဲ့ကြသည်။

ရွာဆော်ကြီး ဦးမှုံက သူဌေးကြီးအိမ်သို့ လာရောက် အကြောင်းကြားလာသည်။

"သူဌေးကြီး စော်ဘွားနဲ့ ဘက်တော်သားတွေ ရောက်လာကြပြီဗျ"

"ဟင် ဟုတ်လား"

"ဟုတ်တယ် သူဌေးကြီး၊ လုံမလေးတွေအတွက် ကြိုတင် စီစဉ်ထားပါ ခင်ဗျာ"

"ကောင်းပါပြီ ရွာဆော်ကြီးရယ်၊ အခြေအနေကိုကြည့်ပြီး ကျုပ် ဆောင်ရွက်ပါ့မယ်"

"ဒါဆို ကျွန်ုပ် ပြန်ပါဦးမယ်"

ဤသို့ ပြောဆိုနေဆဲမှာပင် စော်ဘွားနှင့် နောက်လိုက်များ သူဌေးကြီး အိမ်ဂေဟာရှေ့သို့ ဆိုက်ရောက်လာတော့သည်။ အစကမူ သည်ရွာတွင် အထည်ဝါဆုံးအိမ်က ကလန်ကြီးအိမ် ဖြစ်သော်လည်း ယခုအခါ သူဌေးကြီးအိမ်က ပို၍ပင် ခန့်ညားထည်ဝါနေသည်။

"အလို ဒီအိမ်ကြီးက ခန့်ညားထည်ဝါလှချည်လား ဟေ့ ရဲမက်တွေ ဘယ်သူ့အိမ်လဲဆိုတာ စုံစမ်းကြစမ်း"

ရွာဆော်ကြီး ဦးမှုံနှင့်အတူ သူဌေးကြီးက ခြံဝင်းရှေ့သို့ ထွက်လာပြီး ပြောဆိုလိုက်ကြသည်။

"သူဌေးကြီး ဦးဖြိုးရဲ့ အိမ်ဂေဟာပါ စော်ဘွားကြီး ခင်ဗျာ"

"ကျွန်ုပ်က သူဌေးကြီးပါပဲ စော်ဘွားကြီး ခင်ဗျာ"

ဤတွင် စော်ဘွားကြီးက မေးမြန်းလာပြန်သည်။ စော်ဘွားကြီးဟုသာ ဆိုရသော်လည်း အသက်က လေးဆယ်စွန်းရုံပင် ရှိဦးမည် ဖြစ်သည်။

"အသင်ကကော ဒီရွာမှာ ဘာတာဝန်ရှိသလဲဟဲ့"

"ကျွန်တော်မျိုးက ရွာဆော်ပါ စော်ဘွားကြီး၊ ငမှုံလို့ ခေါ်ကြောင်းပါ"

"သြော် သြော် ရွာဆော်ကြီးပေပဲကိုး၊ ကောင်းပြီ ရွာဆော်ကြီးက ကလန်ကြီးကို သွားအကြောင်းကြားပါ၊ ကျုပ် ဒီဂေဟာမှာတည်းခိုမယ့်အကြောင်းနဲ့ အခုချက်ချင်း လိုက်လာခဲ့ပါလို့ ဟုတ်ပြီလား"

"ကလန်ကြီး ကလန်ကြီး အိမ်မှာ ပိုပြီး သင့်တော်ပါတယ် စော်ဘွားကြီးခင်ဗျာ"

"အို မလိုချင်ဘူး ကျုပ် ဒီဂေဟာကိုပဲ သဘောကျ နှစ်သက်တယ်၊ နေစမ်းပါဦး ဒီဂေဟာမှာ သင် တစ်ယောက်တည်း နေတာလား"

သူဌေးကြီးသည် လာမယ့်ဘေး ပြေးရင်ဆိုင်မည်ဟု ဆုံးဖြတ်ထားပြီး ဖြစ်သည့်အတွက် အမှန်အတိုင်းပင် ပြောဆိုလိုက်သည်။

"မဟုတ်ပါဘူး စော်ဘွားကြီး၊ ကျွန်ုပ်၏ဇနီး သူဌေးကတော်နဲ့ သမီးနှစ်ယောက် ပေါင်းလေးယောက် နေထိုင်ကြကြောင်းပါ"

"အို ဟုတ်လား၊ ကဲ သူဌေးကြီး ကျုပ်ကို သင့်ဂေဟာထဲ မဖိတ်ခေါ်တော့ဘူးလား၊ ကျုပ်က ဒီအတိုင်း ခြံရှေ့မှာ ရပ်ပြီး နေရမှာလား သူဌေးကြီးရဲ့"

"မဟုတ်ပါဘူး စော်ဘွားကြီး၊ စကားပြောဆိုနေမိတာကြောင့် ဖိတ်ခေါ်ဖို့ မေ့လျော့သွားခြင်း ဖြစ်ပါတယ်"

"ကောင်းပြီ၊ ဒါဆိုရင် ကျုပ်ကို အခု သင့်ဂေဟာထဲ ခေါ်ပေတော့ သူဌေးကြီး"

ဦးမှို ရင်လေးနေမိပြီ။ ထို့အတူပင် လေသာဆောင်တွင် ပုန်းကွယ်၍ နားထောင်နေကြသည့် မယ်ဖြူနှင့်မယ်ညိုတို့သည်လည်း ရင်ထိတ်နေကြသည်။ သူဌေးကတော်ကြီးကမူ သမီးနှစ်ယောက်အတွက် ယခုအချိန်မှစ၍ ဗျာများနေရှာတော့သည်။

စော်ဘွားကြီးက အိမ်ထဲသို့ ဝင်လိုက်လာသည်။ နောက်လိုက်နောက်ပါများကမူ ခြံဝင်းထဲတွင် ကျန်ရစ်ခဲ့ပြီး အခြေအနေကို စောင့်ကြည့်နေကြသည်။

စော်ဘွားကြီးသည် ထိုင်ပြီးသည်နှင့် ချက်ချင်းပင် ပြောဆိုလာတော့သည်။

"ဘယ်လိုလဲ သူဌေးကြီးရယ်၊ သူဌေးကတော်အပါအဝင် အိမ်သူအိမ်သားတွေနဲ့ မိတ်ဆက်ပေးဖို့များ မေ့လျော့နေလေရော့သလားဗျာ ဟဲ ဟဲ ဟဲ"

သူဌေးကြီးကား မျက်စိမျက်နှာ ပျက်ရှာလေပြီ။ ရွာဆော်ကြီး ဦးမှိုသည်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်သည်။ ယခုအတိုင်းဆိုလျှင် အခြေအနေက မဟန်ပြီမှန်းလည်း ရိပ်မိလိုက်သည်။ သို့သော် ရှောင်တိမ်းဖို့ အချိန်မမီတော့သလို ထွက်မတွေ့ခိုင်း၍လည်း မဖြစ်တော့ပြီမှန်း သိလိုက်သည့်အတွက် သူဌေးကြီးက အပေါ်ထပ်သို့ လှမ်း၍ အသံပြုလိုက်ရရှာတော့သည်။

"ရှင်မရေ သမီးနှစ်ယောက်နဲ့အတူ လာခဲ့ပါဦးကွယ်"

သူဌေးကြီးလည်း ယခုမှပင် ကြိုတင် ရှောင်တိမ်းမနေခိုင်းခဲ့မိသည့်အတွက် နောင်တရနေသလို သူ့ကိုယ်သူလည်း အပြစ်တင်နေမိလေပြီ။ ရွာဆော်ကြီး၏ မျက်နှာကိုလည်း လှမ်း၍ ကြည့်လိုက်မိသည်။

သည်ခဏမှာပင် သူဌေးကတော်ကြီး ဒေါ်သာက အပေါ်ထပ်မှ ဆင်းလာသည်။ သူ့နောက်တွင် မယ်ဖြူနှင့်မယ်ညိုတို့က မိခင်ကို ကွယ်၍ ရို့ရို့လေး

လိုက်လာကြသည်။

သားအမိသုံးယောက်စလုံး ခုံပေါ်တွင် ဝင်မထိုင်ကြဘဲ သူဌေးကြီး၏ အနီးတွင် ရပ်နေကြသည်။

"အလယ်က ရပ်နေတာက ကျွန်ုပ်၏ဇနီး သူဌေးကတော် ဖြစ်ပါတယ်၊ ဒေါ်သာလို့ ခေါ်ပါတယ်"

"ဒါဆိုရင် ဘေးနှစ်ဖက်မှာ ရပ်နေတာက သမီးလေးတွေပေါ့ ဟုတ်လား သူဌေးကြီးရဲ့"

"မှန်ပါတယ် မယ်ဖြူနဲ့မယ်ညို လို့ ခေါ်ကြောင်းပါ၊ စော်ဘွားကြီး ခင်ဗျာ"

သူဌေးကြီး ပြောဆိုနေစဉ်အခိုက်မှာပင် ကလန်ကြီး ဦးမင်းယာ တစ်ယောက် ပေါက်ချလာသည်။ စော်ဘွားကြီး၏မျက်လုံးအစုံက မယ်ဖြူနှင့်မယ်ညို တို့ကို စူးစိုက်ကြည့်ရှုနေသည်။

သည်တွင် ကလန်ကြီးက ရောက်လာပြီး အကြောင်းကြားလာသည်။

"ကျွန်ုပ်က ဒီရွာရဲ့အကြီးအကဲ ကလန်ကြီး မင်းယာပါ၊ စော်ဘွားကြီး ခင်ဗျာ"

"ကျုပ် သိပါတယ် ကလန်ကြီးရယ်၊ ကောင်းပြီ ကလန်ကြီး ရွာဆော်ကြီးတွေရှေ့မှာပဲ ကျုပ် ပြောတော့မယ်၊ ဒီမှာ သူဌေးကြီး သင့်ရဲ့သမီးနှစ်ယောက်ကို ကျုပ် မေတ္တာရှိတယ်၊ ဒါကြောင့် တော်ကောက်မြှောက်စားတော်မူမယ် သူဌေးကြီး"

"ခင်ဗျာ"

"အို"

"ဟာင်"

"အလို"

သူဌေးကြီး၏ရင်ထဲတွင် ကြိတ်ပြီး ဒေါသထွက်နေလေပြီ။ သူ့သမီး နုနုထွတ်ထွတ်ကလေးတွေကိုမှ တော်ကောက်သည်ဟု ပြောဆိုလာသည့် စော်ဘွားကြီးကိုကြည့်ပြီး ဓားနှင့်နုတ်နုတ်စင်းပစ်ချင်သည်အထိ အမျက်ထွက်နေမိသည်။

သို့သော် ဤသို့ပြုလုပ်၍ မဖြစ်နိုင်မှန်း သိသည့်အတွက် မျက်နှာကို အတတ်နိုင်ဆုံး ပြုံးပစ်လိုက်ပြီး အကျိုးအကြောင်းကို ရှင်းပြလိုက်လေသည်။

"စော်ဘွားကြီးဟာ ကျွန်ုပ်၏သမီးလေးနှစ်ယောက်ကို မေတ္တာရှိမှန်းသိ

ရလို့ ဝမ်းသာလှကြောင်းပါ"

"ဟဲ ဟဲ ဟဲ ဒါဆို ပြီးပြီပေါ့ သူဌေးကြီးရယ်"

"မှန်ပါ မပြီးသေးကြောင်းပါ စော်ဘွားကြီး ခင်ဗျာ၊ မှန်ရာကို ပြောရရင် ကျွန်ုပ်၏သမီးလေးနှစ်ယောက်မှာ ရည်မှန်းထားသူများ ရှိနှင့်နေကြပါပြီ၊ ထို့ကြောင့် တော်ကောက်မြှောက်စားခံရမည့် အရေးကို တွေး၍ ဝမ်းသာမိပါသော်လည်း မဖြစ်နိုင်ကြောင်း လျှောက်ထားဝံ့ပါတယ် စော်ဘွားကြီးခင်ဗျာ"

"ဟဲ ဟဲ ဟဲ ရည်မှန်းထားတယ်ဆိုတာ တရားဝင် ထိမ်းမြားလက်ထပ်ကြသေးတာမှ မဟုတ်ဘဲ သူဌေးကြီးရယ်၊ ဖျက်ပစ်လိုက်လို့ ရတာပဲဗျာ၊ ဘာများခက်နေလို့လဲဗျ"

"မဖြစ်ကြောင်းပါ စော်ဘွားကြီးခင်ဗျာ၊ ပြီးတော့ သမီးလေးတွေနဲ့ မေတ္တာမျှနေကြတဲ့သူတွေဟာလည်း အနုံညာတတွေ မဟုတ်ကြပါဘူး"

"ဩော ဟုတ်လား၊ ဘယ်သူတွေများလဲဗျ သူဌေးကြီးရယ် ဆိုစမ်းပါဦး"

သူဌေးကြီးကိုသာ ပြန်လည် မေးခွန်းထုတ်နေသော်လည်း စော်ဘွား၏ မျက်လုံးအစုံက မယ်ဖြူ မယ်ညိုတို့၏ တစ်ကိုယ်လုံးအနှံ့ လိုက်လံကြည့်ရှုနေသည်။ သူတို့ညီအစ်မနှစ်ဖော်ကား ရပ်နေရင်းကပင်လျှင် မျက်နှာမဖော်ဝံ့လောက်အောင် ရှက်သွေးမွှန်နေကြသည်။

ထို့ကြောင့် မျက်နှာကို အောက်သို့ချ၍ မိခင်၏ကိုယ်နှင့် ကွယ်ထားလိုက်သည်။ ဤသည်ကိုပင် စော်ဘွားက သဘောကျ ကျေနပ်ကာ ပြောဆိုလိုက်ပြန်သည်။

"နှမတော်လေးတွေက သိပ်ပြီး ရှက်နေကြတယ်နဲ့ တူတယ်၊ မရှက်ပါနဲ့လေ၊ မောင်တော်က တကယ့်ကို တော်ကောက်ယူမှာပါ နှမတော်တို့ရယ် ဟဲ ဟဲ"

ပြောလေ ကဲလေ၊ မန်းလေ ပြလေ ဆိုသည့်နှယ် စော်ဘွားကြီးကား မျက်နှာပြောင်တိုက်နေချေပြီ။ ဦးဖြိုးသည်လည်း ဖခင်တစ်ယောက်အနေနှင့် အရှက်ကြီး ရှက်နေမိသည်။

သည်အခက်အခဲကို ရိပ်မိသည့် ကလန်ကြီးက သူ့ကိုယ်စား ပြောဆိုပေးလာသည်။ သူ့အနေနှင့် တဏှာရူး စော်ဘွားကို ဘာမျှ မပြောလိုတော့ပေ။

"စော်ဘွားကြီးခင်ဗျာ သူဌေးကြီးရဲ့သမီးလေးနှစ်ယောက်နဲ့ မေတ္တာမျှ

နေသူတွေကတော့ ပုဂံရွှေမြို့တော်မှ မြင်းတပ်မှူး ညီနောင်တွေ ဖြစ်ကြတဲ့ ဗိုလ်မှူးလေး ရဲသီဟနဲ့ ရဲဒိဗ္ဗတို့ပင် ဖြစ်ပါကြောင်း အသိပေးအပ်ပါတယ် ခင်ဗျာ"

"အိုး အိုး အိုး မြင်းတပ်က ဗိုလ်မှူးလေးတွေပဲကိုး၊ နေစမ်းပါဦး ကလန်ကြီးရဲ့၊ မြင်းတပ်မှူးလေးတွေက စော်ဘွားဖြစ်တဲ့ ကျွန်ုပ်ထက် ပိုပြီး ဂုဏ်ဝါမြင့်နေလို့လားဗျ ဟား ဟား ဟား"

"မြင့်မားတယ်လို့ မဆိုဝံ့ကြောင်းပါ၊ မေတ္တာမျှနေသည့်သူတွေရဲ့ အရည်အသွေးကိုသာ လျှောက်ထားရခြင်း ဖြစ်ပါတယ်၊ စော်ဘွားကြီးခင်ဗျာ"

"အို ဘာပဲဖြစ်ဖြစ် ကျုပ် မေတ္တာမျှနေတဲ့ နှမတော်တွေကိုတော့ မရရတဲ့နည်းနဲ့ တော်ကောက်ယူဖို့ ကျုပ် ဆုံးဖြတ်ပြီးပြီ"

"စဉ်းစားတော်မူပါဦး စော်ဘွားကြီးခင်ဗျာ"

"အို ဘာမှ စဉ်းစားစရာ မလိုဘူး၊ တော် တန် တိတ်၊ ဘာမှ ထပ်မပြောကြနဲ့တော့"

"မှန်ပါ တစ်ခုတော့ ပြောခွင့်ပြုပါ စော်ဘွားကြီးခင်ဗျာ"

"ဘာများတုန်း ကလန်ကြီးရဲ့"

"သည်အိမ်မှာက မိန်းမသားများသာ နေထိုင်ကြတဲ့အတွက် ကျွန်ုပ်အိမ်သို့ လိုက်၍ တည်းခိုစေချင်ပါတယ်"

"သင့်အိမ်က သည်လောက် ခမ်းနားထည်ဝါလို့လား ကလန်ကြီး"

"သည်မျှလောက် မထည်ဝါသော်လည်း စော်ဘွားကြီး နှစ်သက်တော်မူမှာ သေချာပါတယ် ခင်ဗျာ"

"ကောင်းပြီလေ၊ ဒါဆိုရင်တော့ ကျုပ်နဲ့တကွ နောက်လိုက်နောက်ပါအားလုံး သင့်အိမ်မှာပဲ တည်းခိုကြမယ်၊ ဒီမှာ သူဌေးကြီး ကျုပ်အနေနဲ့ ကလန်ကြီးတို့နဲ့ အမြန်ဆုံး တိုင်ပင်ပြီး နေ့ကောင်းနေ့မြတ် ရွေးချယ်ပြီးတော့ ရာဇမတ်ကာသဲဖြူခင်းလို့ တော်လာကောက်တော်မူမယ်ဆိုတာတော့ ကျုပ် ကြိုတင်ပြောထားပါရစေဗျို့ ဟား ဟား ဟား ကဲ နှမတော်တို့ မောင်တော် သွားလိုက်ပါဦးမယ်ကွယ့်"

စော်ဘွားကား လုံးဝပင် လျှော့မည့်ပုံ မရတော့ပေ။ ဖွတ်အတင်း စိမ့်ရန်ပင် ကြိုးပမ်းလာလေပြီ။ စော်ဘွားကြီး ပြောချင်ရာ ပြောဆိုပြီး ကလန်ကြီးနောက်သို့ လိုက်သွားသည်နှင့် ရွာဆော်ကြီး အပါအဝင် မိသားစုအားလုံး ခေါင်းချင်းဆိုင်တိုင်ပင်ကြတော့သည်။

"တောက် ဒီဘဝရောက်ခါမှ စော်ကားခံလိုက်ရပြီ ရှာဆော်ကြီးရယ်၊ ကျုပ် ရင်နာလိုက်တာဗျာ"

"အဟင့် အဟင့် အဟင့်"

"ဟီး ဟီး ဟီး"

"အဟင့် အဟင့် အဟင့်"

"သမီး သမီးလေးတွေအတွက် ကြံစမ်းပါဦးရှင်"

"ဦးရီး ဦးရီး သမီးတို့ဘဝကို ကယ်တင်ပေးပါဦးရှင် အဟင့် အဟင့် အဟင့်"

"တောင်းပန်ပါတယ် အဖေရယ်၊ သမီး သမီးတို့ ဒီစော်ဘွားကြီးကို မယူပါရစေနဲ့ အဖေရယ် ဟီး ဟီး ဟီး"

ရှာဆော်ကြီးက မိသားစု လက်တလော ကြုံတွေ့နေရသည့် ဒုက္ခကို ကြည့်ပြီး သနားနေမိသည်။ သူဌေးကြီးကမူ အံကိုကြိတ်ထားသလို လက်သီးနှစ်ဖက်ကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်တော့သည်။

"ဒါသကို ထိန်းပါ သူဌေးကြီးရယ်၊ အင်အားချင်းက လုံးဝ မမျှပေဘူး မဟုတ်လားဗျာ"

"ကျုပ်သိပါတယ် ရှာဆော်ကြီးရယ်၊ သင်းက စော်ဘွားဆိုတဲ့ အရှိန်အဝါနဲ့ ကျုပ်တို့ မိသားစုကို ဒုက္ခပေးဖို့ ကြံစည်နေတာဗျ"

"ကျွန်ုပ် အကြံပေးပါရစေ ခင်ဗျာ"

"ပြောပါဗျာ ပြောစမ်းပါ၊ ကျုပ် ခေါင်းမီးတောက်နေလို့ ဘာအကြံကောင်း ဉာဏ်ကောင်းမှ မထွက်ဘူး ဖြစ်နေတယ်"

"သမီးတို့ရဲ့ အဖြစ်ကို ကယ်တင်ပေးပါရှင်"

"ကျွန်ုပ်အကြံရတာကတော့ ဒီလိုပါ သူဌေးမင်းခင်ဗျာ"

"ပြောပါ ရှာဆော်ကြီး"

"တော်ပါသေးရဲ့ ဦးရီးတော်ရယ်၊ အခုမှပဲ အသက်ရှူဝပေတော့တယ် ဦးရီးတော်ရယ်"

"ကဲ သမီးတို့ အမေနဲ့ တိုင်ပင်ပြီးတော့ ရပ်ဖျက်ထားကြပေတော့ကွယ်၊ အတွင်းပစ္စည်းဖြစ်တဲ့ ရွှေငွေ နည်းနည်းသာ ယူသွားကြ၊ ရှင်မ သမီးတွေကို ဂရုစိုက်ပေးပါနော် ကျုပ် စိတ်ချပါရစေ"

"တော်လည်း ဂရုစိုက်ပြီး နေပါနော်"

"စိတ်ချပါ၊ ဒီစော်ဘွား ကျုပ်ကိုတော့ အန္တရာယ် မပြုရဲလောက်ပါဘူးလေ"

သူဌေးကြီးလည်း စကားကို ဖြတ်လိုက်ပြီးကာမှ တစ်စုံတစ်ခုကို သတိရလာပုံဖြင့် သားအမိသုံးယောက်ကို အရေးတကြီး လှမ်းခေါ်၍ မှာကြားလိုက် ပြန်သည်။

"ရှင်မရေ ရွာတစ်ရွာမှာ တစ်ပတ်ထက်ပိုပြီး မနေနဲ့နော်၊ ပြီးတော့ ရွာကြီးတွေမှာ မနေနဲ့၊ ရွာသိမ်ရွာငယ်လေးတွေမှာပဲ မထင်မရှား ရုပ်ဖျက်ပြီး နေကြနော်၊ ကြားရဲ့လား သမီးတို့"

"စိတ်ချပါရှင်"

"ဟုတ်ကဲ့ ဖေဖေ"

"သမီးတို့ သဘောပေါက်ပါတယ် အဖေရယ်၊ စိတ်ချပါနော်"

ဤသို့ဖြင့် ညမှောင်ရည်ပျိုးလည်သည်။ မိုးစုန်းစုန်းချုပ်သည်နှင့် စော်ဘွားကြီး မရိပ်မိသည့်လမ်းမှနေ၍ သစ္စာရှိလူယုံတော် အစောင့်အရှောက်တို့နှင့်အတူ စောဘွားကြီးရန်မှ လွတ်မြောက်စေရန် ကျည်တောင်ရွာမှ ထွက်ပြေးတိမ်းရှောင် လာကြပါတော့သည်။

■ ■ ■

## အခန်း (၁၅)

ပုဂံရွှေမြို့တော် တစ်နေရာရှိ ဗိုလ်မှူးလေး ညီနောင်တို့၏ စံအိမ်တော် အတွင်းဆောင်ထဲတွင် ဖြစ်သည်။ သူတို့ညီနောင် နှစ်ယောက်တွင် မိခင် ဖခင် မရှိကြတော့ပေ။

ကျေးဇူးရှင် မိခင်ကြီးသည် လွန်ခဲ့သည့် သုံးနှစ်လောက်ကမှ ကွယ်လွန်သွားခြင်း ဖြစ်ပြီး ဖခင်ကမူ သူတို့နှစ်ဦး ငယ်ရွယ်စဉ်ကတည်းကပင် တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့သည်။

သူတို့ဘဝ ဤအခြေအနေအထိ မြင့်မားလာစေရန် သွန်သင်ဆုံးမ နည်းလမ်းပြပေးခဲ့သူသည်ကား ကျေးဇူးရှင် မိခင်ပင် ဖြစ်သည်။ သွားလေသူ ဖခင်ကြီး၏ ခြေရာကို နင်းနိုင်စေရန် အတတ်ပညာ အမျိုးမျိုးတို့ကို သင်ကြားပေးခဲ့သူကတော့ ဦးရီးတော် မြင်းမှူးကြီးသာ ဖြစ်လေသည်။

သူတို့ညီနောင်အနေနှင့် လိုအပ်သည်တို့ကို ခိုင်းစေနိုင်ရန် မြင်းတပ်မှ သွေးသောက်ကြီးဗလနှင့် လက်ရွေးစင်ရဲမက် နှစ်ယောက်တို့ကို ခေါ်ထားခဲ့သည်။

ယခု အတွင်းဆောင်ထဲတွင် ညီအစ်ကိုနှစ်ယောက် တိုင်ပင်နေကြသည်။ သူတို့ တိုင်ပင်နေကြသည်က ကိုယ်ရေး ကိုယ်တာ ကိစ္စသာ ဖြစ်သည်။

"ညီတော် ဘာလိုလိုနဲ့ ကျည်တောင်ရွာသို့ သွားဖို့ ရက်တောင်မှ နီးလာပါရောလား"

"ညီတော်ကတော့ အဲဒီရက်ကို အခုပဲ ရောက်စေချင်လှပြီ နောင်တော်ရယ်"

"နောင်တော်လည်း ဒီအတိုင်းပါပဲကွာ"

သူတို့ညီအစ်ကိုနှစ်ယောက် ယခုပင် သွားချင်နေမိသည်။ သို့သော် ကိစ္စက အဆောတလျင် လုပ်၍ မဖြစ်သည့်အတွက် ဦးရိုးတော် ရွေးချယ်ပေးသည့် နေ့ကောင်းရက်မြတ် ကျမည့် အချိန်အခါကို စောင့်ဆိုင်းနေကြရလေသည်။

ရဲဒိဗ္ဗက နောင်တော်ကိုကြည့်ပြီး ပြောဆိုလိုက်ပြန်သည်။

"သုံးလပြည့်ဖို့ ရက်ပိုင်းလောက်ပဲ လိုတော့တယ် နောင်တော်"

"ဟုတ်တယ်ကွ ဒါပေမဲ့ တို့ညီအစ်ကို ကတိမပျက်ပါဘူးကွာ၊ အချိန်မီ ရောက်မှာပါ ညီလေးရာ၊ ဘာမှ စိတ်မပူပါနဲ့ကွာ"

"ဒါကို တွေးမိလို့လည်း ဖြေသာတာပေါ့ နောင်တော်ရယ်၊ နို့မို့ဆို ကျွန်တော့်ကို ကျွန်တော် သစ္စာမဲ့တဲ့ သူဆိုပြီး ခွင့်လွှတ်လို့တောင် ရမှာမဟုတ်ဘူး နောင်တော်"

"ညီတော် ခံစားချက်ကို နောင်တော် နားလည်ပါတယ်ကွာ၊ နောင်တော်ကော ဘာများ ထူးဦးမှာလဲ၊ မယ်ဖြူလေးသာ အထင်လွဲသွားမယ်ဆိုရင် နောင်တော့် ဘဝဟာ ရပ်တည်လို့တောင် ရမှာမဟုတ်ပါဘူးလေ"

"ဩော် ဒါထက် နောင်တော်"

"ပြောလေ ညီတော် ဘာများပါလိမ့်ကွာ"

"ဦးရိုးတော် ပြောခဲ့တဲ့ အကြောင်းကို ကျွန်တော်တို့အနေနဲ့ တစ်ခါမှ မကြားခဲ့ဖူးပါလား"

"အမေ မေ့နေလို့လည်း ဖြစ်ရမယ်၊ ဒါမှမဟုတ် အဖေနဲ့ ဦးရိုးတော်တို့ ပြောခဲ့ဆိုခဲ့တာတွေ ကတိထားခဲ့ကြတာတွေကို မသိလို့လည်း ဖြစ်ရင် ဖြစ်မှာပေါ့ ကွာ"

"ဒီလိုပဲ ဖြစ်လိမ့်မယ် ဦးရိုးတော်ကတော့ မဟုတ်ဘဲနဲ့ ပြောမှာ မဟုတ်ဘူး နောင်တော်"

"မိန်းကလေးရှင်ပဲကွာ မဟုတ်ဘဲနဲ့ ပြောပါ့မလား၊ ညီတော်ရယ် မတတ်သာ လွန်းလို့သာ ငြင်းလိုက်ရတာ၊ ဦးရီးတော်ကို အားနာလိုက်တာကွာ"

"ဟုတ်တယ် ဦးရီးတော်က ခံစားနားလည်ပေးလို့သာပေါ့၊ မဟုတ်ရင် နောင်တော်တော့ တော်တော် ဦးနှောက်ခြောက်နေလောက်ပြီ"

"မှန်တယ် ညီတော်ရေ ပြီးတော့ ပြီးတော့"

"ဟို ဟိုလေ နှမတော်လေး ရူပကလျာ ဒီအကြောင်းတွေကို သိထားသလား သိထားရင် သူ အခုလို နောင်တော် ငြင်းလိုက်တဲ့အတွက် ဘယ်လိုများ ခံစားနေရရှာမလဲ မသိဘူးနော်"

"အို ဟုတ်ပေသားပဲ၊ နောင်တော် ပြောမှပဲ ကျွန်တော် ဒီအချက်ကို စဉ်းစားမိလာတယ်၊ ကလျာ မသိဘဲနဲ့တော့ နေမှာမဟုတ်ဘူးလို့ ထင်တယ်၊ ကျွန်တော် သတိရပြီ နောင်တော်ရေ"

"ဘာများပါလိမ့် ညီတော်"

ရဲသီဟ က ညီဖြစ်သူ၏ မျက်နှာကို လှမ်းပြီး အကဲခတ်လိုက်သည်။ ညီတော်၏ မျက်နှာပေါ်တွင် တစ်စုံတစ်ခုကို ရိပ်မိနေသည့်အသွင် သဏ္ဌာန်က ပေါ်လွင်ထင်ရှားနေသည်။

"နောင်တော့်လို ကလျာ ကြည့်တဲ့ အကြည့်တွေကို ပြန်မြင်ယောင်ကြည့်စမ်းပါ နောင်တော် သဘောပေါက်မှာပါလေ"

"ဟင် အလို ဟုတ်တယ် ဟုတ်တယ် ဒါ ဒါဆိုရင် နှမတော် ကလျာက ဒီအကြောင်းကို အရင်ကတည်းက သိနေပြီး နောင်တော်အပေါ် တိမ်းညွတ်နေတယ်၊ ဒီလို ပြောချင်တာ မဟုတ်လား ညီတော်"

"သိပ်မှန်တဲ့ စကားပါပဲ နောင်တော်၊ ကလျာရဲ့ မျက်လုံးတွေဟာ နောင်တော်အပေါ်မှာ သမုဒယ သံယောဇဉ် နှောင်ကြိုးတွေ ရစ်ပတ်ဖွဲ့နှောင်နေတယ်ဆိုတာ သိပ်ပြီး သိသာလွန်းတယ်"

"ခက်ပြီကော ညီတော်၊ ဒါဆို အခုမှ နောင်တော် ရိပ်မိခဲ့တာပါကွာ၊ လွန်ကုန်ပြီ ညီတော် ကလျာအပေါ်မှာ သနားကရုဏာ ဖြစ်မိတာကလွဲလို့ ညီမလေးအရင်းလို ချစ်ခဲ့ရတဲ့ ဖြူစင်တဲ့ မေတ္တာသာ နောင်တော် ရင်ထဲမှာ ရှိတယ်"

နောင်တော်၏ မျက်လုံးအစုံက ရီဝေနေသည်။ တစ်ဖက်သတ် ချစ်နေသည်ကို သိလိုက်ရသည့်ခဏ ရူပကလျာ၏ ရင်တွင်းခံစားချက်ကို နားလည်သွားသည့်အတွက် ကရုဏာ နှလုံးသားတို့ဖြင့် ရီဝေနေခြင်းဖြစ်မှန်း ရဲဒိဗ္ဗ ခန့်မှန်းနိုင်

လိုက်သည်။

ရဲသီဟ တစ်ယောက် ထိုနေ့တစ်နေ့လုံး စိတ်များက တွေနေသည်မှာ ညဘက် အိပ်ရာဝင်သည့်တိုင်ပင် ဖြစ်သည်။ နောက်တစ်နေ့ နံနက်ခင်းတို့ ရောက်သည်နှင့် ဦးရီးတော် စံအိမ်သို့ မြင်းတစ်စီးနှင့် လာခဲ့သည်။

ဦးရီးတော် အိမ်တွင် ရှိမနေချေ။ အိမ်တော်ဝန်က ဆီးကြို၍ နှုတ်ဆက်လာသည်။

"သြော် ဗိုလ်မှူးလေးပါလား သခင်ကြီးတော့ ရွှေနန်းတော်ကို ထွက်သွားတယ် ဗိုလ်မှူးလေးရေ"

"ဒါနဲ့ ကလျာကော ရှိရဲ့လား"

"သခင်မလေး ရှိပါတယ်၊ ဝင်သာ ဝင်သွားပါ ဗိုလ်မှူးလေး"

ငယ်စဉ်ကတည်းကပင် ဝင်ထွက်သွားလာနေခဲ့သည့် စံအိမ်ဖြစ်သည့်အတွက် ရဲသီဟလည်း ရဲရဲဝံ့ဝံ့ပင် စံအိမ်ထဲသို့ ဝင်လာခဲ့သည်။ စံအိမ်တော်တစ်ခုလုံးအနှံ့ နှမတော် ကလျာ လိုက်ရှာသော်လည်း မတွေ့သည့်အဆုံးတွင် နောက်ဘေးလှေကားမှတစ်ဆင့် ပန်းဥယျာဉ်လေးထဲသို့ ဆင်းလာခဲ့သည်။

ဦးရီးတော်၏ စံအိမ်ခြံဝင်းက ကျယ်ဝန်းလှသည်။ အရှေ့ဘက်တွင် ပန်းဥယျာဉ်ရှိသကဲ့သို့ အနောက်ဘက်တွင်လည်း လုပသည့် ဥယျာဉ်လေးရှိသည်။ ဥယျာဉ်လေးထဲတွင် ပန်းမျိုးစုံက ဖူးပွင့်နေကြသည်။ ပုန်းညက်၊ သော်ကမာလာ၊ ဇီဇဝါ၊ ခတ္တာ၊ နှင်းဆီ စသည့် ပန်းများက စီရရီပင် ဖူးပွင့်နေကြသည်။

ရဲသီဟ တစ်ယောက် ဇီဇဝါ ပန်းရုံဘေးမှ ဖြတ်လျှောက်လားစဉ်မှာပင် ရှိုက်သံသဲ့သဲ့ကို ကြားလိုက်ရသည်။ ရှိုက်သံသဲ့သဲ့ကလေးက စံပယ်ရုံဘေးမှ ထွက်ပေါ်လာခြင်းပင် ဖြစ်မှန်း သူ သိလိုက်သည်။

သူက နှမလေး ကလျာကို ကရုဏာမျက်လုံးအစုံဖြင့် ရီဝေစွာ ကြည့်ရှုနေမိသည်။

"အဟင့် အဟင့် အဟင့်"

တသိမ့်သိမ့် ရှိုက်ငိုနေရင်းမှပင် ရူပကလျာ တစ်ယောက် စိတ်ထဲတွင် မသက်သာ ဖြစ်လာသည့်အတွက် ဒူးပေါ်တွင် မျက်နှာတင်ထားရာမှ မော်ကြည့်လိုက် လေသည်။

"အို အစ်ကိုတော် အစ်ကိုတော်ရယ်"

"ကလျာ ကလျာ နှမတော်လေးရယ် ဘာဖြစ်လို့များ ကိုယ့်ကိုကိုယ်

ဒုက္ခရှာချင်ရတာလဲကွယ်၊ အစ်ကိုတော် ကလျာရဲ့ ခံစားချက်တွေကို စာနာမိပါရဲ့ ကွယ်၊ ရင်မချိလိုက်တာ ကလျာရယ်"

ပြောပြောဆိုဆို ရဲသီဟက ရှိုက်နေဆဲသာ ဖြစ်သည့် နှမလေး၏ ကိုယ်ကို သိုင်းဖက်ပြီး နှစ်သိမ့်နေမိသည်။ ကလျာ တစ်ယောက် ယခုမှပင် ပို၍ ဝမ်းနည်းလာသည်။ ရဲသီဟ၏ ရင်ခွင်တွင် မျက်နှာလေးကို အပ်ရင်း ရှိုက်ကြီး တငင် ငိုကြွေးနေရှာလေပြီတည်း။

"အဟင့် အဟင့် အဟင့်"

"ဟီး ဟီး ဟီး"

"အဟင့် အဟင့် အဟင့်"

"တိတ်ပါတော့ ကလျာရယ်၊ အစ်ကိုတော် စိတ်မကောင်း ဖြစ်အောင် မလုပ်ပါနဲ့ ကလေးရယ်"

"အဟင့် အစ်ကိုတော်က ကလျာရဲ့ ခံစားချက်တွေကို နားလည်တယ် ဟုတ်ရဲ့လား အစ်ကိုတော်ရယ် အဟင့်"

"အမှန်ပြောတာပါ ကလေးရယ်၊ ဒါပေမဲ့ အစ်ကိုတော် သိတာ မကြာ သေးပါဘူး၊ မနေ့ညကမှ ကလျာရဲ့ ခံစားချက်ကို သိခဲ့ရတာပါပဲကွယ်"

"အို ကလျာ ရှက်လိုက်တာ"

ကလျာက ရင်ခွင်ထဲတွင် မျက်နှာလေးကို အပ်ပြီး ငိုရှိုက်ပြောဆိုနေရာမှ ချစ်ရသူ၏ မျက်နှာကို တိတ်တခိုးလေး မော်ကြည့်လိုက်သည်။ သည်အခါ သူမကို သနားခြင်းများစွာနှင့် စူးစိုက်ကြည့်ရှုနေသည့် အစ်ကိုတော်၏ ကရုဏာ ရောင် ခြည်များနှင့် ဆုံလိုက်မိသည်။

သူမ သိလိုက်လေညပီ။ အစ်ကိုတော် သူမအတွက် ခံစားနေရသည် ဆိုသည့်စကားကိုလည်း ယုံကြည်ခဲ့ပြီ။ ထို့ကြောင့် ကလျာသည် မျက်ရည်စများ ကို ကျမလာစေရန် အားတင်း သိမ်းဆည်းလိုက်ပြီး မျက်ရည်စများကြားမှ ပြန်လည်ပြုံးပြလိုက်သည်။

သူ့အတွက်ကြောင့် ချစ်ခဲ့ရသည့် အစ်ကိုတော် တစ်ယောက်ဝေဒနာ မခံစားစေချင်သည်က နှလုံးသားမှလာသည့် ချစ်စေတနာပင် ဖြစ်သည်။ ရဲသီဟ က ပုဝါပိုင်းကို ထုတ်ပြီး နှမငယ်၏ ပါးပြင်နုနုပေါ်မှ မျက်ရည်စလေးများကို တယုတယ သုတ်ပေးလိုက်ရှာသည်။

"ကလျာ အစ်ကိုတော်ရဲ့ချစ်ခြင်းမေတ္တာကို သိခွင့်ရပြီဖြစ်လို့ ဖြေဆည်

နိုင်ပါပြီ အစ်ကိုတော်ရယ်"

သည်တော့မှ ရဲသီဟတစ်ယောက် စိတ်သက်ရာရသွားတော့သည်။ သူနှင့် ကလျာ စံပယ်ပန်းခြုံအေးတွင် ပြုလုပ်ထားသည့် ခုံတန်းလေးပေါ်တွင် ထိုင်ရင်း ဖြစ်ရာဇာတ်စုံ အလုံးစုံကို ရှင်းပြလိုက်သည်။

"အဲဒါပါပဲ ကလျာရယ်၊ အစ်ကိုတော်လေ ချစ်သူအပေါ်မှာ သစ္စာပျက်သူ မဖြစ်ချင်ပါးကွယ်၊ အစ်ကိုတော့်အပေါ်မှာသာ နားလည်ပေးပါတော့ ကလျာရယ်"

"ကလျာ ခံစားနားလည်နိုင်ပါပြီ အစ်ကိုတော်ရယ်၊ မမြင်ဘူး မတွေ့ဘူးသေးတဲ့ ယောင်းမတော် အပေါ်မှာလည်း မိန်မသားချင်းဖြစ်လို့ ကိုယ်ချင်းစာမိပါတယ်၊ ဒါကြောင့် အစ်ကိုယ်တော်နဲ့ အစ်မတော်တို့ ရာသက်ပန် ရိုးမြေကျ ပေါင်းရပါစေလို့ ကလျာ ဆုတောင်းပေးနေပါ့မယ် အစ်ကိုတော်ရယ်"

"ကလျာ ကလျာ တကယ် တကယ် ပြောတာလားဟင်"

"ခစ် ခစ် ခစ် တကယ်ပြောတာပါ အစ်ကိုယ်တော်ရယ်၊ ချစ်ခြင်းမေတ္တာဆိုတာ ဆန်းကြယ်လှပါလား၊ အစ်ကိုယ်တော်ရယ်၊ ကလျာလေ အခုတော့ ဉာနာတတ်ပါပြီရှင်၊ ဖြေလည်း ဖြေနိုင်ပါပြီလေ၊ ရယူခြင်းနဲ့ စွန့်လွှတ်ခြင်း နှစ်မျိုးမှာ စွန့်လွှတ်ခြင်းသည်သာ ကလျာနဲ့ ထိုက်တန်ပါတယ်၊ ကလျာကို ဒီနေရာမှာပဲထားခဲ့ပါ၊ အစ်ကိုယ်တော် သွားပါတော့နော်၊ ကလျာ တစ်ယောက်တည်း နေခဲ့ပါရစေလား အစ်ကိုတော်ရယ်"

ရဲသီဟ တစ်ယောက် သူ့အပေါ် နားလည်နိုင်ခဲ့ပြီဖြစ်သည့် နှမတော်ကလျာကို နှုတ်ဆက် ခွဲခွာ၍ စံအိမ်သို့ ပြန်လာခဲ့ပါတော့သည်။

ပေါက္ကံရာမ ပုဂံရွှေမြို့တော်ကြီးမှ မြင်းမှူးကြီး ဘယကျော်စွာ ဦးဆောင်သည့် မင်္ဂလာအကျိုးဆောင်အဖွဲ့ကား ခရီးထွက်လာခဲ့လေပြီ။ သည်အဖွဲ့တွင် မြင်းမှူးကြီး ဘယကျော်စွာ၊ မင်္ဂလာ သတို့သားနှစ်ယောက် ဖြစ်ကြသည့် ဗိုလ်မှူးလေး ရဲသီဟ၊ ရဲဒိဗ္ဗတို့ညီနောင် ထို့အပြင် မင်္ဂလာအခါတော်ပေးမည့် ပုဏ္ဏားဖြူ၊ ပုဏ္ဏားညို၊ ရွှေတိုက်ဝန်၊ သံတော်ဆင့်တို့ပါ လိုက်ပါလာကြသည်။

သည်မျှသာမကသေး ရွှေဖလား၊ ရွှေကွမ်းအစ်၊ ရေတံကောင်းမှအစပြု၍ မင်္ဂလာခန်းဝင်ပစ္စည်းတို့ကို သယ်ဆောင်လာကြသူများနှင့်တကွ အစောင့်အရှောက်အနေနှင့် ရဲမက်တော်တစ်စုပါ လိုက်ပါလာခဲ့ကြသည်။

ဤသို့ဖြင့် ခရီးက တစ်ဝက်ကျိုးလာပြီဖြစ်သည်။ ဤတွင် မြင်းမှူးကြီး

က သူတို့ညီအစ်ကို နှစ်ယောက်ကိုခေါ်၍ မိန့်ကြားလာသည်။

"တူတော်မောင်တို့ အမြန်ဆုံး ရောက်ချင်နေကြတယ်ဆိုတာ ဦးရီးတော် သိတယ်၊ ဒါကြောင့် ရှေ့က သွားနှင့်ကြပါ၊ ဦးရီးတော်တို့အဖွဲ့ နောက်က လိုက်လာခဲ့မယ် ဟုတ်ပြီလားကွယ့်"

"ကျေးဇူးပါပဲ ဦးရီးတော် ခင်ဗျာ"

ညီအစ်ကိုနှစ်ယောက်စလုံး ရေငတ်တုန်း ရေတွင်းထဲကျသူများပမာ အလွန်ပင် ဝမ်းသာသွားကြသည်။ ထို့ကြောင့် သွေးသောက်ကြီးဗလကို အဖော်အဖြစ် ခေါ်ဆောင်၍ အမြန်ဆုံး ခရီးထွက်လာကြသည်။

သို့သော် မည်မျှပင် ခရီးပြင်းနှင်လာကြစေကာမူ နေ့ချင်းရောက်နိုင်သည့် ခရီးမဟုတ်သည့်အတွက် မှောင်သည်နှင့် ညအိပ်ခိုနားဖို့ ရွေးချယ်ကြရတော့သည်။

သို့သော် တစ်ညတာ ခိုနားစရာကား လွယ်လွယ်ကူကူ ရှာမတွေ့သည့်အဆုံး လှိုဏ်ထဲတွင်ပင် အိပ်စက်နားခိုရန် စီစဉ်လိုက်ရလေသည်။ သူတို့ သုံးယောက် ခိုနားသည့်နေရာကား လှိုဏ်အတွင်း အောက်ခြေတွင် ဖောက်နေသည့် တောစိုးသစ်ပင်ကြီးအောက်တွင်ပဲ ဖြစ်သည်။

တောစိုးသစ်ပင်ကြီးက ယောကျ်ားကြီးနှစ်ဖက်စာမျှမကပင် ကြီးမားလှသည်။ ပင်ခြေအောက်တွင်လည်း အမှိုက်သရိုက် လုံးဝ မရှင်းဘဲ ရှင်းနေသည်။ တစ်နေ့လုံး မြင်းကို အပြင်းဒုန်းစိုင်း နှင်လာခဲ့ကြသည့်အတွက် သုံးယောက်စလုံး အိပ်ပျော်သွားကြတော့သည်။

သို့သော် သန်းခေါင်ယံလောက်တွင် ရဲသီဟ တစ်ယောက် အိပ်မက်ဆိုးများ မက်နေရာမှ လန့်နိုးလာသည်။ သူ မည်သို့မျှ ပြန်အိပ်မရတော့ပြီ။ သူ နိုးပြီး တစ်နာရီခန့်အကြာတွင် ရဲဒိဗ္ဗလည်း လန့်နိုးလာပြန်သည်။

"ဟင် နောင်တော် အိပ်မပျော်ဘူးလားဟင်"

"ဟုတ်တယ် ညီတော် အိပ်မက်တွေလည်း မကောင်းလိုက်တာ လွန်ပါရောလားကွာ"

"ဟုတ်တယ် နောင်တော်၊ ညီတော်လည်း လန့်ပြီး နိုးလာတာပဲဗျ"

"နောင်တော် သိပါတယ်၊ ညီတော် လန့်ပြီးတော့ တစ်ချက်တစ်ချက် အော်ဟစ်နေတာ နောင်တော်ကြားရတယ်"

"ဟင် ဟုတ်လား ဒါဆိုရင် နောင်တော်က အရင်ဆုံး မက်ပြီး လန့်နိုး

လာတာ မဟုတ်လား"

"ဟုတ်ပါတယ် ညီတော်၊ အိပ်မက်ထဲမှာ ဘီလူးသဘက်တွေနဲ့ မားချင်းယှဉ်ခုတ်နေရတာကွ ပြီးတော့ သွေးတွေ သွေးတွေလည်း မြင်နေရတယ်၊ ဒါတင်မကသေးဘူး၊ ဘီလူးကြီးတစ်ကောင်က နောင်တော်ကို ဖမ်းမိသွားပြီး နှလုံးသားကို မီးကင်စားဖို့လုပ်နေတုန်း လန့်ပြီး အော်ဟစ်လိုက်ရာက နိုးလာတာပါပဲကွာ"

"ညီတော်လည်း ဒီအတိုင်းပါပဲဗျာ၊ အနိဋ္ဌာရုံတွေချည်း မြင်မက်နေရတယ်၊ ဒါနဲ့လန့်လန့်ပြီး အော်ဟစ်နေတာနဲ့ တူပါရဲ့ နောင်တော်ရယ်"

ထိုညက မိုးလင်းသည့်တိုင် ထပ်၍ အိပ်မရတော့ပေ။ မိုးလင်းသည်နှင့် ချစ်သူနှစ်ဦး နေထိုင်ရာ ကျည်တောင်ရွာသို့ မရောက်မီ ခရီးတစ်လျှောက်၌ တွေ့ခဲ့မြင်ခဲ့ကြားခဲ့ရသည့် အတိတ်နိမိတ်များကလည်း အနည်းငယ်မျှပင် မကောင်းလှပေ။

ရဲသီဟလည်း ပထမဆုံး မြင်ရသည့် မြင်ကွင်းကို တွေးတောစဉ်းစားနေမိသည်။ တောင်ကုန်းလေးပေါ်မှ အဆင်းတွင် သူတို့နှစ်ယောက် မြင်လိုက်ရသည်က အရုပ်ဆိုးအကျည်းတန်ပြီး ခါးကုန်းနေသည့် အဘိုးကြီးတစ်ယောက်ပင် ဖြစ်သည်။

အဘိုးကြီးက သူတို့ကို မြင်သည့် စူးစူးဝါးဝါး အော်ဟစ်ပြီး တောထဲသို့ ထွက်ပြေးသွားတော့သည်။ သူတို့သုံးယောက် လိုက်ရှာသော်လည်း အစအနကိုမျှ မတွေ့ရတော့ပေ။

ဒုတိယမြောက် တွေ့ရသည်က လင်းတ(လဒ)ကြီး သုံးကောင်ဖြစ်သည်။ တောခြုံနံဘေးတွင် ဂျီတစ်ကောင်ကို ထိုးဖောက်စားသောက်နေသည့် မသတီစရာမြင်ကွင်းကို တွေ့လိုက်ရသည်နှင့် မြင်းကို အပြင်းစိုင်းလာခဲ့ကြသည်။

မကြာမီ တောလမ်းတစ်နေရာအရောက် သစ်ပင်ပေါ်မှာ ငှက်ဆိုးထိုးသံ သုံးချက်တိတိ ကြားလိုက်ရသည်။ သူတို့နှစ်ယောက်၏ စိတ်များက အတိတ်ဆိုး နိမိတ်ဆိုး အိပ်မက်ဆိုးများကြောင့် လေးလံလာကြသည်။ ဤသို့ဖြင့် ရွာသို့ အမြန်ရောက်ချင်သည့်ဇောနှင့် မြင်းကို အပြင်းစိုင်းလာခဲ့ရာ မြင်းက ခြေကျိုးသွားပြန်သည်။

တော်သေးသည်။ ကျည်တောင်ရွာကို လှမ်းမြင်နိုင်သည့် နေရာရောက်မှ ကျိုးသွားသည့်အတွက် မောင်မင်းကြီးသား မြင်းကိုပင် ကျေးဇူးတင်ရဦးမည်။

ခြေကျိုးသွားသည့် မြင်းကို စွန့်ပစ်ထားခဲ့ပြီး ကျန်မြင်းနှစ်ကောင်ကို

လက်ကဆွဲပြီး တဖြည်းဖြည်း လမ်းလျှောက်လာခဲ့ကြသည်။ ကျည်တောင်ရွာသို့ ရောက်သည့်အခါ မိုးချုပ်စပင် ပြုနေလေပြီ။

သူတို့နှစ်ယောက် ချစ်သူနှစ်ဦး မိဘများအိမ်ကို စုံစမ်း၍ ရောက်လာကြပြီ။ ဤတွင် အစစအရာရာ ပြောင်းလဲနေသည့် အိမ်ဂေဟာကြီးကိုသာ တွေ့နေရပြီး မယ်ဖြူ မယ်ညို ချစ်ရသူနှစ်ဦးကိုမူ မတွေ့ကြရတော့ပေ။

သူတို့ကို မြင်သည်နှင့် ခြံတံခါးကို ကိုယ်တိုင်ဆင်းဖွင့်ပြီး ကြိုလာသူက ယောက္ခမလောင်းကြီး ဖြစ်နေသည်။

"ဟင် ဦးလေးပါလား"

"ဩော် ဗိုလ်မှူးလေးတို့ ညီအစ်ကို ရောက်လာကြပြီကိုး၊ ဝမ်းသာလိုက်တာကွယ်၊ လာ လာကြ အိမ်အပေါ်ရောက်မှပဲ အကြောင်းစုံကို ဦးရီး ရှင်းပြမယ်"

ဤကဲ့သို့ ခြံဝတွင်ရပ်၍ စကားပြောဆိုနေဆဲမှာပင် ရွာသော်ကြီးဦးမှုံ ပေါက်ချလာသည်။ ဦးမှုံက သူတို့နှစ်ယောက်ကို မြင်ရသည့်အတွက် အားတက်နေပုံရသည်ဟု အကဲခတ်မိလိုက်ကြသည်။

"ဗိုလ်မှူးလေးတို့ ရောက်လာကြပြီဆိုတာ လူယုံတော်က လာပြောလို့ အမြန်ဆုံး လိုက်လာတာပါပဲ ခင်ဗျာ၊ ကလန်ကြီးလည်း မကြာခင် လိုက်လာပါလိမ့်မယ်"

အိမ်အပေါ်ထပ် ဧည့်ခန်းဆောင်ထဲတွင် လေးယောက်သား မျက်နှာချင်းဆိုင်မိကြလေပြီ။ သူဌေးကြီး ဦးဖြိုးက သမက်လောင်းနှစ်ယောက်ကို အကြောင်းစုံ အစမှအဆုံး ရှင်းပြလိုက်တော့သည်။

"အဲဒါပါပဲ ဗိုလ်မှူးလေးတို့ရယ်"

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်မျိုးတို့ ဘယ်လိုကြံရမယ်မှန်းမသိလို့ ဗိုလ်မှူးလေးတို့အလာကို စောင့်နေကြတာပါပဲ ခင်ဗျာ"

"ဖြစ်မှဖြစ်ရလေ၊ တောက် တွေ့ကြသေးတာပေါ့ စော်ဘွားစုတ်ရာ"

"နောင်တော် အခုချက်ချင်း စော်ဘွားစုတ်ကို အပြတ်သွားရှင်းပစ်ကြမယ်ဗျာ"

"နေဦး ညီတော်၊ အခု မိုးချုပ်နေပြီ၊ ပြီးတော့ သူ့မှာက ဦးရီးတော်တို့ ပြောသလိုဆိုရင် နောက်လိုက်တွေ ရှိနေသေးတယ်၊ ကလန်ကြီး ရောက်လာမှ ဘာလုပ်သင့်တယ်ဆိုတာ စဉ်းစားဆုံးဖြတ်ကြတာပေါ့ကွာ"

မကြာမီ ကလန်ကြီး ဦးမင်းယာလည်း ရောက်လာသည်။ ထို့နောက်

တွင်ကား ပြုလုပ်ရမည့် အစီအစဉ် အသေးစိတ်ကို ခေါင်းချင်းဆိုင်၍ တိုင်ပင်ဆုံးဖြတ်လိုက်ကြပါလေတော့သည်။

■ ■ ■

## အခန်း (၁၆)

စော်ဘွားကြီးတစ်ယောက်တည်း ကလန်ကြီး အိမ်အပေါ်ထပ် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ အချိန်က ညဦးယံသာသာလောက်ပင် ရှိသေးသည်။

လမ်းလျှောက်နေရင်းမှ စော်ဘွားကြီးက တက်တစ်ချက် ခေါက်လိုက်ပြန်သည်။ တက်ခေါက်ပြီးသည်နှင့် တစ်ကိုယ်တည်း ကြိမ်းဝါးပြောဆိုနေပြန်သည်။

"တောက် သူဌေးကြီး၊ သူဌေးကြီး ခင်ဗျားကြီးက ကျုပ်ကို လူလည်လုပ်သွားတာပေါ့လေ၊ ဟုတ်လား ခင်ဗျားကြီး ကျုပ် တော်ကောက်မှာကို မလိုလားဘူးဆိုတာ သိပေမယ့် ဒီလိုလုပ်ရဲလိမ့်မယ်လို့ မထင်မိလို့ ကျုပ် ခံလိုက်ရတာဲ"

သူ့အနေနှင့် သူဌေးကြီးကို အဆုံးစီရင်ပစ်လိုက်ချင်သည်။ သို့သော်ပြန်ပြည့်ရှင် အနော်ရထာမင်းမြတ်ကိုယ်တိုင် မဟာသာလ သူဌေးကြီးဘွဲ့ အပ်နှင်းထားသူအား သူ သည်မျှထိ မလုပ်ဝံ့ချေ။

အကြောင်းကမူ သူသည်လည်း ပုဂံပြည့်ရှင် ဘုရင်မင်းတရားကြီး၏ သစ္စာတော်ခံ စော်ဘွားတစ်ဦးမျှ ဖြစ်သောကြောင့်ပင်။ သူသာ သက်ဦးဆံပိုင်ရှင်ဘုရင်ဖြစ်ခဲ့ပါက အခုလောက်ဆို သူဌေးကြီးတစ်သက်ပင်မက ဆယ်သက်ပင်ရှိစေဦး သတ်ပြီးလေရော့မည်။

ယခုမူ သတ်ဖို့ဝေးစွ ခပ်မာမာပင် မပြောနိုင်သည့် အခြေ။ မတော်လို့ မင်းတရားထံ သတင်းပေါက်ကြားသွားပါက သူ အသတ်ခံရမှာ သေချာသည်။

ထို့ကြောင့်လည်း တစ်ယောက်တည်း ဒေါသထွက် ပေါက်ကွဲနေခြင်းသာ ဖြစ်သည်။ စုံစမ်းခိုင်းလိုက်သည့် တပည့်များကလည်း တစ်ယောက်မျှ အသုံးမကျသည့်အတွက် သူ ပို၍ ဒေါသဖြစ်နေမိသည်။

မိန်းမသားသုံးယောက် ထွက်ပြေးသွားကြသည့်နေရာ ပုန်းအောင်းနေသည့်ရွာကိုမှ စုံစမ်းမရသည့် နောက်လိုက်များ၏ညံ့ဖျင်းမှုကြောင့် သူ့အနေနှင့် မိန်းမချောနှစ်ယောက်ကို လက်လွှတ်ရမည့်ကိန်း ဆိုက်နေချေပြီ။

ပထမဆုံး တွေ့လိုက်ရသည့်နေ့ကတည်းက ဖွတ်အတင်း သိမ်းပိုက်လိုက်ရလျှင် ကောင်းမည်ဟု စိတ်ထဲမှတွေးကာ နောင်တတွေ ရလာနေမိပြန်သည်။ မြင်သာမြင်ရ မကြင်လိုက်ရသည့်အတွက်ကြောင့် သူ သည်မျှဒေါသထွက်နေမိခြင်း ဖြစ်သည်။

ဤသို့ဖြင့် မစားရသည့်အမဲ အကြောင်းကိုတွေးရင်း အိပ်မပျော်နိုင်သည့် စော်ဘွားကြီးလည်း မိုးလင်းခါနီးမှပင် မှေးခနဲ အိပ်ပျော်သွားလေတော့သည်။

အိပ်ပျော်နေရာမှ ကျယ်လောင်လှသည့်အသံကြောင့် စော်ဘွားကြီး လန့်နိုးလာသည်။

"ဟေ့ မင်းတို့ စော်ဘွားနဲ့တွေ့ချင်တယ်၊ သွား အကြောင်းကြားလိုက်စမ်းဟေ့"

"သွားလေ ဘာလုပ်နေကြတာလဲ၊ သေချင်နေပြီနဲ့တူတယ်"

သူလည်း အိပ်ရေးမဝသည့်ကြားထဲကမှ တင်းမာပြတ်သားလွန်းသည့် အသံကြောင့် အိပ်ရာထဲမှ ဝုန်းခနဲ ခုန်ထပြီး မေးမြန်းလိုက်သည်။

"ဟေ့ ဘယ်သူလဲကွ"

"စော်ဘွားကြီး စော်ဘွားကြီး ခင်ဗျာ ရွှေမြို့တော်က ဗိုလ်မှူးလေးညီနောင် ရောက်လာကြပါတယ် ခင်ဗျာ"

သူ နည်းနည်းတော့ ဖြုံသွားသည်။ သို့သော် သူက သူတို့ထက်

အဆင့်မြင့်သည့် နယ်ရှင်စော်ဘွား ဟူသည့် မာန်မာနကြောင့် ခပ်တည်တည်ပင် ထွက်လာခဲ့သည်။

"ဩော် ဗိုလ်မှူးလေးတို့ပါလား၊ ဘာကိစ္စများရှိကြလို့လဲ၊ ကျုပ် အိပ်ရေးတောင် မဝသေးဘူး၊ အခုလို အော်ကြီးဟစ်ကျယ်နဲ့ လာရောက်မေးမြန်းကြတာ မလွန်ဘူးလား၊ ဗိုလ်မှူးလေးတို့ရယ် ဟဲ ဟဲ ဟဲ"

"ဘာပြောတယ် စော်ဘွားကြီး၊ ကျုပ်တို့ လွန်တယ် ဟုတ်လားဗျ"

"ကျုပ် ဒီလိုပြောလိုက်တယ်လို့ ထင်တာပဲ၊ ဘာလဲ ဗိုလ်မှူးလေးတို့ မကြားလိုက်ကြဘူးလား"

စော်ဘွား၏ မောက်မာသည့်စကားကို ကြားရသည့်ခဏမှာပင် ရဲဒိဗ္ဗ၏ဒေါသများက တားမနိုင်ဆီးမရ ဖြစ်လာလေပြီ။ ရဲသီဟလည်း ထိုနည်းလည်းကောင်းပင်။ သွေးသောက်ကြီးဗလက ဓားရိုးကို တင်းတင်းဆုပ်ကိုင်ထားလိုက်သည်။

အခြေအနေက တင်းမာစပြုလာ၏။ စော်ဘွားကြီး၏ နောက်လိုက်နောက်ပါများကလည်း အရှင်သခင် စော်ဘွားကြီးအနီးသို့ စုပြုံရောက်လာကြသည်။ ဓားလှံတွေကိုယ်စီနှင့် တိုက်ပွဲဝင်ရန် အဆင်သင့် ရှိနေကြသည်။

ရဲသီဟက ညီဖြစ်သူကို မျက်ရိပ်ပြလိုက်ပြီး တားဆီးလိုက်သည်။ သူက စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်မိသည်နှင့် စော်ဘွားကြီးကို စူးစိုက်ကြည့်ပြီး မေးမြန်းလိုက်သည်။

"စော်ဘွားကြီးက ဘယ်လိုကြောင့် ကျုပ်တို့ရဲ့ ချစ်သူတွေကို တော်ကောက်ချင်ရတာလဲဆိုတာ ရှင်းပြဖို့တော့ လိုလိမ့်မယ်၊ မဟုတ်လို့ကတော့ မင်းတရားကြီးထံ ဒီအကြောင်းကို သံတော်ဦးတင်ရမယ် စော်ဘွားကြီး"

"ဘာ ဘယ်လို ဗိုလ်မှူးလေးတို့က သံတော်ဦးတင်ရအောင် သူဌေးကြီးရဲ့သမီးတွေက ဗိုလ်မှူးလေးတို့ရဲ့ တရားဝင် ဇနီးမယားတွေ ဟုတ်ကြလို့လား"

"တရားဝင်ဇနီး မဟုတ်သေးပေမယ့် အခု ထွက်လာတာ တောင်းရမ်းလက်ထပ် ထိမ်းမြားဖို့ လာခဲ့ကြတာ၊ မင်းတရားကြီးကိုလည်း ရွှေနားတော်ကြားလျှောက်ခဲ့ပြီးပြီ၊ အခု လာတဲ့အဖွဲ့ကို ရွှေမြို့တော်က မြင်းမှူးကြီး ဘယကျော်စွာကိုယ်တိုင် ဘုရင်ထီးဘုရား အမိန့်နဲ့ ထွက်လာခဲ့ကြတာပဲ ဖြစ်တယ်"

ကြားလိုက်ရသည့် စကားကြောင့် စော်ဘွားကြီး ထိတ်လန့်တုန်လှုပ်သွားမိ၏။ ပုဂံရွှေမြို့တော်ကြီးက မြင်းမှူးကြီးကိုယ်တိုင် ဦးဆောင်လာသည့် အဖွဲ့

ဖြစ်နေခြင်းက သူ့အတွက် အခြေအနေ မကောင်းနိုင်တော့မှန်း သဘောပေါက်မိသည်။

သူ ဘာလုပ်ရမည်နည်း။ လုပ်စရာက တစ်လမ်းသာ ရှိတော့သည်။ သည်လမ်းသည်ကား ဘုရင်ထီးဘုရားထံသို့ ပြန်လည် သံတော်ဦးမတင်နိုင်စေရန် ဗိုလ်မှူးလေးတို့ သုံးယောက်ကို အမြန်ဆုံး နှုတ်ပိတ်ဖို့ပင်ဖြစ်သည်။

စော်ဘွားကြီးက ဆုံးဖြတ်ပြီးသည်နှင့် လျင်မြန်စွာပင် အမိန့်ပေးလိုက်သည်။

"တိုက်ကြစမ်း၊ ဒီသုံးယောက်ကိုရှင်းပစ်ကြစမ်းဟေ့"

တိုက်ပွဲကား စလေပြီ။ ဓားချင်းခုတ်သံ၊ မာန်သွင်းသံ အော်ဟစ်သံများက ဆူညံနေသည်။ စော်ဘွားကြီးကမူ တိုက်ပွဲနှင့်လွတ်ရာသို့ ရှောင်တိမ်းပြီး အဝေးမှ ကြည့်ရှုနေသည်။

"ကျား"

"ချွင် ချလမ်"

"ဒုတ်"

"အား"

"ဖြောင်း"

"စွပ်"

အသံမျိုးစုံက ဆူညံနေသည်။ ရဲသီဟက အခြေအနေကို ကြည့်လိုက်သည်။ သူတို့ဘက်က သုံးယောက်ထဲ။ စော်ဘွားဘက်တော်သားများက အယောက် နှစ်ဆယ်ကျော်။ ရေရှည်ဆိုလျှင် မလွယ်မှန်း သဘောပေါက်မိသည်။ ထို့ကြောင့် ချက်ချင်းပင် တိုက်ကွက်ကို ပြောင်းလဲလိုက်သလို ရဲဒိဗ္ဗနှင့်သွေးသောက်ကြီးကိုလည်း သတိပေးလိုက်သည်။

"ညီတော်နဲ့သွေးသောက်ကြီး မလောနဲ့၊ ခံစစ်ကို လုံအောင်ကာပြီး ပိုင်မှ ပြန်တိုက်၊ သူတို့က လူအင်အား များတယ်"

"စိတ်ချပါ နောင်တော်"

"လူယုတ်မာတွေ သေစမ်းကွာ"

"အား"

"ဟေ့ ယုတ်မာတဲ့စော်ဘွား၊ လာခဲ့လေဗျာ၊ ဘာလုပ်နေတာလဲ၊ ဘာလဲကြောက်နေပြီလားဗျ ဟား ဟား ဟား"

ရဲသီဟာက ခပ်လှမ်းလှမ်းတွင် ရပ်ကြည့်နေသည့် စော်ဘွားကြီးကို ခနဲ့တဲ့တဲ့ ပြောဆိုလိုက်သည်။

"တောက် ဟော့ကောင်တွေ ဘာလုပ်နေကြတာလဲ၊ အမြန်ဆုံး ရှင်းပစ်လိုက်ကြစမ်းဟေ့"

သူကသာ အပြတ်ရှင်းဖို့ ပြောနေသော်လည်း ကျဆုံးသူတွေက သူ့နောက်လိုက်ငယ်သားတွေ ဖြစ်နေသည်။ ယခုအချိန်ထိ တစ်ယောက်ကိုမျှ ထိခိုက်အောင် မလုပ်နိုင်သေးသည့် နောက်လိုက်များကိုကြည့်ရင်း စော်ဘွားကြီး ဒေါသထွက်လာသည်။

ဤကဲ့သို့ တိုက်ပွဲဖြစ်ပွားနေစဉ်မှာပင် ညကတည်းက ဗိုလ်မှူးလေးတို့ရောက်လာသည့်အကြောင်း ခြေမြန်တော်လွှတ်ပြီး အကြောင်းကြားခိုင်းလိုက်သည့် မယ်ဖြူ မယ်ညို ညီအစ်မနှစ်ယောက်လည်း ရုပ်ဖျက်၍ လိုက်လာကြသည်။

တိုက်ပွဲဖြစ်သည့်နေရာက ပြောင်းသွားလေပြီ။ ခြံဝင်းအပြင်ဘက်တွင် ဆက်၍ တိုက်ခိုက်နေကြသည်။ အချိန်ကလည်း ကြာသောင်းလှပြီ။ စော်ဘွားကြီးသည်လည်း ယခုအချိန်ထိ အပြတ်မရှင်းနိုင်သေးသည့် နောက်လိုက်များကိုကြည့်ရင်းက စိတ်မရှည်တော့သည့်အတွက် နောက်ဆုံး မြားနှင့်ပစ်ရန် အမိန့်ပေးလိုက်တော့သည်။

"မြားနဲ့ ပစ်ကြစမ်းဟေ့"

သည်ခဏမှာပင် ဆင်းရဲသူမလေးများအသွင် ရုပ်ဖျက်ဝတ်ဆင်ထားကြသည့် မယ်ဖြူ မယ်ညို ညီအစ်မနှစ်ယောက်တို့သည်လည်း မောင်တော်တို့ဘက်မှ သုံးယောက်တည်းနှင့် ခုခံတိုက်ခိုက်နေသည်ကို မြင်ရသည့်အတွက် စိုးရိမ်ပူပန်စွာ တိတ်တဆိတ် ပြေးဝင်လာပြီး ပြောဆိုလိုက်တော့သည်။

"မောင်ကြီး အို မောင်ကြီး ပုဂံပြည်ကို ပြေးကြပါစို့လား မောင်ကြီးရယ်"

"အား"

"အမလေး သေပါပြီရှင်"

ကံကြမ္မာကား ဆိုးဝါးလေပြီတည်း။ စော်ဘွား၏အမိန့်နှင့် ပစ်ခတ်လိုက်သည့် အဆိပ်လူးထားသည့်မြားနှစ်စင်းက မယ်ဖြူ မယ်ညိုတို့၏ခန္ဓာကိုယ်ထဲသို့ စိုက်ဝင်သွားကြတော့သည်။

အဆိပ်လူးမြားချက်ကြောင့် ညီအစ်မနှစ်ယောက်စလုံး အော်ရုံသာ အော်ဟစ်နိုင်ကြပြီး အသက်ပျောက်သွားရှာလေတော့သည်။ သည်အခိုက်မှာပင် မြင်း

မှူးကြီး ဘယကျော်စွာ ဦးဆောင်သည့်အဖွဲ့က ရောက်လာသည်။

ထို့နောက်တွင်မှ စော်ဘွားကြီးနှင့် နောက်လိုက်နောက်ပါတို့သည် မြင်းမှူးကြီး၏ဓားချက်၊ ဗိုလ်မှူးလေးနှစ်ဦး၏ ဓားချက်၊ ရဲမက်စစ်သည်တို့၏ တိုက်ခိုက်မှုကို ခံလိုက်ရပြီး သေသူသေ၊ အဖမ်းခံရသူခံရနှင့် တိုက်ပွဲကား ပြီးဆုံးသွားတော့သည်။

ရဲသီဟနှင့် ရဲဒိဗ္ဗတို့သည်ကား အသည်းကြွေမတတ် ခံစားနေရလေပြီ။ ချစ်သူအလောင်းများကို ကိုယ်စီပွေ့ဖက်ထားရင်းကပင် မျက်ရည်များက တသွင်သွင် စီးကျနေသည်။

“ဖြစ်မှဖြစ်ရလေ မယ်ဖြူရယ်”

“မောင်ကြီး ဘယ်လိုဖြေရမှာလဲ မယ်ညိုရယ်”

သူဌေးကြီးဇနီးမောင်နှံလည်း မကြာမီ ရောက်လာကြသည်။ သမီးနှစ်ယောက်၏အဖြစ်ဆိုးကို မြင်တွေ့ကြရသည့်အခါ မိခင်ဖြစ်သည့် ဒေါ်သာတစ်ယောက် ပဋ္ဌာမြေလူးမတတ် ပူဆွေးငိုကျွေးနေရှာသည်။ ဤသို့ဖြင့် ကံဆိုးလှသူ မယ်ဖြူ မယ်ညိုတို့၏ဘဝသည်ကား နိဂုံးချုပ်ခဲ့ရပါလေတော့သည်။

■ ■ ■

PUBLISHED BY VIEW

## အခန်း (၁၇)

"ဟင် အလို ဘုရား ဘုရား ငါ ဘယ်လိုဖြစ်လို့ ဒီလိုဖြစ်ရတာပါလိမ့်လဲနော်၊ ငါ့အဝတ်အစားတွေကလည်း အရင်နဲ့ လုံးဝမတူတော့ပါလား၊ ခါးမှာလည်း ခါးစည်းကြိုးနဲ့ ပြီးတော့ ခေါင်းမှာလည်း ဖောင်းတော်စနှစ်ဖက် ချထားပါလား"

"သိပြီ သိပြီ အဟင့် အဟင့် အဟင့် ငါ ငါ ဥပစ္ဆေဒကကံကြောင့် သေခဲ့ရာက ဒီဆင်ဖြူတောင်ကို စွဲလန်းတဲ့စိတ်ကြောင့် နတ်စိမ်းဘဝ ရောက်ရတာပါပဲလား၊ ဒါဆိုရင် ငါ့ဘဝက ဒီဆင်ဖြူတောင်မှာပဲ အရိုးထုတ်ရတော့မယ် ထင်ပါရဲ့လေ"

"အို မောင်ကြီး မောင်ကြီး ရဲ့သီဟ မယ်ဖြူရဲ့အဖြစ်ကို မြင်လှည့်စမ်းပါဦး မောင်ကြီးရယ်၊ မောင်ကြီး မယ်ဖြူကို မမြင်ဘူးလားဟင်၊ မောင်ကြီးရယ် အဟင့် အဟင့် အဟင့်"

မယ်ဖြူ သို့မဟုတ် ဆင်ဖြူတောင်စောင့် နတ်မိမယ် နတ်စိမ်းဘဝသို့ ကံအကြောင်းမလှ၍ ရောက်ခဲ့ရရှာသူ မယ်ဖြူတစ်ယောက် ချစ်သူမောင်ကြီးကို

ရည်မှန်း၍ တမ်းတနေခြင်းပင် ဖြစ်သည်။

မယ်ဖြူတစ်ယောက် ဆင်ဖြူတောင်ပေါ်မှနေ၍ အဝေးတစ်နေရာသို့ နတ်တန်ခိုးဖြင့် လှမ်းကြည့်လိုက်ပြန်သည်။

"အို ဟို ဟိုမှာ လှေထွင်းတောင်ပေါ်မှာ ရပ်ပြီး ငါ့ကိုကြည့်နေတာ ညီမလေး မယ်ညိုပါလား၊ ဟင် သူ သူလည်း ငါ့လိုပါပဲလား၊ သေခါနီး လှေထွင်းတောင်ကို စွဲလန်းမိတဲ့အတွက် လှေထွင်းတောင်စောင့် နတ်မိမယ် ဖြစ်သွားရှာပါရောလား"

ညီအစ်မ နှစ်ယောက်စလုံး သေခါနီးဆဲဆဲတွင် ဆင်ဖြူတောင်နှင့် လှေထွင်းတောင်တို့ကို စိတ်စွဲပြီး သေခဲ့ကြသည့်အတွက် နတ်စိမ်းဘဝသို့ ရောက်ခဲ့ကြရခြင်းသာ ဖြစ်သည်။

အစ်မဖြစ်သူ မယ်ဖြူ တစ်ယောက် ဥပါဒါန်အစွဲကြောင့် နတ်စိမ်းဖြစ်သွားသည့်အချိန်နှင့် တပြိုင်တည်းမှာပင် မယ်ညိုလည်း လှေထွင်းတောင်စောင့် နတ်မိတယ်(သို့) နတ်စိမ်း ဖြစ်ခဲ့ရရှာလေပြီ။

မယ်ညိုသည်လည်း ရုတ်တရက် ပြောင်းလဲသွားသည့် သူ့အခြေအနေကို ကြည့်ပြီး အံ့အားသင့်နေသည်။

"ငါ ငါ အဆိပ်လူးမြားမှန်ပြီး သေဆုံးရာက ဘယ်လိုဖြစ်လို့ ဒီဘဝကို ရောက်လာရတာလဲ၊ အဝတ်အစားတွေကလည်း အရင်ကနဲ့လုံးဝမတူတော့ပါလား တောက်တောက်ပြောင်ပြောင် ရှိပေမယ့် တစ်မျိုးတော့ တစ်မျိုးကြီးတော့"

"အလို ငါ ငါ သိပြီ ငါ ငါ နတ်စိမ်းဖြစ်လာတာပါလား၊ အဟင့် အဟင့် အဟင့် မောင်ကြီး မောင်ကြီးရယ် မယ်ညိုအဖြစ်ကို မြင်လှည့်ပါဦးရှင်၊ မယ်ညိုနဲ့ မောင်ကြီးတို့ ဘဝခြားလို့ ဝေးကြရပြီပေါ့၊ မယ်ညို ဘယ်လိုဖြေရမှာလဲ မောင်ကြီးရယ်"

"ဟင် ဟို ဟို ဆင်ဖြူတောင်ထိပ်က ငါ့ကိုရပ်ပြီး ကြည့်နေတာ မမဖြူပါပဲလား၊ အို သူလည်း ငါ့လိုပဲ နတ်စိမ်းဖြစ်နေပါလား၊ မမရေ ကျွန်မတို့ညီအစ်မအဖြစ်က ဆိုးလှချည်လား မမရယ်"

ဤကဲ့သို့ မယ်ဖြူ မယ်ညို နတ်စိမ်းညီအစ်မ နှစ်ဖော် သူတို့ဘဝကို သူတို့ သိမြင်ကြသည့်အတွက် ဝမ်းနည်းပူဆွေးနေချိန်တွင်ပဲ ဖြစ်သည်။

ဂန္ဓာရီ ပညာရပ်ကျင့်စဉ် စခန်းဝင်နေသည့် မယ်ဝဏ္ဏာတစ်ယောက် ကျောက်ဂူကြီးထဲတွင် ဇေကစာ ကျင့်နေရာမှ အာရုံထဲတွင် မြင်တွေ့လိုက်ရလေ

တော့သည်။

မယ်တော်ကြီးအနေနှင့် မြေးမလေး မယ်ဖြူနှင့် မယ်ညိုတို့ ဤသို့ ဖြစ်လာလိမ့်မည်ကို ရှေးမဆွကတည်းကပင် သိမြင်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် အလျင်တစ်ခါ အိပ်မက်နှင့် တွေ့ဆုံခဲ့ရသည့် ဦးဖြိုး ဒေါ်သာတို့ စိတ်မကောင်း ဖြစ်မှာစိုးသည့်အတွက် သိလျက်နှင့် ဖွင့်မပြောခဲ့ခြင်း ဖြစ်သည်။

သူသာ သည်သို့ ပြန်လာမည်ကို သိခဲ့သည် မဟုတ်။ သူတော်စင် မဟိန္ဒရာ ဘိုးဘိုးကြီးလည်း သိနေသည်။ မယ်ဝဏ္ဏာ တစ်ယောက်မြေးမလေးများ ပူဆွေးသောက ရောက်နေသည်ကိုလည်း တွေ့မြင်ကြားသိနေသည်။

သည်ခဏမှာပင် ဂူကြီးထဲသို့ သူတော်စင် ဘိုးဘိုးကြီး ကြွလာသည်။

"မယ်ဝဏ္ဏာ သိနေပြီ မဟုတ်လားကွယ့်"

"မှန်ပါ ကျွန်တော်မျိုးမ သိကြောင်းပါ ဘိုးဘိုးကြီးရှင့်"

"သနားစရာပေပဲ ဘဝကံ ဝဋ်ကြွေးရှိလာတော့လည်း မလွဲမရှောင်သာ ပေဘူး၊ ဘိုးဘိုးနဲ့ မယ်ဝဏ္ဏာလည်း ဒီကိစ္စမှာ ကယ်တင်ဖို့ မတတ်နိုင်ခဲ့ကြဘူး မဟုတ်လားကွယ့်"

"မှန်ပါတယ် ဘိုးဘိုးရှင့် ကံစီမံရာ နာခံရတဲ့ သတ္တဝါတွေသာ ဖြစ်ကြတဲ့ အတွက် ကြိုတင်သိမြင်ပါသော်လည်း ကယ်တင်ဖို့ မစွမ်းသာကြောင်းပါ ဘိုးဘိုးရှင့်"

"အိမ်း ဥပါဒန် အစွဲအလန်းကြောင့် နတ်စိမ်း ဖြစ်သွားခဲ့ကြတဲ့ မယ်ဝဏ္ဏာရဲ့ မြေးမလေးတွေထံသွားပြီး နှစ်သိမ့်စကား ပြောကြရအောင် ဘိုးဘိုးနဲ့ လိုက်ခဲ့ပေတော့ကွယ်"

"ဝမ်းမြောက်လှကြောင်းပါ ဘိုးဘိုးကြီးရှင့်"

မယ်ဝဏ္ဏာကား ကျောက်ဘီလူးမ ဘဝကတည်းကပင် ကမ္မဇိဒ္ဓိတန်ခိုးရှိပြီး ဖြစ်သည့်အတွက် ယခုလို ဂန္ဓာရီ ပညာရပ်များ ဆက်လက်ကျင့်ကြံ အားထုတ်နေသည့်အခါတွင် နဂိုရှိရင်း တန်ခိုးစွမ်းရည်များက ပို၍ပင် ထက်မြက်လာတော့ သည်။

ဤသို့ဖြင့် သူတော်စင်ဘိုးဘိုးကြီးနှင့် မယ်ဝဏ္ဏာတို့နှစ်ယောက် ဆင်ဖြူတောင်သို့ ရောက်လာကြ၏။

နတ်စိမ်းဖြစ်နေသည့် မယ်ဖြူကလည်း ဘိုးဘိုးကြီးနှင့် အဘွားဖြစ်သူကို မြင်တွေ့နေရသည်။

"ဟင် ဘိုးဘိုးနဲ့ အဘွား သမီး သမီးတို့ ဘဝကို ကယ်တင်တော်မူပါဦး ရှင်"

"အိမ်း သတ္တဝါတစ်ခု ကံတစ်ခုပေပဲ လုံမလေး မယ်ဖြူ၊ ဒါကြောင့် ဆင်ဖြူတောင်စောင့် နတ်မိမယ် ဘဝမှာပဲ ပျော်အောင်သာ နေရစ်ပေတော့ကွယ်"

"မှန်ပေတယ် မြေးမလေး မယ်ဖြူ အဘွားကို ကြိုသိခဲ့ပေမယ့် ဘယ်လိုမှ မကယ်နိုင်ပါဘူးကွယ်၊ ကံတရားကို လွန်ဆန်လို့ မရပေဘူးကွယ့်၊ ဒါကြောင့် ဖြစ်ရာဘဝမှာ လူတွေ အန္တရာယ်မရှိအောင် စောင့်ရှောက်ရင်း နေပေတော့ကွယ်"

မယ်ဝဏ္ဏတစ်ယောက် မယ်ဖြူကို ဆုံးမ စကားပြောကြားနေစဉ်မှာပင် သူတော်စင် ဘိုးဘိုးကြီးက ဆင့်ခေါ်လိုက်သည့်အတွက် လေ့ထွင်းတောင်စောင့် နတ်မိမယ် မယ်ညိုလည်း ရောက်လာသည်။

"ညီမ ညီမလေး မယ်ညို"

"မမဖြူ မမဖြူရယ်"

နတ်ညီအစ်မ နှစ်ဖော် တစ်ဦးကို တစ်ဦးပွေ့ဖက်ရင်း ငိုကျွေးနေကြသည်။

မယ်ဝဏ္ဏက မြေးမလေးနှစ်ယောက်ကို ကြည့်ပြီး စိတ်မကောင်းဖြစ်မိပြန် တော့သည်။ ဘိုးဘိုးကြီးကမူ တည်ငြိမ်စွာ စူးစိုက်ကြည့်ရင်း နှစ်သိမ့်စကား မိန့် ကြားလာသည်။

"လုံမလေးတို့ ဒီလောက်ဆိုရင် ငိုတာကို ရပ်ကြပါတော့ကွယ်၊ ဘိုးဘိုး လုံမလေးတို့ နတ်ညီအစ်မနှစ်ဖော်ကို မှာကြားစရာရှိလို့ ကြွလာခဲ့တာပဲကွယ့်"

သူတော်စင် ဘိုးဘိုးကြီး၏ မိန့်ကြားချက်ကြောင့် မယ်ဖြူ မယ်ညိုတို့ သည် ဖက်၍ ငိုရှိုက်နေကြရာမှ လူချင်းခွာလိုက်ကြသလို မျက်ရည်များကို သုတ် ပစ်လိုက်ကြပြီး ဘိုးဘိုးကြီးရှေ့တွင် ပုဆစ်ဒူးတုပ်၍ ထိုင်နေကြလေပြီ။

သူတော်စင် ဘိုးဘိုးကြီးက နတ်မိမယ် ညီအစ်မ နှစ်ဖော်ကို ကရုဏာ အပြည့်နှင့် စူးစိုက်ကြည့်ရှု ပြောဆိုလိုက်သည်။

"ဆင်ဖြူတော်နဲ့ လေ့ထွင်းတောင်မှာ နေထိုင်ကြပြီးတော့ လူတွေ ဘေး အန္တရာယ် မကျရောက်ရအောင် စောင့်ရှောက်ရင်း နေရစ်ကြပေတော့ကွယ်"

"မှန်လှပါ ဘိုးဘိုးရယ်"

"ဘိုးဘိုးကြီး အမိန့်တော်အတိုင်း နေထိုင်ပါ့မယ်လို့ ကတိပြုပါတယ်"

"အိမ်း သာဓု သာဓု သာဓုတည်း လုံမလေးတို့ နတ်ညီအစ်မကို နယ်သူ နယ်သားတွေကလည်း သူတို့ကို ဘေးကင်းအောင် ရန်ကင်းအောင် ကျန်းမာ

ချမ်းသာအောင် စောင့်ရှောက်ပေးတဲ့အတွက် ပူဇော်ပသ ကိုးကွယ်ကြလိမ့်မယ် ကွယ့်"

"ဝမ်းမြောက်လှကြောင်းပါ ဘိုးဘိုး"

"စောင့်ရှောက်ပါ့မယ် ဘိုးဘိုးရှင့်"

သူတော်စင် ဘိုးဘိုးကြီးက မယ်ဝဏ္ဏာကို မိန့်ကြားလိုက်ပြန်သည်။

"ကဲ မယ်ဝဏ္ဏာကလည်း မြေးမလေးတွေကို သွန်သင်စရာရှိရင် သွန်သင်ဆုံးမလိုက်ပါဦးကွယ်"

မယ်ဝဏ္ဏာသည်လည်း မြေးမလေးနှစ်ယောက်ဖြစ်သည့် နတ်ညီအစ်မကို ကြည့်ရင်း ညွှန်ကြားပြောဆိုလိုက်ပြန်သည်။

"ဘိုးဘိုးကြီး မိန့်ကြားသွားတဲ့အတိုင်း ငါ့မြေးတွေ တသွေမတိမ်း နေထိုင်ကြကွယ့်၊ ဒါဆိုရင် နယ်သူနယ်သားတွေက ကျေးဇူးတုန့်ပြန်တဲ့ အနေနဲ့ နတ်ကွန်းတွေ ဆောက်ပြီး ကိုးကွယ်ပသကြလိမ့်မယ်"

"ဟုတ်ကဲ့ပါ အဘွားရယ်"

"သမီးတို့ ညီအစ်မ ဘိုးဘိုးနဲ့ အဘွားပြောဆို မိန့်ကြားတဲ့အတိုင်း လိုက်နာနေထိုင်ပါ့မယ်"

"ကိုင်း ဒါဆို ဘိုးဘိုးတို့ ပြန်ပေဦးမယ်"

နတ်ညီအစ်မနှစ်ဖော်လည်း ပုဆစ်တုပ် လက်အုပ်ချီ ထိုင်နေကြရာမှ ဘိုးဘိုးကြီးနှင့် မယ်တော်ကြီးကို ရိုသေစွာ ရှိခိုးကန်တော့လိုက်ကြတော့သည်။

ဘိုးဘိုးကြီးတို့ ပြန်သွားသည်နှင့် ညီအစ်မ နှစ်ဖော်အနက် မယ်ညိုသည်လည်း အစ်မတော်ကို နှုတ်ဆက်ပြီး လေ့ထွင်းတောင်သို့ ပြန်သွားလေတော့သည်။

■ ■ ■

## အခန်း (၁၈)

သူဌေးကြီး ဦးဖြိုး၊ သူဌေးကတော် ဒေါ်သာ၊ ဗိုလ်မှူးလေး ရဲသီဟနှင့် ရဲဒိဗ္ဗတို့သည်ကား ကံဆိုးမလေးများ ဖြစ်ကြသည့် မယ်ဖြူနှင့်မယ်ညိုတို့အတွက် သောက ရောက်နေကြရှာသည်။

သူဌေးကြီး ဦးဖြိုးသည် ယောကျ်ားကြီးတန်မယ့် မျက်ရည်ဖြိုင်ဖြိုင် စီးကျနေသလို သူဌေးကတော်ကြီး ဒေါ်သာသည်လည်း ပဋ္ဌာမြေလူး အရူးမီးဝိုင်း ခံရသည့်ပမာ သမီးနှစ်ယောက်အတွက် အပူလုံးကြွနေသည်။

"အမလေး ကံဆိုးလှတဲ့ သမီးလေးနှစ်ယောက်အတွက် ကျွန်မ ဘယ်လိုဖြေရမှာလဲ ကလေးတို့အဖေရယ် ဟီး ဟီး ဟီး ကျွန်မ သမီးလေးတွေကို မကယ်နိုင်ကြတော့ဘူးလားရှင်တို့ရဲ့၊ သမီး သမီးတို့ရယ် အမေ့ကိုပါ ခေါ်သွားကြပါလား၊ အမေ့ကို ဘာဖြစ်လို့ ထားခဲ့ကြတာလဲ သမီးတို့ရယ် ဟီး ဟီး ဟီး"

ဒေါ်သာတစ်ယောက် ပြောလည်းပြော ငိုလည်းငိုနေရာမှ သတိလစ်သွားသည့်အတွက် ဝိုင်းဝန်း ပြုစုပေးကြလေသည်။ ဦးဖြိုးကလည်း စော်ဘွားကြီးကိုကြည့်ပြီး အံတကြိတ်ကြိတ်နှင့် ဖြစ်နေသည်။

မြင်းမှူးကြီး ဘယကျော်စွာက တဏှာရှူး စော်ဘွားကြီးနှင့် နောက်လိုက်နောက်ပါများကို ဖမ်းဆီးထားသည်။ မြင်ရ ကြားရ တွေ့ရသူတွေအားလုံးတို့သည်လည်း ကြေကွဲစရာကောင်းလှသည့် မိသားစုလေးယောက်ကိုကြည့်ပြီး ရင်ထုမနာ ဖြစ်နေကြသည်။

စစ်ဗိုလ်ရင့်မာကြီး ဖြစ်ကြသည့် ဗိုလ်မှူးလေး ရဲသီဟနှင့် ရဲဒိဗ္ဗတို့သည်ကား ယခုတိုင် ချစ်သူနှစ်ဦး၏ အလောင်းကို ပွေ့ဖက်ထားကြဆဲပင်။ ညီအစ်ကိုနှစ်ယောက်စလုံး၏ မျက်နှာများပေါ်တွင် သောကထုထောင်း နှိပ်စက်မှုကြောင့် သည်ခဏအတွင်းမှာပင် အသက်အရွယ်နှင့်မလိုက်အောင် အိုစာသွားကြလေပြီတည်း။

စစ်သားဖြစ်၍ အမိန့်တော်ကို နာခံ၍ မြင်းမှူးကြီး လက်သို့ စော်ဘွားယုတ်ကို အပ်လိုက်ရသော်လည်း နုတ်နုတ်စင်းပစ်ချင်နေသည်။

"တောက် ဒင်း ဒင်း ယုတ်မာတဲ့အတွက် မယ်ဖြူနဲ့မယ်ညို အခုလို အဖြစ်ဆိုးနဲ့ တိုးကြရတာ"

"မယ်ညိုရယ် မောင်ကြီး ဘယ်လိုဖြေရမှာလဲကွယ်"

မြင်းမှူးကြီး ဘယကျော်စွာအနေနှင့်လည်း တူတော်မောင်တို့ ရည်ရွယ်ထားသည့် မိန်းကလေးနှစ်ယောက်၏အဖြစ်ကိုကြည့်ပြီး စိတ်ကို ချုပ်တည်းထားရသည်။ တူတော်မောင်တို့ ရည်ရွယ်ထားသည့် မိန်းမချောလေးနှစ်ဦးကို သူ မြင်ရသည့်အချိန်တွင် အသက်မရှိတော့သည့်အဖြစ်ကို တွေးပြီး စိတ်မကောင်းကြီးစွာလည်း ခံစားနေရသည်။

သူ့အနေနှင့် တူတော်မောင်တို့ဆန္ဒအတိုင်း စော်ဘွားယုတ်ကို အပြတ်ရှင်းပစ်ချင်သော်လည်း ရှင်းလင်းသုတ်သင်၍မဖြစ်မှန်း သိသည့်အတွက်ကြောင့်သာ ဖမ်းဆီးထိန်းသိမ်းထားရခြင်း ဖြစ်သည်။

မင်းတရားကြီး လက်အောက် သစ္စာတော်ခံဖြစ်သည့် နယ်ရှင်ပယ်ရှင်စော်ဘွားတစ်ဦးကို သူ့အနေနှင့် ထင်သလို လုပ်၍မရမှန်း သိထားသည်။ မင်းတရားရှေ့တော်မှောက် ရောက်သည်အထိ စော်ဘွားကို ထိန်းသိမ်း၍ ဖမ်းဆီးခေါ်ဆောင်သွားရမည်က သူ့တာဝန် ဖြစ်နေသည်။

မင်းတရားကြီးကသာ စော်ဘွားကျူးလွန်ခဲ့သည့် ပြစ်မှုနှင့်အညီ ထိုက်သင့်သည့်အပြစ်ဒဏ်ကို ပေးပိုင်ခွင့်ရှိသည်။ သူ့အနေနှင့် သူ့ဆန္ဒအတိုင်း လက်လွတ်စပယ် လုပ်၍ မဖြစ်ချေ။ ထို့ကြောင့်လည်း တူတော်မောင် နှစ်ယောက်ကို

သဘောပေါက်အောင် ရှင်းပြပြီး ဖမ်းဆီးထားခဲ့ရခြင်းသာ ဖြစ်သည်။

ဤသို့ဖြင့် မယ်ဖြူ မယ်ညိုတို့၏ နောက်ဆုံးခရီးသည်ကား ကျည်တောင်ရွာတဝိုက်တွင် မကြုံစဖူး မတွေ့ဘူးလောက်အောင် စည်ကားနေသည်။

မင်းတရားကြီး၏ မဟာသာလ သူဌေးဘွဲ့ရ သူဌေးကြီးနှင့် သူဌေးကတော်၏ ရင်သွေးများဖြစ်ကြ၍လည်းကောင်း၊ ရွှေမြို့တော်ကြီးမှ ဗိုလ်မှူးလေးနှစ်ဦးနှင့် လက်ထပ်ထိမ်းမြားမည့် သတို့သမီးများဖြစ်ကြ၍လည်းကောင်း၊ ဤမျှစည်ကားနေခြင်း ဖြစ်သော်လည်း တကယ့် အကြောင်းရင်းသည်ကား နယ်သူနယ်သားများသည် ညီအစ်မနှစ်ယောက်အပေါ် သနားကရုဏာသက်နေမိသည့်အတွက်ကြောင့်သာ ဤမျှ စည်ကားနေခြင်းပင် ဖြစ်သည်။

ကျည်တောင်ရွာ သချိုင်းသို့ သွားသည့် လမ်းတစ်လျှောက်လုံး လူအုပ်လူတန်းကြီးကို ရှည်လျားစွာ တွေ့မြင်နေရသည်။ ညီအစ်မနှစ်ဖော်၏ နောက်ဆုံးခရီးတွင် လိုက်ပို့သူအားလုံး စုတ်တသတ်သတ်နှင့် ပြောဆိုနေကြ စကားတို့ကိုလည်း ကြားနေရပေသည်။

"ကျွတ် ကျွတ် ကျွတ် တကယ် ကံဆိုးရှာတဲ့ ကလေးမလေးတွေပါပဲရှင်"

"ဟုတ်ပါရဲ့ ကျောင်းအမရယ်၊ အင်မတန်မှ ရိုးသားသိမ်မွေ့လှတဲ့ မိန်းကလေးတွေပါပဲဗျာ"

"အင်း သွားသူတွေကသာ သွားကြပေမယ့် ကျန်ရစ်ခဲ့ကြတဲ့သူဌေးကြီးဇနီးမောင်နှံအဖြစ်ကလည်း မြင်ရက်စရာ မရှိပါလားဗျာ"

"သောကပရိဒေဝမီးတွေ အလောင်ခံနေရတာကို မြင်ရ တွေ့ရတာ တရားရစရာ ကောင်းလိုက်ပါဘိတော့တယ်"

"အမလေး အရေးထဲမှ ရှင်ကြီးက တရားကျနေသေးတယ်၊ ဒီလောက်တရားကျမှဖြင့် တောထွက်ပြီး ကျင့်ပေတော့ ကိုဒေါင်းရေ"

"ဒီ ကိုဒေါင်း ပြောတဲ့စကားကို အဖက်လုပ်ပြီး ပြန်ပြောနေရသေးတယ်လို့ မယ်စိုရယ်၊ ဟော ဟိုမှာကြည့်စမ်း ရွှေမြို့တော်က ဗိုလ်မှူးလေး ညီနောင်အဖြစ်က ဘယ်လောက် သနားစရာကောင်းသလဲလို့"

"ဟုတ်ပါရဲ့ အရီးလေးရယ်၊ ကျွန်မ သူတို့ကိုကြည့်ပြီး ငိုချင်စိတ်ကို မနည်းထိန်းချုပ်ထားရတာ အရီးလေးရယ်"

ဤသို့ဖြင့် မယ်ဖြူ မယ်ညိုတို့၏အလောင်းကိုမြေမမြှုပ်ကြဘဲ အုတ်ဂူ

သွင်းထားကြသည်။ ရဲသီဟတို့ ညီနောင်သည်လည်း ဦးရီးတော်တို့ကို တောင်းပန်၍ ကျည်တောင်ရွာတွင် နေခဲ့ကြသည်။

သူတို့နှစ်ယောက် ချစ်သူနှစ်ဦး၏ ရုပ်ကလာပ်များရှိသည့် နေရာမှ ရက်တရက် မခွဲရက်၍ ကျန်နေခဲ့ကြခြင်းပင်။ မြင်းမှူးကြီးကလည်း တူတော်မောင်တို့၏ ခံစားချက်ကို စာနာနားလည်သည့်အတွက် အသာတကြည်ပင် ခွင့်ပေးလျက် စော်ဘွားယုတ်ကို ခေါ်ဆောင်ကာ ရွှေမြို့တော်သို့ ပြန်သွားခဲ့လေပြီ။

အချိန်က ညနေခင်း ဆည်းဆာနေညိုချိန်။ သည်အချိန်တွင် ဆင်ဖြူတောင်စောင့် နတ်မိမယ်သည်လည်း လူ့ဘဝတွင် ကျန်ရှိနေသည့် ချစ်ရသူ မောင်ကြီးကို လွမ်းဆွတ်သတိရလာသည့်အတွက် သူမ၏ တန်ခိုးဖြင့် ကြည့်ရှုလိုက်သည်။

"ဟင် အလို မောင်ကြီး ရွှေမြို့တော်ကို မပြန်သေးပါလား၊ ရွာမှာပဲ ရှိသေးတယ်၊ အို မောင်ကြီး မယ်ဖြူအတွက် ခံစားနေရပါလားနော်၊ သနားလိုက်တာ မောင်ကြီးရယ်၊ မယ်ဖြူလေ မောင်ကြီး ခံစားနေရတာကို ကြည့်ပြီး ရင်မချိလိုက်တာ၊ မယ်ဖြူ မောင်ကြီးနဲ့တွေ့ပြီး နှစ်သိမ့်စကားတွေ ပြောချင်တယ်၊ မယ်ဖြူနဲ့မောင်ကြီး ဘဝခြားနေလို့ မယ်ဖြူ မလာနိုင်ပါဘူးရှင်၊ မယ်ဖြူ ဘယ်လိုကြံရပါ့မလဲ မောင်ကြီးရယ်"

ရဲသီဟ တစ်ယောက် သည်အချိန်တွင် ချစ်ရသူ့ နားခိုမှေးစက်နေသည့် အုတ်ဂူပေါ်တွင် လက်နှစ်ဖက်ကို တင်းထားရင်းက ရင်ဖွင့်နေသည်။

"မယ်ဖြူ မောင်ကြီးလေ နှမလေးရှိတဲ့ ဟောဒီ နယ်မြေကနေ တစ်ဖဝါးမှ ခွာမသွားချင်တဲ့သူပါကွယ်၊ ဒါပေမဲ့ အမိန့်တော်ကြီးက ရောက်လာတဲ့အတွက် မကြာခင် မောင်ကြီး ရွှေမြို့တော်ကြီးကို ပြန်ရတော့မယ်၊ ဒီအဖြစ်တွေကို မောင်ကြီး တစ်သက် မေ့နိုင်မယ် မထင်တော့ပါဘူး နှမရယ်"

ရဲသီဟတစ်ကိုယ်တည်း ရေရွတ်ပြောဆိုနေရင်းမှပင် မျက်ရည်စများက ပါးပြင်ထက်သို့ စီးကျလာသည်။ သူ့အာရုံထဲတွင်လည်း ချစ်ရသူ၏ မျက်နှာလေးကို ပြန်လည်မြင်ယောင်နေမိသည်။

"ဟင် မောင်ကြီး မောင်ကြီး ငိုနေတယ်၊ နှမလေးကြောင့် မောင်ကြီး ငိုနေတာ မြင်ရတော့ ရင်ကွဲမတတ် ခံစားရပါတယ် မောင်ကြီးရယ်၊ မယ်ဖြူအတွက် မျက်ရည် မကျပါနဲ့တော့ရှင်ရယ်၊ မယ်ဖြူ မမြင်ရက်ပါဘူး၊ မောင်ကြီးကတော့ နှမလေးကို မမြင်နိုင် မတွေ့နိုင်ပါလားနော်"

ရဲသီဟတစ်ယောက် မယ်ဖြူ အုတ်ဂူသို့ ရောက်နေသည့်အချိန်တွင် ရဲဒိဗ္ဗသည်လည်း သူဌေးကြီး၏ ခြံဝင်းအတွင်း ပန်းရုံလေးထဲတွင်ထိုင်ရင်း သောကတွေ ပင်လယ်ဝေနေသည်။

သူလည်း မကြာခင် ရွှေမြို့တော်သို့ ပြန်ရတော့မည် မဟုတ်ပါလား။ လှေထွင်းတောင်စောင့် နတ်မိမယ် (မယ်ညို) သည်လည်း အစ်မတော်နည်းတူ ချစ်သူကို သတိရလာသည့်အတွက် လှေထွင်းတောင်မှ တန်ခိုးဖြင့် လှမ်းကြည့်လိုက်သည်။

"အို ပန်းရုံဘေးမှာထိုင်နေတာ မောင်ကြီး ရဲဒိဗ္ဗမှ ရဲဒိဗ္ဗအစစ်ပါပဲလား၊ ငါ ငါ မောင်ကြီးနဲ့ တွေ့ချင်တယ်၊ ဘယ်လို ဘယ်လိုကြံရပါ့မလဲနော်၊ ဒီဘဝရောက်မှ မောင်ကြီးနဲ့ တစ်ခါမှမတွေ့ရသေးဘူး မောင်ကြီးရဲ့သောကတွေကို ငါ ဖြေသိမ့်ပေးချင်လိုက်တာ"

"မယ်ညို နင် စဉ်းစားစမ်း၊ ဘဝခြားနေတဲ့ ညည်းချစ်သူကို ဘယ်လိုနည်းနဲ့ တွေ့နိုင်မလဲဆိုတာ စဉ်းစားစမ်းဟယ်၊ ငါ့ပိုင်နက်ထဲ မောင်ကြီးရောက်လာမှ ငါ ကိုယ်ထင်ရှားပြလို့ရမယ်၊ မောင်ကြီး လှေထွင်းတောင်ကို ရောက်လာအောင် ဘယ်လိုလုပ်ရပါ့မလဲနော်"

"ဟာ သိပြီ သိပြီ ငါ့နှယ် အရန်ကော၊ ဘိုးဘိုးကြီးနဲ့မယ်တော်ကြီးကို အကူအညီတောင်းရင် မဖြစ်နိုင်ဘူးလား၊ ဒီအကြံကောင်းတယ်၊ ဒီအတိုင်းလုပ်ရမယ်"

ဤသို့ဖြင့် အကြံချင်းတူညီနေကြသည့် နတ်မိမယ် ညီအစ်မနှစ်ဖော်သည် သူတော်စင် ဘိုးဘိုးကြီးနှင့်မယ်တော်ကြီး မယ်ဝဏ္ဏာတို့အား တစ်ကြိမ်တစ်ခါ တွေ့ဆုံခွင့်ရဖို့ ကူညီပေးပါရန် အသနားခံကြတော့သည်။

သူတော်စင် ဘိုးဘိုးကြီးနှင့် မယ်တော်ကြီးတို့သည်လည်း မြေးမလေးနှစ်ဦး၏ ရင်တွင်းခံစားချက်တို့ကို သိရှိ၍ ကရုဏာသက်မိကြသောကြောင့် တွေ့ဆုံခွင့်ရရန် စီမံပေးခဲ့ကြသည်။

ဤသို့ဖြင့် ရဲသီဟ တစ်ယောက် ဆင်ဖြူတောင်သို့ ရောက်လာသလို ရဲဒိဗ္ဗကလည်း လှေထွင်းတောင်ဘက်သို့ ထွက်လာသည်။ ရဲသီဟတစ်ယောက် ဆင်ဖြူတောင်ခြေသို့ အရောက်တွင် နံနက်ခင်း၏ နေရောင်ခြည်အောက်၌ တစ်တောင်လုံး သာယာစိုပြေလှပနေသည်။

သူက မြင်းကို တောင်ခြေတွင် ထားခဲ့ပြီး တောင်ပေါ်သို့ တက်လာခဲ့

သည်။ ဆင်ဖြူတော် သုံးစီး မြေကြီးထဲ ငုပ်လျှိုးဝင်သွားသည့်အတွက် တွင်းကြီးသာ ကျန်ခဲ့သည့်နေရာသို့အရောက်တွင် အနောက်ဘက်ဆီမှ ခေါ်သံကြားရသောကြောင့် လှည့်ကြည့်မိလိုက်သည်။

သည်အခါ ကံ့ကော်ပင်ကြီးအောက်တွင် ရပ်နေသည့် ချစ်ရသူမယ်ဖြူကို တွေ့မြင်လိုက်ရသည်။

"အို နှမလေး မယ်ဖြူ မောင်ကြီး မောင်ကြီး"

ရဲသီဟက ရပ်နေရာမှ ချစ်သူရှိရာသို့ လျှင်မြန်စွာ လှမ်းလာခဲ့သည်။ သို့သော် တစ်လံခန့်ကွာဝေးသည့်နေရာသို့ အရောက်တွင် မယ်ဖြူထံမှ စကားသံက ထွက်ပေါ်လာသည်။

"အို မောင်ကြီး အဲဒီမှာပဲ ရပ်နေပါနော်၊ နှမလေး နှမလေးလေ မောင်ကြီးနဲ့တွေ့ချင်လွန်းလို့ တွေ့ဆုံဖို့ ခွင့်တောင်းလိုက်ရတာ ဘဝတွေ ခြားနေကြပြီဆိုတာ သတိထားပါဦး မောင်ကြီးရယ်"

သည်တော့မှ ရဲသီဟတစ်ယောက် ချစ်ရသူနှင့် ဘဝခြားနေပြီမှန်း သတိပြုမိလိုက်သည်။ ထို့အပြင် ရုပ်ရည်ကသာ တူသော်လည်း အဝတ်အစားက ယခင်နှင့်မတူ ကွဲပြားနေမှန်းလည်း တွေ့လိုက်ရသည်။

"မယ်ဖြူ မယ်ဖြူ အခု ဘယ်မှာနေတာလဲ၊ ဘာဖြစ်နေသလဲဆိုတာ ပြောစမ်းပါဦးကွယ်"

"မယ်ဖြူ အခုနေတာက ဒီတောင်မှာပဲ မောင်ကြီး၊ မယ်ဖြူ မယ်ဖြူလေ အခု နတ်စိမ်း နတ်စိမ်း ဘဝရောက်နေပါပြီ မောင်ကြီးရယ်၊ အဟင့် အဟင့် အဟင့်"

"အို ဖြစ်မှဖြစ်ရလေ မယ်ဖြူရယ်"

ဤကဲ့သို့ ချစ်သူနှစ်ဦး အပြန်အလှန် ပြောဆိုနေစဉ်မှာပင် မယ်တော်ကြီး မယ်ဝဏ္ဏ အနားသို့ ရောက်လာသည်။

"တရားနဲ့ဖြေပါတော့ ဗိုလ်မှူးလေးရယ်၊ တူတော်မောင်အနေနဲ့ မြေးမလေးအတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပေးပါ"

"ကောင်းပါပြီ ခင်ဗျာ၊ မယ်ဖြူ မယ်ဖြူ စိတ်ချနေပါတော့ကွယ်၊ မောင်ကြီး မောင်ကြီးလေ မယ်ဖြူအတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပေးပါ့မယ်ကွယ်"

"ဝမ်း ဝမ်းသာလိုက်တာ မောင်ကြီးရယ်"

"ပြန် ပြန်ပေဦးတော့ မောင်ကြီးရယ်"

"နှုတ်ဆက်ပါတယ် အချစ်ရယ်"

ရဲသီဟတစ်ယောက် ချစ်ရသူအတွက် ရည်စူး၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ပေးမည်ဟု သန္နိဋ္ဌာန်ချပြီးနောက် ဆင်ဖြူတောင်မှ ပြန်လာခဲ့ပါတော့သည်။

ရဲသီဟနည်းတူ ရဲဒိဗ္ဗသည်လည်း လေ့ထွင်းတောင်ပေါ်အရောက်တွင် မယ်ညို (သို့) လေ့ထွင်းတောင်စောင့် နတ်မိမယ်နှင့် တွေ့ဆုံခွင့်ရခဲ့သည်။

ယခုအခါ ညီနောင်နှစ်ယောက်စလုံး တရားနှင့် ဖြေနိုင်ခဲ့ကြပြီဖြစ်သလို ချစ်သူနှစ်ဦးအတွက် ရည်စူး၍ အမျှအတန်းပင် ပေးဝေခဲ့ကြပြီးလေပြီ။

သည့်နောက်တွင်ကား သူဌေးကြီး ဇနီးမောင်နှံ ရဲသီဟတို့ညီနောင်နှင့် နယ်သူနယ်သားများသည် ဆင်ဖြူတောင်နှင့်လေ့ထွင်းတောင်တို့တွင် မယ်ဖြူ မယ်ညို (သို့) ဆင်ဖြူတောင် နတ်မိမယ်နှင့် လေ့ထွင်းတောင် နတ်မိမယ် နတ်ညီအစ်မနှစ်ဖော်တို့အတွက် နတ်ကွန်း နတ်နန်းများ ဆောက်လုပ်ပေးပြီး ကိုးကွယ်ပူဇော်ပသကြလေသည်။

နတ်မိမယ် ညီအစ်မနှစ်ဖော်သည်လည်း ထိုနယ်တွင် ထင်ရှားကျော်ကြားသည့် နတ်ညီအစ်မများ ဖြစ်ခဲ့ကြပါလေတော့သည်။

နတ်ဒေဝါ

PUBLISHED BY VIEW

စာကိုး

မြန်မာ့မိရိုးဖလာ ဓလေ့ နတ်သမိုင်း။
(ဦးထွေးဟန်နှင့် ဦးဘညွန့်)